မြွှာဂိုယာ
အရှင်ပိဏရာ ဘီဝံသ
၏

# ယမိုက်မေး + ဖြေ စွယ်စုံ
(ခေါ်)

# ယမကဋိတိကျမ်း

ဒုတိယတွဲ

Ks. 3/-

နေဝင်းရောင်စုံပုံနှိပ်တိုက်
ဦးဘထွေး ယမ်း ဘုရားကြီး၊ မန္တလေး

အဘိုး ၃ိ-

မန္တလေးမြို့–ရွှေရေးဆောင်တိုက်

သာသနဓဇ သိရိပဝရ ဓမ္မာစရိယ


## အရှင်ဝိစာရာဘိဝံသ


၏

## ယမိုက်မေး+ဖြေစွယ်စုံ

ခေါ်

# ယမိုက်ကျမ်း


## ဒုတိယတွဲ


{တာဝန်ခံထုတ်ဝေသူ}

ဦးမောင်မောင်

နေဝင်းရောင်စုံပုံနှိပ်တိုက်ပိုင်ရှင်–ဗိုလ်ဇထူးလမ်း–မန္တလေး။

အဘိုး–၃၀



သာသနဓဇ သိရိပဝရ ဓမ္မာစရိယ
အရှင်ဝိစာရာဘိဝံသ

# 'မိတ်ဆက်နိဒါန်း'

သင်အင်းဆိုက်မှာ ဗုဒ္ဓမြတ်စွာ၏သာသနာတော်အတွက်
ကျောင်းဆရာ အားတက်ဖွယ်ရာ ပေါ်ထွက်လာသော သညာဝေလျှမ်း၍'ယသကာနိဘိကျမ်း ဒုတိယတွဲ'ကို ရှင်လန်းကြည်ဖြူ ရေးသားတော် မူသော စာရှင်မြတ်ကား ... မန္တလေးမြို့ ရွှေရေးဆောင်တိုက် ''သာသနဓဇ သိရီပဝရ ဓမ္မာစရိယ''စာချ ဆရာတော် 'အရှင်ဝိစာရာဘိဝံသ'မထေရ်မြတ်ပင်ဖြစ်၏။

ထိုအရှင်မြတ်သည် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ (ခေါ်) ဈေးကုန်း ကျောင်းတိုက်ကြီး၏ ဦးစီးနာယက အာရာမိဿရဆရာတော်၏ထံ၌ ပစ္စယ,ဓမ္မာ နှစ်ဖြာနုဂ္ဂဟ တို့ကို ခံယူကာ များစွာသော တပည့်တပန်း ရှင်ရဟန်းတို့အား ရှင်လန်းသောစိတ်ဓါတ် မွန်မြတ်သော စေတနာ ကြည်သာသောသဒ္ဒါ သနားသောကရုဏာ အေးမြသော မေတ္တာကြီးစွာသော ခန္တီ,ဝီရိယစွမ်းအင်တို့ဖြင့် ပင်ပန်းသည်ဟု သဘောမထား လောကီမဘက် လောကုတ္တရာ သက်သက် သာသနာကျိုး မြော်ကာကိုး၍ များစွာသော နေ့ဝါ, ညဉ့်ဝါတို့ကို ငါးနှစ်ကျော်မြောက် ခြောက်နှစ်နီးပါးမျှ ရောက်အောင် ပို့ချတော်မူယင်းပင် "ယသကာနိဘိကျမ်း–ပဌမတွဲ''ကို (၁၃၂၀–ခုနှစ်က)ရေးသားပြီး ဖြန့်ချိထုတ်ဝေခဲ့ပေသည်။

နေ (A) ဝင်း

ထိုအရှင်မြတ်သည် ထိုမှတဖန် မန္တလေးမြို့ရွှေရေးဆောင် တိုက်သို့ ဒုတိယပြန်လည် ရောက်ရှိပြီးနောက် မန်းရာပြည့် နှစ်မှာပင် ''ယောဝဏ္ဏဒိနီတိကျမ်း'' စာ တစောင်ကို ရေးသားကာ ဖြန့်ချိတော်မူပြန်သည် ထိုအရှင်မြတ်၏ ဆရာ စဉ်ဆက်နှင့် 'နီတိ' သဘောကိုသိလိုလျှင် ထို 'ယောဝဏ္ဏဒိ နီတိကျမ်း' မှာပင် မန္တလေးတက္ကသိုလ်မြန်မာစာပေဌာနမှ ''ဦးဆန်းထွန်း'' ၏ နိဒါန်း၌ရှုစားကြပါလေ။

**နေ့,လ-အသွင် ထွန်းတောက်လွှင်**

စက်တင် ပုံနှိပ်ပြီး ဖြန့်ချိ ခဲ့သော ထိုကျမ်းစာ နှစ်စောင်တို့၏ အဘိုး အနဂ္ဃ ထိုက်တန်လှသည့် ဂုဏ်ပုဒ်ကို အတိချုပ်ရေးရလျှင် ခက်ခဲနက်နဲသော အဓိပ္ပါယ်သဘာဝ များကို ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းကြီးဖွင့်ဆိုထားရကား ပထမပြန်စာပွဲသဘင်နှင့်ပါဠိတက္ကသိုလ်ဓမ္မာစရိယစာပွဲတွင် ဝင်နွဲဆင်ကြမည့် အရှင်မြတ်တို့၏ စိတ်နှလုံးကို ရွှင်ပြုံး နှစ်သိမ့်စေကာ ''ဇယမင်္ဂလာ'' စာမေးပွဲ အောင်ပန်းကို မလွတ်တန်း ဆွတ်မြန်းပန်ဆင်နိုင်ခြင်း စသော စွမ်းအင် တို့နှင့် မချို့ကုံလုံ ပြည့်စုံပေ၏ သို့ကြောင့်သာ ထို 'ကျမ်းစာ နှစ်စောင်'' သည် ထိုထိုစာမေးပွဲမြေပြင်ဝယ် မလွယ်ခဲကတ် အတတ်မသိ မဖြေစွမ်းနိုင်လောက်သော ပုစ္ဆာအမိုက်ခဲ တို့ကို တိုက်ခွဲဖြိုခွင်း အောင်ပွဲကျင်းလျက် နေ့,လ,အသွင် ထွန်းတောက်လွှင်သော ရောင်ခြည်အလင်းကို ဖြန့်ခင်း ပျံ့ရွှန်းစေနိုင်ခဲ့ခြင်းဖြစ်ရပေသည်။

**ဒုတိယတွဲကျမ်းစာ**
**ဧမိုးခန္ဓာ**

ထို''ယမကနိုက်''ပထမတွဲကျမ်းစာ နေရောင်ခြည်ဖြင့် ထိုဤမျှားစွာ ယမကပုစ္ဆာ အမိုက်တိုက် တို့ကို တိုက်ခိုက်ဖြိုခွင်း အခေါင်ချည်း၍-- အောင်ပွဲကျင်းခဲ့ကြရသော သဘောနှုပေ သောတုဆွေတို့ ပထမကြီး,ပထမကျော်တန်းစသော စာမေးပွဲအထက်စခန်းသို့ တက်လှမ်းကြသောအခါ 'ယမကနိုက်-ဒုတိယတွဲ'ကျမ်းစာပေါ်လာ နိုးဖြင့်မျှော်ကိုးနေစဉ် လိုအင်ဆန္ဒ ပြင်းပြကုန်သောကြောင့် ကမ္ဘာဦးသူ လူအပေါင်းတို့သည် ယူဇနာငါးဆယ်အချင်း ထိန်ဝင်းလင်းပြောင် နေရောင်ခြည်အလင်း ပျောက်ကင်းသုန်းသွားသောအခါ၌ တပါးသောလင်းရောင်ခြည် ဖြန့်မိုးမည့်အရေး မျှော်တွေးဆန္ဒ လွန်ပြင်းပြလေရကား........ လေးဆဲ့ကိုးဖြာ ယူဇနာအချင်း လမင်းငွေယုံသည်.... အာကာဘုံနန်းမှ စံမြန်းကွန့်မြူး ကြည်နူးဖွယ်ရာ.... ထွက်ပေါ်လာသည့်နည်းတူ ဤ' ယမကနိုက်=ဒုတိယတွဲ'' ကျမ်းစာ ယုံစန္ဒာသည်လည်း ဂုဏ်ဝါပ,ဝင်း ထွန်းလင်း ထွက်ပေါ်လာခဲ့ရခြင်းဖြစ်ပေသည်။

**နိဒါန်းခန္ဓာ**
**ဂုဏ်ဩဘာ**

ဤ'ယမကနိုက်ဒုတိယတွဲ'ကျမ်းစာယုံစန္ဒာသည် အထက် ယမိုက် ငါးကျမ်းလာ ဝိဘင်းထုတ်,အရကောက်ခက်ဆစ်အဓိပ္ပါယ်တို့၌ နိုက်နိုက်ချွတ်ချွတ် လွတ်ရှောင်ဖုံးကွယ် သွယ်ဝိုက်၍ မေးဖွယ်ရာ ဟူသမျှကို မြူမျှမကျန် တဥာဏ်ဆင်လျက်

မေး+ဖြေစွယ်စုံ ရေးသားထားသည်မှာ—ထူး-ရှင်း-စုံစွာ အကုန်ပါအောင် ဆိုင်ရာဆိုင်ရာ ပိုင်းခြားကန့်သတ်လျက် အစိုးရမင်းများ ကျင်းပခဲ့ပြီးသော စာမေးပွဲနှစ်ပေါင်း (၃၀)ကျော်လောက်မှစ၍ ယခုပြည်-ထောင်စု မြန်မာနိုင်ငံတော်အစိုးရလက်ထက်(၁၃၂၂—ခုနှစ်)တိုင်အောင်ကျင်းပပြီးသည့်ပထမကြီးတန်းစာမေးပွဲ၌ မေးခဲ့ပြီးသော မေးခွန်းပေါင်း မြောက်မြားစွာတို့ကိုပါ မအားသာအောင်ပင် တမင်ရှာမှီးကာ "ပါဠိသာဓက, သဘာဝ ရှေ့နောက်ထောက်ဆ, အကြောင်းပြ၍" လိုရင်းမိမိ တိတိကျကျ ဖြေဆိုထားပြန်သဖြင့် စာပွဲဝင် အရှင်မြတ်များ အမှန်အားထား လောက်သော ကျမ်းကောင်း တစောင်ဖြစ်၍ အစိုးရပထမကြီးစသောထိုထိုစာမေးပွဲတို့၌ ယမကဘာသာပုစ္ဆာအတွက် အခက်အခဲမရှိ လွယ်လင့်တကူ တိတိကျကျ ဖြေဆိုထားရာ"ဇယမင်္ဂလာ"အောင်ပန်းလျာကို အခေါင်နန်းမှ ဆောင်မြန်းပန်ဆင်လိုသူ မှန်သမျှသည် "ယမကနိတိကျမ်း—ဒုတိယတွဲ"ကို အမြဲမပြတ် လက်ကိုင်ထားအပ်ပေသတည်း။

အရှင်ဩဘာသဉာဏ၊
ပါဠိပါရဂူ+ပါဠိဓမ္မာစရိယ၊
ရွှေရေးဆောင်တိုက်—သူဌေးကျောင်း၊
မန္တလေးမြို့။

# 'ကျမ်းဦးအစ ပဏာမ'

ယမကံ ဒေသကံ ဗုဒ္ဓံ၊
ဂမ္ဘသံ ယဥ္ဓ အာဒေစရေ။
နတွာ သောတူန မဋ္ဌာယ၊
ကဿံ ယမကနိတိ-ဟံ။ ။

အဟံ = စာပွဲသဘင် ဝင်နွဲဆင်မည့်စာသင်ပျို့နု၊ အခြေပြုတို့... အောင်မှုမျှော်မှန်း၊.... အောင်ပန်းဝေဝေ၊ ပန်ဆင်စေလျက်၊ ထွေထွေဝဝ....၊ လိုတိုင်းရမည့်....၊ 'ယမကာနိဒ်'မည်ရှိ၍ကျမ်း ကြိုးပမ်းဘီထွင်၊စီရင်လတ္တံ့သောငါသည်။

ယမကံ – ပြန့်ပြောစွာလှ လွန်ဆန်းကြယ်၊အံ့ဩ-စရာပ.... ပြည့်လျှမ်းကြွယ် ခန့်သောသာရ.... ထက်တန်းနယ်, နက်ဆန်းကြယ်ကာ ဂုဏ်ဝါလွှမ်းပေသည့် အတ္ထ,ဓမ္မ,ပုစ္ဆာ,အခက်းခက်းတို့ဖြင့်တန်းဆာမျိုးဖုံဖုံ အစုံစုံဖြစ်ပေသော ဒေသနာတော်''ယမိုက်ကျမ်း''ကို၊

ဒေသကံ – ရွှေညာဏ်တော်အရောင်ဓါတ်ဖြင့် သတ္တဝါ-
တွေ အမှောင်ပြတ်ပြီး တေ....တေဇာ
ရောင်ဟတ်အောင်–ဖွင့်လတ် ထုတ်ဖော်
ဟောကြား ညွှန်ပြတော် မူတတ်သော
ဗုဒ္ဓံ သစ္စာလေးဆင့် ခိုင်ပန်းပွင့်ကို အသင့်-
ဆွတ်ချူ၊သယ မှူ၊ထွတ်ထား'ရှင်တော် -
မြတ်ဘုရားကိုလည်းကောင်း၊

ယမကံ – (ယမကပင့်မဏ္ဍိတံ) မယ်တော်နတ်သား
အမှူးထား၍ ဟောကြား စွာလတ်
မြတ်အဘိဓမ္မာ.... ဒေသနာမကိုင်....
တိုက်ရိုက်ဖုံဖုံ ဓမ္မအစုံစုံတို့ဖြင့် လွှမ်းထုံ-
ထပ်ထပ် တန်းဆာဆင်အပ်သော၊

ဓမ္မံ – မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု လမ်းမှန်သတ်
မှတ် ဆယ်ပါးသောတရားတော်မြတ်ကို
လည်းကောင်း၊

ယမကံ – မဂ်ဖိုလ်အစုံစုံ အကုန်ဖြစ်ပေသော၊

သံဃံ – အရိယာရှစ်ရပ် သံဃာတော်အရှင်မြတ်
အပေါင်းကိုလည်းကောင်း၊

အာစေရေစ – ကျမ်းဂန်ပိဋက လိမ္မာရအောင် ကျွန်-
သင်တတ်ဆရာမြတ်ဖြစ်ကြပေကုန်သော
နာမထင်ပေါ် အာစရိယ ပါစရိယ
ဆရာ့ဆရာမြတ်တို့ကိုလည်းကောင်း၊

သမဂ္ဂံ = ဂန္ထအန္တရာယ် ကင်းပျောက်ကွယ်ရန် စိတ်ရည်သန်လျက် နှစ်တန်ယှက်ရုံ၊လက် အစုံကို၊ကတွာ–ပြု၍။

နမာမိ – ပြုံးရွှင် ကြည်နူး .... စိတ်အထူးဖြင့် ညွှတ်ဦးနှိမ်ကာ ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား၊

နတွာ – ရှိခိုးပြီး၍၊

သောတူနံ – စာပွဲသဘင်အောင်မြင်ကြရန် စိတ်ရည် သန်လျက် အမြန်ကိုလိုက် ကောင်းရာ ကြိုက်သည့်ဇွဲစိုက်သင်ကြားစာသင်သား တို့၏။

အတ္ထာယ – ခက်ခဲနက်နဲ အမြန်ရှုကာ အမြဲစိတ်မှာ ရွှင်ဇောဖြာလျက် လွယ်စွာအမှန်၊ အောင်မြင်ကြရန် အကျိုးငှါ၊

ယမကနီတိံ – အများအကြိုက် အောင်ပန်းဆိုက်ရန် သိုက်မြိုက်ဆောင်စွမ်း "**ယမကနီတိ**" မည်သောကျမ်းကို၊

ကဿံ – စိတ်ထားမြင့်မြတ် မေတ္တာဓါတ်ဖြင့် ကောင်းမြတ် သီးသီး ထုတ်နှုတ်မှီး၍ ခေတ်နည်းအလိုက် သိုက်မြိုက်ဝေဆာ ရေးသားပါအံ့သတည်း။ ။

## ထုတိမင်္ဂလာ-မြန်မာကဗျာ

ယမကပန်း...တင့်ဆန်းဂုဏ်ဝေ၊
သောတုအများ....ဆောင်ထားဘို့လေ၊
အောင်ပန်းဆွတ်ချူး .. ထိပ်ဦးမသွေ၊
မေးခွန်းပေါင်း....ငြိမ့်ပြောင်းပြေဘို့ပေ။

မင်္ဂလာရှိသည့် .. နီတိရွှေစာ၊
သောတုအများ .. မှတ်သားဘို့ရာ၊
ဒိပ္ပါယ်,သရုပ် .. အဟုတ်စုံစွာ၊
စာပွဲသုံး... ရှင်ပြုံးစေဘို့ပါ။

ကလှောင်ထက်မြက်....သွက်လက်ဘို့ရာ၊
ကြီး,ကျော်, ဂုဏ်ထူး... ဆွတ်ချူးသေချာ၊
ပညာရဲရင့်....ပွဲလယ်တင့်မှာ၊
အမှောင်ခွင်း....အလင်းဆောင်ပေတာ။

ရိတိမသိ....ဗိတိမရှင်၊
နိတိသိမှ ...ထွန်းပဉာဏ်လွှင်၊
ဆိထိဂွမ်းလို....ရှမ်းစိုဂုဏ်အင်၊
တဘက်ကမ်း ...တက်လှမ်းနိုင်ဘို့ပင်၊

တိကျပြတ်သား... ဖြေကြားဘို့ရာ၊
သဘာဝနှင့် ...သာဓကတွေပါ၊
အကြောင်းစိစစ်....ခက်ဆစ်ဖုံခွာ၊
သော့တုများ....ဆောင်ထားမြဲမကွာ၊

ကျမ်းပြုဆေရ....ဝိစာရတွင်၊
စာသင်သားတို့... များသို့ပုံတင်၊
ဝိုင်းဝန်းသောက်စား....
တောက်ကြွားဘို့ပင်။
သာ်သနာ်ကျိုး....
မြှော်ကိုး ရေးတီထွင်။

နေ (C) ဝင်း

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ‘သင်္ခါရ ယမိုက်’ | |
| ၁ | ပဏ္ဏတ္တိဝါရဥဒ္ဒေသ မေး+ဖြေများ | ၁ |
| ၂ | ၎င်း နိဒ္ဒေသ ။ ။ | ၂၃ |
| ၃ | ပဝတ္တိဝါရ ပစ္စုပ္ပန္န ဥပ္ပါဒ ပုဂ္ဂလ | ၂၈ |
| ၄ | အတီတပုဂ္ဂလောကာသမေး+ဖြေများ | ၄၄ |
| ၅ | ဝိဘင်းထုတ်အရကောက် အမိပ္ပါယ် | ၅၅ |
| ၆ | အနာဂတ ပုဂ္ဂလဝါရ ခွဲဝေပုံ | ၆၀ |
| ၇ | ၎င်းဝါရခက်ဆစ်အထူးများ | ၆၅ |
| ၈ | ဝိဘင်းထုတ်အရကောက်အဓိပ္ပါယ် | ၆၉ |
| | ‘အနုသယ ယမိုက်’ | |
| ၉ | အနုသယဝါရ၌ ခက်ဆစ်မေး+ဖြေများ | ၇၄ |
| ၁၀ | သာနုသယဝါရ၌ ။ ။ | ၁၀၁ |
| ၁၁ | ဩကာသဝါရ၌ ။ ။ | ၁၀၅ |
| ၁၂ | ပဇဟာနဝါရ၌ ။ ။ | ၁၀၉ |
| ၁၃ | ပဟီနဝါရ၌ ။ ။ | ၁၁၇ |
| ၁၄ | ဓါတုဝါရ၌ ။ ။ | ၁၂၄ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **စိတ္တယမိုက်** | |
| ၁၅ | ဥဒ္ဒေသ ခက်ဆစ်အဓိပ္ပါယ်များ | ၁၃၇ |
| ၁၆ | နိဒ္ဒေသ ခက်ဆစ်မေး+ဖြေများ | ၁၄၃ |
| ၁၇ | ဝိဘင်း အနက်ပေးထူးခြားပုံများ | ၁၅၁ |
| | **ဓမ္မယမိုက်** | |
| ၁၈ | ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ သရုပ်အဓိပ္ပါယ် | ၁၅၅ |
| ၁၉ | ပဝတ္တိဝါရခက်ဆစ်မေး+ဖြေများ | ၁၅၇ |
| ၂၀ | ဘာဝနာဝါရ ။ ။ | ၁၇၂ |
| ၂၁ | ဝိဘင်းအနက်ပေးပုံအထူးများ | ၁၇၄ |
| ၂၂ | ပဝတ္တိဥပ္ပါဒ ပစ္စုပ္ပန္န ပုဂ္ဂလခွဲဝေပုံများ | ၁၇၇ |
| ၂၃ | အတီတ ပုဂ္ဂလောကာသ ခွဲဝေပုံ | ၁၈၄ |
| ၂၄ | အနာဂတ ပုဂ္ဂလဝါရခွဲဝေပုံ | ၁၈၉ |
| | **ဣန္ဒြိယ ယမိုက်** | |
| ၂၅ | ပဏ္ဏတ္တိဝါရသရုပ် အမိပ္ပါယ် | ၁၉၆ |
| ၂၆ | ရင်းနိဒ္ဒေသ ။ | ၁၉၇ |
| ၂၇ | ပဝတ္တိဝါရခက်ဆစ်မေး,ဖြေများ | ၂၀၀ |
| ၂၈ | ပစ္စုပ္ပန္နပုဂ္ဂလောကာသ ခွဲဝေပုံများ | ၂၁၀ |
| ၂၉ | ပရိညာဝါရ ခက်ဆစ်မေး,ဖြေများ | ၂၂၃ |
| ၃၀ | ဝိဘင်းထုတ်အရကောက် မေးခွန်းများ | ၂၂၇ |

# တောင်းပန်လွှာ

## မေတ္တာရှေ့ထား၍ တောင်းပန်လိုသည်မှာ

အို……စာရှုသူအပေါင်းတို့ ဤကျမ်းစာအုပ်ကို ပုံနှိပ်ထုတ်ဝေရာတွင် ရှေးဦးစွာ လက်ရေးစာမူကို စာအုပ်အဖြစ်သို့ ရောက်အောင်ကြည့်ရှု၍ပုံနှိပ်ရသောကြောင့်၎င်း, ဤကျမ်းစာအုပ်ကိုလည်း စာမေးပွဲအမှီ ထွက်ပေါ်လာနိုင်အောင် အဆောတလျင် ပုံနှိပ်ဖြန့်ချိ ထုတ်ဝေရပြန်သောကြောင့် သတိမှားယွင်း ချွတ်ချော်ခြင်းများ တွေ့ကောင်း တွေ့ရှိကြပေလိမ့်မည်။

### ဥပမာ

| အမှား | အမှန် | စာမျက်နှာ |
|---|---|---|
| မဖြစ်နိုင်သည်စိတ် | မဖြစ်နိုင်သည့်စိတ် | ၆၇ |
| အနုလုံ | အနုလုံ | ၁၀၅ |
| သိုမဟုတ် | သို့မဟုတ် | ၁၇၇ |
| [ခ] ၎င်းဖြစ်ဆဲကား | [ခ] ၎င်းမဖြစ်ဆဲကား | ၂၂၁ |

ဤကဲ့သို့သော အမှားများနှင့် သတ်ပုံသတ်ညွှန်းအမှားများကို အကယ်၍ထပ်မံတွေ့ရှိပါက မေတ္တာရှေ့ထားအပြစ်မရှုဘဲ အမှန်ပြင်ဆင် ဖတ်ရှုတော်မူကြပါရန် အဖန်ဖန် တောင်းပန်အပ်ပါသည်။

မောင်မောင်
နေဝင်းရောင်စုံပုံနှိပ်တိုက်ပိုင်ရှင်
မိုလ်မှူးထူးလမ်း-ဘုရားကြီး-မန္တလေး။



ယနိုက်မေးဖြေစွယ်စုံ

[ခေါ]

# ယမကာနိုတိကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သင်္ခါရယမိုက်

## 'ပဏ္ဏတ္တိ ဝါရ ဥဒ္ဒေသ'

မေး☆ သစ္စယမိုက်၏ အခြားမဲ့၌ ''သင်္ခါရ ယမိုက်''ကို ဟောရခြင်းအကြောင်းကို ရေးခဲ့ပါ။

ဖြေ☆ မူလယမိုက်၌ ဟောတော်မူအပ်ကုန်သော ကုသိုလ်စသော တရားတို့ကိုပင် ရသင့်သလို တစိတ်တဒေသ အကျဉ်းပေါင်းရုံး၍ သစ္စယမိုက်၏ အခြားမဲ့၌ သင်္ခါရ၏ အစွမ်းဖြင့် ဟောကြား ဖွင့်ပြတော်မူလိုသောကြောင့် ''သင်္ခါရယမိုက်''ကို ဟောပါသည်။

(သင်္ခါရယမိုက် အဋ္ဌကထာ)

နေ့ (1) ဝင်း

မေး★ အောက်ပါ"ယမက"တို့၏ ထူးခြားခြင်းတို့ကို ရှင်းလင်းပြခဲ့ပါ။
{က} အဘိဓမ္မာကျမ်းလာ "ယမက"
{ခ} အလင်္ကာကျမ်းလာ "ယမက"
{ဂ} ပါဠိဟာရိယ"ယမက"
(၁၉၂၆-ခုနှစ်က မေးခဲ့ဘူးပြီ)

ဖြေ★ အဘိဓမ္မာကျမ်းလာ"ယမက"မှာ ဥပ္ပါဒ=နိရောဓ အစုံ၊ အနုလုံ-ပစ္စနိက်အစုံ၊ အနုလောမ ပဋိလောမ အစုံ၊ သန္နိဋ္ဌာန်-သံသယအစုံ၊ ဤသို့စုံသည်ကို "ယမက"ဟု ခေါ်သည်။

အလင်္ကာကျမ်းလာ "ယမက"မှာ ဂါထာပါဒ၏ အစ, အလယ်, အဆုံးတို့၌ အထပ်ထပ် ရွတ်ဖတ်အပ်သော များသောအက္ခရာတို့ဖြင့် ဖြစ်သောပုဒ်အစုံကို 'ယမက''ဟု ခေါ်သည်။

ပါဠိဟာရိယ' ယမက''မှာ ရေ,မီး,အစုံကိုခေါ်ပါသည်။

မေး★ အောက်ပါသဒ္ဒါရတို့၏ အရကောက်ချင်း ခြားနားချက်ကို ခွဲခြားပြဆိုခဲ့ပါ။
{သဒ္ဒါရချင်း,တူသလော,ထူးသလောဟူလို}
(၁၃၁၃-ခုနှစ်က မေးခဲ့ဘူးပြီ)

(က) သဒ္ဒါရယမိုက်ကျမ်းလာ"သဒ္ဒါရ"

(ခ) အဝိဇ္ဇာပစ္စယာ''သင်္ခါရာ''
(ဂ) သင်္ခါရ''သင်္ခါရာ''အနိစ္စာ
(ဃ) ''သင်္ခါရ''က္ခန္ဓာ

ဖြေ☆(က) ''ကာယသင်္ခါရော''၌ ''သင်္ခါရ''အရကား အဿာသ ပဿာသဟုဆိုအပ်သော ထွက်သက်,ဝင်သက်ကို ရ၏။

''ဝစီသင်္ခါရော''၌ ''သင်္ခါရ'' အရကား ဝိတက်—ဝိစာရ ရ၏။

''စိတ္တသင်္ခါရော''၌ ''သင်္ခါရ'' အရကား ဝိတက်-ဝိစာရမှတပါး စေတသိက်ငါးဆယ် ရ၏။

(ခ) ''အဝိဇ္ဇာပစ္စယာသင်္ခါရာ''၌ ''သင်္ခါရ''အရကား လောကီကုသိုလ် အကုသိုလ်စေတနာ ရ၏။

(ဂ) ''သဗ္ဗေသင်္ခါရာအနိစ္စာ''၌ ''သင်္ခါရ''အရကား တဘူမက သင်္ခါရဖြစ်သော လောကီစိတ်, စေတသိက်, ရုပ်တရားများရ၏။

(ဃ) ''သင်္ခါရက္ခန္ဓာ''၌''သင်္ခါရ''အရကားစတုဘူမိက သင်္ခါရဖြစ်သော စိတ်(၈၉) စေတသိက်(၅၂)ရုပ်(၂၈)ရ၏။

မေး ☆ ခန္ဓယမိုက်စသည်တို့၌ ''သရူပက္ခာဝါရ''ကိုမဟော ပါဘဲ အဘယ်ကြောင့် ဤသင်္ခါရယမိုက်၌ သာဟော ရပါသနည်း။

[၁၃၁၈-ခုနှစ်က မေးခဲ့ဘူးပြီ]

ဖြေ ☆ ခန္ဓယမိုက်စသည်တို့ကို မဟောမီရှေးကာလ၌ ခန္ဓာ စသည်တို့ကို သရုပ်ထုတ်၍ ဝိဘင်းကျမ်း၌ ဟော တော်မူပြီး ဖြစ်ရကား ခန္ဓယမိုက်စသည်တို့၌ သရူပက္ခာ ဝါရကို ဟောတော်မမူပါ။

ကာယသင်္ခါရစသည်ကား ရှေးအဘို့၌ သရုပ်ထုတ် ၍ မဟောရသေးသောကြောင့် သင်္ခါရသရုပ်ကို သိစေခြင်း အကျိုးငှာ ''သရူပက္ခာဝါရ''ကို ဟောပါသည်။

မေး ☆ ''သရူပက္ခာဝါရ'' ခေါ်ဆိုရခြင်း အကြောင်းကို ပြဆိုခဲ့ပါ။

ဖြေ ☆ သင်္ခါရအပြားသုံးပါးတို့၏ သရုပ်တရားတို့ကို ထုတ် ဆို၍ ဟောကြားကြောင်း ဖြစ်သောကြောင့်''သရူ ပက္ခာဝါရ''ဟု ခေါ်ဆိုပါသည်။

## ''သင်္ခါရသုံးပါး အစိတ်အစိတ် အရကောက်ပုံ''

မေး ☆ ကာယသင်္ခါရော–ဟူသောပုဒ်၌ ''ကာယ''အရ ''သင်္ခါရ''အရ''ကာယသင်္ခါရ''အရတို့ကို အသီး အသီးခွဲခြားကောက်ပြခဲ့ပါ။

(၁၃၁၀-ခုနှစ်က မေးခဲ့ဘူးပြီ)

ဖြေ ☆ ကာယ-အရကား စတုမဟာဘုတ်က ရုပ်ဟုဆိုအပ်သော အကြောင်းဖြစ်သော "ကရဇကာယ"ရ၏။
သင်္ဂါရ-အရကား အဿာသ ပဿာသ ဟုဆိုအပ်သော"စိတ္တဇဝါယောဓါတ်"ရ၏။
ကာယသင်္ဂါရ-အရကား ကရဇကာယ၏ အကျိုးဆက်ဖြစ်သော အဿာသ ပဿာသဟုဆိုအပ်သော "စိတ္တဇဝါယောဓါတ်"ပင် ရ၏။

မေး ☆ ဝစီသင်္ခါရော၌ "ဝစီ"အရ "သင်္ခါရ"အရ"ဝစီသင်္ခါရ"အရတို့ကို အသီးအသီးခွဲခြား ကောက်ပြခဲ့ပါ။

ဖြေ ☆ ဝစီ-အရကား အကျိုးဆက်ဖြစ်သော "ဝစီဘေဒသဒ္ဒ"ရ၏။
သင်္ခါရ အရကား ဝစီဘေဒသဒ္ဒကို ဖြစ်စေတတ်သော "ဝိတက်-ဝိစာရ"ရ၏။
ဝစီသင်္ခါရ အရကား ဝစီ၏အကြောင်းဖြစ်သော "ဝိတက်-ဝိစာရ"ပင် ရ၏။

မေး ☆ စိတ္တသင်္ခါရော၌ "စိတ္တ"အရ "သင်္ခါရ"အရ"စိတ္တသင်္ခါရ"အရတို့ကို အသီးအသီး ခွဲခြားကောက်ပြခဲ့ပါ။

ဖြေ ☆ စိတ္တ-အရကား စိတ်(၈၉)ပါးရ၏။
သင်္ခါရ-အရကား ဝိတက်-ဝိစာရ,မှတပါး စေတသိက် ၅၀ါးဆယ် ရ၏။

နေ့ (2) ဝင်း

စိတ္တသင်္ဂါရ—အရကား ဝိတက်-ဝိစာရ မှ တပါး စေတသိက် ငါးဆယ် ပင်ရ၏။

မေး★ကာယော-ကာယသင်္ဂါရော, ဝစီ=ဝစီသင်္ဂါရော, စိတ္တံ-စိတ္တသင်္ဂါရော''ဟူသော ပါဠိများ၌ ကာယ စသော ရှေ့ပုဒ်တို့၏အရတရားနှင့် ကာယသင်္ဂါရ စသော နောက်ပုဒ်တို့၏အရ တရားများကို ကောက်ပြခဲ့ပါ....ဟု မေးပါက အထက်ဖော်ပြခဲ့ပြီးသော ''ကာယအရေ—ကာယသင်္ဂါရအရ တရားတို့ကိုပင် ဖြေဆိုကြပါလေ။

## 'သင်္ဂါရသုံးပါး အဓိပ္ပါယ်'

မေး★အဘယ်ကြောင့် ''ကာယသင်္ဂါရ'' ' ဝစီသင်္ဂါရ'' ''စိတ္တသင်္ဂါရ'' မည်ပါသနည်း။

ဖြေ★ကရဇကာယ၏အကျိုး သင်္ဂါရဖြစ်သောကြောင့် ''ကာယသင်္ဂါရ''၊ဝစီဘေဒသဒ္ဒါကိုပြုပြင်တတ်သော ကြောင့် ''ဝစီသင်္ဂါရ''၊စိတ်သည် ပြုပြင်အပ်သော ကြောင့်''စိတ္တသင်္ဂါရ'' မည်၏။

## 'ကရဇကာယ ခေါ်ဆိုပုံ'

မေး★ကရဇကာယမည်ခြင်းအကြောင်းကို ပြဆိုခဲ့ပါ၊ (အဘယ်တရားကို ကရဇကာယခေါ်ဆိုပါသနည်းဟူလို)

ဖြေ★အမိအဘတို့၏ သုက်သွေးကြောင့် ဖြစ်သော စတု သမုဋ္ဌာနိကရုပ်ကို''ကရဇကာယ''ဟုခေါ်ပါသည်။ (၁၃၁၀-ခုနှစ်က မေးခဲ့ဘူးပြီ)

မေး★ ကရဇကာယော၌ ''ကရ'' အရ ''ကရဇ'' အရ ''ကရဇကာယ'' အရတို့ကို ခွဲခြားကောက်ပြခဲ့ပါ။

ဖြေ★ ကရ=အရကား မိ,ဘတို့၏ သုက်သွေးရ၏။
ကရဇ=အရကား မိ,ဘတို့၏ သုက်သွေးကြောင့်ဖြစ်သော ' စတုသမုဋ္ဌာနိက'' ရုပ် ရ၏။
ကရဇကာယ-အရကား' စတုသမုဋ္ဌာနိကရုပ်'' ပင်ရ၏။

## 'အဿာသ ပဿာသ မည်ပုံ'

မေး★ အဘယ်ကို' အဿာသ ပဿာသ'' ဟု ခေါ်ဆိုပါသနည်း ဝါဒကွဲများရှိက ညှိနှိုင်းပြခဲ့ပါ။

ဖြေ★ အပြင်ဘက်သို့ ထွက်သော ထွက်သက်လေကို ''အဿာသ''၊ အတွင်းသို့ဝင်သော ဝင်သက်လေကို ''ပဿာသ'' ဟု ခေါ်ပါသည်။
(ဤကား ဝိနည်း အဋ္ဌကထာ အလိုတည်း)

{တနည်း} နှာခေါင်းတွင်းသို့ ဝင်သောလေကို ''အဿာသ''၊ နှာခေါင်းတွင်းမှ ပြင်ဘက်သို့ထွက်သောလေကို' ပဿာသ'' ဟု ခေါ်ပါသည်။
(ဤကား သုတ်,အဘိဓမ္မာ,ဝိသုဒ္ဓိမဂ်,အလိုတည်း)

(အဖြေ) ထိုဝါဒနှစ်ပါး၏ ရှင်းလင်းချက်ကို ထိုထိုအဋ္ဌကထာများ၌ ရှုကြပါကုန် မဖော်ပြတော့ပေ။

မေး☆အဿာသ ပဿာသတို့သည် စိတ်ကြောင့်ဖြစ်သော ကြောင့် ''စိတ္တသင်္ခါရ''ဟု မဟောဘဲ အဘယ် ကြောင့် ''ကာယသင်္ခါရ''ဟု ဟောနိုင်ပါသနည်း ရှင်းပြခဲ့ပါ။

ဖြေ☆ပဋိသန္ဓေအခါ ကမ္မဇရုပ်များသည် စိတ်နှင့်စပ်၍ ဖြစ်သကဲ့သို့ အဿာသ-ပဿာသတို့သည် ကိုယ်နှင့် စပ်၍ဖြစ်သောကြောင့်စိတ်ကြောင့်ဖြစ်သော်လည်း ''ကာယသင်္ခါရ''ဟု ဟောနိုင်ပါသည်။

မေး☆အဿာသ ပဿာသတို့သည် စိတ်ကြောင့်ဖြစ်သော ဝါယောဓါတ်ဖြစ်ပါလျက် အဘယ်ကြောင့် ''ကာ ယသင်္ခါရ''ဆိုနိုင်ပါသနည်း ရှင်းပြခဲ့ပါ။

ဖြေ☆အဿာသ ပဿာသတို့သည် ကာယနှင့်ကင်း၍ အ လျင်းမဖြစ်ပေ၊ ''ကရဇကာယ''နှင့်သာစပ်၍ ဖြစ် ခြင်းရှိသောကြောင့်''ကာယသင်္ခါရ''ဟု ဆိုနိုင်ပါသည်။

မေး☆အဿာသ ပဿာသတို့၏''မှီရာ-ဝတ္ထု''ကို မှန်ကန် စွာ ဖော်ပြခဲ့ပါ။

ဖြေ☆''ကရဇကာယ''ဟု ခေါ်သော ဝတ္ထုကိုမှီပါသည် (မှတ်ချက်) ဝတ္ထုဟုဆိုသော်လည်း စက္ခုစသောဝတ္ထုရုပ် တွေကို ဤ၌ဝတ္ထုဟုမခေါ်ဆိုဘဲ ''ကရဇကာ ယ''ကို ဝတ္ထုဟု ခေါ်သည်မှတ်။

**‘ထွက်သက် ဝင်သက်လေတို့၏အစ, အလယ်, အဆုံး’**

မေး ★ ထွက်သက် ဝင်သက်လေတို့၏ အစ, အလယ်, အဆုံး သုံးပါးလုံးကို ပိုင်းခြားဝေဘန်ပြခဲ့ပါ။

[၁၃၁၈-ခုနှစ်က မေးခဲ့ဘူးပြီ]

ဖြေ ★ ထွက်သက်လေ၏ အစကား—ချက်၊

အလယ်ကား—ရင်(နှလုံး)

အဆုံးကားနှာခေါင်းဖျားနှုတ်သီးဖျား တည်း။

ဝင်သက်လေ၏-အစကား နှာခေါင်းဖျား နှုတ်သီး

အလယ်ကား-ရင်(နှလုံး)

အဆုံးကား ချက်တည်း၊

(ပါရာဇိကကဏ်နှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

မေး ★ ‘အဿာသ(ထွက်သက်)၏အစကား-ချက်၊အလယ်ကား-ရင်၊ အဆုံးကား နှာသီးဖျား”ဟု ဆိုရာ ချက်တိုင်ကစ၍ ဖြစ်သောလေသည် ‘‘နှာသီးဖျား’’သို့ ရောက်မရောက် ဆုံးဖြတ်ခဲ့ပါ။

ဖြေ ★ ထိုသို့ ရောက်သည်မဟုတ်ပါ၊ စိတ္တဇရုပ် ဖြစ်သောကြောင့် ရုပ်သက်အားလျော်စွာ ဖြစ်ရာဌာနဌ်ပင် ချုပ်လေသည် ထိုကြောင့်မရောက်ပါ။

မေး ★ မိခင်၏ဝမ်းကြာတိုက်မှ ဖွားခါစ ကလေးသူငယ်အား ထွက်သက် ဝင်သက်လေနှစ်ထွေတွင် အဘယ်လေသည် ရှေးဦးစွာဖြစ်ပါသနည်း။

နေ့(၁)ဝင်း

ဖြေ★ မိခင်၏ဝမ်းကြာတိုက်မှ ဖွားခါစ ကလေးသူငယ်အား ''ထွက်သက်လေ''ရှေးဦးစွာ ဖြစ်ပါသည်။

(မှတ်ချက်) ဤကား ဂဗ္ဘသေယျက ပုဂ္ဂိုလ်မျိုးကိုရည်ရွယ်၍ ဆိုသည်ဟုမှတ်၊ ကြွင်းသောသံသေဒဇ၊ ဥပပါတ်အဏ္ဍဇပုဂ္ဂိုလ်တို့မှာလည်း ထိုနည်းတူစွာ ''ထွက်သက်လေ'' ရှေးဦးစွာ ဖြစ်သင့်၏ဟု ကျေးဇူးရှင်လယ်တီဆရာတော် မိန့်ဘူးလေသည်။

## 'ထွက်သက် ဝင်သက် လေအကြိမ်'

မေး★ တနာရီ၌ ''ထွက်သက်–ဝင်သက်လေ'' အကြိမ်ပေါင်း မည်မျှစီဖြစ်နိုင်၍၊ တရက်အတွင်း၌ ထိုလေတို့ အကြိမ်ပေါင်းမည်မျှစီဖြစ်နိုင်သည်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

ဖြေ★ တနာရီ၌–ထွက်သက်လေ''၃၆၀''

ဝင်သက်လေ ''၃၆၀''

နှစ်ရပ်ပေါင်း+ ၇၂၀=ဖြစ်နိုင်၏။

တရက်အတွင်း၌ ထွက်သက်–ဝင်သက် လေပေါင်း {၄၃၂၀၀}ဖြစ်နိုင်၏။

(မှတ်ချက်) ဤကား–မြန်မာနာရီအားဖြင့်၊ ဂဏိတသင်္ချာနည်းနှင့် တွက်သော အရကောက် ဆရာတော် (အရှင်နန္ဒမေဓာ)ထန်းတပင်၏ တွက်ပုံနည်းတည်း။

## 'ကာယသင်္ခါရ၏ ဖြစ်ရာဌာန'

မေး★လူတို့၏ ကိုယ်-ခန္ဓာအတွင်း၀ယ် အဘယ်အပိုင်း၌ "ကာယသင်္ခါရ" ဖြစ်ပါသနည်း ထင်ရှားအောင် ညွှန်ပြခဲ့ပါ။

ဖြေ★ကာယသင်္ခါရခေါ် ထွက်သက်–ဝင်သက်လေနှစ်ပါးသည် စိတ္တဇရုပ်အစစ်များဖြစ်ကြ၍လူတို့၏ ဥပရိမကာယ "အထက်ပိုင်းကိုယ်ခန္ဓာ"အတွင်း၌ ဖြစ်ပါသည်။

## သင်္ခါရသုံးပါးနှင့် ဘုံ,ဈာန် စသည် ဝေဘန်ပုံ

မေး★သင်္ခါရသုံးပါးတို့ကို ဘုံ,ဈာန်,စိတ္တုပ္ပါဒ် ပုဂ္ဂိုလ်တို့ဖြင့် အသီးအသီးခွဲခြား ဝေဘန်ပြခဲ့ပါ။

## ကာယသင်္ခါရဖြစ်သောဘုံစသည်

ဖြေ★ကာယသင်္ခါရသည်....

ဘုံအားဖြင့် ကာမ,တဆယ့်တဘုံ။

ဈာန်–ပထမဈာန် ဒုတိယဈာန်,တတိယဈာန်။

စိတ္တုပ္ပါဒ် ဒွေးပဉ္စဝိညာဉ်တဆယ်, ပဋိသန္ဓေစိတ် စုတိစိတ်မှတပါး ကာမစိတ်လေးဆယ်လေးခု၊

ပုဂ္ဂိုလ်=ဗလဝါရမ္မဏဖြစ်သော ကာမပုဂ္ဂိုလ်၌သာ ဖြစ်၏။

## 'ကာယသင်္ခါ မဖြစ်သော ဘုံစသည်'

* ကာယသင်္ခါရသည်....
ရူပဘုံ၊အရူပဘုံတို့၌ မဖြစ်၊
စတုတ္ထဈာန်၌ မဖြစ်၊
ဒွေးပဉ္စဝိညာဉ်တဆယ်၊ ပဋိသန္ဓေစိတ်၊ စုတိစိတ်တို့၌ မဖြစ်၊
ပုဂ္ဂိုလ်—အမိဝမ်း၌ ကိန်းအောင်းသော ပုဂ္ဂိုလ်၊ သေသောပုဂ္ဂိုလ်၊နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်၊စတုတ္ထဈာန်ဝင်စားသော ကာမပုဂ္ဂိုလ်၊ရူပပုဂ္ဂိုလ်၊ အရူပပုဂ္ဂိုလ်၊ ရေနစ်သောပုဂ္ဂိုလ်၊ မုစ္ဆာကာလ၌ဖြစ်သော ပုဂ္ဂိုလ်တို့၌မဖြစ်ပ'။
(၁၃၂၀-ခုနှစ်က မေးခဲ့သူ ပြီ)

## ဝစီသင်္ခါရဖြစ်နိုင်သော ဘုံ၊ဈာန် စသည်

* ဝစီသင်္ခါရသည် ..
ဘုံ၊အားဖြင့် အသညသတ် ဘုံမှတပါး အလုံးစုံသောဘုံ။
ဈာန်....မူလဘူတဖြစ်သော ပထမဈာန်၊
စိတ္တုပ္ပါဒ်.... ဒွေးပဉ္စဝိညာဉ်ကြဉ်ကာမစိတ်(၄၄)ခု
ပုဂ္ဂိုလ်....အသညသတ်၊ နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ်၊ သေသောပုဂ္ဂိုလ်၊မှတပါး အလုံးစုံသော ပုဂ္ဂိုလ်တို့၌ ဖြစ်နိုင်၏။

## ဝစီသင်္ခါရမဖြစ်နိုင်သော ဘုံ,ဈာန် စသည်

* ဝစီသင်္ခါရသည်....

အသညသတ်ဘုံ၌ မဖြစ်။

ဒု, တ, စတုတ္ထဈာန်တို့၌ မဖြစ်၊

ဒွေးပဉ္စဝိညာဉ် တဆယ်တို့၌ မဖြစ်။

အသညသတ်ပုဂ္ဂိုလ်, နိရောဓ,သမာပတ် ဝင်စား

သောပုဂ္ဂိုလ်, သေသောပုဂ္ဂိုလ်တို့၌ မဖြစ်၊

[၁၃၂၀-ခုနှစ်က မေးခဲ့ဘူးပြီ]

## စိတ္တသင်္ခါရဖြစ်နိုင်သော ဘုံစသည်

* စိတ္တသင်္ခါရသည်....

ဘုံ,အားဖြင့်အသညသတ်ဘုံမှတပါးအလုံးစုံသောဘုံ။

ဈာန် ...အလုံးစုံသော ဈာန်တို့၌ ဖြစ်၏၊

ပုဂ္ဂိုလ်... အသညသတ်ပုဂ္ဂိုလ်, နိရောဓ သမာပတ်

ဝင်စားသောပုဂ္ဂိုလ်, သေသော ပုဂ္ဂိုလ်မှတပါး

အလုံးစုံသော ပုဂ္ဂိုလ်တို့၌ ဖြစ်နိုင်ပါသည်။

## စိတ္တသင်္ခါရမဖြစ်နိုင်သော ဘုံစသည်

* စိတ္တသင်္ခါရသည် ..

အသညသတ်ဘုံ၌ မဖြစ်။

မဖြစ်သောဈာန်မည်သည် မရှိ။

မဖြစ်သောစိတ်မည်သည် မရှိ။

အသညသတ်ပုဂ္ဂိုလ်,နိရောဓသမာပတ်ဝင်စားသော

ပုဂ္ဂိုလ်, သေသောပုဂ္ဂိုလ်တို့၌ မဖြစ်။

မေး☆ သင်္ခါရသုံးပါးလုံး၏ (က) ဖြစ်ရာဘုံ (ဩကာသ) နှင့် (ခ) မဖြစ်နိုင်ရာဘုံ (ဩကာသ) များကို ညွှန်ပြခဲ့ပါ။

ဖြေ☆ (က) ကာမတဆဲ့တဘုံသည် သင်္ခါရသုံးပါးလုံး၏ ဖြစ်ရာ 'ဩကာသ' တည်း။
(ခ) အသညသတ်ဘုံသည် သင်္ခါရ သုံးပါးလုံး၏ မဖြစ်ရာ 'ဩကာသ' တည်း။

## 'ကာယသင်္ခါရအတွက် အကြောင်းပြချက်'

မေး☆ ကာယသင်္ခါရတို့သည်ကာမဘုံ၌သာဖြစ်၍ အဘယ်ကြောင့် ရူပ, အရူပဘုံ (ပုဂ္ဂိုလ်)တို့၌ မဖြစ်ပါသနည်း။ ရှင်းပြခဲ့ပါ။

ဖြေ☆ ရူပ, အရူပ ပြဟ္မာများမှာ ''ထွက်သက်-ဝင်သက်'' မဖြစ်ခြင်းသည် ဓမ္မတာ သဘောပင် ဖြစ်သောကြောင့် ကာယသင်္ခါရမဖြစ်ပါ။

မေး☆ အဘယ်ကြောင့်ကာမဘုံ၌သာ ''ကာယသင်္ခါရ'' ဖြစ်ရပါသနည်း။

ဖြေ☆ ကာမဘုံသည်သာ ထွက်သက်-ဝင်သက်တို့၏ ဖြစ်ရာဘုံဌာနဖြစ်သောကြောင့်''ကာယသင်္ခါရ''ဖြစ်ရပါသည်။

မေး☆ အဘယ်ကြောင့် စတုတ္ထဈာန်၌ ''ကာယသင်္ခါရ'' မဖြစ်ပါသနည်း။

ဖြေ★စတုတ္ထစျာန် ဝင်စားသော ကာမပုဂ္ဂိုလ်များကား ကာယသင်္ခါရနှင့်ကင်း၍ ဝင်စားနိုင်ခြင်း ဓမ္မတာ သဘောပင် ဖြစ်သောကြောင့် ကာယသင်္ခါရ မဖြစ် ပါ။

မေး★အဘယ်ကြောင့် ပထမစျာန်၊ဒုတိယစျာန်၊တတိယ စျာန်တို့၌သာ ကာယသင်္ခါရ ဖြစ်နိုင်ပါသနည်း ရှင်းပြခဲ့ပါ။

ဖြေ★ပထမစျာန်၊ဒုတိယစျာန်၊တတိယစျာန်ဝင်စားသော ပုဂ္ဂိုလ်တို့သည်သာ ထွက်သက် ဝင်သက်နှင့် မကင်း သောကြောင့် ထိုစျာန်တို့၌ ''ကာယသင်္ခါရ'' ဖြစ် နိုင်ပါသည်။

မေး★ဒွေးပဉ္စဝိညာဉ်တဆယ်၌ ''ကာယသင်္ခါရ'' မဖြစ် ခြင်းအကြောင်းကို ပြဆိုခဲ့ပါ။

ဖြေ★ဒွေးပဉ္စဝိညာဉ် တဆယ်သည် ရုပ်ကိုမဖြစ်စေတတ် သောကြောင့် ''ကာယသင်္ခါရ''မဖြစ်ပါ။

မေး★ပဋိသန္ဓေစိတ်၊စုတိစိတ်တို့၌ ''ကာယသင်္ခါရ''မဖြစ် ခြင်းအကြောင်းကို ပြဆိုခဲ့ပါ။

ဖြေ★ပဋိသန္ဓေစိတ်၊ စုတိစိတ်တို့၌ကား ထွက်သက်—ဝင် သက်တို့၏ချုပ်ရာကာလဖြစ်သောကြောင့်''ကာယ သင်္ခါရ''မဖြစ်ပါ။

## 'အဃာသ-ပဃာသ မဖြစ်နိုင်သူများ'
## (ကာယသံဂါရ မဖြစ်နိုင်သူများဟူလို)

မေး★အဃာသ–ပဃာသ မဖြစ်နိုင်သော ပုဂ္ဂိုလ်တို့ကို အကြောင်းနှင့်တကွ ပြဆိုခဲ့ပါ။

ဖြေ★အမိဝမ်း၌ ကိန်းသောပုဂ္ဂိုလ်, ရေနှစ်မွန်းသော ပုဂ္ဂိုလ်တို့အား အဃာသ–ပဃာသတို့၏ ချုပ်ရာ အရပ်ဖြစ်၍ ကာယသံခါရ ဖြစ်နိုင်ရန် အရာမဟုတ်သောကြောင့် မဖြစ်နိုင်ပါ။

အသညသတ်,သေသောပုဂ္ဂိုလ်, နိရောဓ သမာပတ် ဝင်စားသော ပုဂ္ဂိုလ်တို့အား အဃာသ-ပဃာသ (ကာယသံခါရ)ကိုဖြစ်စေတတ်သောစိတ် မရှိသောကြောင့် မဖြစ်နိုင်ကြပါ။

စတုတ္ထစျာန်ဝင်စားသောပုဂ္ဂိုလ်, ရူပ-အရူပပုဂ္ဂိုလ် တို့အား မမွတာသဘောအားဖြင့် မဖြစ်နိုင်သောကြောင့်တည်း။

## 'ဝစီသံခါရအတွက် အကြောင်းပြချက်'

မေး★အသညသတ်ဘုံ(ပုဂ္ဂိုလ်)၌ ''ဝစီသံခါရ''မဖြစ်ရခြင်းအကြောင်းကို ပြဆိုခဲ့ပါ။

ဖြေ★အသညသတ်ဘုံ၌ ''ဝစီသံခါရ''ကို ဖြစ်စေတတ်သောစိတ်မရှိသောကြောင့် "ဝစီသံခါရ"မဖြစ်ပါ။

မေး★ဒုတိယစျာန်စသည်တို့၌ "ဝစီသံခါရ" မဖြစ်ရခြင်း အကြောင်းကို ပြဆိုခဲ့ပါ။

ဖြေ★ဒု,တ,စတုတ္ထစျာန်တို့၌ ဘာဝနာ၏ အစွမ်းအားဖြင့် ပယ်ထားသောကြောင့်"ဝစီသင်္ခါရ''မဖြစ်ပါ။

မေး★ဒွေးပဉ္စဝိညာဉ်တဆယ်၌''ဝစီသင်္ခါရ''မဖြစ်ရခြင်းအကြောင်းကို ပြဆိုခဲ့ပါ။

ဖြေ★ဒွေးပဉ္စဝိညာဉ်တဆယ်၌ ဈာနင်္ဂကိစ္စမတတ်သောကြောင့်'ဝစီသင်္ခါရ''မဖြစ်ပါ။

(အမှာ)စိတ္တသင်္ခါရအတွက် အဓိပ္ပါယ်များကိုလည်း ဤနည်းနှင်နှင် သိကြပါကုန်လော့..။

## 'ပါဠိအနက်ပေးပုံထူးခြားချက်'

မေး★အောက်ပါ ပါဠိတော်ကို ''ဓမ္မာ''အရ တရားပေါ်လွင်အောင် အနက်ပေးပြပါ။

သညာစ ဝေဒနာစ စိတ္တသင်္ခါရော ထပေတွာ ဝိတက္က ဝိစာရေ သဗ္ဗေပိ စိတ္တသမ္ပယုတ္တကာ ဓမ္မာ စိတ္တသင်္ခါရော။

ဖြေ★သညာစ-သညာသည်၎င်း။ ဝေဒနာစ-ဝေဒနာသည်၎င်း။ စိတ္တသင်္ခါရော-စိတ္တသင်္ခါရမည်၏။ ဝိတက္က ဝိစာရေ-ဝိတက် ဝိစာရတို့ကို၊ ထပေတွာ၊ ထား၍၊ သဗ္ဗေ-အလုံးစုံကုန်သော။ ဓမ္မာပိ=သညာ ဝေဒနာ, ဝိတက်, ဝိစာရတို့မှ ကြွင်းကုန်သော စေတသိက်(၄၈)ပါး တရားတို့သည်လည်း။ စိတ္တသင်္ခါရော-စိတ္တသင်္ခါရမည်၏။

မေး★ ''သဗ္ဗေပိ စိတ္တ သမ္ပယုတ္တကာ ဓမ္မာ စိတ္တသန်ါရော ပါဠိ၌''အပိ''သဒ္ဒါကို ထည့်ဆိုရခြင်း အကျိုးကို'' ပြဆိုခဲ့ပါ။

ဖြေ★ စေတသိက် ငါးဆယ်တို့တွင် အစိတ်အစိတ် (တလုံး တလုံး)သော စေတသိက်များလည်း ''စိတ္တသန်ါရ'' မည်သေးသည်ဟူသော အဓိပ္ပါယ်ထူးကို သိစေခြင်း အကျိုးငှာ "အပိ"သဒ္ဒါကို ထည့်ဆိုပါသည်။

## 'အကြောင်းထူးများ'

မေး★ သညာ ဝေဒနာ နှစ်ပါးကို ''သညာစ ဝေဒနာစ စိတ္တသန်ါရောဟု'' အဘယ်ကြောင့် သီးခြားဟော ရပါသနည်း ထင်ရှားအောင် ဖေါ်ပြခဲ့ပါ။

[၁၃၁၅-ခုနှစ်က မေးခဲ့ဘူးပြီ]

ဖြေ★ သညာ ဝေဒနာ နှစ်ပါးတို့သည် ခန္ဓာအထူး ဖြစ် သောကြောင့် သီးခြားပြု၍ ''သညာစ ဝေဒနာစ စိတ္တသန်ါရော''ဟု ဟောပါသည်။

မေး★ ''ထပေတွာ ဝိတက္က ဝိစာရေ''ဟု ဟောတော်မူရ ခြင်း အကြောင်းကို ရှင်းပြခဲ့ပါ။

(၁၃၁၅-ခုနှစ်က မေးခဲ့ဘူးပြီ)

ဖြေ★ ဝိတက် ဝိစာရတို့ကို ''ဝစီသန်ါရ''အဖြစ်ဖြင့် သီး ခြားယူပြီး ဖြစ်သောကြောင့် ''ဝိတက္က ဝိစာရေ ထပေတွာ''ဟု ဟောတော်မူပါသည်။

(ယမိုက် အဋ္ဌကထာ)

{အသေးမှတ်ချက်}　ဝိတက် ဝိစာရတို့ကို အဘယ်ကြောင့် "စိတ္တသင်္ခါရ" မခေါ်ရပါသနည်း ရှင်းပြပါဟု မေးက ဝိတက် ဝိစာရတို့ကို "ဝစီသင်္ခါရ" အဖြစ်ဖြင့် သီးခြားယူပြီး ဖြစ်သောကြောင့် "စိတ္တသင်္ခါရ" မခေါ်ရပါဟု ဖြေလေ။

မေး★ဝိတက် ဝိစာရတို့ကို "ဝစီသင်္ခါရ" ဟု ခေါ်ဆိုရခြင်း အကြောင်းကို ပြဆိုခဲ့ပါ။

(၁၃၂၁-ခုနှစ်က မေးခဲ့ဘူးပြီ)

ဖြေ★စကားမပြောမီ ရှေ့အဘို့၌ ဝိတက်ဖြင့် ကြံဆ၍ ဝိစာရဖြင့်ဆင်ခြင်ပြီးထိုကြံဆဆင်ခြင်သောအတိုင်း နောက်မှစကားကို ပြောဆိုရသောကြောင့် "ဝိတက် ဝိစာရတို့ကို "ဝစီသင်္ခါရ" ဟု ခေါ်ဆိုရပါသည်။

## 'သုတ္တန်နှင့်ပဒသောဓန၌ထူးခြားချက်များ'

မေး★သုတ္တသင်္ခါရဝါရ၌ "ရူပံ ခန္ဓော ခန္ဓာ ရူပံ" စသည်ဖြင့် ဟောသကဲ့သို့ မဟောဘဲ "ကာယ သင်္ခါရော ဝစီသင်္ခါရော၊ ဝစီသင်္ခါရော ကာယသင်္ခါရော" စသည်ဖြင့် အဘယ်ကြောင့် ဟောပါသနည်း။

ဖြေ★သက်သက်တခုတခုသော ကာယဟူသော ပုဒ်၊ သင်္ခါရဟူသောပုဒ်တို့၏ အစွမ်းဖြင့် အလိုရှိအပ်သော အနက် မဖြစ်သင့်သောကြောင့် "ကာယသင်္ခါရော ဝစီသင်္ခါရော" စသည်ဖြင့် ဟောပါသည်။

မေး★ပဒသောဓနဝါရ၌ သက်သက်သော ပုဒ်ဖြင့် အလိုရှိအပ်သောအနက် မဖြစ်သင့်ဘဲလျက် အဘယ်ကြောင့် ''ကာယော ကာယသန္ဓါရော'' စသည်ဖြင့် ဟောပါသနည်း ရှင်းပြခဲ့ပါ။

ဖြေ★ပဒသောဓနဝါရ၌ကား အလိုရှိအပ်သောအနက်နှင့် ကင်း၍လည်း ဖြစ်သင့်သောကြောင့် သက်သက်သော ကာယစသော ပုဒ်ဖြင့် ''ကာယော ကာယသန္ဓါရော'' စသည်ဖြင့် ဟောပါသည်။

မေး★''ရူပံခန္ဓော''စသည်၌ကဲ့သို့ 'ကာယောသန္ဓါရော'' ဟု သန္ဓါရသက်သက်ကို မဟောပါဘဲလျက် အဘယ်ကြောင့် ''သုဒ္ဓသန္ဓါရဝါရ''ဟု ခေါ်ပါသနည်း ထင်ရှားအောင် ဖော်ပြပါ။

ဖြေ★ဤသုဒ္ဓ သန္ဓါရဝါရသည် သန္ဓါရ သက်သက်ကို မဟောသော်လည်း ''သုဒ္ဓသန္ဓါရ'' အရာ၌ တည်သောကြောင့်''သုဒ္ဓသန္ဓါရဝါရ''ဟု ခေါ်ပါသည်။

မေး★အဘယ်ကြောင့်'သုဒ္ဓသန္ဓါရဝါရ'ဟု ခေါ်သနည်း။

ဖြေ★သုဒ္ဓသန္ဓါရဝါရအရာ၌ တည်၍ဟောသောကြောင့် ''သုဒ္ဓသန္ဓါရဝါရ''ဟု ခေါ်ဆိုပါသည်။

မေး★ဤသန္ဓါရ ယမိုက်ကျမ်း၌ ''သုဒ္ဓ သန္ဓါရ မူလစက္ကဝါရ''ကို အဘယ်ကြောင့် မဟောအပ်ပါသနည်း ထင်ရှားအောင် ဖြေဆိုခဲ့ပါ။

(၁၃၁၉-ခုနှစ်က မေးခဲ့သူ၊ဖြိ)

ဖြေ ★ ကာယစသော ပုဒ်,တို့၏ရင်း။ သဒ္ဒါရ ပုဒ်,၏ရင်း။ မတူသော အနက်တည်းဟူသော တည်ရာရှိသည်၏ အဖြစ်ကြောင့် ဤသဒ္ဒါရ ယမိုက်ကျမ်း၌ ''သုဒ္ဓ သဒ္ဒါရမူလစက္ကဝါရ''ကို မဟောပါ။

မေး ★ ''သုဒ္ဓသဒ္ဒါရဝါရ''ကို ဘုရားရှင်ဟော, မဟော အကြောင်းနှင့်တကွ စိစစ်ပြခဲ့ပါ။

ဖြေ ★ ''သုဒ္ဓသဒ္ဒါရဝါရ''စစ်စစ်ကို ဘုရားရှင်ဟောတော် မမူပါ။

※ စင်စစ်မှာ အဋ္ဌကထာဆရာများသည်''သုဒ္ဓသဒ္ဒါရ ဝါရ''အရာ၌ ''ကာယသဒ္ဒါရော-ဝစီသဒ္ဒါရော'' စသည်ဖြင့် ဘုရားရှင် ဟောထားတော် မူသော ကြောင့်သာ ''သုဒ္ဓသဒ္ဒါရဝါရေပန''ဟု ဥပစာ အားဖြင့် တင်စား၍ ဖွင့်ဆိုထားသောကြောင့် ဤ ဝါရကို ''သုဒ္ဓသဒ္ဒါရဝါရ''ဟု ခေါ်ဆိုထားခြင်း ဖြစ်ပါသည်။

## 'ဝါရ,နယ,ယမက စသည်'

မေး ★ သဒ္ဒါရယမိုက် ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ၌ ရထိုက်သော ဝါရ, နယ, ယမက ပုစ္ဆာ အတွက်တို့ကို မည်မျှ ရှိသည်ဟု သချာမျှပြခဲ့ပါ။

နေ (၂) ဝင်း

ကျွန်းကောသဖြင့်ဖွား ဆရာဦးစိန်ဌေး
စာကြည့်တိုက်
ဘဏ္ဍာစာအုပ်-ရန်ကုန်

ဒေ🟊 ဝါရအားဖြင့်.... .... .... ၃—ပါး
နယ.... .... .... .... ၆—ပါး
ယမက.... .... .. ....၂၄—ပါး
ပုစ္ဆာ ... .... .... ....၄၈—ပါး
အတ္ထ .... .... .... ... ၉၆—ပါး ဖြစ်ပါသည်။

* ဆောင်ရန်=သုံးထွေဝါရ-ဆ,နယပေ၊
နှစ်ဆဲ့လေးဟု-ခေါ်မှုယမကော၊
လေးဆဲ့ရှစ်ပါး-မှတ်သား ပုစ္ဆာ၊
ကိုးဆဲ့ခြောက်-ဥာဏ်လျှောက် အတ္ထ,တွေ။
(မောင်-မယ်များ-ဥာဏ်သွားထက်ကြစေ)

## “အစိတ်အစိတ်ရေတွက်ပုံ”

| | ဝါရ, | နယ, | ယမကာ, | ပုစ္ဆာ, | အတ္ထ, |
|---|---|---|---|---|---|
| ပဒသောဓန | ၁........ | ၂....... | ၆........ | ၁၂........ | ၂၄။ |
| ၄င်းမူလစက္က | ၁........ | ၂.... | ၁၂........ | ၂၄........ | ၄၈။ |
| သုဒ္ဓသံဝါရ | ၁........ | ၂....... | ၆........ | ၁၂........ | ၂၄။ |
| ပေါင်း+ | ၃ — | ၆ — | ၂၄ — | ၄၈ — | ၉၆။ |

ပဏ္ဏတ္တိဝါရ ဥဒ္ဒေသပြီးပါပြီ

## 'ပဏ္ဏတ္တိဝါရ-နိဒ္ဒေသ'

မေး★သင်္ဂါရယမက ပဏ္ဏတ္တိဝါရ၌ ဟောတော်မူအပ်သော တရားပေါင်းချုပ်ကို ထုတ်ပြခဲ့ပါ။
[၁၃၁၀-ခုနှစ်က မေးခဲ့ဘူးပြီ]

ဖြေ★စိတ်တခုယုတ်ကိုးဆယ်, စေတသိက်ဒွေးပညာသ, ကရဇကာယ, ဝစီဘေဒသဒ္ဒတို့တည်း။
(ဤကား-အနုလုံကိုသာ ရည်ရွယ်သည်)
တနည်း စိတ်–၈၉၊ စေတသိက်-၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန် ပညတ်တို့တည်း။
(ဤကား လုံ့နိက်္နှစ်ပါးလုံးကို ရည်ရွယ်သည်)

မေး★အောက်ပါ (က)(ခ)အမှတ်ပြ မမွတို့၏ သရုပ်ကို ဖေါ်ထုတ်ပြခဲ့ပါ။
(က)ကာယမည်သောတရားနှင့် မမည်သောတရား၊
(ခ) သင်္ဂါရမည်သောတရားနှင့် မမည်သောတရား၊
(၁၃၂၀-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ★(က)စတုသမုဋ္ဌာနိကရုပ်ဟုဆိုအပ်သောအကြောင်းဖြစ်သော ကရဇကာယသည် ''ကာယမည်သောတရား''ဖြစ်ပါသည်။
ကာယသင်္ဂါရမှတပါး စိတ် ၈၉၊ စေတသိက်-၅၂၊ ရုပ်–၂၈၊ နိဗ္ဗာန် ပညတ်တို့သည် ''ကာယမမည်သောတရား''တို့ ဖြစ်ပါသည်။

(ခ)ကာယသင်္ခါရ, ဝစီသင်္ခါရ, စိတ္တသင်္ခါရတို့သည် ''သင်္ခါရမည်ကုန်သောတရား''တို့ ဖြစ်ပါသည်။ သင်္ခါရသုံးပါးမှတပါး စိတ်-၈၉၊ ရုပ် -၂၈၊ နိဗ္ဗာန် ပညတ်တို့သည် ''သင်္ခါရ မမည်သော တရား''တို့ ဖြစ်ပါသည်။

**'ကာယော-နကာယော အရ ထူးပုံ'**

မေး★ ကာယော ကာယသင်္ခါရော ''ကာယော'' အရ ကောက်ယူရသော'စတုသမုဋ္ဌာနိကရုပ်'နှင့်''နကာယော နကာယ သင်္ခါရော''၌ ''နကာယ'' အရ ကောက်ယူရသော 'ရုပ်အဇ္ဈတ္တိသ''တို့မှာ မည်သို့ ခြားနားခြင်း ရှိပါသနည်း ထင်ရှားအောင် ပြဆိုခဲ့ပါ။

(၁၃၁၆-ခုနှစ်က မေးခဲ့ဘူးပြီ)

ဖြေ★ 'ကာယော''အရ ကောက်ယူရသော' စတုသမုဋ္ဌာနိကရုပ်''ဟူသည် ကာမ,ဘုံ၌ ထွက်သက် ဝင်သက်ကို ဖြစ်စေနိုင်သော အဇ္ဈတ္တသန္တာန်၌ ဖြစ်သော စတုသမုဋ္ဌာနိကရုပ်ဟု ဆိုအပ်သော ကာရဇကာယ ဖြစ်ပါသည်။

''နကာယော'' အရ ''ရုပ်အဇ္ဈတ္တိသ'' ဟူသည်မှာ ဗဟိဒ္ဓ သန္တာန်၌ ဖြစ်သော အလုံးစုံသော စတုသမုဋ္ဌာနိကရုပ်ဟု ဆိုအပ်သော ''ရုပ်အဇ္ဈတ္တိသ''ဖြစ်ပါသည် ဤသို့ သန္တာန်အားဖြင့် ခြားနားပါ၏။

ဘာနည်း—"နကာယော"အရကား ထိုရုပ်မှတပါး အဿာသ—ပဿာသ ကင်းသော ရုပ်ကိုဥ္ ဿာန, ဇိဝှါ, ကာယ, ဣတ္ထိဘော, ပုမ္ဘော ကြဉ်သော, တိသမုဋ္ဌာနိကရုပ်{၂၃}နှဗဟိဒ္ဓသန္တာနဥ္ဖြစ်သော ဥတုဇရုပ်သည်"နကာယော"အရဖြစ်သည်။ (ဤကားအရကောက် လက်သည်းကွင်းအရတည်း)

## 'ပဒသောဓနဝါရ နိဒ္ဒေသ'

## 'ကာယသင်္ခါရယမက လေးချက်ခွဲဝေပုံ'

မေး★အောက်ပါတရားတို့ကို အသီးအသီး ခွဲဝေပြခဲ့ပါ။

(က)ကာယသာမည်၍ ကာယသင်္ခါရမမည်။

(ခ) ကာယသင်္ခါရသာမည်၍ကာယမမည်။

(ဂ) ကာယလည်းမည် ကာယသင်္ခါရလည်းမည်။

(ဃ)နှစ်ပါးစုံမမည်သောတရား။

ဖြေ★(က)စတုသမုဋ္ဌာနိကရုပ်ဟုဆိုအပ်သော အကြောင်းဖြစ်သော "ကရဇကာယ"တည်း။

(ခ)ကရဇကာယ၏ အကျိုးဆက်ဖြစ်သော စိတ္တဇဝါယောဓာတ်တည်း။

(ဂ)မရှိ။

(ဃ)ကာယ-ကာယသင်္ခါရမှတပါး စိတ်-၈၉၊ စေတသိက်=၅၂၊ ရုပ်—၂၈၊ နိဗ္ဗာန်ပညတ်တို့တည်း။

## 'ဝစီသင်္ခါရ ယမက လေးချက်ခွဲဝေပုံ'

မေး★အောက်ပါတရားတို့ကို အသီးအသီးခွဲဝေပြခဲ့ပါ။
(က)ဝစီသာမည်၍ ဝစီသင်္ခါရမမည်။
(ခ)ဝစီသင်္ခါရသာမည်၍ ဝစီမမည်၊
(ဂ)နှစ်ပါးစုံမည်သောတရား၊
(ဃ)နှစ်ပါးစုံ မမည်သောတရား၊

ဖြေ★{က}အကျိုးဆက်ဖြစ်သော 'ဝစီဘေဒသဒ္ဒ'တည်း၊
{ခ}ဝစီဘေဒသဒ္ဒ၏ အကြောင်းဖြစ်သော 'ဝိတက်ဝိစာရ'တည်း။
(ဂ)မရှိ။
(ဃ)ဝစီ ဝစီသင်္ခါရမှတပါး စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ်-၂၈၊ နိဗ္ဗာန်ပညတ်တို့တည်း၊

## 'စိတ္တသင်္ခါရ ယမက လေးချက်ခွဲဝေပုံ'

မေး★အောက်ပါတရားတို့ကို အသီးအသီးခွဲဝေပြခဲ့ပါ။
(က)စိတ္တသာမည်၍ စိတ္တသင်္ခါရမမည်၊
(ခ)စိတ္တသင်္ခါရသာမည်၍ စိတ္တမမည်။
(ဂ)နှစ်ပါးစုံမည်၊
(ဃ)နှစ်ပါးစုံမမည်။

ဖြေ☆{က}အကြောင်းဖြစ်သော စိတ်—၈၉၊ တည်း။
{ခ}အကျိုးဖြစ်သော ဝိတက်, ဝိစာရတို့မှ တပါး
စေတသိက်—၅၀၊တည်း။
{ဂ}မရှိ။
{ဃ}စိတ္တ,စိတ္တသင်္ခါရမှတပါး ဝိတက်—ဝိစာရ ရုပ်
၂၈၊နိဗ္ဗာန်,ပညတ်တို့တည်း။

**'သုဒ္ဓသင်္ခါရ ဝါရ နိဒ္ဒေသ'**

မေး☆အောက်ပါတရားတို့ကို အသီးအသီးခွဲ၍ပြခဲ့ပါ။
(က)ကာယသင်္ခါရသာမည်၍ ဝစီသင်္ခါရမမည်၊
(ခ)ဝစီသင်္ခါရသာမည်၍ ကာယသင်္ခါရမမည်၊
(ဂ)နှစ်ပါးစုံမည်။
(ဃ)နှစ်ပါးစုံမမည်။

ဖြေ☆(က)အဿာသ ပဿာသဟု ဆိုအပ်သော ''စိတ္တဇ
ဝါယောဓာတ်''တည်း၊
(ခ)ဝိတက် ဝိစာရတည်း။
(ဂ)မရှိ။
(ဃ)ကာယသင်္ခါရ,ဝစီသင်္ခါရမှတပါး စိတ်—၈၉၊
စေတသိက် ၅၀၊ ရုပ်-၂၈၊ နိဗ္ဗာန်ပညတ်တို့တည်း။

**ပဏ္ဏတ္တိဝါရ နိဒ္ဒေသ ပြီးပါပြီ**

## 'ပဝတ္တိပစ္စုပ္ပန္န၊ ဥပ္ပါဒ ပုဂ္ဂလဝါရ'

မေး★အောက်ပါ က-ခ-ဂ ဃ-အမှတ်ပြ ပုဂ္ဂိုလ်တို့အား ဖြစ်ဆဲသင်္ခါရများကို ညွှန်ပြခဲ့ပါ။

## 'ဈာနေ့ာကာသအတွက်'

ဖြေ★[က]အဃာသ ပဃာသနှင့်တကွဖြစ်သော ပထမ ဈာန်ဇော—၂၀၊ တို့၏ ဥပ္ပါဒက္ခဏာ သမင်္ဂီ 'ကာမာဝစရပုဂ္ဂိုလ်'

(ကာယ,ဝစီ,စိတ္တသင်္ခါရသုံးပါးလုံးဖြစ်ဆဲ)

[ခ]အဃာသပဃာသကင်းသောပထမဈာန်ဇော ၂၀၊တို့၏ဥပ္ပါဒက္ခဏာသင်္ဂီ'ကာမ,ရူပ,အရူပပုဂ္ဂိုလ်'

(ဝစီ,စိတ္တသင်္ခါရနှစ်ပါးသာဖြစ်ဆဲ)

[ဂ]အဃာသ ပဃာသနှင့် တကွဖြစ်သော ဒုတိယ ဈာန် ဇော–၁၀၊ တတိယဈာန်ဇော–၁၀၊ တို့၏ဥပ္ပါဒက္ခဏာသမင်္ဂီ'ကာမာဝစရ ပုဂ္ဂိုလ်'

(ကာယစိတ္တ သင်္ခါရနှစ်ပါးသာ ဖြစ်ဆဲ)

(ဃ)အဃာသ ပဃာသ ကင်းသော ဒုတိယဈာန် ဇော–၁၀၊ တတိယဈာန်ဇော–၁၀၊

အဃာသ ပဃာသ အမြဲကင်းသော စတုတ္ထဈာန် ဇော–၁၈ ခု၊တို့၏ ဥပ္ပါဒက္ခဏာသမင်္ဂီ'ကာမ,ရူပ, အရူပပုဂ္ဂိုလ်'

(စိတ္တသင်္ခါရတပါးသာဖြစ်ဆဲ)

မေး☆အောက်ပါ က-ခ-ဂ-ဃအမှတ်ပြ ပုဂ္ဂိုလ်တို့အား ဖြစ်ဆဲ သင်္ခါရများကို ညွှန်ပြခဲ့ပါ။

‘ဘုမ္မောကာသအတွက်’

ဖြေ☆{က}အဿာသ ပဿာပသနှင့် တကွဖြစ်သော ကာမစိတ်၄၄-ခု၊ တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီ ‘ကာမာဝစရပုဂ္ဂိုလ်’
[ကာယ,ဝစီ,စိတ္တသင်္ခါရ သုံးပါးလုံးဖြစ်ဆဲ]

{ခ} အဿာသပဿာသကင်းသောကာမစိတ်၄၄-ခု တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ‘ကာမာဝစရပုဂ္ဂိုလ်’ သဝိတက္က,သဝိစာရစိတ်(၃၆)တို့၏ဥပ္ပါဒက္ခဏ သမင်္ဂီ‘ရူပပုဂ္ဂိုလ်’
သဝိတက္က သဝိစာရစိတ်(၂၇)ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ‘အရူပပုဂ္ဂိုလ်’
(ဝစီ,စိတ္တသင်္ခါရနှစ်ပါးသာဖြစ်ဆဲ)

(ဂ)အဿာသ ပဿာသ အမြဲတန်း ကင်းသော ဒွေးပဉ္စဝိညာဉ်တဆယ်တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီ ‘‘ကာမာဝစရပုဂ္ဂိုလ်’’
အဝိတက္က အဝိစာရ စိတ်–၇၊ခု တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ‘‘ရူပပုဂ္ဂိုလ် ’အဝိတက္က အဝိစာရစိတ် (၄)ခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ‘‘အရူပပုဂ္ဂိုလ်’’
(စိတ္တသင်္ခါရတပါးသာဖြစ်ဆဲ)

နေ့(၈)ဝင်း

(ဃ)ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏ သမင်္ဂီ "ကာမ, ရူပ, အရူပ, ပုဂ္ဂိုလ်"နိရောဓသမာပတ်ဝင်စားသောအနာဂါမ်,ရဟန္တာ၊အသညသတ်ပုဂ္ဂိုလ်၊

(ကာယ ဝစီ စိတ္တသင်္ခါရ သုံးပါး လုံးဖြစ်ဆဲမရ)

မှတ်ချက်(ဤကားပုဂ္ဂိုလ်မှနေ၍ သင်္ခါရတို့ကိုမှတ်သားသော အစီပွါယ်တည်း)

အမေး–ကာယသင်္ခါရ ဖြစ်ဆဲသော ပုဂ္ဂိုလ်, ဖြစ်ဆဲမဟုတ်သော ပုဂ္ဂိုလ်, စိတ္တသင်္ခါရ ဖြစ်ဆဲသော ပုဂ္ဂိုလ်,စိတ္တသင်္ခါရ ဖြစ်ဆဲမဟုတ်သော ပုဂ္ဂိုလ်တို့ကို ညွှန်ပြပါ....ဟု၊ မေးနိုင်သေးသည်ကို သတိပြုပါ၊ ဖော်ပြခဲ့သော ခွဲဝေပုံတို့ကို သတိပြု ကြည့်ရှု၍ ဖြေဆိုတော်မူကြပါကုန်။

**'ခက်ဆစ်အထူးလေ့ကျင့်ခန်း မေးဖြေများ'**

**မေး**★အောက်ပါ က–ခ–ဂ–ဃအမှတ်ပြပုဂ္ဂိုလ်တို့အား ဖြစ်ဆဲသင်္ခါရ များကိုဖော်ပြခဲ့ပါ။

[၁၃၁၄-ခုနှစ်က မေးခဲ့ဘူးပြီ]

(က)အဿာသ ပဿာသ ရဟိတသဝိတက္ကသဝိစာရ စိတ္တ သမင်္ဂီ၊

(ခ) အဿာသ ပဿာသ သဟိတအဝိတက္ကအဝိစာရ စိတ္တ သမင်္ဂီ၊

(ဂ)အဿာသ ပဿာသရဟိတ အဝိတက္ကအဝိစာရ စိတ္တ သမင်္ဂီ၊

(ဃ)အဿာသ ပဿာသ သဟိတ သဝိတက္က သဝိစာရ စိတ္တ သမင်္ဂီ၊

(ဥပ္ပါဒက္ခဏသမင်္ဂီကိုရည်ရွယ်သည်)၊

ဖြေ ☆ (က)ဝစီ သင်္ခါရ, စိတ္တသင်္ခါရ၊

(ခ) ကာယသင်္ခါရ, စိတ္တသင်္ခါရ၊

(ဂ) စိတ္တသင်္ခါရ၊

(ဃ)ကာယသင်္ခါရ ဝစီသင်္ခါရ,စိတ္တသင်္ခါရတို့တည်း

မေး ☆ ဤသင်္ခါရ ယမိုက်ကျမ်း၌ ပစ္စုပ္ပန်စသော ကာလဘေဒကို အဘယ်၏အစွမ်းအားဖြင့် ပိုင်းခြားဟောထားပါသနည်း'' ယမိုက်ပါဠိတော် အထောက်ပြ၍ ဖြေဆိုခဲ့ပါ။

ဖြေ ☆ ဤသင်္ခါရယမိုက်ကျမ်း၌ ''အဿာသ ပဿာသာနံ ဥပ္ပါဒက္ခဏေ၊ ဝိတက္က ဝိစာရာနံ ဥပ္ပါဒက္ခဏေ''ဟု ဟောတော်မူသည်ကို ထောက်၍ ပစ္စုပ္ပန်စသော ကာလ ဘေဒကို''ပဝတ္တိကာလ''၏အစွမ်းအားဖြင့် ပိုင်းခြားဟောထားပါသည်။

**'စုတိ,ပဋိသန္ဓေ,ပဝတ္တိ အားဖြင့်ပိုင်းပုံ'**

မေး ☆ ယမိုက်ဆယ်ကျမ်းတို့တွင်....

{က}စုတိ. ပဋိသန္ဓေ နှစ်ပါးဖြင့်မှတ်၍ ဟောသော ယမိုက်၊

{ခ} စုတိ, ပဋိသန္ဓေ, ပဝတ္တိသုံးပါးလုံးဖြင့် မှတ်၍ ဟောသောယမိုက်၊

(ဂ) ထိုသုံးပါးလုံးဖြင့် သာမညမှတ်၍ ဟောသော ယမိုက်တို့ကို ခွဲခြားပြဆိုခဲ့ပါ။

(၁၉၂၅-ခုနှစ်က မေးခဲ့ဘူးပြီ)

ဖြေ☆ခန္ဓ, အာယတန, ဓာတု ယမိုက် ပဝတ္တိဝါရ တို့၌ "စုတိ, ပဋိသန္ဓေကာလ နှစ်ပါးတို့ဖြင့် မှတ်၍ ဟောပါသည်။

(ခ) သစ္စ, သင်္ခါရ, ဣန္ဒြိယ, ယမိုက် ပဝတ္တိဝါရတို့၌ "စုတိ, ပဋိသန္ဓေ, ပဝတ္တိကာလ" သုံးပါးတို့ဖြင့် မှတ်၍ ဟောပါသည်။

(ဂ) မူလ, အနုသယ, စိတ္တ, ဓမ္မယမိုက် ပဝတ္တိဝါရတို့၌ ထိုသုံးပါးတို့ဖြင့် မမှတ်မူ၍ သာမည အားဖြင့် ဟောပါသည်။

မေး☆ကာယသင်္ခါရစသော သင်္ခါရအပြား သုံးပါးတို့ကို "သန္တာန်" အားဖြင့်၎င်း၊ "စုတိ, ပဋိသန္ဓေ, ပဝတ္တိကာလ" အားဖြင့်၎င်း၊ ပိုင်းခြားဝေဘန်ပြခဲ့ပါ။

ဖြေ☆ထိုသင်္ခါရ သုံးပါးသည် "သဝိညာဏက အဇ္ဈတ္တ သန္တာန်" ၌သာဖြစ်၏၊ ဗဟိဒ္ဓသန္တာန်၌ မဖြစ်ပါ။ ကာလအားဖြင့် ကာယသင်္ခါရကို "ပဝတ္တိအခါ" ၌သာဖြစ်၏၊ စုတိ, ပဋိသန္ဓေအခါတို့၌ မဖြစ်ပါ။

ဝစီသင်္ခါရ, စိတ္တသင်္ခါရနှစ်ပါးသည် "စုတိ, ပဋိသန္ဓေ, ပဝတ္တိကာလ" သုံးပါးလုံး၌ ဖြစ်ပါသည်။

မေး★ကာယသင်္ခါရစသော သင်္ခါရသုံးပါးတို့ကို ဖြစ်သင့်သလို "ခန္ဓာ"အသီးအသီး ဖွဲ့ဆိုပြခဲ့ပါ။

ဖြေ★ကာယသင်္ခါရကား—ရူပက္ခန္ဓာ၊
ဝစီသင်္ခါရကား—သင်္ခါရက္ခန္ဓာ၊
စိတ္တသင်္ခါရကား- ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဖြစ်ပါသည်။
(မှတ်ချက်)ထိုသင်္ခါရသုံးပါးတို့တွင်စိတ်တရားကိုယ်မပါသောကြောင့် ဝိညာဏက္ခန္ဓာမဖွဲ့ရဟုမှတ်လေ။

မေး★ကာယ သင်္ခါရစသော သင်္ခါရ သုံးပါးတို့ကို အကြောင်းသင်္ခါရ, အကျိုးသင်္ခါရအားဖြင့် ခွဲခြား ဝေဘန်ပြခဲ့ပါ။

ဖြေ★ဝစီသင်္ခါရသည် အကြောင်းသင်္ခါရ၊ ကာယသင်္ခါရ စိတ္တသင်္ခါရတို့သည် အကျိုးသင်္ခါရ ဖြစ်ပါသည်၊

မေး★စိတ္တုပ္ပါဒ်တခုတည်း၌ 'သင်္ခါရ'သုံးပါးဖြစ်နိုင်၏ဟု ဆိုရာဝယ် သင်္ခါရသုံးပါးတို့၏ဖြစ်နိုင်ပုံကို ရှင်းလင်း ပြခဲ့ပါ၊

ဖြေ★ဖြစ်နိုင်ပုံကား—ထွက်သက် ဝင်သက်နှင့် တကွသော လောဘမူ ပထမစိတ် ဖြစ်ခိုက်၌ စေတသိက်ပေါင်း {၁၉}ပါးယှဉ်ရာ၌ပါရှိသော ဝိတက်-ဝိစာရနှစ်ပါးသည်၊ "ဝစီသင်္ခါရ"မည်၏။

နေ (၅) ဝင်း

ကြွင်းသော စေတသိက်များသည် ''စိတ္တသင်္ခါရ'' မည်၏။
ထိုစိတ်နှင့်အတူတကွဖြစ်သော ထွက်သက် ဝင်သက် သည်''ကာယသင်္ခါရ''မည်၏။
ဒွေးပဉ္စဝိညာဉ် တဆယ်၌မှာမူကား ကာယသင်္ခါရ, ဝစီသင်္ခါရမဖြစ်နိုင် စိတ္တသင်္ခါရတပါးသာဖြစ်နိုင်၏ ဝိတက် ဝိစာရ ကင်းသော ဒုတိယစျာန်တို့ ဖြစ်ခိုက်၌ ဝစီသင်္ခါရမဖြစ်နိုင်၊ ကာယသင်္ခါရ, စိတ္တသင်္ခါရ နှစ်ပါးသာဖြစ်နိုင်၏။

(ဤကား အကျဉ်းမျှသာ ဖြေလိုက်သည်)

မေး★ အဿာသ ပဿာသကင်းသော ပထမစျာန်သည် မည်သည့် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်ပါသနည်း ယမိုက်ပါဠိတော်ထောက်၍ ဖြေဆိုခဲ့ပါ။

ဖြေ★ ''ဝိနာ အဿာသ ပဿာသေဟိ'' ပါဠိကိုထောက်၍ အဿာသ ပဿာသကင်းသော ပထမစျာန်သည် ''ရူပ အရူပပုဂ္ဂိုလ်''တို့၏သန္တာန်၌ ဖြစ်ပါသည်။

မေး★ ကာယသင်္ခါရဖြစ်ဆဲဆိုရာ၌ ကာမဘုံတွင် ဒွေးပဉ္စ ဝိညာဉ်ကြဉ်သော ကာမစိတ်(၄၄)ပ, ဒု, တစျာန်တို့၏ ဖြစ်ပေါ်ဥပါဒ်တိုင်း စိတ္တဇရုပ်ကို ဖြစ်စေ၏။
ထိုစိတ္တဇရုပ်တိုင်း {၀၁} စိတ်ဖြစ်တိုင်းကို ''ကာယ သင်္ခါရ''ဆိုရမည်လော....၊ယမိုက် ပါဠိတော်ဖြင့် ထင်ရှားအောင် ဖြေဆိုခဲ့ပါ။

ဧ၉ ★ "ဝိနာ အဿာသ ပဿာသေဟိ" ဟုဍင်း။ "အဿာသ ပဿာသာနံ ဥပ္ပါဒက္ခဏေ" ဟုဍင်း၊ "အဿာသ ပဿာသာနံ ဘင်္ဂက္ခဏေ" ဟု ဟောတော်မူသည်ကိုထောက်၍၊ ထွက်သက် ဝင်သက်ကား—စိတ္တဇရုပ်ဖြစ်သည် မှန်၏ စိတ္တဇရုပ်တိုင်းကို "ထွက်သက်ဝင်သက်" ဟူသော ကာယသင်္ခါရ ဟု ဆိုရသည်မဟုတ်၊ ဝါယောဓာတ်လွန်ကဲသော စိတ္တဇရုပ်တို့၏ အထူးကိုမှ "ထွက်သက် ဝင်သက်" ခေါ် ကာယသင်္ခါရဟု ဆိုနိုင်ပါသည်။

ထို့ကြောင့် စိတ္တဇရုပ်ဖြစ်တိုင်း 'ထွက်သက်ဝင်သက်' ခေါ်ကာယသင်္ခါရဖြစ်နိုင်၏ဟု မဆိုနိုင်ပါ မှတ်ချက်—ထွက်သက် ဝင်သက် သဘောနှင့် စိတ္တဇရုပ်သဘောကို ခွဲခြမ်း၍ သိသင့်ပေသည်။

ထို့ကြောင့် စိတ်ဖြစ်တိုင်း ထွက်သက် ဝင်သက်နှင့်တကွဖြစ်သည်မဟုတ်၊ ရံခါထွက်သက် ဝင်သက်နှင့်တကွဖြစ်၏ ရံခါထွက်သက်ဝင်သက်နှင့်တကွ မဖြစ်ဟူ၍သာ မှတ်ရာ၏။

မေး★ကာယသင်္ခါရဖြစ်ဆဲ သဘောကို ရှင်းပြခဲ့ပါ။
[၁၃၁၁-ခုနှစ်က မေးခဲ့ဘူးပြီ]

ဖြေ★ဒွေးပဥ္စဝိညာဉ်(၁၀)ကြဉ်သော ကာမစိတ်(၄၄)ခု ပ, ဒု, တစျာန်တို့၌ ကာယသင်္ခါရဖြစ်၏{ဝါ}ကာယ သင်္ခါရကို ရအပ်ကောက်အပ်၏။ ထိုသို့ကာယသင်္ခါ ရကို ကောက်သင့်သော်လည်း ထိုစိတ်တို့ ဖြစ်ပေါ် ဥပါဒ်တိုင်းကာယသင်္ခါရကိုရအပ်ကောက်အပ်သည် မဟုတ်၊

ရုံခါ ကာယသင်္ခါရနှင့်ကင်း၍ ရအပ်၏။ ရုံခါ ကာယသင်္ခါရနှင့်တကွ ဖြစ်ကြကုန်၏။

(ဤကား ကာယသင်္ခါရ ဖြစ်ဆဲသဘောတည်း)

မေး★ကာယသင်္ခါရဖြစ်ဆဲကိုကောက်ယူရာ၌ အကြောင်း အင်္ဂါသုံးပါး ဆုံမှ ကောက်နိုင်သည် ဆိုရာ ထိုအကြောင်းအင်္ဂါသုံးပါးတို့ကို ထုတ်ပြပါ။

ဖြေ★အကြောင်းအင်္ဂါသုံးပါးကား....

(၁)ထွက်သက်ဝင်သက်နှင့် တကွဖြစ်ခြင်း။

(၂)ကာမဘုံလည်းဖြစ်ခြင်း။

(၃)ကာမပုဂ္ဂိုလ်လည်း ဖြစ်ခြင်း။ ဤအကြောင်း အင်္ဂါသုံးပါးနှင့်ညီညွတ်က ကာယသင်္ခါရဖြစ်ဆဲ ကို ကောက်နိုင်ပါသည်။

မေး★ ''အဿာသ ပဿာသာနံ ဥပ္ပါဒက္ခဏေ''ဟု ဟော တော်မူရာ၌ ''ထွက်သက်ဝင်သက်''တို့သည် တပြိုင် နက် ဥပါဒ်ဖြစ်နိုင်ပါသလော...၊ သီးခြားဥပါဒ်ပါ သေးသလော....၊ ထင်ရှားအောင်ရှင်းပြခဲ့ပါ။

ဖြေ★ ထွက်သက် ဝင်သက်တို့သည် ဖြစ်ပုံအလွန်ကွာခြား လျက်ရှိသောကြောင့် ထွက်သက်ဥပါဒ်ဆဲမှာ ဝင် သက်မဥပါဒ်နိုင်၊ ဝင်သက် ဥပါဒ်ဆဲမှာ ထွက်သက် မဥပါဒ်နိုင်ပါ။

ထွက်သက် ဝင်သက်နှစ်ပါးကို ၊'အဿာသ ပဿာသ' ဟူ၍ တပေါင်းတည်း ဟောမြဲပြုလုပ် ခဲ့သော ဒေသနာတော်နည်းအတိုင်း ''ထွက်သက် ဝင်သက်တို့၏ ဥပါဒ်ဆဲ'' ဟု တပေါင်းတည်း ဟောတော်မူထားရလေသည်။

မေး★ ပထမဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသ ပဿာသာနံ ဥပ္ပါဒက္ခဏေ— ဟူသော ဝိဘင်းပါဠိ ၌ အဘယ်ပါဠ်ဖြင့် အဘယ်အဓိပ္ပါယ်ထူးကို သိစေ သနည်း ရှင်းပြခဲ့ပါ။

ဖြေ★ ''ပထမဈာနံ သမာပန္နာနံ ကာမာဝစရာနံ'' ဟူသောဝိသေသျပါဠ်ဖြင့် ပထမဈာန်ဝင်စားသော ကာမပုဂ္ဂိုလ်တို့အား အဿာသ ပဿာသ မကင်း ဟူသော အဓိပ္ပါယ်ကို သိစေသည်။

(ဤကား အဓိပ္ပေတတ္ထတည်း)

နေ့ (10) ဝင်း

'အဿာသ ပဿာသာနံ ဥပ္ပါဒက္ခဏေ'ဟူသော ဝိသေသနပါဌ်ဖြင့် ရူပ,အရူပပုဂ္ဂိုလ်တို့ကို နှစ်စေ၏ဟု သိစေပါသည်။

(ဤကား-အနုမိပွေတတ္ထတည်း)

မေး★''ပဌမဇ္ဈာနံ သမာပန္နာနံ ကာမာဝစရာနံအဿာသ ပဿာသာနံ ဥပ္ပါဒက္ခဏေ''ဟူသော ဝိဘင်း၌ ''အဿာသ ပဿာသာနံ'' ဟူသော ဝိသေသန အတွက်'ပဌမဇ္ဈာနံ သမာပန္နာနံ ကာမာဝစရာနံ' ဟူသော ဝိသေသျပုဒ်များ၌ မှည်သည့် အနုမိဓပ္ပတတ္ထများကို လွှင့်စင်သွားပါသနည်း ပြည့်စုံစွာ ရှင်းပြခဲ့ပါ။

(၁၃၁၇-ခုနှစ်က မေးခဲ့ဘူးပြီ)

ဖြေ★အဿာသ ပဿာသ ကင်းသော ပဌမစျာန်ဇော ၂၀-တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီ စျာန်ဝင်စားသော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရပုဂ္ဂိုလ်, ဒွေး ပဥ္စဝိညာဉ်(၁၀)ကြဉ်သော အဿာသ ပဿာသ ကင်းသော ကာမစိတ်(၄၄)ခု တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီ စျာန်မဝင်စားသော ကာမာဝစရ,ရူပါဝစရ အရူပါဝစရ ပုဂ္ဂိုလ်များ လွှင့်စင်သွားပါသည်။

မေး★ "ဝိနာ အဿာသ ပဿာသေဟိ ဝိတက္က ဝိစာရာနံ ဥပ္ပါဒက္ခဏေ" ဟူသော ဝိဘင်းပါဠိဖြင့် ပြသော "အဂ်ပွေတ္တ" ကို ဖေါ်ပြခဲ့ပါ။

ဖြေ★ အဿာသ ပဿာသကင်းသော ပထမစျာန်ဝင်စားသော ရူပ,အရူပပုဂ္ဂိုလ်တို့ကိုသာ အရကောက်သင့်သည်ဟူသော (ယမိုက်အနုဋီကာ) အဓိပ္ပေတတ္တကို ပြပါသည်။

အနည်း—ပထမစျာန် ဝင်စားသော "ကာမာဝစရပုဂ္ဂိုလ်သည်အဿာသ ပဿာသကင်း၍" မဖြစ်နိုင်သောကြောင့် ထိုကာမပုဂ္ဂိုလ်ကို မကောက်သင့်ဘဲ အဿာသ ပဿာသ ကင်းသည့် ရူပ, အရူပ ပုဂ္ဂိုလ်မျိုးကိုသာ ကောက်သင့်၏ ဟူလို။

## 'ဘုံနှင့် ဈာန်ဇောဝေဘန်ပုံ'

မေး★ ကာမ,ရူပ,အရူပဘုံတို့၌ ရသင့်သော ဈာန်ဇောများကို အသီးအသီး ရေတွက်ပြခဲ့ပါ....။

[၁၃၁၁-ခုနှစ်က မေးခဲ့ဘူးပြီ]

## 'ကာမဘုံ၌ ရသင့်သော ဈာန်ဇောများ'

ဖြေ★ လောကီ (ရူပ—ကုသိုလ်, ကြိယာ)

ပထမစျာန်ဇော.... ၂၊

ဒုတိယစျာန်ဇော.... ၂၊

တတိယစျာန်ဇော.... ၂၊

စတုတ္ထစျာန်ဇော.... ၁၀၊

လောကုတ္တရာ—ပထမဈာန်ဇော.... ၈၊
ဒုတိယဈာန်ဇော.... ၈၊
တတိယဈာန်ဇော.... ၈၊
စတုတ္ထဈာန်ဇော.... ၈၊
ပေါင်း........+၄၈၊ပါးဖြစ်သည်၊

လောကီလောကုတ္တရာပေါင်း၍ရေတွက်သော်
ပထမဈာန်ဇော.... ၁၀၊
ဒုတိယဈာန်ဇော.... ၁၀၊
တတိယဈာန်ဇော.... ၁၀၊
စတုတ္ထဈာန်ဇော.... ၁၀၊
ပေါင်း...........၄၀၊ပါးဖြစ်ပါသည်၊

မှတ်ချက်–ရူပဘုံ၌လည်း ထိုနည်းတူစွာ ဈာန်ဇော ပေါင်း (၄၀)ပါးပင် ရသင့်သည်ဟု မှတ်လေ။

'အရူပဘုံ၌ ရသင့်သော ဈာန်ဇောများ'

လောကီ—စတုတ္ထဈာန်ဇော ... ၈၊
လောကုတ္တရာ-သောတာပတ္တိမဂ်ကြဉ် ..........,
ပထမဈာန်ဇော.... ၇၊
ဒုတိယဈာန်ဇော ၇၊
တတိယဈာန်ဇော.... ၇၊
စတုတ္ထဈာန်ဇော.... ၇၊
ပေါင်း........+ ၃၆၊ပါးဖြစ်သည်၊

(မှုဘင်ခုနှင်)ဇောမထိုက်သော မဟာဂ္ဂုတ်ဝိပါက် ဈာန်စိတ်များ ကြည်ထားသည်ကို သတိပြုပါ...။ ထို့ကြောင့်''ပထမဈာန် သမာပန္နာနံ''စသည်ဖြင့် ဟောတော်မူရာဝယ် ဝင်စား၍ ရစကောင်းသော ဇောထိုက်သော ဈာန်များကိုသာ အရကောက်ရ လေသည် ဟုမှတ်။

အကြောင်းကား– ''မဟာဂ္ဂုတ်ဝိပါက်'' များမှာ မိမိတို့ဆိုင်ရာ ပြဟ္မာဘုံများ၌ ပဋိသန္ဓေကိစ္စ ဘဝင် ကိစ္စ စုတိကိစ္စကို ဆောင်ရွက်ယုံမျှသာ ဖြစ်သော စိတ်များဖြစ်သောကြောင့် ဈာန်စိတ်ပင် ဖြစ်သော် လည်း ဝင်စား၍ ရသော ဈာန်မျိုး မဟုတ်၍ မကောက်သင့်ဟု မှတ်လေ။

'စတုတ္ထဈာန်ဇောများ ရေတွက်ပုံ'

မေး☆ ကာမ ရူပဘုံတို့၌ရသင့်သော စတုတ္ထဈာန်ဇော (၁၈)ခု၊

အရူပဘုံ၌ ရသင့်သော စတုတ္ထ ဈာန်ဇော (၁၅)ခု တို့ကို ခွဲခြားရေတွက်ပြခဲ့ပါ။

ဖြေ☆ ကာမ ရူပဘုံ၌ ရသော စတုတ္ထဈာန်ဇော{၁၈}ခု ဆိုသည်မှာ စတုက္ကနည်းအားဖြင့် ရူပ (ကုသိုလ် ကြိယာ) စတုတ္ထဈာန်ဇော(၂)ခု၊ အရူပကုသိုလ် ကြိယာ (၈)ခု၊ လောကုတ္တရာ ဈာန်ဇော (၈)ခု၊ အားဖြင့် စတုတ္ထဈာန်ဇော(၁၈)ခု ဖြစ်ပါသည်။

အရူပဘုံ၌ရသောစတုတ္ထစျာန်ဇော(၁၅)ခုဆိုသည်မှာ စတုက္ကနည်းအားဖြင့် အရူပကုသိုလ်(၄)ခု၊ အရူပကြိယာ(၄)ခု လောကုတ္တရာ သောတာပတ္တိမဂ်,ကြဉ်သော စတုတ္ထစျာန်(၇)ခု အားဖြင့် အရူပဘုံ၌ စတုတ္ထစျာန်ဇော (၁၅)ခု ဖြစ်ပါသည်။

မေး★ပထမစျာန်ဇော(၂၀) ဒု, တ, စျာန်ဇော(၁၀) စတုတ္ထစျာန်ဇော (၁၈)ခု တို့ကို အကျဉ်းချုပ်ခါရေတွက်ပြခဲ့ပါ။

ဖြေ★ ပထမစျာန်ဇော (၂၀)ဟူသည်မှာ

စတုက္ကနည်းအားဖြင့်

ရူပကုသိုလ်ကြိယာပထမစျာန်ဇော၂-ခု၊
လောကုတ္တရာပထမစျာန်ဇော ... ၈—ခု၊
ရူပကုသိုလ်,ကြိယာဒုတိယစျာန်ဇော—၂ ·ခု၊
လောကုတ္တရာဒုတိယစျာန်ဇော.... ၈—ခု၊
ပေါင်း.............. +၂၀—ဖြစ်ပါသည်။

ဒုတိယစျာန်ဇော (၁၀)ဟူသည်မှာ

စတုက္ကနည်းအားဖြင့်

ရူပ ကုသိုလ်,ကြိယာစျာန်ဇော....၂—ခု၊
လောကုတ္တရာ ပထမစျာန်ဇော....၈—ခု၊
ပေါင်း............+၁၀—ဖြစ်ပါသည်။

တတိယစျာန်ဇော (၁၀)ဟူသည်မှာ
စတုက္ကနည်းအားဖြင့်
ရူပ ကုလုသ်,ကြိယာစျာန်ဇော.... ၂—ခု၊
လောကုတ္တရာတတိယစျာန်ဇော—၈—ခု၊
ပေါင်း .......+၁၀—ဖြစ်ပါသည်။
စတုတ္ထစျာန်ဇော(၁၈)ခု ရေတွက်နည်းမှာ
ယခင်ပြဆိုခဲ့သော ရူပဘုံ၌ရ-သာ စတုတ္ထ
စျာန်ဇော(၁၈)ခုနှင့်အလားတူပင်မှတ်ပါလေ။

**'ဩကာသဝါရ လာ ခက်ဆစ်ထူးများ'**

**'စျာန်ကိုဩကာသ ဆိုကြောင်း'**

မေး★စျာန်ကို "ဩကာသ"ဟုဆိုရခြင်း အကြောင်းကို
ပြဆိုခဲ့ပါ....,
(၁၃၁၈-၁၃၂၂-ခုနှစ်ကလသ်း မေးခဲ့ဘူးပြီ)

ဖြေ★စျာန်သည် သင်္ခါရတို့၏ တည်ရာဖြစ်သောကြောင့်
စျာန်ကို''ဩကာသ''ဟု ခေါ်ဆိုပါသည်၊

မေး★ခန္ဓယမိုက်လာ''ဩကာသ''နှင့် သင်္ခါရယမိုက်လာ
''ဩကာသ''တို့၏ ထူးခြားပုံကို ပြဆိုခဲ့ပါ။

ဖြေ★ခန္ဓာယမိုက်လာဩကာသကား ဘုံကိုသာဩကာသ
အဖြစ်ဖြင့် ယူပါသည်။
သင်္ခါရယမိုက်လာ ဩကာသကား စျာန်ကိုရင်း
ဘုံကိုရင်း ဩကာသအဖြစ်ဖြင့်ယူရပါသည် ဤသို့
ထူး၏

မေး★ ဈာန်နှင့်ဘုံကို "သြကာသ" ဟု ဆိုရာဝယ် ၎င်းတို့ အချင်းချင်းမည်သို့ ထူးပါသနည်း။

(ဈာန်နှင့်ဘုံကို သြကာသခေါ်ဆိုပုံဟူလို)

ဖြေ★ သဒ္ဒါရ သုံးပါးတို့၏ တည်ရာ ဖြစ်သောကြောင့် "ဈာန်" ကို သြကာသဟုခေါ်၍ ပုဂ္ဂိုလ်တို့၏ တည်ရာဖြစ်သောကြောင့် "ဘုံ" ကို သြကာသဟုခေါ်ဆိုပါသည်၊ ဤကားအယူးတည်း။

(ယမိုက်မူလဋီကာ)

**'အတီတ ပုဂ္ဂလော ကာသ ဝါရ လာ'**

**'မေးဖြေ ထူးများ'**

မေး★ မိမိဖြစ်ခိုက်သောဘုံ၌ "ကာယသင်္ခါရ" ဖြစ်ဘူး (ချုပ်ဘူး) သောပုဂ္ဂိုလ်များကို ဆိုင်ရာသြကာသနှင့် တကွ ညွှန်ပြခဲ့ပါ။

ဖြေ★ အစစ္စသော ဈာန်မှစ၍ အဆုံးဈာန် တိုင်အောင် ဖြစ်ထိုက်သော ပထမဈာန်ဇော(၂၀) ဒုတိယဈာန်ဇော (၁၀) တတိယဈာန်ဇော(၁၀) တို့၏ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမာဝစရ,ရူပါဝစရ,အရူပါဝစရ ပုဂ္ဂိုလ် တို့အား ပ,ဒု,တဈာန်ဟူသော "ဈာနောကာသ"

ပင်္ဂိသနွေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော ကာမစိတ်(၅၄)ခုတို့၏ ခဏတ္တယ သမင်္ဂိဟုဆိုအပ်သော ဈာန်မဝင်စားသော ကာမာဝစရပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော''ဘုမ္မောကာသ''တည်း။

(၄င်းတို့ကား-ကာယသင်္ခါရဖြစ်ဘုံး-ချုပ်ဘုံးဖြ)

မေး★ မိမိဖြစ်ခိုက်သော ဘုံ၌ ''ဝစီသင်္ခါရ'' ဖြစ်ဘုံး (ချုပ်ဘုံး)သော ပုဂ္ဂိုလ်များကို ဆိုင်ရာ ဩကာသ နှင့်တကွ ညွှန်ပြခဲ့ပါ၊

ဖြေ★ အစစွာဝင်စားသော ဈာန်မှစ၍ အဆုံးဈာန်တိုင်အောင် ဖြစ်ထိုက်သော ပထမဈာန်ဇော(၂၀)တို့၏ ခဏတ္တယသမင်္ဂိဟု ဆိုအပ်သော ဈာန်ဝင်စားသော ကာမ,ရူပ,အရူပပုဂ္ဂိုလ်တို့အားပထမဈာန်ဟူသော ''ဈာနောကာသ''

ပင်္ဂိသနွေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော ကာမစိတ်(၅၄)ခုတို့၏ ခဏတ္တယသမင်္ဂိဟု ဆိုအပ်သော ကာမပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟု ဆိုအပ်သော''ဘုမ္မောကာသ''

နေ(12)ဝင်၊

သုဒ္ဓါဝါသဖြစ်အံ့ ဘဝနိကန္တိက ပထမဇောမှစ၍ စုတိတိုင်အောင်၊ ကြွင်းသော ရူပ, အရူပ ဖြစ်အံ့ "ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ' ဖြစ်ထိုက်သော သဝိတက္ကသဝိစာရ,အဝိတက္က အဝိစာရစိတ်(၄၇)ခု တို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ရူပ,အရူပ ပုဂ္ဂိုလ်တို့အား ရူပတဆဲ့ငါးဘုံ အရှာလေးဘုံဟု ဆိုအပ်သော "ဘုမ္မောကာသ"တို့တည်း။

(၄င်းတို့ကား ဝစီသင်္ခါရ ဖြစ်ဘူးချုပ်ဘူးပြီ)

မေး★မိမိဖြစ်ခိုက်ဘုံ၌ "စိတ္တသင်္ခါရ"ဖြစ်ဘူး(ချုပ်ဘူး) သော ပုဂ္ဂိုလ်များကို ဆိုင်ရာဩကာသနှင့် တကွ ညွှန်ပြပါ။

[၁၃၁၄-ခုနှစ်က မေးခဲ့ဘူးပြီ]

ဖြေ★"အစရှာ ဝင်စားသော ဈာန်မှစ၍အဆုံးဈာန်တိုင် အောင်"ဖြစ်ထိုက်သော အလုံးစုံသော ပ ဒု,တ,စ ဈာန်ဇောတို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ကာမ, ရူပ,အရူပပုဂ္ဂိုလ်တို့အား ပ,ဒု,တ,စ ဈာန် ဟူသော"ဈာနောကာသ"

"ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်" ဖြစ်ထိုက် သော ကာမစိတ်(၅၄)ခုတို့၏ ခဏတ္တယသမင်္ဂီ ဟု ဆိုအပ်သော"ဘုမ္မောကာသ"

သုဒ္ဓါဝါသဖြစ်အံ့ 'ပ်ထမဘဝင်မှစ၍စုတိတိုင်အောင်' ကြွင်းသော ရူပ, အရူပဖြစ်အံ့= ''ပဋိသန္ဓေမှ စုတိတိုင်အောင်''ဖြစ်ထိုက်သော ယမင်စိတ်(၄၇)ခုတို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သောရူပ,အရူပပုဂ္ဂိုလ်တို့အား ရူပတဆဲ့ငါးဘုံ၊ အရူပလေးဘုံဟု ဆိုအပ်သော 'ဘုမ္မောကာသ''တို့တည်း

{၄င်းတို့ကား စိတ္တသန္ဒါရ ဖြစ်ဘူး - ချုပ်ဘူးပြီ}

မေး ☆ ဒ်မိဖြစ်ခိုက် ဘုံ၌ ''ကာယ, ဝစီ, စိတ္တ, သန္ဒါရ'' သုံးပါးလုံး မဖြစ်ဘူး(မချုပ်ဘူး)သော ပုဂ္ဂိုလ်များကို ဆိုင်ရာ ဩကာသနှင့်တကွ ညွှန်ပြခဲ့ပါ။

ဖြေ ☆ ရူပါဝစရ ပဉ္စမဈာန် ပဋိသန္ဓေတခု စေတသိက်တိံ သတ္တ၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိ ဖသဋ္ဌာန်တို့အား သုဒ္ဓါဝါသငါးဘုံဟု ဆိုအပ်သော ''ဘုမ္မောကာသ''

အသညသတ် ဉပပတ္တိက္ခဏ,ဝဝန္တ သုဂတိအဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံဟု ဆိုအပ်သော''ဘုမ္မောကာသ''တို့တည်း။

(၄င်းတို့ကား ကာယ,ဝစီ,စိတ္တသုံးပါးလုံးဖြစ်ဘူးမရ)

မေး ✫ အောက်ပါ သုဒ္ဓါဝါသပုဂ္ဂိုလ်တို့အား မိမိ ဖြစ်ခိုက်ဘုံ၌ မည်သည့်သင်္ခါရများ ဖြစ်ဘူးပြီးပြီနည်း။
[၁၃၁၄-ခုနှစ်က မေးခဲ့ဘူးပြီ]

{က} ပဉ္စသန္ဓေနောင် ပထမဘဝင်မှစ၍ မနောဒွါရာဝဇ္ဇန်းတိုင်အောင်
{ခ} ဘဝနိကန္တိက ပထမဇောမှစ၍ စုတိတိုင်အောင်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ။

ဖြေ ✫ {က} စိတ္တသင်္ခါရသာဖြစ်ဘူးပြီးပြီ။
{ခ} ဝစီ၊ စိတ္တသင်္ခါရ နှစ်ပါးစုံ ဖြစ်ဘူးပြီးပြီ။
မှတ်ချက် ပြဆိုခဲ့ပြီးသော စျာနော ကာသ ဘုမ္မောကာသခွဲဝေပုံများကို ကြေပြွန်ပါက အထက်ပါမေးခွန်းမျိုးကို အလွယ်တကူဖြေဆိုနိုင်ကြပေမည် သတိပြုကြည့်ရှုတော်မူကြပါကုန်။

မေး ✫ သုဒ္ဓါဝါသပုဂ္ဂိုလ်တို့၏ "ဝီထိ"ကို ရသင့်သလို ပိုင်းခြား၍ မည်သည့် သင်္ခါရများ ဖြစ်ဘူးသည် မဖြစ်ဘူးသည်ကို ခွဲခြားပြခဲ့ပါ....

ဖြေ ✫ (၁) သုဒ္ဓါဝါသပုဂ္ဂိုလ်၏ ပဉ္စသန္ဓေစိတ်တပိုင်း
[ကာယ၊ဝစီ၊စိတ္တသင်္ခါရသုံးပါးလုံးဖြစ်ဘူးမရပါ]
(၂)ပဉ္စသန္ဓေ နောင် ပထမဘဝင်မှစ၍ မနောဒွါရာဝဇ္ဇန်းတိုင်အောင်၊
(စိတ္တသင်္ခါရတပါးသာ ဖြစ်ဘူးပြီ-ကာယ၊ ဝစီမဖြစ်ဘူးပါ)

(၃) ဘဝနိကန္တိက ပထမဇော မှစ၍ စုတိ
တိုင်အောင်တပိုင်း....,

(ဝစီသင်္ခါရ,စိတ္တသင်္ခါရနှစ်ပါးမှဖြစ်ဘူးပြီ)
[ကာယဖြစ်ဘူးပြီးရပါ]

မေး ✩ သုဒ္ဓါဝါသဝီထိ ပိုင်းပုံ၌အဘယ်ကြောင့်''ဘဝ
နိကန္တိက ပထမဇောမှစ၍ မနောဒွါရာ ဝဇ္ဇန်း
တိုင်အောင်''ဟုရင်း, ''ပဋိသန္ဓေမှစ၍ စုတိ တိုင်
အောင်''ဟုရင်း,ပိုင်းခြားရပါသနည်း ရှင်းပြခဲ့ပါ–

ဖြေ ✩ ဘဝနိကန္တိက ပထမဇော၏ ရှေ့၌ဖြစ်သော
မနောဒွါရာ ဝဇ္ဇန်းစိတ်၌ကား – ဝိတက်ဝိစာရ
ယှဉ်သောကြောင့် ထိုဘဝ နိကန္တိက ပထမဇောမှ
စ၍ ဝစီသင်္ခါရ ဖြစ်ဘူး ချုပ်ဘူးသည် ဖြစ်၍ ဘဝ
နိကန္တိက ပထမဇောမှစ၍ ပိုင်းခြားရခြင်း ဖြစ်ပါ
သည်။

သုဒ္ဓါဝါသမှကြွင်းသော ရူပ,အရူပ,ပုဂ္ဂိုလ်တို့
ကား – မိမိဖြစ်ခိုက်ဘုံ၌ အကြိမ်ပေါင်း များစွာ
ထပ်မံ ဖြစ်နိုင်သည့် အတွက် ရှေး ရှေး ဘဝက
ဝစီသင်္ခါရဖြစ်ဘူး ချုပ်ဘူးကို ပဋိသန္ဓေစိတ်မှစ၍
ရကောင်းသောကြောင့် ပဋိသန္ဓေမှ စ၍ စုတိ
တိုင်အောင် ပိုင်းခြားရပါသည်။

## 'မဂ်ပုဂ္ဂိုလ်လေးယောက်ဟောကြောင်း'

မေး☆ ဤသာသနာ၌ ယခုလိုက် အတိတ်ပုဂ္ဂလဝါရ၌ အောက်ယမိုက်များကဲ့သို့ ပုထုဇဉ်လေးယောက်, ဖလဋ္ဌာန်လေးယောက် တို့ကိုသာ အရကောက် သကဲ့သို့ မကောက်ဘဲ မဂ်ပုဂ္ဂိုလ်လေးယောက်ထိုကို ထည့်သွင်းကောက်ရခြင်းအကြောင်းကို ရှင်းပြခဲ့ပါ... ,

ဖြေ☆ ဤသာသနာ၌ ယခုလိုက် အတိတ်ပုဂ္ဂလဝါရ၌ အတိတ်ကာလကို စုတိ၊ ပဋိသန္ဓေတို့၏ အစွမ်းအားဖြင့်၎င်း ပဝတ္တိကာလ၏ အစွမ်းအားဖြင့်၎င်း ပိုင်းခြားအပ်လေသောကြောင့် 'မဂ်ပုဂ္ဂိုလ်လေးယောက်' တို့ကိုပါ ဟော၍ ထည့်သွင်းကောက်ရပါသည်။

မေး☆ ရူပ, အရူပဘုံတို့၌ ပ, ဒု, တချိန်များကို ဝင်စားခဲ့သော ရူပ, အရူပဗြဟ္မာများအား ကာယသင်္ခါရ မဖြစ်ဟု ဆိုထားပါလျက် အဘယ်ကြောင့် ကာယသင်္ခါရဖြစ်ဘူးချုပ်ဘူး ရနိုင်ပါသနည်း၊ ရှင်းပြခဲ့ပါ။

ဖြေ☆ ဤ၌ ဘုမ္မောကာသဖြင့် မှတ်သားသော အရာမဟုတ်၊ ဈာနောကာသဖြင့်သာ မှတ်သားသော အရာဖြစ်သောကြောင့် ရှေးကာမာဝစရဘုံ၌ ပ, ဒု, တချိန်များကိုဝင်စားစဉ်က ကာယသင်္ခါရဖြစ်ဘူးချုပ်ဘူး ရခဲ့သောကြောင့် ထိုပုဂ္ဂိုလ်တို့၌ရနိုင်ပါ၏။

မေး★ ဒွေးပဉ္စဝိညာဉ်ဖြစ်ခိုက်၌ "ကာယသင်္ခါရ-ဝစီသင်္ခါရ" **မရှိပါ**ဘဲလျက် **အ**ဘယ်ကြောင့် ဖြစ်ဘူး ချုပ်ဘူးရနိုင်ပါသ**န**ည်း **ရှ**င်းပြခဲ့ပါ။

ဖြေ★ ဒွေးပဉ္စဝိညာဉ်သည် "ကာယသင်္ခါရ ဝစီသင်္ခါရ" တို့မရှိသော်**လ**ည်း ဝီထိအစဉ်၌ ရှေးရှေးသော စိတ်တို့၏ ဥပါဒ်ခဏ၌ ဖြစ်ဘူး**ရ**လေသောကြောင့် ဒွေးပဉ္စဝိညာဉ်ဖြစ်ခိုက်၌ ဖြစ်ဘူးသည်ကို ရနိုင်ပါသည်။

မေး★ ရူပ, **အ**ရူပ ဒုတိယဈာ**န**က္ခဏ**သ**မင်္ဂီ၊ တတိယဈာနက္ခဏသမင်္ဂီပုဂ္ဂိုလ်တို့သည် "ဒုတိယဈာနံ တတိယဈာနံ" ဝိဘင်း**အ**ရ ဖြစ်သင့် မဖြစ်သင့်ကို အကြောင်းပြ၍ ရှင်းလင်းခဲ့ပါ။

[၁၃၁၅-ခုနှစ်က မေးခဲ့ဘူးပြီ]

ဖြေ★ ဤ၌ဘုမ္မောကာသဖြင့် မှတ်သားအပ်သော အရာမဟုတ် ဈာ**န**ောကာသအရာဖြစ်၍ ရှေးအခါကာမာဝစရဘုံ၌ ထိုဒု,တဈာန်များဝင်စားစဉ်က အဿာသ ပဿာသ ဖြစ်ခဲ့ဘူးသောကြောင့် ယင်းရူပ, အရူပပုဂ္ဂိုလ်တို့သည် "ဒုတိယဈာနံ တတိယဈာနံ" ဝိဘင်းအရ ဖြစ်သင့်ပါသည်။

## 'သုခါဝေါ သာနံ ဒုတိယစိတ္တဟု ဟောကြောင်း'

မေး☆ အတိတ၀ါရ ပစ္စုနိက ကာယမူ ၀စီမူလိ၌၊ ပဋိသန္ဓေကပင် ၀စီသင်္ခါရမဖြစ်ဘူးသေးသောကြောင့် "သုခါ၀ါသံ ဥပပဇ္ဇန္တာနံ"ဟု ၀ိဘင်းထုတ်ဟောသင့်ပါလျက်အဘယ်ကြောင့်' သုဒ္ဓါ၀ါသာနံ ဒုတိယေစိတ္တေ''ဟု ၀ိဘင်းထုတ်ဟောရပါသနည်း။

ဖြေ☆ ပဋိသန္ဓေကပင် ၀စီသင်္ခါရ မဖြစ်ဘူးသေးသော်လည်း အကြင်မျှလောက် မပြွမ်းသော ၀ိပါက်စိတ်သာဖြစ်သေး၏ ထိုမျှလောက် ကာယသင်္ခါရ, ၀စီသင်္ခါရနှစ်ပါး မဖြစ်ဘူးသည်သာ တည်းဟူသော အနက်အဓိပ္ပာယ်ထူးကို ပြတော်မူလိုသောကြောင့် ''သုဒ္ဓါ၀ါသာနံ ဒုတိယေ စိတ္တေ''ဟု ဟောရပါသည်။

## 'ဒုတိယစိတ္တ အရယူသင့်ပုံ'

မေး☆ ''သုဒ္ဓါ၀ါသာနံ ဒုတိယေ စိတ္တေ ၀တ္တမာနေ'' ဤ၀ိဘင်းပါဌ်၌''ဒုတိယစိတ္တ''အရ ဖြစ်ထိုက်သော စိတ်များကို ညွှန်ပြခဲ့ပါ။

ဖြေ☆ ဒုတိယစိတ္တ အရကား- ပဋိသန္ဓေနောင် ပထမဘ၀င်ကစ၍ ဘ၀နိကန္တိက လောဘဇော(၇)ကြိမ်တိုင်အောင် ထိုအတွင်း၌ရှိသော စိတ်များကို ယူသင့်ပါသည်။

## 'သုဒ္ဓါဝါသ ဖြစ်ဘူးရနိုင်ပုံ'

မေး☆ ''သုဒ္ဓါဝါသ ပုဂ္ဂလ မရ ဘူး နှစ်ဖြာ'' ''မိမိဘဝ နှစ်ကြိမ်မျှ မရသုဒ္ဓါဝါ''ဟု ဆိုသည်နှင့်အညီ သုဒ္ဓါဝါသ ဘူးမရ ဆိုသည့်အတိုင်း သုဒ္ဓါဝါသ ပုဂ္ဂိုလ်တို့အား ၎င်းဘုံ၌ အချင်းခပ်သိမ်း(လုံး၀)မဖြစ်ဘူး ဟု ''ဥပ္ပဇ္ဇိတ္ထ'' သဒ္ဒါဖြင့် မဟောရဟု မှတ်ရမည်လော ...ဟောထိုက် မဟောထိုက် ယမက သာမကော ပြ၍ဆုံးဖြတ်ခဲ့ပါ။

ဖြေ☆ ''သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ'' စသည်ဖြင့် ဝိဘင်းပါဠိ ဟောသည်ကို ထောက်၍ ''သုဒ္ဓါဝါသ ဘူးမရ ဟူသော စကားသည် အမြဲ မမှတ်သားထိုက်ပါ။

သုဒ္ဓါဝါသ ပုဂ္ဂိုလ်များသည် ဖြစ်ဘူး ချုပ်ဘူး နှစ်မျိုးကို ရနိုင်ပါသေးသည်။

အမှာ''သုဒ္ဓါဝါသ–ဘူးမရ, အကနိဋ္ဌ–တုမရ အပါယိက–စစ်မရ'' ဟူသော စကားများ၏ အဓိပ္ပာယ်ကိုရင်း မုချဒုတိယစိတ် တံသဒိသ ဒုတိယစိတ်တို့၏ အဓိပ္ပါယ်ကိုရင်း ယမကနိတိကျမ်း ပထမတွဲတွင် ကြည့်ရှုကြလေ။

မေး☆ ဣတရေသံ ရူပါဝစရာနံ အရူပါဝစရာနံ တေသံ တတ္ထ စိတ္တသင်္ခါရောစ ဥပဇ္ဇိတ္ထ၊ ဝစီသင်္ခါရောစ ဥပ္ပဇ္ဇိတ္ထဟူသော ဝိဘင်း၌ (ဣတရ၏အရ နှစ်ဘက်ရေ နှ(14)ဝင်း၊

သုဒ္ဓါဝါသနှင့် (ဠတရ)အရတွင် မပါဝင်သော တဘက်ရ သုဒ္ဓါဝါသ ပုဂ္ဂိုလ်များကို ကောက်ပြခဲ့ပါ။ (၁၃၁၆-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ ဠတရအရ နှစ်ဘက်ရ သုဒ္ဓါဝါသကား-သုဒ္ဓါဝါသဖြစ်အံ့၊ ဘဝနိက္ကန္တိက ပဌမဇောမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော အနာဂါမိ ဖလဋ္ဌာန် သုဒ္ဓါဝါသ ပုဂ္ဂိုလ်တည်း။

ဠတရ အရ မပါဝင်သော သုဒ္ဓါဝါသကား သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပဌမဘဝင်ဟု ဆိုအပ်သော မုချဒုတိယစိတ်, တံသဒိသ ဒုတိယစိတ်တို့၏ ခဏတ္တယသမင်္ဂီ အနာဂါမိ ဖလဋ္ဌာန် သုဒ္ဓါဝါသ ပုဂ္ဂိုလ်တည်း။

မေး☆ အောက်ပါဝိဘင်း နှစ်ရင်တွင်(ခ)အမှတ်နှင့်သာဆိုင်၍(က'အမှတ်နှင့် မဆိုင်သော' ဒုတိယစိတ်' ကို ပြဆိုခဲ့ပါ။ (၁၃၁၇-ခုနှစ်က မေးခဲ့ဘူးပြီ)

[က]သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ တေသံတတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိတ္ထ နောစ တေသံတတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊

{ခ} သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ တေသံတတ္ထ ကာယသင်္ခါရောစ နုပ္ပဇ္ဇိတ္ထ ဝစီသင်္ခါရောစ နုပ္ပဇ္ဇိတ္ထ၊

ဖြေ☆ သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေစိတ်သည်(ခ)အမှတ်နှင့် သာဆိုင်၍ (က)အမှတ်နှင့်မဆိုင်သော ဒုတိယစိတ် ဖြစ်ပါသည်။

## 'အတီတပုဂ္ဂလောကာသ'

## '၀ိဘင်းထုတ် အရကောက် အဓိပ္ပါယ်'

မေး☆ အောက်ပါ က–ခ–ဂ–ဃ အမှတ်ပြပုဂ္ဂိုလ်ဘုံ တို့ကို ဝိဘင်းပါဠိနှင့်တကွ ထုတ်ပြခဲ့ပါ၊

(ဝိဘင်းပါဠိမှ ထုတ်ပြပါဟုလည်း မေးတတ်သည်)

## 'ကာယမှု ဝစီမှုလို'

(က)ကာယသာဖြစ်ဘူး ဝစီသင်္ခါရ မဖြစ်ဘူးသော ပုဂ္ဂိုလ်ဘုံ၊

(ခ) ဝစီသာဖြစ်ဘူး ကာယသင်္ခါရ မဖြစ်ဘူးသော ပုဂ္ဂိုလ်ဘုံ။

(ဂ) ကာယ,ဝစီ,နှစ်ပါးစုံ ဖြစ်ဘူးသောပုဂ္ဂိုလ်ဘုံ၊

(ဃ)ကာယ,ဝစီ နှစ်ပါးစုံမဖြစ်ဘူးသောပုဂ္ဂိုလ်ဘုံ၊

(စာမေးပွဲများ၌ နှစ်မျိုးထက်မနည်း မေးတတ်သည်)

ဖြေ☆ {က}ဒု=ဈာန်ဇော-၁၀၊ တ-ဈာန်ဇော-၁၀၊တို့၏ ခဏတ္တယ သမင်္ဂီ ဈာန်ဝင်စားသော ကာမ ရူပ,အရူပါဝစရပုဂ္ဂိုလ်တို့အား၊ ဒု တ-ဈာန် ဟုဆိုအပ်သော ဈာနေဝကာသ ရှာ၏၊

ဝိဘင်းပါဠိ–ဒုတိယဇ္ဈာနံ တတိယဇ္ဈာနံ သမာပန္နာနံ တေသံတတ္ထ။

(ခ) သုဒ္ဓါဝါသဖြစ်အံ့-ဘဝနိက္ကန္တိက ပထမဇော မှစ၍ စုတိတိုင်အောင်, ကြွင်းသော ရူပ, အရူပဖြစ်အံ့—ပဋိသန္ဓေမှစ၍စုတိတိုင်အောင် ဖြစ်ထိုက်သော သဝိတက္ကသဝိစာရစိတ်(၄၇) ခုတို့၏ ခဏတ္တယ သမင်္ဂီ ဈာန်မဝင်စားသော ရူပ,အရူပပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ်သော ရူပ(၁၅)ဘုံ၊အရူပ(၄)ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

ဝိဘင်းပါဠိ-ရူပါဝစရာနံ အရူပါဝစရာနံ တေသံတတ္ထ၊

(ဂ) ပထမဈာန်ဇော(၂၀)တို့၏ ခဏတ္တယသမင်္ဂီ ဈာန်ဝင်စားသော ကာမ,ရူပ,အရူပပုဂ္ဂိုလ်တို့အား ပထမဈာန်ဟူသော ဈာနောကာသ ကာမစိတ်(၅၄)ခုတို့၏ ခဏတ္တယသမင်္ဂီဈာန် မဝင်စားသော ကာမာဝစရ ပုဂ္ဂိုလ်တို့အား ကာမတဆဲ့တဘုံဟူသော ဘုမ္မောကာသ ရ၏။

ဝိဘင်းပါဠိ-ပထမဇ္ဈာနံ သမာပန္နာနံ ကာမာဝစရာနံ တေသံတတ္ထ၊

(ဃ)စတုတ္ထဈာန်ဇော(၁၈)ခုတို့၏ ခဏတ္တယသမင်္ဂီ ဈာန်မဝင်စားသော ကာမ,ရူပ,အရူပပုဂ္ဂိုလ်တို့အား စတုတ္ထဈာန်ဟူသောဈာနောကာသ,

သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနေခင် ပထမဘဝင်ဟု ဆိုအပ်သော မုချဒုတိယစိတ် ထိုစိတ်နှင့် ဝစီသင်္ခါရ ဖြစ်ဘူး(ပေ)ပဋိသန္ဓေ ဘဝင်တဆဲ့ငါးချက် မနေသ ဒွါရ ဝဇ္ဇန်း ဤတဆဲ့ရှစ်ချက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟူသောအနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ် တို့အား သုဒ္ဓါဝါသငါးဘုံ....,

အသညသတ် ဥပပတ္တိက္ခ,စဝနက္ခဖြစ်သောသုဂတိ အဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်တို့အား အသညသတ်ဘုံ ဟူသော ဘုမ္မောကာသ ရှေ၏။

ဝိဘင်းပါဠိ-စတုတ္ထဈာနံ သမာပန္နာနံ သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ အသညသတ္တာ နံ တေသံတတ္ထ။

‘အလားတူမေးနိုင်သောမူများ’

‘ကာယမူ-စိတ္တမူလိ’

* {က} ကာယသာဖြစ်ဘူး စိတ္တသင်္ခါရမဖြစ်ဘူးသော ပုဂ္ဂိုလ်ဘုံ။

{ခ} စိတ္တသာဖြစ်ဘူး ကာယသင်္ခါရမဖြစ်ဘူးသော ပုဂ္ဂိုလ်ဘုံ။

{ဂ} ကာယ,စိတ္တသင်္ခါရ နှစ်ပါးစုံ ဖြစ်ဘူးသော ပုဂ္ဂိုလ်ဘုံ။

{ဃ} ကာယ,စိတ္တသင်္ခါရ နှစ်ပါးစုံ မဖြစ်ဘူးသော ပုဂ္ဂိုလ်ဘုံ။

နေ(1၅)ဝင်း

* (က)အရကား မရှိ။

(ခ) စတုတ္ထဈာန်ဇော(၁၈)ခုတို့၏ ခဏတ္တယသမင်္ဂီ (ပေ)စတုတ္ထဈာန်ဇောဟူသောဈာနေကာသ

သုဒ္ဓါဝါသဖြစ်အံ့-ပဋိသန္ဓေနောင် ပထမဘဝင်မှစ၍ စုတိတိုင်အောင် ...,

ကြွင်းသော ရူပ, အရူပဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် သဝိတက္က သဝိစာရ, အဝိတက္က အဝိစာရစိတ် (၄၇)ခုတို့၏ ခဏတ္တယသမင်္ဂီ ဈာန်မဝင်စားသော ရူပ, အရူပပုဂ္ဂိုလ်တို့အား အသညသတ်ကြဉ် ရူပ(၁၅)ဘုံ၊ အရူပ(၄)ဘုံဟူသော ဘုမ္မောကာသ ရ၏၊

ဝိဘင်းပါဠိ-စတုတ္ထဈာန် သမာပန္နာနံ, ရူပါဝစရာနံ အရူပါဝစရာနံ တေသံတတ္ထ။

(ဂ) ပထမဈာန်(၂၀) ဒု-ဈာန်(၁၀)တ-ဈာန် [၁၀]တို့၏ ခဏတ္တယသမင်္ဂီ ဈာန်ဝင်စားသော ကာမ, ရူပ, အရူပပုဂ္ဂိုလ်တို့အား ပ, ဒု, တ, ဈာန်ဟု ဆိုအပ်သော ဈာနေကာသ, ကာမစိတ် [၅၄]ခု တို့၏ ခဏတ္တယ သမင်္ဂီ (ပေ) ကာမ. တဆဲ့တဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

ဝိဘင်းပါဠိ-ပထမဈာနံ ဒုတိယဈာနံ တတိယဈာနံ သမာပန္နာနံ ကာမာဝစရာနံ တေသံတတ္ထ၊

(ဃ)ရူပါဝစရပဉ္စမဈာန် ပဋိသန္ဓေတခု၊ စေတသိက် တိံသ,တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိ ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ, အသညသတ် ဥပ,စဝန ဖြစ်သော (ပေ)အသညသတ်ဘုံဟူသော ဘုမ္မောကာသ ရ၏။

ဂ်ဘင်းပါဠိ-သုဒ္ဓါဝါသံဥပပဇ္ဇန္တာနံ,အသညသတ္တာနံ တေသံတတ္ထ။

## ‘ ဝစီမှု စိတ္တမှုလိ ’

* {က}ဝစီသာဖြစ်ဘူး-စိတ္တသင်္ခါရ မဖြစ်ဘူးသော ပုဂ္ဂိုလ်ဘုံ။

{ခ} စိတ္တသာဖြစ်ဘူး-ဝစီသင်္ခါရ မဖြစ်ဘူးသော ပုဂ္ဂိုလ်ဘုံ။

{ဂ} ဝစီ, စိတ္တသင်္ခါရ နှစ်ပါးစုံ ဖြစ်ဘူးသော ပုဂ္ဂိုလ်ဘုံ။

{ဃ} ဝစီ, စိတ္တသင်္ခါရ နှစ်ပါးစုံ မဖြစ်ဘူးသော ပုဂ္ဂိုလ်ဘုံ။

* (က)အရကား မရှိ၊

(ခ) ဒု,တ,စ- ဈာန်ဇောတို့ ခဏတ္တယ သမင်္ဂီ ဈာန်ဝင်စားသော ကာမ, ရူပ, အရူပပုဂ္ဂိုလ် တို့အားဒု,တ,စ-ဈာန်ဟူသောဈာနောကာသ,

သုဒ္ဓါဝါသဘုံ၌-ပဋိသန္ဓေနေသော ပထမ ဘဝင်ဟုဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ် နှင့် ဝစီသင်္ခါရဖြစ်ဘူး(ပေ)သုဒ္ဓါဝါသငါးဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

၆၁ အမေး။ ပါဠိ၌ ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန် သမာပန်နှင့် သုဒ္ဓါဝါသနှင့် ဒုတိယေ စိတ္တေ ဝတ္တ မာနေ ဟေတ္ထ။

(ဂ) ပထမဈာန်ဇော(၂၀)တို့၏ ခဏတ္တယသမင်္ဂီ ဈာန်ဝင်စားသော ကာမ, ရူပ, အရူပပုဂ္ဂိုလ် တို့အား ပထမဈာန်ဟူသော ဈာနောကာသ,

ကာမစိတ်(၅၄)ခု တို့၏ ခဏတ္တယ သမင်္ဂီ (ပေ)ကာမတဆဲ့တဘုံဟူသော ဘုမ္မောကာသ,

သုဒ္ဓါဝါသ ဖြစ်အံ့-ဘဝ နိကန္တိက ပထမ ဇောမှစ၍ စုတိတိုင်အောင်,

ကြွင်းသော ရူပ, အရူပဖြစ်အံ့-ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင် {ပေ} အသညသတ်ကြဉ် ရူပ(၁၅)ဘုံ၊ အရူပ(၄)ဘုံ ဟူသော ဘုမ္မော ကာသ ရ၏။

၆၂ အမေး။ ပါဠိ၌-ပထမဈာန် သမာပန်နှင့် ကာမာဝစရနှင့် ဥတရေသံ ရူပါဝစရနှင့် အရူပါဝစရနှင့် ဟေသံ တတ္တ။

(ဃ) ရူပါဝစရ ပဉ္စမဈာန် ပဋိသန္ဓေတခု (ပေ) သုဒ္ဓါဝါသငါးဘုံ, အသညသတ် ဥပ, စဝန္တ ဖြစ်သော(ပေ)အသညသတ်ဘုံဟု ဆိုအပ်သော ဘုမ္မောကာသ ရ၏။

ငါဘုံးပါဠိ သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ အသညသတ္တာနံ တေသံတတ္ထ။

အဘူးမြှောကြဖြုးချက် အထက်ပါပုဂ္ဂိုလ် ခွဲဝေပုံတို့ကို သိရှိပါက ဝိဘင်းထုတ် အရကောက် မေးခွဲသော် ဖြေဆိုနိုင်ကြပေမည်။

{သတိပြုကြည့်ရှုတော်မူကြပါကုန်}

## အတီတဝါရပြီးပါပြီ

## 'အနာဂတ ပုဂ္ဂလဝါရ ခွဲဝေပုံ'

ဤအနာဂတ ပုဂ္ဂလဝါရနှင့် ပတ်သက်၍ ရှေးဦးစွာ မှတ်သားထားရမည့် ပုဂ္ဂိုလ်သုံးမျိုးကို သိထားသင့်၏။

(၁) ကာမာဝစရပုဂ္ဂိုလ်.

(၂) ရူပါဝစရပုဂ္ဂိုလ်.

(၃) အရူပါဝစရပုဂ္ဂိုလ်,ဟု သုံးမျိုးရှိ၏၊

ထိုသုံးမျိုးတွင်လည်း ကာမာဝစရပုဂ္ဂိုလ် သုံးမျိုး ပင်ရှိပြန်၏။

(က) ကာမာဝစရ ပစ္ဆိမဘဝိကပုဂ္ဂိုလ်.
(ခ) ရူပ, အရူပ ဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမာဝစရပုဂ္ဂိုလ်,
(ဂ) ကာမာဝစရဘုံ၌ နောင် ဖြစ်ပြန်ကောင်းသော ကာမာဝစရ ပုဂ္ဂိုလ်.ဟု သုံးမျိုးရှိ၏။

မေး☆ ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်များအား ဖြစ်လတ္တံ့ မဖြစ်လတ္တံ့ သင်္ခါရများကို ပိုင်းခြားခွင့်ရှိသမျှ ပိုင်းခြားပြခဲ့ပါ ...

ဖြေ☆ က – (၁) ပဋိသန္ဓေမှစ၍ အဆုံး စွန်သော အသာသ ပဿာသနှင့် တကွဖြစ်သော တေတ္တိံသမစိတ်၏ အနန္တရတိုင်အောင်သော ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်အား။
(ကာယ,ဝစီ,စိတ္တသင်္ခါရသုံးပါးစုံဖြစ်လတ္တံ့)

(၂) အဆုံးစွန်သော အသာသ ပဿာသနှင့် တကွဖြစ်သောတေတ္တိံသမစိတ်မှသည် ပစ္ဆိမစိတ်၏ အနန္တရ တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယ သမင်္ဂီပုဂ္ဂိုလ်အား....,
[ဝစီ,စိတ္တ နှစ်ပါးစုံဖြစ်လတ္တံ့.]

(၃) ပစ္ဆိမစိတ်၏ ခဏတ္တယ သမင်္ဂီပုဂ္ဂိုလ်အား ပစ္ဆိမစိတ်၏တပိုင်း,
[ကာယ,ဝစီ,စိတ္တသုံးပါးလုံးဖြစ်လတ္တံ့မရပါ]

မှတ်ချက် .. စာမေးပွဲများ၌ "အောက်ပါပုဂ္ဂိုလ်များအား ဖြစ်လတ္တံ့ သန်္ဒါရ,မဖြစ်လတ္တံ့ သန်္ဒါရများကို ဖေါ်ပြပါဟုရင်း,

အောက်ပါကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်များအား ကာယ,ဝစီ ဖြစ်လတ္တံ့, မဖြစ်လတ္တံ့များကို ပိုင်းခြားခွင့်ရှိသမျှ ပိုင်းခြားပြပါဟုရင်း, မေးနိုင်သည်ဟုမှတ်လေ။ ။

မေး★ ရူပ အရူပဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သော ကာမာဝစရ ပုဂ္ဂိုလ်များအား ဖြစ်လတ္တံ့ မဖြစ်လတ္တံ့ သန်္ဒါရများကို ဝီထိဖြင့် ပိုင်းခြားပြခဲ့ပါ။

[သန်္ဒါရမှနေ၍ ပုဂ္ဂိုလ်ကိုလည်း မေးနိုင်သည်]

ဖြေ★(ခ)ကာမသုဂတိ ခုနစ်ဘုံမှ ရူပ,အရူပဘုံသို့ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူ ဖြစ်အံ့....,

(၁) ပဉ္စသန္ဓေမှ စ၍ အဆုံးစွန်သော အဿာသ ပဿာသနှင့်တကွဖြစ်သော တေတ္တိံသမစိတ်၏ အနန္တရတိုင်အောင်, ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီပုဂ္ဂိုလ်,

(ကာယ,ဝစီ,စိတ္တ သုံးပါးလုံးဖြစ်လတ္တံ့)

(၂) အဆုံးစွန်သော အဿာသ ပဿာသနှင့်တကွဖြစ်သော တေတ္တိံသမစိတ်မှသည် စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ ပုဂ္ဂိုလ်,

(ဝစီ,စိတ္တနှစ်ပါးစုံဖြစ်လတ္တံ့)

မေး ★ ကာမဘုံ၌ နေ၍ဖြစ်ပြန်ကောင်းသော ကာမ, ရူပ, အရူပပုဂ္ဂိုလ်များအား ဖြစ်လတ္တံ့ မဖြစ်လတ္တံ့ သန္ဓေရများကို ဝီထိဖြင့် ပိုင်းခြားပြပါ။

ဖြေ ★ ထိုပုဂ္ဂိုလ်များအား— "ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင်" ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ကာမ, ရူပ, အရူပပုဂ္ဂိုလ်,

(ကာယ, ဝစီ, စိတ္တသုံးပါးလုံးဖြစ်လတ္တံ့)

မေး ★ ရူပ, အရူပ ပစ္ဆိမဘဝိကပုဂ္ဂိုလ်များအားဖြစ်လတ္တံ့ မဖြစ်လတ္တံ့ သန္ဓေရများကို ဝီထိဖြင့်ပိုင်းခြားပြခဲ့ပါ

ဖြေ ★ (၁) ပထမစျာန်ဝိပါက်, ဒုတိယစျာန်ဝိပါက်ဟူသော သဝိတက္က သဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ရူပ, အရူပ ပစ္ဆိမ ဘဝိကပုဂ္ဂိုလ်အား,

'ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင်'

(ဝစီ, စိတ္တနှစ်ပါးသာဖြစ်လတ္တံ့)

(၂) စုတိပစ္ဆိမစိတ် တပိုင်း,

(ကာယ ဝစီ စိတ္တသုံးပါးလုံးဖြစ်လတ္တံ့မရ)

(၃) ရူပ, အရူပဘုံ အချင်းချင်း ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သောသူဖြစ်အံ့ ပဋိသန္ဓေမှ စ၍ စုတိတိုင်အောင်,

(ဝစီ စိတ္တ နှစ်ပါးစုံ ဖြစ်လတ္တံ့)

ကာမဘုံ၌ နောင် ဖြစ်ပြန်ကောင်းသော ရူပ, အရူပပုဂ္ဂိုလ်ဖြစ်အံ့ —

‘ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်’

[ကာယ, ဝစီ, စိတ္တ သုံးပါး စုံဖြစ်လတ္တံ့။]

## ‘အနာဂတ ပုဂ္ဂလဝါရ ခက်ဆစ်အထူး’

## ‘တေတ္တိံသမစိတ် - ပစ္ဆိမစိတ်ခေါ်ပုံ’

မေး★ အဘယ်စိတ်များကို ‘တေတ္တိံသမစိတ်’ ‘ပစ္ဆိမစိတ်’ ဟု ခေါ်ပါသနည်း ထင်ရှားအောင်ပြခဲ့ပါ....

ဖြေ★ စုတိစိတ်မှ ပဋိလောမအားဖြင့် ပြန်၍ ရေသည် ရှိသော် သုံးဆဲ့သုံးခုမြောက်သောစိတ်ကို ‘တေတ္တိံသမစိတ်’ ဟု ခေါ်ပါသည်၊

အရဟတ္တ ဖလဋ္ဌာန် ပုဂ္ဂိုလ်၏ စုတိစိတ်ကို “ပစ္ဆိမစိတ်” ဟုခေါ်ပါသည်။

မေး★ “ပစ္ဆိမစိတ်” ဟု ခေါ်ဆိုရခြင်း အကြောင်းကို ပြဆိုခဲ့ပါ ...,

ဖြေ★ အနမတဂ္ဂ ဘဝါဘဝ သံသရာကစ၍ ဖြစ်ပေါ်လာသော စိတ်အပေါင်းတို့တွင် နောက်ဆုံးစိတ် ဖြစ်သောကြောင့် “ပစ္ဆိမစိတ်” ဟုခေါ်ဆိုပါသည်။

## ‘ယဿစိတ္တဿ·အရ, ယူသင့်ရာစိတ်’

မေး★ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ တေသံ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတိ၊ နော စ တေသံ ကာယ သင်္ခါရော ဥပ္ပဇ္ဇိဿတိ၊ ဤ၌ ‘ယဿ စိတ္တဿ’ အရဖြစ်သင့်သလို ခွဲခြားကောက်ပြခဲ့ပါ....

(၁၃၁၅-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ★ ပစ္ဆိမစိတ်မှ ပြန်၍ရေသော် အဆုံးစွန်သော အဿာသ ပဿာသနှင့်တကွဖြစ်သော ဟေတ္တံ သမစိတ်သည် ‘‘ယဿစိတ္တဿ’’ အရဖြစ်ပါသည်။

မရဏာသန္နဝီထိအားဖြင့် ဇောနောင် စုတိကျလျှင် ပဉ္စမဇောစိတ်ကိုယူရ၏။

တဒါရုံနောင် စုတိကျလျှင် ဒုတိယတဒါရုံစိတ်ကို ယူရ၏ ဘဝင်နောင်စုတိကျလျှင် စုတိစိတ်နှင့် ကပ်လျက်ရှိသော အန္တိမဘဝင်စိတ်ကို ယူရပါသည်။

မေး★ ‘‘ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ’’ ဤဝိဘင်း၌ ပစ္ဆိမစိတ္တံဟုဆိုထားသောကြောင့် ရဟန္တာ၏ စုတိစိတ်ကိုသာ ကောက်ယူသင့်ပါသလော....၊ အခြားစိတ်ကို ကောက်ယူသင့်ပါက အကြောင်းပြ၍ ဖြေဆိုပါ။

ဖြေ☆ ရူပ၊အရူပဘုံသို့ကပ်၍ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့၏ကာမာဝစရ စုတိစိတ်၏လည်း ကာယသင်္ခါရကို မဖြစ်စေနိုင်သောကြောင့်ရဟန္တာပုဂ္ဂိုလ်၏စုတိစိတ်ကိုသာ မကောက်ယူသင့်ဘဲ၊ ရူပ၊ အရူပဘုံသို့ ဖြစ်၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သော ကာမာဝစရ ပုဂ္ဂိုလ်တို့၏ စုတိစိတ်ကိုလည်း ကောက်ယူသင့်ပါသေးသည်။

မေး☆ ''ယဿ စိတ္တဿ အနန္တရာ အဝိတက္က အဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ''အရ ဇောနောင်စုတိ၊တဒါရုံနောင်စုတိ၊ ဘဝင်နောင် စုတိကျသော ပုဂ္ဂိုလ်အပေါင်းတို့တွင် အဘယ်ပုဂ္ဂိုလ်မျိုးကို ယူသင့်ပါသနည်း အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

ဖြေ☆ အဝိတက္က အဝိစာရ ပစ္ဆိမစိတ် ဆိုသည်မှာ– ရူပပဉ္စမဈာနဝိပါက်၊အရူပဝိပါက်တို့ဖြစ်၍ ရူပ၊အရူပဘုံတို့၌သာဖြစ်ကြပါသည်၊ထိုရူပ၊ အရူပဗြဟ္မာတို့အား တဒါရုံမဖြစ်သင့်သောကြောင့် ဇော၊နောင်၊ ဘဝင်နောင်ကျသောပုဂ္ဂိုလ်မျိုးကိုသာကောက်သင့်ပါသည် တဒါရုံနောင် စုတိကျသော ပုဂ္ဂိုလ်ကို မကောက်ယူသင့်ပါ။

မေး★ အဘယ်စိတ်ကို ''အနန္တရစိတ်'' ဟု ခေါ်ဆိုပါ သနည်း ထင်ရှားအောင် ပြဆိုခဲ့ပါ။

ဖြေ★ စိတ္တနိယာမ၏ အစွမ်းအားဖြင့် အစဉ်အတိုင်း ဖြစ်သော ရှေ့စိတ် နောက်စိတ်တို့တွင် မိမိ၏ အခြားမဲ့၌ ဖြစ်သောစိတ်ကို ''အနန္တရစိတ်'' ဟု ခေါ်ပါသည်။

## 'ကာယသက္ခိရ စ၍ မဖြစ်နိုင်သည့်စိတ်'

မေး★ ကာယသက္ခိ(အဿာသ ပဿာသ)သည် မည် သည့်ပုဂ္ဂိုလ်အား မည်သည့်စိတ်မှစ၍တင်၍မဖြစ်ပါ သနည်း ဝါဒကွဲများရှိက ညှိနှိုင်းပြခဲ့ပါ။

ဖြေ★ ကာယသက္ခိရသည် ပစ္ဆိမဘဝိက ပုဂ္ဂိုလ်ဖြစ်အံ့ ဒွတ္တိံသမစိတ်မှစ၍မဖြစ် ကြွင်းသော ပုဂ္ဂိုလ်များ ဖြစ်အံ့–ဒွတ္တိံသမ စိတ်ထက် အလွန် အမှတ် မထား တပါးပါးသော စိတ်မှစ၍ မဖြစ်ပါ။

[ဤကားမူလဋီကာနှင့်အရကောက်ဆရာဝါဒတည်း]

တနည်း–ကာယသက္ခိရသည်·စုတိစိတ်မှပြန်၍ ရေ သည်ရှိသော် တဆဲ့ခြောက်ချက်မြောက်သောစိတ်မှ စ၍ မဖြစ်ပါ။

(ဤကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာဆရာဝါဒတည်း)

## ‘မရဏာသန္နအခါ အသက်ရှူ မရှူ’

မေး★ သတ္တဝါတို့အား မရဏာသန္နဇောကျသောအခါ အသက်ရှူပါသေးသလော-, အသက်ရှူ မရှူ သင်္ခါရယမိုက်ပါဠိအထောက်ပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၁၃၁၅-ခုနှစ်က မေးခဲ့ဘူးပြီ)

ဖြေ★ ''ယဿစိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမ စိတ္တံ ဥပ္ပဇ္ဇိဿတိ'' ဟူသော ပါဠိတော်ကိုထောက်၍ ပစ္ဆိမစိတ်မှ ပြန်၍ ရေသော် အဆုံးစွန်သော အဿာသ၊ပဿာသနှင့် တကွဖြစ်သောတေတ္တိံသမ စိတ်မှသည် ပစ္ဆိမစိတ် တိုင်အောင် အဿာသ ပဿာသကင်းသောကြောင့် သတ္တဝါတို့အား မရဏာသန္နဇော ကျသောအခါ အသက်မရှူပါ။

## ‘ဝိဘင်းထုတ်-အရကောက် အဓိပ္ပါယ်များ’

မေး★ ကာယသင်္ခါရဖြစ်လတ္တံ့သော ပုဂ္ဂိုလ်နှင့် မဖြစ်လတ္တံ့သောပုဂ္ဂိုလ်တို့ကို ကျမ်းလာအရ ပြည့်စုံစွာ ပြခဲ့ပါ.... (၁၃၂၁-ခုနှစ်က မေးခဲ့ဘူးပြီ)

ဖြေ★ ကာယသင်္ခါရဖြစ်လတ္တံ့သော ပုဂ္ဂိုလ်များကား— ပဉ္စသန္ဓေမှ စ၍ အဆုံးစွန်သော အဿာသ ပဿာသနှင့်တကွ ဖြစ်သော တေတ္တိံသမ စိတ်၏ အနန္တရတိုင်အောင် ကာမာဝစရ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်....,

ကာမသုဂတိခုနစ်ဘုံမှရူပါဝစရအရူပါဝစရဘုံသို့ ဖြစ်၍ပရိနိဗ္ဗာန်ပြုလတ္တံ့သော သူဖြစ်အံ့-ပဋိသန္ဓေမှ စ၍အဆုံးစွန်သော အဃာသ ပဃာသနှင့်တကွဖြစ်သောစိတ်၏အနန္တရတိုင်အောင်ကါမာဝစရပုဂ္ဂိုလ် ကာမာဝစရဘုံ၌ နောင်ဖြစ်ပြန်ကောင်းသော သူ ဖြစ်အံ့ — ပဋိသန္ဓေမှ စ၍ စုတိ တိုင်အောင် ကာမာဝစရပုဂ္ဂိုလ်, သုဒ္ဓါဝါသမှတပါး ရူပါဝစရ အရူပါဝစရပုဂ္ဂိုလ်တို့တည်း။ ၊

{၄င်းတိုကား ကာယ,ဝစီ,စိတ္တသုံးပါးလုံးဖြစ်လတ္တံ့ဟူလို}

ကာယသင်္ခါရမဖြစ်လတ္တံ့သော ပုဂ္ဂိုလ်များကား- တိဟိတ်စုတိစေတရသ(ပ)ပစ္ဆိမ တ်၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သော ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်, တတိယ ဈာန်ဝိပါက် စတုတ္ထဈာန်ဝိပါက် ပဥ္စမဈာန်ဝိပါက် အရူပဝိပါက် လေးခုဟု ဆိုအပ်သော အဝိတက္က အဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ဇောနောင် စုတိဖြစ်အံ့ – ပဥ္စမဇော၏ ခဏတ္တယသမင်္ဂီ,ဘဝင်နောင်စုတိဖြစ်အံ့ ပဥ္စမဇော ဘဝင်တို့၏ ခဏတ္တယ သမင်္ဂီဟု ဆိုအပ်သော ရူပါဝစရ,အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့တည်း၊ (၄င်းတိုကား-ကာယ,ဝစီနှစ်ပါးစုံ)
(မဖြစ်လတ္တံ့သောပုဂ္ဂိုလ်တိုဟူလို)

ဝိဘင်းပါဠိ—ပစ္ဆိမစိတ္တသမင်္ဂီနံ့, ယဿစိတ္တဿ
အနန္တရာ အဝိတက္က အဝိစာရံ
ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ တေသံ။

‘အလားတူမေးနိုင်သောပုဂ္ဂိုလ်များ’

(က) ဝစီသာဖြစ်လတ္တံ့ ကာယသင်္ခါရ မဖြစ်
လတ္တံ့သော ပုဂ္ဂိုလ်

‘ကာယမူ ဝစီမူလိ’

အနုလုံ — ပဋိလောမတဘက်ရ အရကောက်
အတိုင်း ကောက်လေ၊ အရကောက်ကျမ်း ဆဋ္ဌမူ
စာမျက်နှာနံပါတ်(၃၂၃)သို့ရှုလေ။

ဝိဘင်းပါဠိ—ယဿစိတ္တဿအနန္တရာ ကာမာဝစရာနံ
ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ,ရူပါဝစရေအရူပါဝစရေ
ပစ္ဆိမဘဝိကာနံ, ယေစ ရူပါဝစရံ အရူပါဝစရံ
ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ တေသံ စဝန္တာနံ
တေသံ။

အမေး (ခ) စိတ္တသာဖြစ်လတ္တံ့ ကာယသင်္ခါရ မဖြစ်လတ္တံ့
ပုဂ္ဂိုလ်၊ ဝိဘင်းလည်း ထို့အတူပင်မှတ်လေ။

ကာယမူ-စိတ္တမူလိ အနုလုံ ပဋိလောမတဘက်ရ
ပုဂ္ဂိုလ်များကိုဖြေလေ။

(ဂ)စိတ္တသာဖြစ်လတ္တံ့, ဝစီသင်္ခါရ မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်များကား -

တ, ဈာနံဝိပါက်, စ,ဈာနံဝိပါက် ပဉ္စမ,ဈာန် ဝိပါက်၊ အရူပဝိပါက်လေးခုဟု ဆိုအပ်သော (ပေ) ပဉ္စမဇောဘဝင်တို့၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ် သော ရူပါဝစရ အရူပါဝစရ အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့တည်း။ (ယခင်ပြခဲ့ပြီ)

(စိတ္တသင်္ခါရသာဖြစ်လတ္တံ့သော ပုဂ္ဂိုလ်တို့ဟူလို)

ဒိဘင်းပါဠိ-ယဿစိတ္တသင်္ခါရော အနုပ္ပဇ္ဇိတ္ထ အဝိတက္က အဝိစာရံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ တေသံ။

အဖြေ-စိတ္တသင်္ခါရ မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်ဟု သီးခြားမေးခဲ့သော်တိဟိတ်စုတိစေရသ(ပ)ကာမ, ရူပ,အရူပ ပစ္ဆိမဘဝိက အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ် တို့ကိုဖြေလေ။

[ကာယနှင့်စိတ္တ,ဝစီနှင့် စိတ္တနှစ်ပါးစုံမဖြစ်လတ္တံ့ဟူလို]

ဒိဘင်းပါဠိ-ပစ္ဆိမ စိတ္တသမင်္ဂီနံ တေသံ ‥ သာတည်း

(ဃ) ဝဋိ၊စိတ္တသင်္ဂြိုဟ်ခန်းစုံ ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်—

မဟာဝိပါက် ဉာဏသမ္ပယုတ်လေးခု ပထမဈာန်ဝိပါက်၊ ဒုတိယဈာန်ဝိပါက်ဟု ဆိုအပ်သော သဝိတက္က သဝိစာရစိတ်ဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့သော သူဖြစ်အံ့-ပဋိသန္ဓေမှစ၍ ပစ္ဆိမစိတ်၏ အနန္တရ တိုင်အောင်, တတိယဈာန် ဝိပါက်၊ စတုတ္ထဈာန်ဝိပါက်၊ ပဉ္စမဈာန်ဝိပါက်၊ အရူပဝိပါက် လေးခု အဝိတက္က အဝိစာရစိတ်ဖြင့်ပရိနိဗ္ဗာန်ပြုလတ္တံ့သော သူဖြစ်အံ့-ပဋိသန္ဓေမှစ၍ နေရဟာသညာ စတုတ္ထဇော တိုင်အောင်,ကာမ,ရူပ,အရူပ ပစ္ဆိမဘဝိကပုဂ္ဂိုလ်.

ဘဝမဆုံးသေးသူ ဖြစ်အံ့-ပဋိသန္ဓေမှစ၍ စုတိ တိုင်အောင် ကာမ,ရူပ,အရူပ ပဝတ္တရပုဂ္ဂိုလ်တို့တည်း

**အသုံးချကြားချက်**—အထက်ပါပုဂ္ဂိုလ် ခွဲခဝပုံကို သိရှိပါက အနာဂတ ပုဂ္ဂလဝါရ၌ ဝိဘင်းထုတ်-အရကောက်များကို မေးခွဲ သင့် ဖြေဆိုနိုင်ကြရပေမည်။

{သတိပြု ကြည့်ရှုတော်မူကြပါကုန်}

# သင်္ဂြိုဟ် ယမိုက် ပြီးပါပြီ။

နေ (၂၅) ဝင်း

# အနုသယ ယမိုက်

## 'အနုသယ ယမိုက်ကိုဟောကြောင်း'

မေး ☆ သင်္ခါရယမိုက်ဟောပြီးသည်၏အခြားမဲ့၌အနုသယ ယမိုက်ကိုဟောတော်မူခြင်းအကြောင်းကိုရှင်းပြပါ

ဖြေ ☆ မူလယမိုက်၌ ဟောကြားတော် မူကုန်ပြီးသော ကုသိုလ် စသော မမ္မ တို့ကိုသာ ရသင့်သည် အားလျော်စွာ တစိတ်တဒေသမျှပေါင်း၍ သင်္ခါရ ယမိုက်၏ အခြားမဲ့၌ အနုသယ၏ အစွမ်းအားဖြင့် ဟောကြားတော် မူလိုသောကြောင့် အနုသယ ယမိုက်ကို ဟောတော်မူပါသည်။

အမှာ-'ကတ္တကာမရာဂါနုသယော အနုသေတိ'၏အဓိပ္ပါယ် 'အနုသေတိ အနုရူပံကရဏံ လဘိတွာ ဥပ္ပဇ္ဇတိ'တို့၏ အဓိပ္ပါယ်ကို အထူးဖေါ်မပြတော့ပေ အရကောက် ကျမ်း လာရှိသောအတိုင်း မှတ်သားပါလေ။ ။

## 'အနုသယ ဝါရ ခက်ဆစ် မေး-ဖြေများ'

မေး ☆ အနုသယ ခုနစ်ပါးတို့၏ ကိန်းဝပ် နိုင်သော ပုဂ္ဂိုလ်နှင့် ဓါတ်၊ ဝေဒနာတို့ကို အသီးသီး ဝေဘန် ပြခဲ့ပါ။ [၁၃၁၈-ခုနှစ်ကမေးခဲ့ဘူးပြီ]

ဖြေ ☆ ကာမရာဂါနုသယသည်—ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမိ ပုဂ္ဂိုလ်များနှင့် ကာမဓါတ် ဝေဒနာ နှစ်ပါးတို့၌ ကိန်းဝပ်ကုန်၏၊

ပဋိဃာနုသယသည်–ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်များနှင့်ဒုက္ခဝေဒနာသုံးပါးတို့၌ ကိန်းဝပ်ကုန်၏။ ဓါတ်မရှိ။

မာနာနုသယသည်-- ပုထုဇဉ်, သောတာပန်, သကဒါဂါမ်,အနာဂါမ်ပုဂ္ဂိုလ်များနှင့်ဓါတ်သုံးပါး ဝေဒနာနှစ်ပါးတို့၌ကိန်းဝပ်ကုန်၏။

ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယတို့သည် ပုထုဇဉ် ပုဂ္ဂိုလ်နှင့် ဓါတ်သုံးပါး ဝေဒနာသုံးပါး တို့၌ ကိန်းဝပ်ကုန်၏။

ဘဝရာဂါနုသယသည် ပုထုဇဉ်,သောတာပန်, သကဒါဂါမ်,အနာဂါမ် ပုဂ္ဂိုလ်များနှင့် ရူပဓါတ်, အရူပဓါတ်တို့၌ ကိန်းဝပ်ကုန်၏ ဝေဒနာမရှိ။

အဝိဇ္ဇာနုသယသည်- ပုထုဇဉ်, သောတာပန်, သကဒါဂါမ်,အနာဂါမ်ပုဂ္ဂိုလ်များနှင့်ဓါတ်သုံးပါး ဝေဒနာသုံးပါးတို့၌ ကိန်းဝပ်ကုန်၏။ ။

မှတ်ချက် .. နောက်၌သင်္ကာများနှင့်တကွ အကျယ်ဖေါ်ပြ ထားပါသေးသည်။

မေး☆ 'အနုသယ'ခေါ်ဆိုရခြင်းအကြောင်းကိုရေ ခဲ့ပါ-

ဖြေ☆ မင်္ဂဖြင့် မပယ်အပ်သေးသည်ဖြစ်၍ သတ္တဝါတို့၏ သန္တာန်၌(ဝါ)စိတ်အစဉ်၌ အစဉ်တစိုက် စွဲစွဲမြဲမြဲ ကိန်းဝပ်တတ်သောကြောင့်"အနုသယ"ဟုခေါ်ပါ သည်။

ဆောင်ရန် ☆ အစဉ်စွဲကပ်၊ငုပ်ကိန်းဝပ်၊ချိဓါတ် နုသယ°။

မေး★ အနုသေတိ—အရ ''ကိန်း၏''ဟူသောစကား၏
ဆိုလိုရင်း အဓိပ္ပါယ်ကို ရှင်းပြခဲ့ပါ....

(၁၃၁၈-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ★ ကိန်း၏ဟူသည်ကား-မင်ဖြင့် မပယ်ရသေးသော အနုသယကိုဆိုလိုပါသည်။

(ဝါ)လျောက်ပတ်သောအကြောင်းကို ရသည်ရှိသော် ဖြစ်ပေါ်လာကုန်၏ဟုဆိုလိုသည်။

အနုသေန္တီတိ အနုရူပံ ကာရဏံ လဘိတွာ ဥပ္ပဇ္ဇန္တီတိ အတ္ထော။

{ယမိုက်ဋ္ဌကထာ}

## 'တိဝိဘတ်၏ ကာလသုံးပါးဖြစ်ပုံ'

မေး★ အနုသေတိဟူသော ပါဠိတော်လာ ''တိ''ဝိဘတ်သည် အဘယ်ကာလ၌ဖြစ်သည်ကို ဖော်ပြခဲ့ပါ....

[၁၃၁၈-ခုနှစ်ကမေးခဲ့ဘူးပြီ]

ဖြေ★ အနုသေတိ၌ တိ'ဝိဘတ်သည် အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါး၌ဖြစ်ပါသည်။

ထို့ကြောင့် မင်ဖြင့်မပယ်ရသေးသော ကာလပတ်လုံး'ဖြစ်လေပြီး၊ဖြစ်ဆဲ၊ဖြစ်လတ္တံ့'ဟု ကာလသုံးပါးဖြင့်ဆိုအပ်၏။ ။

မေး✩ အနုသေတိအရ ကိန်း၏ ဟူသည် အဘယ်မျှ ကာလတိုင်အောင် အဘယ်ပုဂ္ဂိုလ်တို့၌ တည်နေသည်ကို ဆိုလိုပါသနည်း... ကာလ သုံးပါး၌ အကျုံး ဝင်သလော.... အကာလ ဝိမုတ်လော ထင်ရှားအောင်ဖြေရှင်းပြခဲ့ပါ....

(၁၃၁၃-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ✩ အကြင်မျှလောက်သော ကာလပတ်လုံး မဂ်ဖြင့် မပယ်ရသေး ထိုမျှလောက်သော ကာလပတ်လုံး ပုထုဇဉ် သောတာပန်, သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့၌တည်နေသည်ကိုကိန်း၏ဟုဆိုလိုပါသည်

မဂ်ဖြင့် မပယ်ရသေးသော ကာလ ပတ်လုံး "ဖြစ်လေပြီး,ဖြစ်ဆဲ ဖြစ်လတ္တံ့" ဖြစ်သောကြောင့် ကာလသုံးပါး၌ အကျုံးဝင်ပါသည်။ ။

'အနုသယကို မုချ,ဥပစာခွဲပုံ'

မေး✩ အဘယ် ကာလ၌ ဖြစ်သော ကိလေသာကို အနုသယခေါ်ဆို၍ မုချ,ဥပစာအားဖြင့် ထင်ရှားအောင် ခွဲခြားပြခဲ့ပါ(၁၃၁၀-ခုနှစ်က မေးခဲ့ဘူးပြီ)

ဖြေ✩ အနာဂတ်ကာလ၌ ဖြစ်သော ကိလေသာတို့ကို မုချအားဖြင့် အနုသယ ဟု ခေါ်ပါသည်။

ပစ္စုပ္ပန်,အတိတ်ကာလတို့၌ဖြစ်သော ကိလေသာတို့ကို ကိလေသာ သဘောချင်း တူမျှသဖြင့် သဒိသူပစာအားဖြင့် အနုသယဟုခေါ်ပါသည်။

မေး★ မဂ်ဖြင့်မပယ်ရသေးသောကိလေသာဟူသမျှကိုပင် 'အနုသယ'ဟုခေါ်ဆိုနိုင်ပါသလော၊ ရှင်းလင်းပြပါ၊

ဖြေ★ မခေါ်ဆိုနိုင်ပါ-မဂ်ဖြင့်မပယ်ရသေးသောအားအင်ကြီးမားသော ကိလေသာ အချို့ကိုသာ (ဝါ) ကာမ ရာဂ စသော ကိလေသာ မျိုးကိုသာ ''အနုသယ''ဟု ခေါ်ဆိုနိုင်ပါသည်။

## 'ထိနမိဒ္ဓစသည်တို့ကို အနုသယမခေါ်'

မေး★ လောဘစသောကိလေသာတရားကိုယ်ခြောက်ပါးတို့ကိုသာ''အနုသယ''ဟုခေါ်ဆို၍ ထိနမိဒ္ဓစသောကိလေသာတရားကိုယ် လေးပါးတို့ကို အဘယ်ကြောင့်''အနုသယ''ဟု မခေါ်ဆိုသည်ကို ဖြေဆိုခဲ့ပါ.... [၁၃၁၀-ခုနှစ်ကမေးခဲ့ဘူးပြီ]

ဖြေ★ လောဘစသော ကိလေသာတရားကိုယ်ခြောက်ပါးတို့သည်သာ ဆိုင်ရာ အကုသိုလ်များ၌ မိမိတို့ခေါင်းဆောင်အဖြစ်ဖြင့် သတ္တိအင်အား ကြီးမားကြလေသောကြောင့်''အနုသယ''ဟု ခေါ်ဆိုရလေသည်။

ထိနစသော ကိလေသာလေးပါးတို့ကား သတ္တိအင်အား.... မကြီးမား ကြလေသော ကြောင့် ''အနုသယ''ဟု မခေါ်ဆိုနိုင်ပါ။

အနုသယောတိ ပန အပ္ပဟီနဋ္ဌေန ထာမဂတ ကိလေသာတိ ဝုတ္တံ။ (ယမိုက်အဋ္ဌကထာ)

ဆောင်ရန် ★ အင်အားပြည့်ကြွယ်၊ ရှေ့ခြောက်သွယ်၊ ခေါ်ဘွယ် အနုသယ။

★ ကိုယ်ဝယ်ကိန်းဝပ်၊ ပါလေတတ်၊ ဟောလတ်ဒို့ဗုဒ္ဓ၊

★ ထိန်စသား၊ နောက်လေးပါး၊ အင်အားမပြည့်ကြွ

★ အနုသယတွင်၊ မပါဝင်၊ ကြောင်းအင်အချုပ်ပြ။ ။

## ‘ကာမရာဂါနုသယ ကိန်း မကိန်း’

မေး ★ ကာမရာဂါနုသယသည် ကာမဓါတ် ကာမသုခ, ဥပေက္ခာဝေဒနာ နှစ်ပါးတို့မှတပါး သညာစသော သမ္ပယုတ္တခမ္မတို့၌လည်း ကိန်းနိုင်ပါလျက် အဘယ်ကြောင့် ‘ကာမဓါတ်ကာမသုခ, ဥပေက္ခာ ဝေဒနာ, နှစ်ပါး၌သာ ကိန်း၏ဟု ဟောတော်မူသနည်း။

(အခြားသောတရားတို့၌ ကာမရာဂါနုသယ ကိန်းနိုင်, မကိန်းနိုင်{ဝါ}ဖြစ်နိုင်မဖြစ်နိုင်ဟူလို)

ဖြေ ★ ‘ကာမဓါတုယာ ဒွီသုဝေဒနာသု’ ဟူသောစကားသည် ရုန့်ရင်းသောဝေဒနာ၏အစွမ်းဖြင့် သတ္တဝါတို့ သိလွယ်စိမ့်သောငှါ ဆိုသောစကား ဖြစ်သောကြောင့် ၎င်းတို့ကိုသာ ပဓာန နည်းအားဖြင့် ဟောထားခြင်း ဖြစ်ပါသည်။

အခြားသော သမ္ပယုတ္တ ဓမ္မတို့၌လည်း ကိန်းနိုင် (ဖြစ်နိုင်)ပါသည်။ ။

(အနုညီး)ကာမရာဂါနုသယသည် ကြွင်းသော သမ္ပယုတ္တဓမ္မတို့၌ ကိန်းနိုင်ပါသည်။

သို့သော် — ဤဝေဒနာ နှစ်ပါးတို့သည်သာ သာယာ အပ်သော သုခ, ငြိမ်သက်သော သုခ ဖြစ်ကြ လေ သောကြောင့် ကာမရာဂါ နုသယ ဖြစ်ရာ၌ ဤဝေဒနာ နှစ်ပါးက ကြွင်းသော သမ္ပယုတ္တဓမ္မတို့ထက် ပြဋ္ဌာန်းသောကြောင့်တည်း။

(စာမေးပွဲ၌ ကြိုက်ရာကိုဖြေဆိုလေ)

မေး☆ ကာမရာဂါနုသယသည် ဣဋ္ဌဖြစ်သော ရူပါရုံ စသည်တို့၌လည်း ကိန်းပါလျက် အဘယ်ကြောင့် ဣဋ္ဌဖြစ်သော ရူပါရုံတို့မှာ ကိန်း၏ဟု မဟောပါ သနည်း....

ဖြေ☆ ကာမရာဂါနုသယသည် ဣဋ္ဌဖြစ်သော ရူပါရုံ စသည်တို့၌ ကိန်းသော်လည်း မရှိန့်ရင်း မပြဋ္ဌာန်း လေသောကြောင့် မဟောပါ။ ။

မေး☆ ပဋိဃာနုသယသည် အဘယ်ကြောင့် ဒုက္ခဝေဒနာ သုံးပါးတို့၌သာ ကိန်းခြင်းကို ဟောတော်မူပါ သနည်း ထင်ရှားအောင်ဖြေဆိုခဲ့ပါ....

ဖြေ☆ ဒုက္ခဝေဒနာ သုံးပါးသည်သာ ပဋိဃာနုသယ ဖြစ်ခြင်း၌ အခြားသော သမ္ပယုတ္တဓမ္မ တို့ထက် လွန်ကဲသော ကြောင့် ဒုက္ခဝေဒနာ သုံးပါး၌ ကိန်းခြင်းကိုသာဟောတော်မူပါသည်။

**အဆုံးမှတ်ချက်**—ပဋိဃာနုသယသည် အနိဋ္ဌဖြစ်သော ရူပါရုံတို့၌ကိန်းသော်လည်း မရုန့်ရင်းသောကြောင့် မဟောဟုမှတ်လေ။ ။

ဘဝရာဂါနုသယသည် ကာမဓါတ်, ဝေဒနာ၃နှစ်ပါးတို့၌ ကိန်းငြားသော်လည်း ကာမတရား၌ အကျုံးဝင်သော တခုသော တရားကိုမျှအာရုံမပြုလေသောကြောင့်မဟောဟုမှတ်လေ။ ။

မေး ☆ ဒုက္ခသဟဂုတ်စိတ်နှင့် ဒေါသမူဒွေးကို အဘယ်ကြောင့်ကာမဓါတ်အရ၌မကောက်ယူရပါသနည်း။

ဖြေ ☆ "ဒုက္ခာယ ဝေဒနာယ"ဟု အသီးအခြားခွဲ၍ ဟောတော်မူသောကြောင့် မကောက်ယူရပါ။

မေး ☆ လောကုတ္တရာ ဝေဒနာတို့ကို အဘယ်ကြောင့် ဝေဒနာသုံးပါး၌ မကောက်ယူရပါသနည်း....

ဖြေ ☆ လောကုတ္တရာတရားများသည် အနုသယဓါတ်တို့၏ ကိန်းဝပ်ရာမဟုတ်သောကြောင့် ထိုဝေဒနာများကို မကောက်ယူရပါ။

မေး ☆ "သဗ္ဗ သက္ကာယ ပရိယာပန္နေသု ဓမ္မေ" ဟူသော ဒိဋ္ဌာနုသယ၏ ဥပ္ပတ္တိဋ္ဌာန၌ "သက္ကာယ" အရ ကောက်ယူသင့်သောတရားများကို ညွှန်ပြခဲ့ပါ....

နေ့ (21) ဝင်း

ဖြေ☆ 'သက္ကာယ' အရကား လောကီစိတ်=၈၁ စေတသိက် ၅၂၊ ရုပ်-၂၈-ပါးတို့ကို ကောက်ယူသင့်ပါသည်။
အချုပ်အားဖြင့် လောကီခန္ဓာ ဟူသမျှခေါ် ''တေဘူမက''တရားတို့ကို ကောက်ယူရ၏ဟူလို။

မေး☆ ဤအနုသယ ယမိုက်၌ ကာမဓါတ်၊ ရူပဓါတ်၊ အရူပဓါတ်အရ တို့ကို ဘုံအားဖြင့်၎င်း၊ ပရမတ္ထ တရားကိုယ်အားဖြင့်၎င်း ခွဲခြားဝေဘန်ပြခဲ့ပါ။

ဖြေ☆ ကာမဓါတ်အရ-ဘုံအားဖြင့် ကာမ(၁၁)ဘုံ....၊ တရားကိုယ်အားဖြင့် ဒုက္ခသဟဂုတ်စိတ် သုံးခုကြဉ် ကာမစိတ်—၅၁၊ရုပ်-၂၈-ပါးတို့တည်း၊
ရူပဓါတ်အရ—ဘုံအားဖြင့် ရူပ(၁၆)ဘုံ....၊ တရားကိုယ်အားဖြင့် ရူပစိတ် ၁၅)ပါးတည်း။
အရူပဓါတ်အရ-ဘုံအားဖြင့် အရူပ(၄)ဘုံ...၊ တရားကိုယ်အားဖြင့်အရူပစိတ်(၁၂)ပါးတည်း။

'မဟာဝါရ(၇)ပါး သရုပ်အဓိပ္ပါယ်'

မေး☆ မဟာဝါရ (၇)ပါးတို့၏ သရုပ် အဓိပ္ပါယ်ကို ပေါ်လွင်ထင်ရှားယုံမျှဖေါ်ပြခဲ့ပါ။

ဖြေ☆ (၁)အနုသယဝါရ၊ (၅)ပရိညာဝါရ၊
(၂)သာနုသယဝါရ၊ (၆)ပဟီနဝါရ၊
(၃)ဥပ္ပဇ္ဇနဝါရ၊ (၇)ဓါတုဝါရတို့တည်း။
(၄)ပဇဟနဝါရ၊

## 'မဟာဝါရ(၇)ပါးအမိပ္ပါယ်လင်္ကာ'

ဆောင်ရန်☆ အနု,သာနု၊ ပဇရူ၊ ပိုင်းမှု ပရိညာ၊
☆ ပဟီ ဥပ္ပ ဓါတုပြ၊ သတ္တ မဟာဝါရာ၊
☆ အနုသယ ခုနစ်၊ ဖြစ်မဖြစ်၊ စိစစ် အနုမှာ၊
☆ သာနု,ဥပ္ပဇ္ဇ နှစ်ဝါရ၊ မှတ်ကြ ထို့တူသာ၊
☆ ပုဂ္ဂိုလ်ဘုံမှ စွန့်ဆဲပြ၊ ပဇ ဝါရပါ။
☆ အနုသယစုံ၊ ပိုင်းခြားရုံ၊ သိတုံပရိညာ၊
☆ ပယ်ပြီးဟုတ်၊ မဟုတ်၊ စိစစ်ထုတ်၊ သမုတ်ပဟီနာ။
☆ ဓာတ်ပုဂ္ဂိုလ်၊ ကိန်းမကိန်းကို၊ မိန့်ဆိုဓါတုမှာ၊
☆ မဟာဝါရ၊ မိပ္ပါယ်ပြ၊ မှတ်ကြ ခုနစ်ဖြာ။ ။

## 'ဝိဘင်းအရကောက် တူညီသောဝါရ'

**မေး☆** အနုသယ ယမက မဟာဝါရတို့တွင် ဝိဘင်း အရကောက်တူညီသောဝါရတို့ကို ရေတွက်ဖော်ပြခဲ့ပါ။

[၁၃၂၀-ခုနှစ်ကမေးခဲ့ဘူးပြီ]

**ဖြေ☆** အနုသယဝါရနှင့် သာနုသယဝါရ, ဥပ္ပဇ္ဇနဝါရ ဤသုံးဝါရ ဝိဘင်းအရကောက်တူညီပါသည်။

ပဇဟနဝါရ,နှင့် ပရိညာဝါရ ဤနှစ်ဝါရတို့သည် ဝိဘင်းအရကောက်တူညီပါသည်။

**မေး☆** မဟာဝါရ အနုသယပုဂ္ဂလ၌ အောက်ပါပုဂ္ဂိုလ်တို့ကို အကြောင်းနှင့်တကွ အသီးအသီးခွဲခြားပြခဲ့ပါ

(၁၃၂၁-ခုနှစ်ကမေးခဲ့ဘူးပြီ)

(က) အနုလုံ၌သာ ဟောသောပုဂ္ဂိုလ်,
(ခ) ပစ္စနိက်၌သာ ဟောသောပုဂ္ဂိုလ်,
(ဂ) ၎င်းနှစ်ပါးစုံတို့၌ ဟောသောပုဂ္ဂိုလ်,
(ဃ) ၎င်းတို့၌ မဟောသောပုဂ္ဂိုလ်,

ဖြေ☆ (က)ပုထုဇဉ်ပုဂ္ဂိုလ်ကိုဟော၏... ။
အနုသယ(၇)ပါးလုံး ကိန်းဝပ်သောကြောင့်တည်း။
(ခ)ရဟန္တာပုဂ္ဂိုလ်ကိုဟော၏....။
အနုသယ(၇)ပါးလုံးမကိန်းဝပ်သောကြောင့်တည်း
(ဂ)အောက် ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်ကို ဟော၏....။
အနုသယတို့ထိုက်သည်အားလျော်စွာ ကိန်း,မကိန်း လေသောကြောင့်တည်း။
(ဃ)မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့ကိုမဟောပါ၊ အနုသယတို့ကို ပယ်ဆဲဖြစ်သော စိတ္တက္ခဏတချက်စီသာ ရှိသောကြောင့်တည်း။

'မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်မဟောကြောင်း'

မေး☆ အနုသယဝါရ,သာနုသယဝါရ, ဥပ္ပဇ္ဇနဝါရတို့၌ အဘယ်ကြောင့်'မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်'လေးယောက်တို့ကို မဟောပါသနည်း။

ဖြေ☆ အနုသယကိုပယ်ဆဲဖြစ်သော စိတ္တက္ခဏတချက်စီသာ ရှိသောကြောင့် ထိုသုံးဝါရ၌ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့ကို မဟောပါ။

**အသုံးမှတ်ချက်**— ၎င်းသုံးဝါရ၌ (က)အနုလုံ၌ ပုထုဇဉ် ပုဂ္ဂိုလ်လေးယောက်နှင့် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့ကို ဟော၍ (ခ)ပစ္စနိက်၌ ပုထုဇဉ် လေးယောက်နှင့် ဖလဋ္ဌာန် လေးယောက် တို့ကိုဟောသည်ဟုခွဲခြားမှတ်ပါလေ။

## 'အနုသယများနှင့် တရားကိုယ်ယှဉ်တွဲပြပုံ'

မေး★ သတ္တာနုသယ၏အရ သရုပ်ထုတ်ပြ၍ တရားကိုယ် အရကိုလည်း ဆိုင်ရာအနုသယနှင့် ယှဉ်တွဲ၍ပြခဲ့ပါ။
(၁၉၂၆-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ★ (၁) ကာမရာဂါနုသယ.... လောဘစေတသိက်။
(၂) ပဋိဃာနုသယ.... ဒေါသ ။
(၃) မာနာနုသယ .. မာန ။
(၄) ဒိဋ္ဌာနုသယ.... ဒိဋ္ဌိ ။
(၅) ဝိစိကိစ္ဆာနုသယ .. ဝိစိကိစ္ဆာ ။
(၆) ဘဝရာဂါနုသယ .. လောဘ ။
(၇) အဝိဇ္ဇာနုသယ ...မောဟ ။

## 'ပုဂ္ဂိုလ်နှင့် အနုသယယှဉ်တွဲပြပုံ'

မေး★ မည်သည့်ပုဂ္ဂိုလ်တို့၌ မည်သည့် အနုသယများ ကိန်းဝပ်ပါသနည်း ပုဂ္ဂိုလ်နှင့် အနုသယ စုံတွဲ၍ ပြခဲ့ပါ။

နေ(22)ဝင်း

## ပုဂ္ဂိုလ်နှင့် - ကိန်းသောအနုသယ

မေး ★ ပုထုဇဉ်လေးယောက်၊ အနုသယ(၇)ပါးလုံးကိန်း၏

သောတာပန်သကဒါဂါမိ၊ ကာမ ၊ ပဋိဃ ၊ မာန ၊ ဘဝ ၊ အဝိဇ္ဇာ ၊ ဤ(၅)ပါးကိန်း၏။

အနာဂါမ်..... မာန ၊ ဘဝ ၊ အဝိဇ္ဇာသုံးပါးကိန်း၏။

ရဟန္တာ.... အနုသယ(၇)ပါးလုံးမကိန်းပါ။

မှတ်ချက် - မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးယောက်တို့၌တစုံတခုသောအနုသယကိန်းဝပ်ဆဲဟုမဆိုရချေ

အကြောင်းကား ... မဂ်ပုဂ္ဂိုလ် ဆိုသည် မှာ မဂ်စိတ္တုပ္ပါဒ်ကိုသာ ကောက်ရ၍ထိုမဂ်စိတ္တုပ္ပါဒ်တို့သည် အနုသယကိန်းဝပ်ရာဌာနမဟုတ်သောကြောင့် အနုသယကိန်းဝပ်ခြင်းသဘောမှလွတ်၏ဟုမှတ်။

ဆောင်ရန် ☆ ပုထုဇ္ဇန၊ နုသယ၊ ကိန်းထ ခုနစ်တန်။
☆ သော ၊ သ ၊ ပုဂ္ဂလ၊ ကာမ ၊ ပြ၊ တဝ ပဋိဃာ၊
☆ မာန၊ ဘဝါ၊ အဝိဇ္ဇာ၊ ကိန်းပါ နှငါးတန်။
☆ အနာဂါမ်မှာ၊ မာ ဘဝါ၊ အဝိဇ္ဇာ နှသုံးတန်။
☆ ရဟန္တာကား၊ ခုနစ်ပါး၊ မှတ်သားမကိန်းပြန်။
☆ မဂ္ဂဋ္ဌာန်လေး၊ မကိန်းရေး၊ ခေါ်တွေးမိမှန်။

## 'အနုသယနှင့်ပုဂ္ဂိုလ်ယှဉ်တွဲပြပုံ'

မေး ★ မည်သည့်အနုသယများသည်မည်သည့်ပုဂ္ဂိုလ်များ၌ ကိန်းဝပ်ပါသနည်း အနုသယနှင့် ပုဂ္ဂိုလ်စုံတွဲ၍ ပြခဲ့ပါ။

| အနုသယ | ပုဂ္ဂိုလ် |
|---|---|
| ဖြေ★ ကာမ,ပဋိဃ.... | ပုထုဇဉ်သောတာပန်၊ သကဒါဂါမ်တို့၌ကိန်း၏။ |
| မာန,ဘဝ,အဝိဇ္ဇာ- | ပုထုဇဉ်,သောတာပန်, သကဒါဂါမ်,အနာဂါမ်, ၄-ယောက်၌ ကိန်း၏။ |
| ဒိဋ္ဌိ-ဝိစိကိစ္ဆာ.... | ပုထုဇဉ်၌ကိန်း၏။ |

ဆောင်ရန်☆ ကာမပဋိ၊ ကိန်းတုံဘိ၊ မှတ်သိ ပု,သော,သ၊
☆မာန,ဘဝါ၊ အဝိဇ္ဇာ၊ကိန်းပါပု,သော,သ၊
☆အနာဂါမ်ကား၊ ကိန်းတုံငြား၊မှတ်သားထိုသုံးဝ၊
☆ဒိဋ္ဌိ ဝိစိ၊ နှစ်ပါးရှိ၊ ကိန်းဘိပုထုပြ၊
☆အနုခုနစ်တန်၊မကိန်းပြန်၊မှတ်ရန်ရဟန္တာ။

## ‘ဩကာသနှင့် အနုသယယှဉ်တွဲပြပုံ’

မေး★ မည်သည့်ဓါတ်,မည်သည့်ဝေဒနာတို့၌ မည်သည့် အနုသယများ ကိန်းမကိန်း(ဖြစ်,မဖြစ်)ကို အသီးသီးဝေခွဲပြခဲ့ပါ။

ဖြေ★ ကာမဓါတ်၌-ကာမ,မာန,ဒိဋ္ဌိ,ဝိစိကိစ္ဆာ,အဝိဇ္ဇာ ဤအနုသယ ငါးပါးကိန်း၏၊ ပဋိဃ ဘဝနှစ်ပါး မကိန်း။

ရူပ,အရူပဓါတ်၌—မာန,ဒိဋ္ဌိ,ဝိစိကိစ္ဆာ,ဘဝ, အဝိဇ္ဇာဤအနုသယ ငါးပါးကိန်း၏ ကာမ,ပဋိဃ နှစ်ပါးမကိန်း။

ဒုက္ခဝေဒနာ၌—ပဋိဃ, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, အဝိဇ္ဇာ ဤအနုသယလေးပါးကိန်း၏ ကာမ, ဘဝ, မာန သုံးပါးမကိန်း။

သုခနှင့် ဥပေက္ခာဝေဒနာ၌—ကာမ, မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, အဝိဇ္ဇာ, ဤအနုသယ ငါးပါး ကိန်း၏ ပဋိဃ, ဘဝ, နှစ်ပါးမကိန်း။
(ဤကား ကာမသုခ ဥပေက္ခာဝေဒနာနှစ်ပါးတည်း)

* ရူပ, အရူပစိတ်တို့၌ရှိသော သုခဝေဒနာ, ဥပေက္ခာ ဝေဒနာတို့၌ ဒိဋ္ဌိ, ဘဝ, ဝိစိကိစ္ဆာ, အဝိဇ္ဇာ, ဤအနုသယ လေးပါးကိန်း၏ ကာမ, ပဋိဃ, မာန ဤသုံးပါးမကိန်း။

## ‘အနုသယ (၇) ပါးတို့၏ ကိန်းရာဌာန’

မေး☆ မည်သည့်အနုသယသည် မည်သည့်ဓါတ် ဝေဒနာ များ၌ ကိန်းပါသနည်း အသီးအသီးခွဲ၍ပြပါ။
[အနုသယတို့၏ ဥပ္ပတ္တိဋ္ဌာနများကို ခွဲ၍ပြပါဟူလို]

ဖြေ☆ ကာမရာဂါနုသယသည်= ကာမဓါတ်, ကာမသုခ ဝေဒနာ, ဥပေက္ခာဝေဒနာ နှစ်ပါး၌ကိန်း၏(၀၁) ဖြစ်၏။

မာနာနုသယသည်— ဓါတ်သုံးပါး၊ ကာမသုခ ဝေဒနာ, ဥပေက္ခာဝေဒနာ၌ကိန်း၏။

ဒိဋ္ဌာနုသယ, ဝိစိကိစ္ဆာနုသယ, အဝိဇ္ဇာနုသယ တို့သည်-ဓါတ်သုံးပါး, ဝေဒနာသုံးပါးတို့၌ကိန်း၏။

ပဋိဃာနုသယသည် ဒုက္ခဝေဒနာ၌ကိန်း၏။

ဘဝရာဂါနုသယသည် ရူပဓါတ်, အရူပဓါတ်, နှစ်ပါး၌ကိန်း၏။

{ဤဝေဘန်ခြင်းမျိုးသည် ဤယမိုက်အစ၌လည်းပြဆိုခဲ့ပြီ}

**မှတ်ချက်**— ဤဘဝရာဂါနုသယသည် ဝေဒနာ တပါးမျှမရဟု ဆိုကြ၏ လယ်တီဆရာတော်ကား ရူပ, အရူပဓါတ်၌ရှိသော သုခဝေဒနာ, ဥပေက္ခာ ဝေဒနာနှစ်ပါး၌ကိန်း၏ဟု ယူလေ၏။

ဆောင်ရန် ☆ ကာမရာဂါ၊ဓါတ်,ဝေ,ပြဒို့၊ကါမဓါတ်နှင့် သု,ဥ,ဝေ။

☆ မာနာနုသယ၊ဓါတ်သုံးဝနှင့်၊ ကာမသုခ,ဥပေက္ခ

☆ ဒိဋ္ဌာဝိစိ၊အဝိဇ္ဇာနုတို၊ဓါတ်,ဝေ,ရှုဘို၊သုံးစီနေ။

☆ ပဋိ-ဒုက္ခ၊ဘဝ-က၊ရူပ-အရူပေ။

☆ အပရိယာပန္န၊ နုံသဗ္ဗ၊ မှုချမရလေ။

☆ ပန်ဆင်ကြ၊နည်းသစ်ညွှန်ပြ၊နုသယ၊ဓါတ်-ဝေတွေ။

မေး ★ အနုသယ (၇)ပါးတို့၏ ဖြစ်ရာဘုံ, ပုဂ္ဂိုလ်တို့ကို အသီးအသီးယှဉ်တွဲစီစဉ်ပြခဲ့ပါ။

(၁၉၂၇-ခုနှစ်က မေးခဲ့ဘူးပြီ)

ဖြေ ★ ကာမရာဂါနုသယသည်—ကာမ(၁၁)ဘုံ၊ပုထုဇဉ်၊ သောတာပန်,သကဒါဂါမ်ပုဂ္ဂိုလ်တို့၌ဖြစ်၏။

နေ (23) ဝင်း

ပဋိဃာနုသယသည်– ကာမ(၁၁)ဘုံ၊ ပုထုဇဉ်, သောတာပန်,သကဒါဂါမ်ပုဂ္ဂိုလ်တို့၌ဖြစ်၏။

မာနာနုသယသည်-ကာမ(၁၁)ဘုံ၊ရူပ(၁၆)ဘုံ အရူပ(၄)ဘုံ၊ ပု သော, သကဒါဂါမ် အနာဂါမ်, တို့၌ ဖြစ်၏။

ဒိဋ္ဌာနှင့်ဝိစိကိစ္ဆာသည်-ကာမ(၁၁)ဘုံ၊ရူပ(၁၆)ဘုံ အရူပ(၄)ဘုံ၌ဖြစ်၏။

ဘဝရာဂါနုသယသည် ရူပ(၁၆)ဘုံ အရူပ(၄)ဘုံ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့၌ဖြစ်၏။

အဝိဇ္ဇာနုသယသည်-ကာမ(၁၁)ဘုံ၊ရူပ(၁၆)ဘုံ အရူပ(၄)ဘုံ ပုထုဇဉ်,သောတာပန်၊ သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့၌ဖြစ်၏။

## ‘လေးချက် စက်လှည့်ပုံ’

မေး ☆ အောက်ပါပုဂ္ဂိုလ်များကို ခွဲခြားကောက်ပြခဲ့ပါ၊

(က) ကာမရာဂါနုသယသာ ကိန်းသောပုဂ္ဂိုလ်,

(ခ) ပဋိဃာနုသယသာ ကိန်းသောပုဂ္ဂိုလ်,

(ဂ) ၎င်းတို့နှစ်ပါးစုံကိန်းသောပုဂ္ဂိုလ်,

(ဃ) ၎င်းတို့နှစ်ပါးစုံမကိန်းသောပုဂ္ဂိုလ်,

ဖြေ ☆ (က) အရ–မရှိ။

(ခ) အရ–မရှိ။

(ဂ) ပုထုဇဉ်,သောတာပန်,သကဒါဂါမ်၊

(ဃ) အနာဂါမ်,ရဟန္တာပုဂ္ဂိုလ်တို့တည်း။

မှတ်ချက်—ကြွင်းသော အနုသယ တို့ကိုလည်း မူလ=မူလီသွင်း၍ခွဲလေ။

**'အလားတူမေးနိုင်သောမူများ'**

* (က)ကာမ, ပဋိဃသာကိန်း၍ မာန မကိန်းသော ပုဂ္ဂိုလ်— မရှိ။
(ခ)မာနသာကိန်း၍ ကာမ, ပဋိဃ မကိန်းသော ပုဂ္ဂိုလ်— အနာဂါမ်ပုဂ္ဂိုလ်တည်း။
(ဂ)ငင်းသုံးပါးလုံး ကိန်းသောပုဂ္ဂိုလ်— ပုထုဇဉ်, သောတာပန် သကဒါဂါမ်တို့တည်း။
(ဃ)ငင်းသုံးပါးလုံး မကိန်းသောပုဂ္ဂိုလ်— ရဟန္တာပုဂ္ဂိုလ်တည်း။

* (က)အဝိဇ္ဇာနုသယသာကိန်း၍ ကာမ,မကိန်းသော ပုဂ္ဂိုလ်— အနာဂါမ်ပုဂ္ဂိုလ်တည်း။
(ခ)ကာမရာဂါနုသယသာ ကိန်း၍ အဝိဇ္ဇာမကိန်းသောပုဂ္ဂိုလ်— မရှိ။
(ဂ)ငင်းတို့နှစ်ပါးစုံ ကိန်းသောပုဂ္ဂိုလ်—ပုထုဇဉ်, သောတာပန်, သကဒါဂါမ်တို့တည်း။
(ဃ)ငင်းတို့နှစ်ပါးစုံ မကိန်းသောပုဂ္ဂိုလ်— ရဟန္တာပုဂ္ဂိုလ်တို့တည်း။
(ကာမနှင့်မာန၊ကာမနှင့်ဘဝ-ထို့အတူပင်မှတ်)

* (က) ကာမရာဂါနုသယ ယသာ ကိန်း{ဖြစ်}သောဘုံ၊
ကာမဓါတ်, ဝေဒနာနှစ်ပါးတည်း။
(ခ) ပဋိဃသာကိန်း(ဖြစ်)သောဘုံ၊
ဒုက္ခဝေဒနာနှစ်ပါးတည်း။
(ဂ) ၎င်းတို့နှစ်ပါးစုံကိန်းသောဘုံ၊
မရှိ။
(ဃ) ၎င်းတို့နှစ်ပါးစုံမကိန်းသောဘုံ၊
ရူပဓါတ်, အရူပဓါတ်, အပရိယာပန္နတို့တည်း။
[ကြွင်းသောမူ-မူလီတို့ကိုခွဲလေ လွယ်ပြီ]

* [က] ကာမ, ပဋိဃ, သာ ကိန်းသောဘုံ၊
မရှိ။
[ခ] မာနသာကိန်းသောဘုံ။
ရူပဓါတ်, အရူပဓါတ်တို့တည်း။
[ဂ] ၎င်းတို့ သုံးပါးစုံကိန်းသောဘုံ၊
ကာမဓါတ်, ဝေဒနာနှစ်ပါးတစိတ်သည် ကာမ-
မာနနှစ်ပါးကိန်း၏။
[ဃ] ၎င်းတို့သုံးပါးစုံမကိန်းသောဘုံ၊
အပရိယာပန္နတည်း။

* {က} ကာမ သာကိန်း{ဖြစ်}၍ ပဋိဃ မကိန်းသော
ပုဂ္ဂိုလ်ဘုံ၊
ပုထုဇဉ်, သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်
တို့အား ကာမဓါတ်, ဝေဒနာနှစ်ပါးတည်း။

{ခ}ပဋိဃသာကိန်း၍ ကာမ မကိန်းသောပုဂ္ဂိုလ်ဘုံ ပုထုဇဉ်, သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့အား-ဒုက္ခဝေဒနာတည်း။

{ဂ}ၒင်းတို့နှစ်ပါးစုံကိန်းသောပုဂ္ဂိုလ်ဘုံ၊ မရှိ။

{ဃ}ၒင်းတို့နှစ်ပါးစုံမကိန်းသောပုဂ္ဂိုလ်ဘုံ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, ပုဂ္ဂိုလ်တို့အား ရူပ, အရူပဓါတ်, အပရိယာပန္န၊ အနာဂါမ်,ရဟန္တာပုဂ္ဂိုလ်တို့အား ဓါတ်သုံးပါး ဝေဒနာသုံးပါး အပရိယာပန္နတို့တည်း။

* (က)ကာမသာကိန်း၍ မာနမကိန်းသောပုဂ္ဂိုလ်ဘုံ မရှိ။

(ခ)မာနသာကိန်း၍ ကာမ မကိန်းသောပုဂ္ဂိုလ်ဘုံ ပုထုဇဉ်,သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့အား ရူပဓါတ်,အရူပဓါတ်၊ အနာဂါမ်ပုဂ္ဂိုလ်အား ဓါတ်သုံးပါး, သုခ, ဥပေက္ခာ ဝေဒနာနှစ်ပါးတို့တည်း။

(ဂ)ၒင်းတို့နှစ်ပါးစုံကိန်းသော ပုဂ္ဂိုလ်ဘုံ၊ ပုထုဇဉ်,သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့အား ကာမဓါတ်, သု, ဥ-ဝေဒနာနှစ်ပါးတို့တည်း၊

နေ(24)ဝင်း

(ဃ)၎င်းတို့နှစ်ပါးစုံမကိန်းသော ပုဂ္ဂိုလ်ဘုံ၊
ပုထုဇဉ်,သောတာပန်,သကဒါဂါမ်,အနာဂါမ်
ပုဂ္ဂိုလ်တို့အား-ဒုက္ခဝေဒနာ,အပရိယာပန္န၊
ရဟန္တာပုဂ္ဂိုလ်အား= စေတ်သုံးပါး, ဝေဒနာ
သုံးပါး,အပရိယာပန္နတို့တည်း။
{ကြွင်းသောမူလ-မူလီတို့လည်း ဤနည်းမှီး၍ ခွဲလေ}

* (က) ကာမစေတ် (ဘုံ)၌သာ ကိန်း(ဖြစ်)သော
အနုသယ-ကာမရာဂါနုသယတပါးသာတည်း။
(ခ) ရူပစေတ်, အရူပစေတ် ၌သာ ကိန်းသော
အနုသယ ဘဝရာဂါနုသယတပါးသာတည်း။
(ဂ) ၎င်းစေတ်သုံးပါးလုံး၌ ကိန်းသောအနုသယ—
မာန,ဒိဋ္ဌိ,ဝိစိကိစ္ဆာ,အဝိဇ္ဇာတည်း။
(ဃ) ၎င်းစေတ်သုံးပါးလုံးမကိန်းသောအနုသယ—
ပဋိဃာနုသယတပါးသာတည်း။

* (က) ဒုက္ခဝေဒနာ ၌သာ ကိန်းသော အနုသယ—
ပဋိဃာနုသယတည်း။
(ခ) သုခ,ဥ—ဝေဒနာ၌သာ ကိန်းသောအနုသယ—
ကာမ,မာန,နှစ်ပါးတည်း။
(ဂ) ၎င်းဝေဒနာသုံးပါးလုံးကိန်းသောအနုသယ—
ဒိဋ္ဌိ,ဝိစိကိစ္ဆာ,အဝိဇ္ဇာတို့တည်း။
(ဃ)၎င်းဝေဒနာသုံးပါးလုံးမကိန်းသောအနုသယ၊
ဘဝရာဂါနုသယသာတည်း။

ဆောင်ရန် ☆ ကာဓါတ်၌သာ၊ ကာမသာ၊ မှတ်ပါတပါးသာ။
☆ ရူ, အရူမှာ၊ ဘဝသာ၊ မှတ်ပါတပါးသာ။
☆ သုံးဝဓါတ်မူ၊ ကြွင်းလေးဆူ၊ ဥာဏ်ကုဋ္ဌဝေပါ။
☆ ဒု-သာပဋိရူ၊ သုနှင့်ဥးယူ၊ မူကာ, မာသာ။
☆ ဝေ-သုံး၊ ဖြာမူ၊ နသုံးဆူ၊ ဥာဏ်ကူဋ္ဌဝေပါ။
☆ အပရိယာပန္န၊ နသဗ္ဗ၊ မုချမရပါ။

## 'ဩကာသအဖြစ်ဖြင့်ဟောသောတရားများ'

မေး ★ အနုသယဝါရ၌ အဘယ်တရားစုတို့ကို 'ဩကာသ' အဖြစ်ဖြင့် ဟောတော်မူပါသနည်း-ထင်ရှားအောင် ထုတ်ပြခဲ့ပါ။

ဖြေ ★ အနုသယဝါရ၌-ကာမ, ရူပ, အရူပဟူသော ဓါတ်သုံးပါး, အနုဘဝနအားဖြင့် သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာဝေဒနာသုံးပါး၊ အပရိယာပန္နခေါ် လောကုတ္တရာတရားကိုးပါးဟူသောဓါတ်တရားစုတို့ကို 'ဩကာသ'အဖြစ်ဖြင့် ဟောတော်မူပါသည်။

မေး ★ လောကုတ္တရာ တရားကိုးပါးကို 'အပရိယာပန္န' ဟု ခေါ်ဆိုရခြင်းအကြောင်းကို ရှင်းပြခဲ့ပါ။....

ဖြေ ★ လောကုတ္တရာ တရားများသည် တေဘူမက သံသရာ ဝဋ်တရား၌ အကျုံး မဝင်သောကြောင့် ''အပရိယာပန္န''ဟုခေါ်ဆိုရပါသည်။

## 'အာမန္တာဝိဘင်းထုတ်ရကြောင်း'

မေး☆ ယဿ ကာမရာဂါ နုသယော အနုသေတိ၊ တဿပဋိဃာနုသယောအနုသေတိ၊ဟူသော ဝိဘင်းပါဠိ၌ "ကာမရာဂနှင့်–ပဋိဃ" တို့သည် စိတ္တုပ္ပါဒ်ဖြစ်ခြင်းမတူသောကြောင့် "နော" ဝိဘင်းထုတ်သင့်ပါလျက် အဘယ်ကြောင့်'အာမန္တာ'ဝိဘင်းထုတ်၍ ဟောတော်မူရပါသနည်း ပေါ်လွင်ထင်ရှားအောင် ဖြေဆိုခဲ့ပါ။

ဖြေ☆ မဂ်ဖြင့် မပယ်ရသေးသမျှ ကာလပတ်လုံးကိုပင် "ကိန်းဆဲ" ဟု ယူရမည်ဖြစ်သောကြောင့် အကြင်ပုဂ္ဂိုလ်သည် ကာမရာဂါနုသယကို မပယ်ရသေး၊ ထိုပုဂ္ဂိုလ်သည် ပဋိဃာနုသယကိုလည်း မပယ်ရသေးသောကြောင့်'နော'ဝိဘင်းမထုတ်ဘဲ "အာမန္တာ" ဝိဘင်းထုတ်ဟောတော်မူရခြင်းဖြစ်ပါသည်။

မေး☆ ဥပ္ပဇ္ဇနဝါရ၌ ယဿ ကာမရာဂါ နုသယော ဥပ္ပဇ္ဇတိ၊ တဿ ပဋိဃာနုသယော ဥပ္ပဇ္ဇတီတိ၊ "အာမန္တာ" ဟူသော "ပုစ္ဆာ" "ဝိဿဇ္ဇနာ" တို့၌ ယူသင့်ရာ အနက်အဓိပ္ပါယ်ကိုဖော်ပြခဲ့ပါ။

ဖြေ☆ ဥပ္ပဇ္ဇတိ၌–ဥပ္ပါဒ်စဉ်ခဏကိုသာ မယူမူ၍ အကြင်မျှလောက် မဂ်ဖြင့်မပယ်ရသေး ထိုမျှလောက်ဖြစ်ပြီး ဖြစ်ဆဲ, ဖြစ်လတ္တံ့ ကာလသုံးပါး၌ ဖြစ်သည်ဟု ယူသင့်ပါသည်။

(တနည်း)ဖြစ်ပေါ်သောအကြောင်းရှိလတ်သော် ဖြစ်ပေါ်ခြင်းကို မတားမြစ်အပ်သည်၏ အဖြစ်ဖြင့် ယူသင့်ပါသည်။

**မှတ်ချက်**· အနုသယဝါရ,သာနုသယဝါရ, ဥပ္ပဇ္ဇနဝါရတို့သည် အနုသေတိ သာနုသယော ဥပ္ပဇ္ဇတိ၊ဟုကြိယာသဒ္ဒါမျှသာထူးသည်ဟုမှတ်လေ။

## နတ္ထိဝိဘင်းထုတ်ရကြောင်း

မေး☆ အနုသယ ယမက"ဩကာသဝါရ"ကာမပဋိဃဒွိမူမာနမူလိ၌ ...'နတ္ထိဝိဘင်း'ထုတ်ရခြင်း အကြောင်းကို ရှင်းပြခဲ့ပါ။

ဖြေ☆ ကာမရာဂါနုသယ,ပဋိဃာနုသယ နှစ်ပါးတို့သည် တခုတည်းသော ဌာန၌ အတူတကွ မဖြစ်ကြသောကြောင့်၎င်း, တခုဘည်းသော အာရုံကိုလည်း အာရုံ မပြုကြသောကြောင့် ၎င်း "နတ္ထိ" ဝိဘင်း ထုတ်ရခြင်းဖြစ်ပါသည်။

[အရာရာမှာ၌နည်းနှင်နှင်မှတ်သားပါလေ]

## 'ယတ္ထအရယူသင့်သောတရား'

မေး☆ ယတ္ထကာမရာဂါ နုသယော အနုသေတိ၊ တတ္ထပဋိဃာနုသယော အနုသေတီတိ နောဟုသော ပါဠိတော်၌ "ယတ္ထ"အရ ယူသင့်ရာ ဥပ္ပတ္တိဌာနကို ညွှန်ပြခဲ့ပါ။ (ယူသင့်ရာတရားများဟုလို)

နေ (25) ဝင်း

၉၃ ☆ ''ယတ္တ'' အရ ဒုက္ခသဟဂုတ် စိတ် သုံးခုကြဉ်သော ကာမစိတ္တုပ္ပါဒ်(၅၁)ရုပ်(၂၈)ကို ကောက်ယူရပါသည်။
မှင်းချက်အရာရာမှာ ယတ္တကာမရာဂါနုသယောဟု ရှိလျှင် ဤနည်းနှင့်နှင့်ကောက်ယူပါလေ။
ယတ္တဝါ ပန ဘဝရာဂါနုသယော အနုသေတိ၌ ''ယတ္တ''အရ ရူပါဝစရ စိတ္တုပ္ပါဒ် အရူပါဝစရ စိတ္တုပ္ပါဒ်တို့ကို ကောက်ယူလေ။

## ပုထုဇဉ်၏ ဩကာသ၌ လောကုတ္တရာတရားယူကြောင်း

၉၄ ☆ ပုထုဇဉ်၏ဩကာသ၌အဘယ်ကြောင့် အပရိယာပန္နခေါ် လောကုတ္တရာ တရားတို့ကို ဩကာသအဖြစ်ဖြင့် ယူရပါသနည်း၊ ပေါ်လွင်ထင်ရှားအောင် ပြဆိုခဲ့ပါ။

၉၅ ☆ သောတာပတ္တိ မဂ်၏ ရှေးဂေါတြဘူ စိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သောကြောင့် ထိုအခိုက် အပရိယာပန္နနိဗ္ဗာန်တရားကို ပုထုဇဉ်၏ အာရမ္မဏအားဖြင့် ဩကာသဖြစ်သောကြောင့် ယူရပါသည်။

## 'ဥပ္ပတ္တိဋ္ဌ-ဥပ္ပတ္တိဋ္ဌိသမ္ပတ္တိ-ဟု မဟောကြောင်း'

၉၆ ☆ အနုသယ ယမိုက်တွင် အနုသယ တရားတို့ကို ဥပ္ပတ္တိဋ္ဌာ ဥပ္ပတ္တိဋ္ဌိသမ္ပတ္တိ နိရုဇ္ဈတိစသည်ဖြင့်ဟောတော် မမူရခြင်းအကြောင်းကိုရှင်းပြခဲ့ပါ။

[၁၃၁၁-ခုနှစ်က မေးခဲ့ဘူးပြီ]

ဖြေ☆ အနုသယဓါတ်တို့၌ ဥပါဒ်ခြင်း သဘောမရှိသောကြောင့် ချုပ်ခြင်းဟု ဆိုအပ်သော ခဏီကဘင် သဘောလည်းမရှိ၊ ခဏီကနိရောဓသဘောလည်းမရှိ ခဏီက နိရောဓ သဘော မရှိလေသော ကြောင့် ''ဥပ္ပဇ္ဇိတ္ထ''ဟု အတီတ ဝါရကိုလည်း မရအပ် ဥပ္ပဇ္ဇိဿတိဟူသော အနာဂတဝါရကိုလည်းမရအပ် နိရုဇ္ဈိတ္ထဟူသော နိရောဓဝါရကိုလည်းမဟောရခြင်းဖြစ်ပါသည်။

အကျဉ်းချုပ်–ဥပါဒ်ခြင်းသဘောမရှိသောကြောင့်ငင်း ခဏီကဘင်သဘောခဏီကနိရောဓသဘောမရှိသောကြောင့် ''ဥပ္ပဇ္ဇိတ္ထ, ဥပ္ပဇ္ဇိဿတိ, နိရုဇ္ဈိတ္ထ'' ဟုမဟောရခြင်းဖြစ်ပါသည်။

## 'အနုသယ ပုဂ္ဂလောကာသဝါရ'

## 'ဥပ္ပတ္တိဋ္ဌာနနှင့် ကိန်းသောအနုသယတွဲစပ်ပုံ'

မေး☆ ပုထုဇဉ်ပုဂ္ဂိုလ်အား(က)ကာမဓါတ်ဝေဒနာနှစ်ပါး (ခ)ဒုက္ခဝေဒနာသုံးပါး(ဂ) ရူပဓါတ်, အရူပဓါတ် ဟူသောဥပ္ပတ္တိဋ္ဌာနများ၌ ကိန်းသောအနုသယများကိုအသီးသီးခွဲခြားပြခဲ့ပါ။ ၁၃၁၄-ခုနှစ်ကမေးခဲ့ဘူးပြီ

## 'ပုထုဇဉ်ပုဂ္ဂိုလ်အား'

ဖြေ☆ (က)ကာမဓါတ် ကာမ,မာန,ဒိဋ္ဌိ.ဝိစိကိစ္ဆာ, ဝေဒနာ{၂}ပါး၌ အဝိဇ္ဇာ၏အနုသယကိန်း၏။

(ခ)ဒုက္ခဝေဒနာ ပဋိဃ, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, အဝိဇ္ဇာ
{၃}ပါး၌ ဤအနုသယလေးပါးကိန်း၏။
(ဂ)ရူပ, အရူပဓါတ် မာန, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, ဘဝ.
{၂}ပါး၌ အဝိဇ္ဇာဤအနုသယကိန်း၏
(အနုသယဝါရ ပုဂ္ဂလောကာသ ဆမှုကိုကြည့်ပါ)

**'အလားတူမေးနိုင်သေးသော ပုဂ္ဂိုလ်များ'**

**'သောတာပန်, သကဒါဂါမိအား'**

(က)ကာမဓါတ် ကာမ, မာန, အဝိဇ္ဇာ,
ဝေဒနာ၌ ဤအနုသယသုံးပါးကိန်း၏။
(ခ) ဒုက္ခဝေဒနာ ပဋိဃ, အဝိဇ္ဇာ ဤအနုသယ
{၃}ပါး၌ နှစ်ပါးကိန်း၏။
(ဂ) ရူပ. အရူပ မာန, ဘဝ, အဝိဇ္ဇာဤအနုသယ
ဓါတ်၌ သုံးပါးကိန်း၏။

**'အနာဂါမိပုဂ္ဂိုလ်အား'**

* (က)ကာမဓါတ်ဝေဒနာ၌၊ မာနနှင့်အဝိဇ္ဇာကိန်း၏
(ခ)ဒုက္ခဝေဒနာ၌ အဝိဇ္ဇာတပါးသာကိန်း၏။
(ဂ)ရူပ, အရူပ, ဓါတ်၌ မာန, ဘဝ, အဝိဇ္ဇာ ကိန်း၏။

**'ရဟန္တာပုဂ္ဂိုလ်အား'**

* (က)ကာမ, ရူပ, အရူပဓါတ်, ဝေဒနာ သုံးပါးတို့၌
အနုသယ(၇)ပါးလုံးမကိန်းပါ။
(ဃ)အပရိယာပန္နတို့၌ မည်သည့် ပုဂ္ဂိုလ်မျိုးမဆို
အနုသယ(၇)ပါးလုံးမကိန်းပါ။

## 'သာနုသယဝါရခက်ဆစ်မေးဖြေများ'

မေး ✫ သာနုသယဝါရ၌(က)အနုလုံ၌ဟောသောပုဂ္ဂိုလ် (ခ)ပစ္စနိက်၌ဟောသောပုဂ္ဂိုလ်များကို အကြောင်းနှင့်တကွဖော်ပြခဲ့ပါ။ (၁၃၀၀-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ ✫ (က)ပုထုဇဉ် လေးယောက်, အောက်ဖလဋ္ဌာန် သုံးယောက်တို့ကို ဟောပါသည်။

အကြောင်းကား-ထိုပုဂ္ဂိုလ်များကား အနုသယ (၇)ပါးကိန်း,မကိန်း ဖြစ်နိုင်သောကြောင့်တည်း၊ (ခ)အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ကိုဟောပါသည်။ အကြောင်းကား— အနုသယ{၇} ပါးမကိန်းသောကြောင့်တည်း။

အမှာ— အနုလုံ၌သာ ဟောသော ပုဂ္ဂိုလ် ပစ္စနိက်၌သာ ဟောသောပုဂ္ဂိုလ်ဟူသည် မေးက အနုသယဝါရ ပုဂ္ဂလဝါရ၌ လာသည့်အတိုင်း အတူ ဖြေလေ။

## 'လောဘစိတ်မဥပါဒ်ခိုက်၌ အနုသယ ရှိမရှိ'

မေး ✫ ပုထုဇဉ်,သောတာပန် သကဒါဂါမ် ပုဂ္ဂိုလ်တို့အား လောဘစိတ်မဥပါဒ်ခိုက်၌ ကာမရာဂါနုသယမရှိဟု ဆိုသင့်လျက် အဘယ်ကြောင့် ကာမရာဂါနုသယ ရှိ၏ဟုဆိုအပ်ပါသနည်း ရှင်းပြခဲ့ပါ....

(ထို-ပု,သော,သပုဂ္ဂိုလ်တို့သည် လောဘစိတ်မဥပါဒ်သော အခါတို့၌ ကာမရာဂါနုသယရှိမရှိကြောင်းပြဖြေဆိုပါဟုလို)

ဖြေ★ ပုထုဇဉ်, သောတာပန်, သကဒါဂါမ်ပုဂ္ဂိုလ်တို့သည် လောဘစိတ် မဥပါဒ်သော အခါတို့၌ လည်း ကာမရာဂါနုသယရှိပါသည်။

အကြောင်းကား—ကာမရာဂါနုသယကို မဂ်ဖြင့် မပယ် ရသေးသည် ဖြစ်၍ လျောက်ပတ် သော အကြောင်းကို ရသည်ရှိသော် မချွတ်ဖြစ် လတ္တံ့ ဖြစ်သောကြောင့်တည်း။

(တနည်း)ပုထုဇဉ်, သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ် တို့အား ကာမရာဂါ နုသယကို မဂ်ဖြင့် မပယ်ရသေးသောကြောင့် လောဘစိတ် ဥပါဒ်ခိုက် မဟုတ်သော်လည်း ကာမရာဂါ နုသယရှိ၏ ဟု ဆိုအပ်ပါသည်။

မေး★ သာနုသယော....၌ အနုသယရှိပုံကို ပုံပမာတို့ဖြင့် စုံလင်စွာဖော်ပြပါ။

(ပုဂ္ဂိုလ်သန္တာန်၌ အမြဲမပြတ် အနုသယဥပါဒ်နေသည်ကို သာနုသယ-အနုသယရှိသည်ဟု ခေါ်ဆိုပါသလောဟူလို)

ဖြေ★ ဝင်္၌ကျင်လည်နေသော ပုဂ္ဂိုလ်အား ပုဂ္ဂိုလ် သန္တာန်၌ အနုသယဥပါဒ်ခိုက် မဟုတ်သော်လည်း အကြင်မျှလောက် အရိယာမဂ်ဖြင့် အကြွင်းမဲ့ မပယ်အပ်သေး၊ ထိုမျှလောက် ကာလ ပတ်လုံး အနုသယရှိသည်ဟု ခေါ်ဆိုပါသည်။

ဥပမာ—တရက်ခြား ဖျားနာသော သူအား အကြင်မျှလောက် ထိုဖျားနာခြင်းမှ မလွတ်သေး၊ ထိုမျှလောက် ထိုဖျားနာမပေါ်ခိုက် သော်လည်း "ဖျားနာရှိသူ"ဟု ခေါ်ဆိုရသကဲ့သို့တည်း။

**''မဟာကုသိုလ်ဥပါဒ်ခိုက်၌ အနုသယကိန်းမကိန်း''**

**မေး** ★ မဟာကုသိုလ်ဥပါဒ်ခိုက်ဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်အား ...'ယဿ ကာမရာဂါနုသယော အနုသေတိ' အရတွင် ပါဝင်နိုင်မည်လော.... အကြောင်းနှင့်တကွ ပြခဲ့ပါ။ (၁၃၁၆-ခုနှစ်ကမေးခဲ့ဘူးပြီ)

**ဖြေ** ★ မဟာကုသိုလ်ဥပါဒ်ဖြစ်သောပုထုဇဉ်ပုဂ္ဂိုလ်အား "ယဿ ကာမရာဂါ နုသယော အနုသေတိ"၌ ပါဝင်နိုင်ပါသည်။

**အကြောင်းကား**- ထိုမဟာကုသိုလ်ဥပါဒ်သော ပုထုဇဉ်ပုဂ္ဂိုလ်အား အနုသယတို့ကို မဂ်ဖြင့် မပယ်ရသေးသောကြောင့် ၎င်း၊ ကုသိုလ်, အကုသိုလ် အဗျာကတဟူသော စိတ်အစဉ်တို့၌ပင် ကိန်းဝပ်နိုင်သည်ဟု ဆိုသောကြောင့်တည်း။

(လယ်တီသဖြေချမ်း)

**မေး** ★ ထိုသို့ဖြစ်လျှင် ကုသိုလ်စိတ်အစဉ်၌ ကိန်းဝပ်သော အနုသယကို ကုသိုလ်ဟူ၍၎င်း၊ အဗျာကတစိတ်အစဉ်၌ကိန်းဝပ်သောအနုသယကို အဗျာကတဟူ၍ ၎င်း ဆိုသင့်ပါသလော—အကြောင်းပြဖြေဆိုခဲ့ပါ။

ဖြေ ☆ ထိုသို့ကား မဆိုသင့်ပါ....

အကြောင်းကား - အနုသယ (၇)ပါးတို့သည် အကုသိုလ်အစစ်ဖြစ်သောကြောင့် အကုသိုလ်ဟူ၍သာ ဆိုသင့်ပါသည်။

မှတ်ချက် - အကုသိုလ် တရားများသည်လည်း ကုသိုလ်အဗျာကတ, တရားတို့နှင့် သမ္ပယုတ်မဖြစ် (ဝါ)မယှဉ်နိုင်ဟုမှတ်။

မေး ☆ ထိုသို့ဖြစ်လျှင် အနုသယတို့သည် အကုသိုလ် စိတ်များနှင့် မယှဉ်သော ဝိပ္ပယုတ္တ ဖြစ်သလော.... အကြောင်းပြ ဖြေဆိုခဲ့ပါ။

ဖြေ ☆ သမ္ပယုတ်ဖြစ်သည်လည်းမဟုတ် အကြောင်းကား အနုသယတို့သည် သမ္ပယုတ္တ ဖြစ်လောက်အောင် ဥပါဒ်ဖြစ်ပေါ်ခြင်းသို့မရောက်သောကြောင့်တည်း။

မေး ☆ ထိုသို့ဖြစ်လျှင် အနုသယတို့သည် စိတ်နှင့် မယှဉ်သော ဝိပ္ပယုတ္တလော... ရှင်းပြခဲ့ပါ။

ဖြေ ☆ ထိုသို့ဝိပ္ပယုတ္တမျိုးလည်းမဟုတ် ပဋ္ဌာန်းပါဠိတော်လာ ဝိပ္ပယုတ္တပစ္စည်း၌ဖြစ်ပေါ်ဥပါဒ်သောတရားကိုသာလျှင် ဝိပ္ပယုတ္တဟူ၍ဟောတော်မူသည်။

အနုသယဓါတ်တို့သည် အကယ်၍ ဖြစ်ပေါ်ဥပါဒ်ခွင့်ကိုလျှင် ကေန်စင်စစ် သမ္ပယုတ်ဖြစ်စမြဲတည်း။ ထို့ကြောင့် ဝိပ္ပယုတ္တဟူ၍ မဆိုသင့်ပေ။

(ဤကားလယ်တီဆရာ့အဖြေများတည်း)

## ‘အာ့မန္တာ့ဝိဘင်းထုတ်ဟော့ကြောင်း’

မေး☆ သာနုသယဝါရ အနုလုံ အနုလောမ ကာမရာဂမူ ပင့်ဃမူလီ၌ ကာမရာဂနှင့် ပဋိဃကို့သည် စိတ္တုပ္ပါဒ် တခုတည်း၌ တပြိုင်နက်သော ခဏ၌ မဖြစ်ပါဘဲ ‘‘နော’’ဝိဘင်း ထုတ် ဟောသင့်ပါလျက် အဘယ် ကြောင့်‘အာမန္တာ’ဝိဘင်းထုတ်ဟောရပါသနည်း-

ဖြေ☆ အနုသယတို့၏ ဖြစ်ဆဲမဟုတ်သော ခဏ၌လည်း အနုသယရှိသည်ဟု ဆိုနိုင်သောကြောင့် ‘‘နော’’ ဝိဘင်းထုတ်မဟောဘဲ ‘‘အာမန္တာ’’ ဝိဘင်းထုတ် ဟောပါသည်။

မှတ်ချက်=အနုသယဝါရ ကာမမူ ပဋိဃ မူလီ၌ လည်း ထို့အတူပင်ဟုမှတ်လေ။

## သြကာသ၌ ခက်ဆစ်မေးဖြေများ

## ‘တတောမာနာနုသယေနဟုဟောကြောင်း’

မေး☆ သာနုသယ သြကာသဝါရ၌ ရူပဓါတုယာ အရူပ ဓာတုယာတွေ မာနာနုသယေန သာနုသယော’ဟု ဟောသင့်ပါလျက် အဘယ်ကြောင့်‘တတောမာနာ နုသယေန သာနုသယော’ ဟုဟောရပါသနည်း ရှင်းလင်းပြခဲ့ပါ။

နေ (27) ဝင်း

ဖြေ☆ အနုသယ၏ဖြစ်ရာအရပ်ကို ထင်ရှားစွာပြတော်မူလိုသောကြောင့်(ဝါ)ပြခြင်း အကျိုးငှါ 'တတော မာနာနုသယေနသာနုသယော'ဟုဟောပါသည်။

ရှင်းလင်းချက်-ဤကြိယာသဝါရ၌"ရူပဓါတုယာ အရူပဓါတုယာတွေ''စသည်ဖြင့်ဟောတော်မူပါက ထိုရူပဓါတ်,အရူပဓါတ်တို့၌ ပုဂ္ဂိုလ်၏ အနုသယ ရှိသည်သာထင်ရှားဘွယ်ရာ၏။

အနုသယတို့၏ ဖြစ်ရာဌာနကား မထင်ရှား အနုသယ၏ဖြစ်ရာအရပ်ကို ထင်ရှားပြခြင်းအကျိုး ငှါ ဤကြိယာသဝါရ၌"တတော''ဟု အားထုတ်တော်မူအပ်ပါသတည်း။

**'ယတော,တတောတို့ကိုအနက်ပေးသင့်ပုံ'**

မေး☆ 'ယတော ကာမရာဂါနုသယေန သာနုသယော တတော ပဋိဃာနုသယေန သာနုသယောတိ'' ''နော''ဤပုစ္ဆာဝိသဇ္ဇနာပါဠိတို့ကိုဖြစ်သင့်သမျှ အနက်ယောဇနာပြခဲ့ပါ။

ဖြေ☆ ယတော—အကြင်ကြိယာသမှ၊ဥပ္ပန္နေန-ဖြစ်သော ကာမရာဂါနုသယေန-ကာမရာဂါ နုသယအားဖြင့် သာနုသယော—အနုသယရှိသည် ဟောတိ-ဖြစ်၏၊ တတော— ထိုကြိယာသမှ၊ ဥပ္ပန္နေန—ဖြစ်သော၊ ပဋိဃာ နုသယေန ပဋိဃာ နုသယ အားဖြင့် သာနုသယော-သည် ဟောတိ-ဖြစ်သလော....

ဉာတိ— ပုစ္ဆာယ˚—သည်၊သတိ—သော်၊ နော—မဖြစ်၊ ဉာတိ—ဝိဿဇ္ဇနာ—သည်၊ဟောတိ—၏။ ရှင်းလင်းချက် ယခင်ပေးခဲ့သေါအနုက်ယေါဇနာပုံကို ဋီကာဆရာက ပမာဏခလေခသည်ဟုဆိုထား၏

ဘာ့ကြောင့်လဲတဲ့ — ခဏသုံးပါးသို့ ရောက်ဆဲဖြစ်သော အနုသယဖြင့် အနုသယ ရှိသည်ဟုလည်း မဖြစ်သင့်၊

အနုသယတို့၏ ဖြစ်ရာအရပ်ကို ရည်ရွယ်၍သာ တောပစ္စည်း၏ အနက်ဖြစ်သော ပဥ္စမီဝိဘတ်ကိုလည်း မသုံးစွဲသင့်။

အပရိယာပန္န ဖြစ်သော လောကုတ္တရာတို့၏ အနုသယတို့၏ ဖြစ်ခြင်းငှါထိုက်သော အရပ်၏ အဖြစ်လည်း မရှိကောင်းသောကြောင့်တည်းတဲ့။

ဋီကာအနက်ယောဇနာသင့်ပုံ—ယတော အကြင် အနုသယဘို့၏ မပြတ် ကိန်းရာ အရပ် ကြောင့် ကာမရာဂါနုသယေန-သည်၊ဥပ္ပန္နေန- ခဏတ္တယသို့ ရောက်သည်၊ဘဝိတဗ္ဗံ—ဖြစ်ရာ၏၊ တေန—ထိုကာမရာဂါနုသယဖြင့် သာနုသယော အနုသယ ရှိသည်၊ ဟောတိ—၏။

တတော-— ကြောင့် ဥပန္နေန—သော ပဋိဃာနုသယေန=ဖြင့် သာနုသယော-သည် ဟောတိ-လော ဉာတိ-ပုစ္ဆာယ˚-သည် သတိ-သော်'နော'မဖြစ်(ဝါ) မဟုတ်။

လယ်တီဆရာတော်ကြီးအလိုကတော့—ပါဠိတော် ယောပုံ အရိပ်ကိုထောက်လျှင် ဝိဿဇ္ဇနာပါဠိတို့၌ သတ္တမီဝိဘတ်ဖြင့်သာ ယောတော်မူသောကြောင့် "ယတော"ပုဒ်ကို ယတ္ထဟုယူ၍"ယတော"အကြင် တရားအစု၌ဟု အနက်ပေးစေလိုသတဲ့။

ဆိုလတ္တံ့သော—ပဇဟနဝါရ ပရိညာဝါရတို့မှာ တော့ အပါဒါန်အနက်ပင်သင့်မြတ်၏။

ဘာ့ကြောင့်လဲ—'တော'ပစ္စည်းသည် အပါဒါန် အနက်၌ သက်ထားသောကြောင့်တည်း။

မေး★ အနုသယ ယမက'မဟာဝါရ'တို့တွင်မည်သည့်ဝါရ ဖြင့် အနုသယတို့၏အနက် အဓိပ္ပါယ်ကို သိစေပါ သနည်း။....

[(၁၂၉၁-ခုနှစ်က မေးခဲ့ဘူးပြီ)]

ဖြေ★ အနုသယဝါရ, သာနုသယဝါရတို့ဖြင့် သိစေပါ သည်။

မေး★ " ယောဝါပန ယတော မုဒ္ဓာ နုသယေန သာနုသယော သော တတော ကာမရာဂါ နုသယေန သာနုသယော"၌ပုစ္ဆာအရ,တဘက်ရ နှစ်ဘက်ရဖြစ်ထိုက်သော ပုဂ္ဂိုလ်နှင့် ဥပ္ပတ္တိဌာန များကို ခွဲခြား၍ ကုန်စင်အောင်ထုတ်ပြပါ။

[၁၃၁၇-ခုနှစ်ကမေးခဲ့ဘူးပြီ]

(အရာရာမှာ၍ကဲ့သို့ မေးနိုင်သည်ကိုသတိပြုပါ)

ဖြေ★ အနာဂါမ်ပုဂ္ဂိုလ်၊ ကာမဓါတ်, ဝေဒနာနှစ်ပါး, ရူပဓါတ်,အရူပဓါတ် တဘက်ရတည်း။

ပုထုဇဉ် သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ် ရူပဓါတ်,အရူပဓါတ်,တဘက်ရတည်း။

ပုထုဇဉ်,သောတာပန်,သကဒါဂါမ်၊ကာမဓါတ် ဝေဒနာနှစ်ပါး နှစ်ဘက်ရတည်း။

## သာနုသယဝါရ ပြီးပါပြီ။

## 'ပဇဟာနဝါရ ခက်ဆစ်မေးဖြေမျာ့း'

မေး★ အနုသယယမက 'ပဇဟာနဝါရ'၌ ဟောနိုင်သော ပုဂ္ဂိုလ်တို့ကို ကုန်စဉ်အောင်ထုတ်ပြ၍ အနုလုံ၌ ဟောသောပုဂ္ဂိုလ်, ပစ္စနိက်၌ ဟောသော ပုဂ္ဂိုလ်တို့ကိုလည်း အကြောင်းနှင့်တကွ ခွဲခြားပြပါ။

ဖြေ★ပဇဟာနဝါရ၌ ပုထုဇဉ်,အရိယာရှစ်ယောက်ပေါင်း (၉)ယောက်တို့ကိုဟောပါသည်။

အနုလုံ၌- သကဒါဂါမိမဂ်ကြဉ် ကြွင်းသော မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်တို့ကို ဟောပါသည်။

ထိုမဂ္ဂဋ္ဌာန်သုံးယောက်တို့သည်သာ အနုသယ (၇) ပါးတို့ကို ဖြစ်ထိုက်သည်အား လျော်စွာ အကြွင်းမဲ့ ပယ်စွန့်နိုင်သောကြောင့်တည်း။

နေ(28)ဝင်း

ပစ္စနိက်၌ ပုထုဇဉ်နှင့် အရိယာ(၈)ယောက်တို့ကို ဟောပါသည်၊ အနုသယ(၇)ပါးလုံးကို စွန့်ဆဲမှုရ သောကြောင့်တည်း။

* မှတ်ချက်—ပဇဟနဝါရ၌—

(က)အနုလုံ၌သာရသော ပုဂ္ဂိုလ်—မရှိ။

(ခ)ပစ္စနိက်၌သာ ရသောပုဂ္ဂိုလ်— ပုထုဇဉ်, သကဒါဂါမိ မဂ်ပုဂ္ဂိုလ်နှင့် ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့တည်း။

(ဂ)လုံ့နိက်-နှစ်ပါးစုံ၌ရသောပုဂ္ဂိုလ်=သကဒါဂါမိ မဂ်ကြဉ် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် (၃) ယောက်တို့တည်း ဟု ခွဲခြားမှတ်လေဦး။

## အနုလုံ၌သကဒါဂါမိမဂ်ပုဂ္ဂိုလ် မဟောခြင်းအကြောင်း

သကဒါဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည်-တစုံတခုသော အနုသယတို့ကိုအကြွင်းမဲ့မပယ်စွန့်နိုင်သောကြောင့် တည်း။

ကြွင်းသော မဂ္ဂဋ္ဌာန်သုံးယောက်တို့ကို ဟောခြင်း မှာ—အနုသယ(၇)ပါးတို့ကို"ယထာရဟ"အကြွင်း မဲ့ ပယ်စွန့်နိုင်သောကြောင့်တည်း။

## 'အနုသယတို့ကိုအစဉ်စွန့်-တစိတ်စွန့်ပုံ'

မေး☆ အဘယ်ပုဂ္ဂိုလ် တို့သည် အဘယ်အနုသယတို့ကို အစဉ်စွန့်၍ အဘယ်အနုသယတို့ကို တစိတ်မျှသာ စွန့်ပါကုန်သနည်း၊ ပုဂ္ဂိုလ်နှင့် အနုသယစုံတွဲ၍ပြပါ။

(၁၃၁၉-ခုနှစ်က မေးခဲ့ဘူးပြီ)

ဖြေ☆ သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည်–ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယတို့ကို အစဉ်စွန့်၏၊ ကာမ, ပဋိဃ, မာန, ဘဝ, အဝိဇ္ဇာတို့ကို တစိတ်မျှသာစွန့်၏။

သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကား-အစဉ်စွန့်ရိုးမရှိ၊ ကာမရာဂါနုသယ, ပဋိဃာနုသယတို့ကို ခေါင်းပါးစေ၏။

အနာဂါမိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည်– ကာမရာဂါနုသယ ပဋိဃာနုသယတို့ကိုအစဉ်စွန့်၏၊ ကြွင်းသော အနုသယတို့ကို တစိတ်မျှသာစွန့်၏။

အရဟတ္တ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည်–မာန, ဘဝ, အဝိဇ္ဇာတို့ကို အစဉ်စွန့်၏၊ တစိတ်ပယ်စွန့်ကားမရှိ။

**မှတ်ချက်**-သောတာပတ္တိမဂ်ပုဂ္ဂိုလ်အစဉ်ပယ်ပြီးသော ဒိဋ္ဌိ, ဝိစိကိစ္ဆာအနုသယတို့ကို အနာဂါမိမဂ်, အရဟတ္တမဂ်ပုဂ္ဂိုလ်တို့က, ထပ်မံ၍ ပယ်စွန့်ရန်မလိုတော့ပေ။

**အကြောင်းကား** သမုစ္ဆေဒပဟာန်ဖြင့် အကြွင်းမဲ့ ပယ်စွန့်ရန် အနုသယမရှိသောကြောင့်တည်း။

ဆောင်ရန် ☆ ဒိဋ္ဌိ,ဝိစိ,စဉ်စွန့်ဘိ၊ အာဒိမဂ်သောတာ၊
☆ သကဒါဂါမိ၊ စွန့်မရှိ၊ မှတ်ဘိတစိတ်သာ၊
☆ ကာမ,ပဋိ၊ စွန့်တုံဘိ၊ မဂ်သိအနာဂါ။
☆ မာန-ဘဝ၊ အဝိဇ္ဇ၊ စွန့်ကမဂ်ရဟာ။
☆ တစိတ်မရှိ၊ စွန့်သာရှိ၊ မဂ်သိအရဟာ။
☆ အကြွင်းနုသယ၊ တစိတ်မျှ၊ စွန့်ကြစဉ်တိုင်းသာ၊
☆ အစဉ်စွန့်ဘိ၊ တစိတ်သိ၊ မှတ်ဘိမျိုးလေးဖြာ၊ –

## 'တစိတ်မျှသာပယ်စွန့်ပုံ'

သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် အပါယ်သို့ လားစေတတ်သော ကာမ,ပဋိဃ, မာန, ဘဝ, အဝိဇ္ဇာ ဤအနုသယငါးပါးကို ပယ်စွန့်၏....၊ အားလုံးမပယ်စွန့်နိုင်။

အနာဂါမိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည်-- ကာမရာဂါ နုသယပယ်စဉ်၊ ၎င်းနှင့် ယှဉ်သော မာနာနုသယ တစိတ်ကို ပယ်စွန့်၏၊ ဘဝရာဂါ နုသယကိုတော့ အားနည်းစေ၏၊ အားလုံးမပယ်၊ ဘဝရာဂါနုသယ နှင့် ယှဉ်သော မာနာနုသယကားကြွင်းနေ၏။

ကာမ, ပဋိဃတို့ကို ပယ်စွန့်ခိုက် အဝိဇ္ဇာကို တစိတ်ပယ်စွန့်၏၊ အားလုံးမပယ်၊ ဥဒ္ဓစ္စနှင့်ယှဉ်သော အဝိဇ္ဇာ၊ ဘဝရာဂနှင့်ယှဉ်သောအဝိဇ္ဇာကြွင်းကျန်၏ ဤကားတစိတ်မျှသာ ပတ်စွန့်ပုံတည်း။

**'ပစ္စယာတိ-အရ,ယူသင့်ရာ'**

မေး☆ ''ယော ကာမရာဂါ နုသယံ ပစ္စယာတိ၊ သော ပဋိဃာနုသယံ ပစ္စယာတီတိ''၌ သန္နိဋ္ဌာန်=သံသယ ''ပစ္စယာတိ''သဒ္ဒါတို့၏ အရ- ကောက်ယူသင့်သော ပုဂ္ဂိုလ်မျိုးကို ယမကပါဠိအထောက်ပြ၍ဖြေဆိုပါ။

ဖြေ☆ သန္နိဋ္ဌာန် ''ပစ္စယာတိ''အရ-မဂ်ဖြင့် အကြွင်းမဲ့ ပယ်ခြင်းငှါ စွမ်းနိုင်သောပုဂ္ဂိုလ်မျိုးကို ကောက်ယူ သင့်ပါသည်။

သံသယ ''ပစ္စယာတိ''အရ=မဂ်ဖြင့် ပယ်ယုံမျှ ဖြစ်သော ပုဂ္ဂိုလ်မျိုးကို ကောက်ယူသင့်ပါသည်။

**အထောက်ကား**-'ယော ဝါပန မာနာနုသယံ ပစ္စယာတိ၊သော ကာမရာဂါ နုသယံ ပစ္စယာတီတိ နော''တည်း။

**မှတ်ချက်**-ပစ္စနိက် ပဋိလောမ''နပစ္စယာတိ''အရ အကြွင်းမဲ့မပယ်စွန့်သည်ကိုသာယူသင့်၏ဟုမှတ်လေ

**'တဒေကဋ္ဌမည်ပုံ'**

မေး☆ အဘယ်သည် ''တဒေကဋ္ဌ'' မည်ပါသနည်း၊ အကျဉ်းချုပ်ကာ ထင်ရှားအောင်ပြခဲ့ပါ။

ဖြေ☆ မဂ်သည် ပယ်စွန့်ဘက်၊ဖြစ်ဘက်အားဖြင့်တူသော တည်ရာရှိသောအနုသယသည်''တဒေကဋ္ဌ''မည်ပါ သည်။

(တဒေကဋ္ဌ၏အဓိပ္ပါယ်နှင့်မတူသည်ကိုသတိပြုပါ)

နေ (29) ဝင်း

## 'တဒေကဋ္ဌအဓိပ္ပါယ်'

မေး☆ "တဒေကဋ္ဌ ပဇဟတိ" ၌ "တဒေကဋ္ဌ" ကို ဝစနတ္ထပြု၍ အနက်ယောဇနာပြီးလျှင်'တဒေကဋ္ဌ' ၏ ဆိုလိုရင်း အဓိပ္ပါယ်ကိုလည်း ရှင်းလင်းပြခဲ့ပါ။

(၁၃၁၂-ခုနှစ်ကမေးခဲ့ဘူးပြီ)

## 'ဝစနတ္ထပြုပုံ'

ဖြေ☆ "တေန ဧကဋ္ဌံ ယဿာတိ တဒေကဋ္ဌော"........ ဝစနတ္ထတည်း။

## 'တဒေကဋ္ဌ ပဇဟတိ'ကို အနက်ပေးပုံ'

တဒေကဋ္ဌံ—ထိုကာမရာဂါနုသယနှင့်ပယ်ဘက် အားဖြင့် တူသောဌာနရှိသော မာနာ နုသယကို၊ ပဇဟတိ ပဇဟနမတ္တံ ကရောတိ-စွန့်ကာမျှကိုသော်ကားပြု၏၊နနိရဝသေသံ ပဇဟတိ-အကြွင်းမဲ့သော်ကား မစွန့်၊ဣတိ ဝိဿဇ္ဇနာ-သည်၊ဟောတိ-၏။

## 'တဒေကဋ္ဌ'၏ ဆိုလိုရင်းအဓိပ္ပါယ်'

ကာမဓါတ်—ဝေဒနာ နှစ်ပါးတို့၌ ကာမရာဂါနုသယနှင့်အတူတကွဖြစ်၍ကိန်းသောမာနာနုသယကိုပယ်သည်၊ရူပဓါတ်,အရူပဓါတ်တို့၌ ကိန်းသောမာနာနုသယ ကိုကား မပယ်နိုင်ပေဟု ဆိုလိုသည်။

အဓိပ္ပါယ်အကျယ်ကား– အနာဂါမိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည်–ကာမဘုံ၌ တပ်တတ်သော ဒိဋ္ဌိဂတ ဝိပ္ပယုတ်လောဘဟု ဆိုအပ်သော ကာမရာဂါနုသယကို ပယ်စွန့်သောအခါ ထိုကာမရာဂနှင့် ယှဉ်သော မာနာနုသယတစိတ်ကိုပယ်၏။ ထိုမာနာနုသယသည် ကာမရာဂါနုသယနှင့်ပယ်သောအဖြစ်ဖြင့် ဋ္ဌါနခြင်း တူကြသည်ကို "တဒေကဋ္ဌံ"ဟု ခေါ်ဆိုပါသည်။

[ကြိုက်နှစ်သက်ရာတခုခုကိုဖြေဆိုလေ]

မေး☆ "ယော ကာမရာဂါနုသယံ ပဇဟတိ ... ၊ သော မာနာနုသယံ ပဇဟတီတိ" ၎င်း၏ဝိဿဇ္ဇနာ ပါဠိကို အနက်ဧယာဇနာပြီးလျှင်၊ အဓိပ္ပါယ်ကို လည်း ရေးသားဖြေဆိုခဲ့ပါ....

[၁၃၂၁-ခုနှစ်ကမေးခဲ့ဘူးပြီ]

ဖြေ☆ ဥဘင်းကား· "တဒေကဋ္ဌံ ပဇဟတိ" တည်း။ (၎င်းကို အထက်၌ အနက်ရေးခဲ့ပြီးပြီ အတူတူပင်)

အဓိပ္ပါယ်ကား–အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်သည် ကာမဘုံ၌တပ်တတ်သော ဒိဋ္ဌိဂတဝိပ္ပယုတ်လောဘ ဟုဆိုအပ်သောကာမရာဂါနုသယကိုပယ်သောအခါ ထိုဒိဋ္ဌိဂတ ဝိပ္ပယုတ်နှင့် ယှဉ်သော မာနာနုသယ တစိတ်ကိုပယ်၏၊ အကြွင်းမဲ့ မပယ် အဘယ်မာနာ နုသယကြွင်းသနည်းဟူမူကား–ရူပဘုံ,အရူပဘုံ၌ တပ်တတ်သော ရူပရာဂ,အရူပရာဂဟု ဆိုအပ်သော

ဒိဋ္ဌိဂတ ဝိပ္ပယုတ်နှင့် ယှဉ်သော လောဘမူနှင့် သမ္ပယုတ်ဖြစ်သော မာနာနုသယတစ်ကြောင်း၏၊ ထိုမာနာနုသယကို အရဟတ္တမဂ္ဂဋ္ဌာန်ပယ်၏ဟူလို။
(အထက်ပါမေးဖြေပုံနှင့်မတူသည်ကိုသတိပြုပါ)
အခြားသော မူလ,မူလီတို့ကိုလည်း အလားတူ မေးနိုင်သေး၏ဟုမှတ်လေ၊

## 'အဋ္ဌမက အဓိပ္ပါယ်'

မေး☆ အဘယ်ပုဂ္ဂိုလ် မျိုးကို ''အဋ္ဌမက'' ဟု ခေါ်ပါ သနည်း၊ ထို''အဋ္ဌမက''၏ အဓိပ္ပါယ်ကို လည်း ရှင်းပြခဲ့ပါ။

ဖြေ☆ သောတာပတ္တိ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကို ''အဋ္ဌမက''ဟု ခေါ်ပါသည်။

အဋ္ဌမကမည်ပုံ– အရဟတ္တ ဖလဋ္ဌာန်မှ စ၍ ပဋိလောမ ပြန်သော အားဖြင့် ရေတွက်သော် သောတာပတ္တိ မဂ္ဂဋ္ဌာန်သည် ရှစ်ယောက်မြောက် ဖြစ်သောကြောင့်''အဋ္ဌမက''မည်သတည်း၊

မှတ်ချက်-ပဌမစသည်မည်ပုံ–အလှူခံ၏ အရေအတွက်အားဖြင့်ရဟန္တာပုဂ္ဂိုလ်သည်မွန်မြတ်သော အလှူခံဖြစ်သောကြောင့်"ပဌမ''မည်၏၊ထို့အတူ- အရဟတ္တ မဂ္ဂဋ္ဌာန်သည် ''ဒုတိယ''မည်၏ (လ) သောတာပတ္တိမဂ္ဂဋ္ဌာန်သည်'အဋ္ဌမက'မည်၏၊

မေး☆ အနုသယယမက မဟာဝါရတို့တွင် ပဇဟတိ (ပဇဟနဝါရ) အရ –ယူသင့်သော ပရိညာ...., ပရိဇာနာတိ (ပရိညာဝါရ) အရ ယူသင့်သော ပရိညာတို့ကို ခွဲခြားဖော်ထုတ်ပြခဲ့ပါ....

ဖြေ☆ ပဇဟနဝါရ– ပဇဟတိအရ=ပဟာနပရိညာကို ယူသင့်ပါသည်၊ ပရိညာဝါရ– ပရိဇာနာတိအရ– ဉာတ,တီရဏ,ပဟာန ပရိညာသုံးပါးတို့ကို ယူသင့်ပါသည်။

ပဇဟနဝါရ ပြီးပါပြီ။

## 'ပဟီနဝါရ-ခက်ဆစ် မေးဖြေများ'

မေး☆ပဟီနဝါရ၌အဘယ်ပုဂ္ဂိုလ်များကိုဟောပါသနည်း ထုတ်ပြခဲ့ပါ။

ဖြေ☆ ပဟီနဝါရ၌'ဖလဋ္ဌာန်ပုဂ္ဂိုလ်'တို့ကိုဟောပါသည်။

မေး☆ ပဟီနဝါရ၌-(က)အနုလုံ၌၊ ဟောသော ပုဂ္ဂိုလ် (ခ)ပစ္စနိက်၌ ဟောသောပုဂ္ဂိုလ်တို့ကို ခွဲခြားပြပါ။

ဖြေ☆ ပဟီနဝါရ၌= (က) အနုလုံ၌– ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့ကို ဟောပါသည်။

(ခ)ပစ္စနိက်၌ – ပုထုဇဉ်နှင့် ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့ကို ဟောပါသည်။

မေး☆ ပဟီနဝါရအနုလုံ၌-ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်ကိုသာ ဟောတော်မူရခြင်းအကြောင်းကိုပြဆိုခဲ့ပါ၊

နေ (30) ဝင်း

ဖြေ★ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့သည်ရှေးရှေးသော မဂ်ခဏ၌ အနုသယတို့ကို ''ပယ်စွန့်ဆဲ''ကို ရခဲ့၍၊ ဖိုလ်၏ခဏ၌— 'ပယ်စွန့်ပြီး''အတိတ်ကို ရကြလေ သောကြောင့် ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့ကို သာ ဟောတော်မူပါသည်။

**မှတ်ချက်**—မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့ကို မဟောရခြင်းအကြောင်းမှာ''ပယ်စွန့်ဆဲ''ခဏ ကို သာ ရခဲ့၏၊ ထိုအနုသယတို့ကို''ပယ်ဆဲ''ဖြစ်သော စိတ္တက္ခဏတချက်စီသာရှိသောကြောင့် မဟောဟု မှတ်လေ။

မေး★ မဟာဝါရ·ပဟီနဝါရ ပုဂ္ဂလ၌ အောက်ပါပုဂ္ဂိုလ် တို့ကို အကြောင်းနှင့်တကွ ခွဲခြားပြခဲ့ပါ....

(၁၃၂၁-ခုနှစ်ကမေးခဲ့ဘူးပြီ)

(က)အနုလုံ၌သာ ဟောသောပုဂ္ဂိုလ်,
(ခ)ပစ္စနိက်၌သာဟောသောပုဂ္ဂိုလ်,
(ဂ)ရင်းနှစ်ပါးစုံတို့၌ဟောသောပုဂ္ဂိုလ်,
(ဃ)ရင်းတို့၌မဟောသောပုဂ္ဂိုလ်။

ဖြေ★(က)အနုလုံ၌သာ-ရဟန္တာပုဂ္ဂိုလ်ကိုဟောပါသည်။

**အကြောင်းကား** အနုသယ{၇}ပါးလုံးကိုပယ်အပ် ပြီးဖြစ်သောကြောင့်တည်း။

(ခ)ပစ္စုပ္ပန်၌သာ—ပုထုဇဉ်ပုဂ္ဂိုလ်ကိုဟောပါသည်၊
**အကြောင်းကား**-အနုသယ(၇)ပါးလုံးကို မပယ်ရသေးသောကြောင့်တည်း။

(ဂ) အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်တို့ကို ဟောပါသည်။
**အကြောင်းကား**—အနုသယ (၇)ပါး တို့ကို ထိုက်သည်အားလျော်စွာမပယ်ရသေးသေးကြောင့်တည်း။

(ဃ)မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်တို့ကိုမဟောပါ။
**အကြောင်းကား**-အနုသယတို့ကိုပယ်ဆဲဖြစ်သောစိတ္တက္ခဏတချက်စီသာရှိသော ကြောင့်တည်း

## 'ဖလဋ္ဌာန်ပုဂ္ဂိုလ်နှင့် အနုသယတွဲပုံ'

မေး☆ မည်သည့် အနုသယတို့ကို မည်သည့် ဖလဋ္ဌာန် ပုဂ္ဂိုလ်များ ပယ်သည်ဟု အသီးသီး ပုဂ္ဂိုလ်နှင့် အနုသယယှဉ်တွဲ၍ပြခဲ့ပါ....

ဖြေ☆ သောတာပတ္တိဖလဋ္ဌာန်ပုဂ္ဂိုလ်သည်—ဒိဋ္ဌာနုသယ ဝိစိကိစ္ဆာနုသယတို့ကိုပယ်စွန့်ပါသည်။

[သကဒါဂါမိထို့ အတူပင်မှတ်]

အနာဂါမိ ပုဂ္ဂိုလ်သည်-ကာမ ပဋိဃ, ဒိဋ္ဌိ, ဝိစိကိစ္ဆာနုသယတို့ကိုပယ်စွန့်ပါသည်။

အရဟတ္တဖလဋ္ဌာန်သည်—အနုသယ{၇}ပါးလုံးကို ပယ်စွန့်ပါသည်။

ပုထုဇဉ်ကား—အနုသယ(၇)ပါးလုံးကို ပယ်စွန့်ပြီးမဟုတ်။

သတိပြုချက်—ဤ“မေး+ဖြေ”နှင့် ပဇဟနဝါရလာ“မေး+ဖြေ”ကား မတူသည်ကိုသတိပြုပါ။

ဆောင်ရန် ☆ သော,သ,ဖလဋ္ဌာန်၊ ထိုနှစ်တန်၊ ပယ်ရန် ဒိ,ဝိစိ၊
☆ အနာဂါမ်ဖလ၊ ပယ်ရန်က၊ ကာ,ပ,ဒိ,ဝိစိ၊
☆ အကြွင်းကိုကား၊ မပယ်ငြား၊ မှတ်သားဘုံစဉ်သိ၊
☆ အရဟတ္တဖလဋ္ဌာန်၊ ခုနစ်တန်၊ ပယ်ရန်အကုန်သိ
☆ ပုထုဇဉ်ကား၊ ခုနစ်ပါး၊ ပယ်ကားမရှိဘိ၊
☆ ပဟီနဝါရ၊ ပုဂ္ဂလ၊ မှတ်ကြသောတုသိ။

## ‘အနုသယ နှင့် မဂ်ယှဉ်ကပ်ပုံ’

မေး ★ အနုသယ(၇)ပါးတို့ကိုမဂ်လေးပါးဖြင့်ပယ်ဟန်ကို အနုသယနှင့် မဂ်ယှဉ်ကပ်ပြခဲ့ပါ။
(၁၉၂၄-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ ★ ဒိဋ္ဌာနုသယ,ဝိစိကိစ္ဆာနုသယနှစ်ပါးကို သောတာပတ္တိ မဂ်ဖြင့်ပယ်၏။

ကာမရာဂါ နုသယ, ပဋိဃာနုသယ နှစ်ပါးကို အနာဂါမိမဂ်ဖြင့် ပယ်၏။

ကြွင်းသောအနုသယသုံးပါးကို အရဟတ္တမဂ်ဖြင့် ပယ်၏။

[သကဒါဂါမိမဂ်ဖြင့် ပယ်ဟန်ကို ကျမ်းဂန်တို့၌ အထူးမဆို]

ဆောင်ရန်☆ဒိဋ္ဌိ ဝိစိ၊ပယ်သတ်ဘိ၊အာဒိ မဂ်သောတာ၊
☆ကာမ ပဋိ၊ပယ်သတ်ဘိ၊ မဂ်သိ အနာဂါ၊
☆မာန ဘဝ၊အဝိဇ္ဇာ၊ပယ်ပြ မဂ်ရဟာ။

## 'နဝတ္ထဗ္ဗော ဟု ဝိဘင်းထုတ်ကြောင်း'

မေး☆ ပဟီနဝါရ၌ ကာမမှူ, ပဋိဃမှူလီ, အနုလုံဝယ် အနုသယဝါရ ဩကာသ စသည်တို့၌ ကဲ့သို့ "နော" ဝိဘင်းထုတ်သင့်ပါလျက် အဘယ်ကြောင့် 'နဝတ္တဗ္ဗော ပဟီနောတိဝါ အပ္ပဟီနောတိဝါ" ဟု ဝိဘင်းထုတ်ဟောရပါသနည်း။

ဖြေ☆ ကာမရာဂါနုသယ၏ ဖြစ်ရာအရပ်၌ ပဋိဃာနုသယ မဖြစ်၊ ပဋိဃာနုသယ၏ ဖြစ်ရာ အရပ်၌လည်း ကာမရာဂါနုသယမဖြစ်ဤသို့ဖြစ်ရာဌာနဘုံအါးဖြင့် အချင်းချင်းမဆက်ဆံသောကြောင့် "နော" ဝိဘင်း မထုတ်ဘဲ 'နဝတ္တဗ္ဗော ပဟီနောတိဝါ အပ္ပဟီနောတိဝါ' ဟု ဟောပါသည်။

တနည်းအကျဉ်းဖြေပုံ ဖြစ်သည်လော ရှိသည်လော၊ကိန်းသည်လောဟုမေးတော်မမူ မပယ်အပ်ပြီလော....ဟုမေးတော်မူသောကြောင့် ထိုဌာန၌ပင်လျှင် ရှိရင်းမရှိဖြစ်သောကြောင့် မပယ်အပ်သေးဟု ဖြေတော်မမူဘဲ 'နဝတ္တဗ္ဗော' စသည်ဖြင့် ဖြေတော်မူ၏ဟူလို။

(ဥပမာကိုအရကောက်ကျမ်းမှာရှုလေ)

နေ (31) ဝင်း

## 'အာမဋ္ဌာဝိဘင်းထုတ်ဟောကြောင်း'

မေး☆ ပဟီနုသြကာသဝါရ ကါမမူမာနမူလ်၌ 'နဝတ္တဗ္ဗော ပဟီနေတိဝါ အပ္ပဟီနေတိဝါ'ဟု ဝိဘင်းထုတ် မဟောဘဲ အဘယ်ကြောင့်''အာမဋ္ဌာ'' ဝိဘင်း ထုတ် ဟောရပါသနည်း ရှင်းပြခဲ့ပါ....

ဖြေ☆ ဖြစ်ရာဌာနအားဖြင့် ဆက်ဆံသည်ကို ရည်ရွယ် သောကြောင့်''အာမဋ္ဌာ''ဟုဟောပါသည်။

ရှင်းလင်းဦးအံ့ – ကာမရာဂါ နုသယသည် ကာမဓါတ်,ဝေဒနာနှစ်ပါး၌ ကိန်းဝပ်၏။

မာနကား– ရူပဓါတ်, အရူပဓါတ်၌ကိန်းဝပ်၏၊ မာနသည်မဆက်ဆံသော ရူပဓါတ်, အရူပဓါတ် ကို ဖယ်ထားပြီးဆက်ဆံနေသော ကာမရာဂါနုသယ နှင့် အတူတကွ ပယ်သောကြောင့် ''အာမဋ္ဌာ'' ဟု ဟောရပါသည်ဟူလို။

မေး☆ ''ယဿ ကာမရာဂါနုသယော အပ္ပဟီနော''အရ ကောက်ယူသင့်သောပုဂ္ဂိုလ်,မကောက်ယူသင့်သေါ ပုဂ္ဂိုလ်တို့ကို ယမိုက်ပါဠိအထောက်ပြ၍ ဖြေဆိုပါ။

ဖြေ☆ 'တိဏ္ဏံပုဂ္ဂလာနံဒွိန္နံပုဂ္ဂလာနံ'စသည်ဖြင့်ဟောလတ္တံ့ ကို ထောက်၍ ပုထုဇဉ်,သောတာပန်,သကဒါဂါမ် ပုဂ္ဂိုလ်သုံးယောက်တို့ကို ကောက်ယူသင့်ပါသည်။

မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့ကိုကား မကောက်ယူသင့်ပါ။

မေး★ အဂ္ဂမဂ္ဂသမင်္ဂီပုဂ္ဂိုလ်၏ အောက်ပါ ဩကာသများကို ဖော်ပြခဲ့ပါ....

(က)အကြင်ဩကာသ၌ မာနာနုသယကိုပယ်စွန့်၍ ဘဝရာဂါနုသယကို မပယ်စွန့်၊

(ခ)အကြင်ဩကာသ၌ ယင်းအနုသယနှစ်ပါးကိုပင် ပယ်စွန့်၏။

သတိပြု—(အခြားသောမူလ, မူလီ,တို့ကိုလည်း မေးနိုင်သည်သာ)

ဖြေ★ (က)ကာမဓါတ်,ဝေဒနာ,နှစ်ပါး။

(ခ)ရူပဓါတ်,အရူပဓါတ်။

## 'လေးချက်စက်လှည့်ပုံ'

⁎ (က)ကာမသာ ပယ်စွန့်ပြီးသောပုဂ္ဂိုလ်—မရှိ။

(ခ)ပဋိဃသာ ပယ်စွန့်ပြီးသောပုဂ္ဂိုလ်—မရှိ။

(ဂ)၎င်းတို့နှစ်ပါးစုံ ပယ်စွန့်ပြီးသောပုဂ္ဂိုလ်....။ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တည်း။ ။

(ဃ)၎င်းတို့နှစ်ပါးစုံပယ်စွန့်ပြီးမဟုတ်သောပုဂ္ဂိုလ်၊ ပုထုဇဉ်, အနာဂါမိ ဖလဋ္ဌာန်မှ တပါးသော ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်တို့တည်း။

⁎ (က)ကာမကိုသာ ပယ်စွန့်ပြီးသောပုဂ္ဂိုလ်၊ အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တည်း။

(ခ)မာနကိုသာပယ်စွန့်ပြီးသောပုဂ္ဂိုလ်၊ မရှိ။

(ဂ)ဧင်းတို့နှစ်ပါးစုံ ပယ်စွန့်ပြီးသောပုဂ္ဂိုလ်၊
အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တည်း။
(ဃ)ဧင်းတို့နှစ်ပါးစုံပယ်စွန့်ပြီးမဟုတ်သောပုဂ္ဂိုလ်၊
ပုထုဇဉ်၊သကဒါဂါမိ ဖလဋ္ဌာန်တို့တည်း။
(ကြွင်းသောမူ၊မူလီတို့ နည်းမှီး၍ခွဲလေလွယ်ပြီ)
ပဟီနဝါရ-ပြီးပါပြီ။

—◇※◇—

## 'ဓါတုဝါရ ခက်ဆစ်မေးဖြေများ'

မေး☆ အနုသယယမက "ဓါတုဝါရ" ၌ ဟောသော ပုဂ္ဂိုလ်၊မဟောသောပုဂ္ဂိုလ်တို့ကို ဖေါ်ထုတ်ပြခဲ့ပါ။

ဖြေ☆ ဓါတုဝါရ၌ ပုထုဇဉ်ပုဂ္ဂိုလ် လေးယောက်နှင့် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ်သုံးယောက်တို့ကိုဟောသည် အရဟတ္တဖလဋ္ဌာန်နှင့် မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက် တို့ကိုမဟောပါ။

မှတ်ချက် - အကြောင်းနှင့်တကွ ဖြေဆိုခဲ့ပါဟု မေးပါက ယခင် ဖြေဆိုခဲ့သည့် အကြောင်းပြ အဓိပ္ပါယ်များကို ဖြေရသည်ဟုမှတ်လေ။

မေး☆ အနုသယ ဓါတုဝါရ၌ မည်သည့် ပုဂ္ဂိုလ်သည် မည်သည့်အနုသယများကိန်းနိုင်သည်ကို ပုဂ္ဂိုလ်နှင့် အနုသယယှဉ်တွဲပြခဲ့ပါ....

ဖြေ☆ ကာမ၊ရူပ၊အရူပ၊ပုထုဇဉ်အား-အနုသယ (၇)ပါး လုံးကိန်းပါသည်။ [သတ္တအနုသယာအရလည်းဟူလို]

အလုံးစုံသော,သောတာပန်,သကဒါဂါမ်အား–ကာမ,ပဋိဃ, မာန, ဘဝ. အဝိဇ္ဇာ ဤအနုသယ ငါးပါးကိန်းပါသည်။ [ပဌမအနုသယာအရလည်းဟူလို]

အလုံးစုံသော,အနာဂါမ်အား-မာန,ဘဝ,အဝိဇ္ဇာ ဤအနုသယသုံးပါးကိန်းပါသည်။

[တယောအနုသယာအရလည်း ဟူလို]

မေး ☆ ကာမဘုံ(ဓါတ်)မှ စုတေ၍ ကာမဘုံ (ဓါတ်)၌ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်အားမည်သည့် အနုသယ များ ကိန်းပါသနည်းအသီးအသီးဖေါ်ပြခဲ့ပါ....။

ဖြေ ☆ ကာမဘုံမှ ကာမဘုံ၌ ပဋိသန္ဓေနေသော ပုထုဇဉ်အား -အနုသယ(၇)ပါးလုံးကိန်းပါသည်။ သောတာပန် သကဒါဂါမ်အား-ကာမ,ပဋိဃ,မာန ဘဝ,အဝိဇ္ဇာ ဤအနုသယငါးပါးကိန်းပါသည်။

**'ထပ်မံ၍ တမျိုးတဖုံမေး+ဖြေဦးအံ့'**

မေး ☆ ကာမဘုံတို့မှစုတေသောပုဂ္ဂိုလ်တို့သည် မည်သည့် ဘုံတို့၌ဖြစ်ကြ၍ မည်သည့်အနုသယများကိန်းပါ ကုန်သနည်း အသီးအသီးစုံတွဲပြီးပြဆိုခဲ့ပါ။

ဖြေ ☆ ကာမတဆဲ့တဘုံမှ စုတေသောပုထုဇဉ်ပုဂ္ဂိုလ်သည် ကာမ တဆဲ့တဘုံ၌ အနုသယ ခုနစ်ပါးလုံး ကိန်းပါသည်။

နေ (32) ဝင်း

၊

သောတာပန်,သကဒါဂါမ်အား ကာမ,ပဋိဃ, မာန,ဘဝ,အဝိဇ္ဇာ၊ ကာမဘုံမှစုတေ၍ ရူပဘုံ၌ ပဋိသန္ဓေနေသော သုဂတိအဟိတ်,တိဟိတ်ပုထုဇဉ် ပုဂ္ဂိုလ်အား အနုသယ(၇)ပါးလုံးကိန်းပါသည်။

သောတာပန်,သကဒါဂါမ်အား ကာမ,ပဋိဃ, မာန,ဘဝ,အဝိဇ္ဇာ ငါးပါးကိန်းပါသည်။

အနာဂါမ်အား မာန, ဘဝ, အဝိဇ္ဇာ သုံးပါ ကိန်းပါသည်။

## ' အလားတူမေးနိုင်သည့်ဘုံပုဂ္ဂိုလ်များ'

※ ရူပဘုံမှစုတေ၍ ရူပဘုံ၌ ပဋိသန္ဓေနေသော...., တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်အား အနုသယခုနစ်ပါးလုံး၊ သောတာပန်,သကဒါဂါမ်အား- ကာမ, ပဋိဃ, မာန,ဘဝ, အဝိဇ္ဇာ၊ အနာဂါမ်အား-မာန,ဘဝ, အဝိဇ္ဇာတို့ကိန်းပါသည်။

ရူပဘုံမှစုတေ၍ ကာမဘုံ၌ပဋိသန္ဓေနေသော သုဂတိအဟိတ်,တိဟိတ်ပုထုဇဉ်အား- အနုသယ ခုနစ်ပါးလုံး ကိန်း၏။

ရူပဘုံမှစုတေ၍ အရူပဘုံ၌ပဋိသန္ဓေနေသော တိဟိတ်ပုထုဇဉ်အား- အနုသယခုနစ်ပါးလုံး၊ သောတာပန်,သကဒါဂါမ်အား-အနုသယငါးပါး၊ အနာဂါမ်အား=....မာန,ဘဝ,အဝိဇ္ဇာကိန်း၏။

*  အရူပဘုံမှ အရူပဘုံ၌ ပဋိသန္ဓေနေသော....၊
တိဟိတ်ပုထုဇဉ်အား - အနုသယခုနစ်ပါးလုံး,
သောတာပန်, သကဒါဂါမ်အား - အနုသယငါးပါး၊
အနာဂါမ်အား - မာန, ဘဝ, အဝိဇ္ဇာတို့ ကိန်း၏။
အရူပဘုံမှ ကာမဘုံ၌ ပဋိသန္ဓေနေသော....,
တိဟိတ်ပုထုဇဉ်အား- အနုသယခုနစ်ပါးလုံး....၊
အရူပဘုံမှ ရူပဘုံ၌ပဋိသန္ဓေနေသောပုဂ္ဂိုလ်မရှိ။

မေး★ အရူပဘုံမှစုတေ၍ အရူပဘုံ၌ ပဋိသန္ဓေနေသော ပုဂ္ဂိုလ်အား မည်သည့်အနုသယများ ကိန်းပါကုန်သနည်း အသီးအသီးရသင့်တိုင်းခွဲပြခဲ့ပါ။

(၁၃၁၉-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ★ အရူပဘုံမှစုတေသောပုဂ္ဂိုလ်သည် အရူပဘုံ၌- တိဟိတ်ပုထုဇဉ်အား-အနုသယ(၇)ပါးလုံးကိန်းပါသည်။

သောတာပန်, သကဒါဂါမ်အား ကာမ, ပဋိဃ, မာန, ဘဝ, အဝိဇ္ဇာတို့ကိန်းပါသည်။

အနာဂါမ်အား-မာန, ဘဝ, အဝိဇ္ဇာတို့ ကိန်းပါသည်။

မေး★ ''ကာမဓါတုယာ စုတဿ ရူပဓါတုံ ဥပပဇ္ဇန္တဿ ကတိ အနုသယာ အနုသေန္တိ....'' ကို အဖြေ (ဝိဘင်း)ထုတ်၍ အရကောက်ပြခဲ့ပါ....

{ထို့အတူအခြားပုစ္ဆာပါဠိများကိုမေးနိုင်သေးသည်ကိုသတိပြု}

ဖြေ☆ ကာမဓါတုယာ စုတဿ ရူပဓါတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တအနုသယာ အနုသေန္တိ၊ ကဿစိ ပဉ္စ အနုသယာ အနုသေန္တိ၊ ကဿစိ တယော အနုသယာ အနုသေန္တိ....။ဤကားအဖြေတည်း။
[အရကောက်ပုံကိုအရကောက်ကျမ်းအတိုင်းကောက်]

မေး☆ တနည်း–"ကာမဓါတုယာ စုတဿ ရူပဓါတုံ ဥပပဇ္ဇန္တဿ ကဿစိသတ္တအနုသယာ အနုသေန္တိ၊ ကဿစိပဉ္စအနုသယာ အနုသေန္တိ၊ကဿစိတယော အနုသယာ အနုသေန္တိ'' ဟူသော ပါဠိတော်ကို အနက်ပေး၍ သတ္တ,ပဉ္စ, တယောအရ သရုပ်ထုတ်၍ပြပါ....

ဖြေ☆ အနက်ပေးပုံ – ကာမဓါတုယာ– ကာမသုဂတိ ခုနစ်ဘုံမှ၊စုတဿ– စုတေသော၊ ရူပဓါတုံ–ရူပ တဆဲ့ခြောက်ဘုံ၌၊ဥပပဇ္ဇန္တဿ-ပဋိသန္ဓေနေသော ပုဂ္ဂိုလ်အား၊ကဿစိ - အချို့သော ပုထုဇဉ် ပုဂ္ဂိုလ် အား၊သတ္တ – ကုန်သော၊ အနုသယာ–တို့သည်၊ အနုသေန္တိသန္တာနံ အနုဂတာ ဟုတွာ သယန္တိ– သန္တာန်သို့ အစဉ်လိုက်၍ ကိန်းကုန်၏။

ကဿစိ–အချို့သော သောတာပန်၊သကဒါဂါမ် ပုဂ္ဂိုလ်အား ပဉ္စ- ကုန်သော၊အနုသယာ–တို့သည်၊ အနုသေန္တိ-ကုန်၏။

သတ္တ အရကား— သုဂတိ အဟိတ်. တိဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်တို့အား အနုသယ(၇)ပါးရ၏။

ပဉ္စ အရကား— သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်အား-ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကြဉ်သောကာမ, ပဋိဃ မာန, ဘဝ, အဝိဇ္ဇာ ဤအနုသယငါးပါးရ၏။

တယော အရကား— အနာဂါမ် ပုဂ္ဂိုလ်အား မာန, ဘဝ, အဝိဇ္ဇာနုသယသုံးပါးရ၏။

## 'မဟောသင့်သောပါဠိ'

မေး☆ ''ကာမဓါတုယာ စုတဿ ကာမဓါတုံ ဥပပဇ္ဇန္တဿ ကဿစိ တယော အနုသယာ အနုသေန္တိ''ဟု ဟောသင့်မဟောသင့်အကြောင်းနှင့်တကွ ဆုံးဖြတ် ပြခဲ့ပါ။

ဖြေ☆ ''ကာမဓါတုယာ စုတဿ ကာမဓါတုံ ဥပပဇ္ဇန္တဿ ကဿစိ တယော အနုသယာ အနုသေန္တိ''ဟု မဟောသင့်ပါ။

အကြောင်းကား— အနာဂါမ် ပုဂ္ဂိုလ်တို့သည် ကာမဘုံမှစုတေ၍ ကာမဘုံ၌ ပြန်၍ ပဋိသန္ဓေ မနေသောကြောင့်တည်း။

## 'အနုသယာ ဘင်္ဂါ နတ္ထိ အနက်ပေးပုံ'

မေး☆ 'အနုသယာ ဘင်္ဂါနတ္ထိ'ဟူသော ပါဌ်ကို အနက် မှန်မှန်သမ္ဗန်ခဲ့ပါ....,

နေ(33)ဝင်း

ဖြေ☆ ဘင်္ဂါ—ဘင်္ဂီတဗ္ဗာ— ဤမျှသော အနုသယကား ဖြစ်၏၊ဤမျှသောအနုသယကားမဖြစ်ဟု ဝေဘန် ခွဲခြမ်းအပ်ကုန်သော၊အနုသယာ-အနုသယတို့သည်၊ နတ္ထိ—မရှိကုန်။

## 'အနုသယာ ဘင်္ဂါနတ္ထိအဓိပ္ပါယ်'

မေး☆ "အနုသယာဘင်္ဂါနတ္ထိ"၏ဆိုလိုရင်းအဓိပ္ပါယ်ကို ထင်ရှားအောင်ဖြေဆိုခဲ့ပါ။

ဖြေ☆ ပုထုဇဉ်ပုဂ္ဂိုလ်အား အနုသယ(၇)ပါး ကိန်း၏ ထို(၇)ပါးတို့တွင် ဤမည်သောအနုသယသည်ကိန်း ၏၊ ဤမည်သော အနုသယသည် မကိန်းဟူ၍ရင်း ဤမည်သောအနုသယသည် ရံခါကိန်း၏ ဤမည် သော အနုသယသည်ရံခါမကိန်းဟူ၍ရင်းမဝေဘန် အပ်ဟုလို။

(ကြွင်းသောပုဂ္ဂိုလ်များကိုလည်း ဤနည်းနှင်နှင်မှတ်လေ)

## 'အနုသယာဘင်္ဂါအဓိပ္ပါယ်'

မေး☆ "အနုသယာဘင်္ဂါ"၏ ဆိုလိုရင်း အဓိပ္ပါယ်ကို ရေးခဲ့ပါ"

ဖြေ☆ မည်မျှသော အနုသယတို့သည် ကိန်းကုန်သနည်း, မည်မျှသော အနုသယတို့သည် မကိန်းကုန်သနည်း ဟု ဤသို့ကိန်း,မကိန်းအားဖြင့် ခွဲခြမ်းဝေဘန်ခြင်း ကို "အနုသယာဘင်္ဂါ"ဟု ဆိုလိုသည်။

## 'တနည်းမေးထားပုံ'

မေး☆ 'အနုသယာဘင်္ဂါ'ဟုငင်း၊ 'အနုသယာဘင်္ဂါနတ္ထိ' ဟုငင်း ပုစ္ဆာပါဠိ၊ ဝိဿဇ္ဇနာပါဠိ ခွဲခြားဟောထားရခြင်းအကြောင်းကိုရေးခဲ့ပါ....,

ဖြေ☆ ''အနုသယာဘင်္ဂါနတ္ထိ''ဟု မဟောသည်ရှိသော် တရားနာပုဂ္ဂိုလ်တို့သည်ဝေဘန်သင့်သည့် အနုသယတို့၏ မရှိခြင်းကို မသိနိုင်လေသောကြောင့် ခွဲခြားဟောထားပါသည်။

## 'ရူပ၊ အရူပဘုံ၌ အနာဂါမ်ဖြစ်နိုင်၊ မဖြစ်နိုင်'

မေး☆ ''အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ'' အရ သုဒ္ဓါဝါသမှ တပါးသော ရူပဘုံ၊ အရူပဘုံတို့၌ အနာဂါမ်ပုဂ္ဂိုလ်များ ပဋိသန္ဓေ အားဖြင့် ဖြစ်နိုင် မဖြစ်နိုင် ဆိုင်ရာပါဠိတော်ဝါဒရ သာဓကပြ၍ ဆုံးဖြတ်ခဲ့ပါ။

[၁၃၁၇-ခုနှစ်ကမေးခဲ့ဘူးပြီ]

ဖြေ☆ 'ကာမဓါတုယာ စုတဿ နကာမဓါတုံ ဥပဇ္ဇန္တဿ ကဿစိ သတ္တအနုသယာ အနုသေန္တိ၊ ကဿစိ ပဉ္စ အနုသယာ အနုသေန္တိ၊ ကဿစိ တယော အနုသယာ အနုသေန္တိ၊ အနုသယာဘင်္ဂါနတ္ထိ'ဟူသော သာဓကကိုထောက်သဖြင့် သုဒ္ဓါဝါသမှ တပါးသော ရူပဘုံနှင့် အရူပဘုံတို့၌ အနာဂါမ်ပုဂ္ဂိုလ်များ ပဋိသန္ဓေအားဖြင့် ဖြစ်နိုင်ပါသည်။

## 'အသညသတ်ဘုံ၌ အနုသယရှိမရှိ'

မေး★အသညသတ်ဘုံ၌ ''အနုသယတရား''ရှိနိုင်မရှိနိုင် အကယ်၍ရှိနိုင်က အဘယ်သဘော ရှိနိုင်ကြောင်း ယမိုက်ကျမ်းအထောက်အထားပြ၍ဖြေဆိုပါ။

(၁၃၁၁-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ★''ကာမဓါတုယာ စုတဿ ရူပဓါတုံ အရူပဓါတုံ ဥပပဇ္ဇန္တဿ ကဿစိ သတ္တအနုသယာအနုသေန္တိ၊ ကဿစိ ပဉ္စ အနုသယာ အနုသေန္တိ၊ကဿစိ တယော အနုသယာ အနုသေန္တိ၊'' ဟူသော ပါဠိတော်ကို ထောက်၍ အသညသတ် ဘုံ၌ အနုသယတရား ရှိနိုင်ပါသည်။

အနုသယတရားကို ရှိနိုင်သော သဘောသည်– (၁)စိတ်အစဉ်တို့၌ကိန်းဝပ်၍နေသဖြင့် ရှိနိုင်သော သဘော,(၂)မဂ်ဖြင့် မပယ်အပ်သေးသောကြောင့် ရှိနိုင်သော သဘောနှစ်မျိုးတွင် အသညသတ်ဘုံ၌ စိတ်အစဉ်မရှိ၊ထို့ကြောင့် မဂ်ဖြင့် မပယ်အပ်သေး သော သဘောဖြင့် အနုသယတရားရှိနိုင်သည်။

(လယ်တီအဖြေကျမ်း)

**မှတ်ချက်**=အရကောက်ကျမ်းလက်သည်းကွင်း တွင် အသညသတ်ဘုံ၌ အနုသယ(၇)ပါလုံးမရှိဟု ဆိုထားသည်ကား ဘုံအားဖြင့်မရှိသော်လည်း....

ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ မဂ်ဖြင့်မပယ်ရသေး သောကြောင့်၊ "ကာမဝိ သတ္တ အနုသယာ အနု သေန္တိ" စသည်ဖြင့် ပုဂ္ဂိုလ်၏ သန္တာန်၌ရှိ၏ဟု ဆိုထားဟန်တူသည်။

ရူပဘုံ၊ အရူပဘုံတို့၌ ပဋိဃာနုသယတရား ရှိနိုင် မရှိနိုင် အကယ်၍ ရှိနိုင်က အဘယ်သဘော ရှိနိုင်ကြောင်း ရေးခဲ့ပါဟုမေးပါက အထက်ပါ နည်းမှီး၍ဖြေလေ။

## "ကာမဝိသတ္တအနုသယာ"ဟုဟောပုံ

မေး☆ ရူပဘုံ၌ ပဋိဃာနုသယမရှိ၊ အသညသတ်ဘုံ၌လည်း အနုသယ(၇)ပါးလုံးမရှိပါဘဲလျက် အဘယ်ကြောင့်"ကာမဝိ သတ္တ(ပဋ္ဌ တယော) အနုသယာ အနုသေန္တိ"ဟု ဟောပါသနည်း။

ဖြေ☆ ဘုံ၌ပင်မရှိသော်လည်း ထိုပုဂ္ဂိုလ်တို့၏သန္တာန်၌ မဂ်ဖြင့် မပယ်ရသေးသောကြောင့် ဖြစ်ဆဲ မဟုတ်သော်လည်း ဖြစ်ပြီး, ဖြစ်လတ္တံ့ ဖြစ်သောကြောင့် "ကာမဝိ သတ္တ (ပဋ္ဌ-တယော) အနုသယာ အနုသေန္တိ"ဟုဟောပါသည်။

(ကာမဓာတုမှ ရူပဓာတု မူလီကိုကြည့်ပေးသည်)

နေ(34)ဝင်း

မေး☆ အသညသတ်ဘုံမှ စုတေသော ပုဂ္ဂိုလ်သည် ထိုဘုံ၌ထပ်၍ ဖြစ်,မဖြစ် (ဝါ–ပြန်၍ ပဋိသန္ဓေနေမနေ)ကို ဤခါတုဝါရဖြင့် စိစစ်၍ဖြေဆိုပါ။

(၁၃၁၉-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ 'ရူပဓါတုယာ စုတဿ ရူပဓါတုံ ဥပပဇ္ဇန္တဿ' ဟူသောသာဓကကို ထောက်သဖြင့် အသညသတ်ဘုံမှစုတေသော ပုဂ္ဂိုလ်သည် ထိုအသညသတ်ဘုံ၌ထပ်၍မဖြစ်ပါ(ဝါ)ထိုဘုံ၌ထပ်၍ပဋိသန္ဓေမနေပါ

မေး☆ ဗြဟ္မာ့ပြည်သို့ ရောက်ပြီးသော အရိယာပုဂ္ဂိုလ်များသည် အောက်ကာမဘုံသို့ တဖန် ပဋိသန္ဓေအားဖြင့်နေနိုင်မနေနိုင် ဆိုင်ရာ'ဓါတုဝါရ'သါဓကဖြင့် ဆုံးဖြတ်ခဲ့ပါ....

တနည်း–''မဟဂ္ဂုတ်နေ ရိယာတွေ၊ သန္ဓေမကပ်ကာမဓါတ်''ဗြဟ္မာ့ဘုံမှာ၊ အရိယာ၊အောက်ရွာဆင်းမရှိ''

ဟူသောလင်္ကာစကားများ၏ အမှားအမှန်ကို အနုသယ ယမိုက်ပါဠိတော်ဖြင့်ဝေဘန်ဆုံးဖြတ်ခဲ့ပါ

(၁၃၁၄-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ "နကာမဓါတုယာ စုတဿ ကာမဓါတုံ ဥပပဇ္ဇန္တဿ သတ္တေဝ အနုသယာ အနုသေန္တိ" ဟူသောပါဠိတော်ကို ထောက်သဖြင့် မဟဂ္ဂုတ်၌ရှိသော အရိယာများသည် ကာမဘုံ၌ ပဋိသန္ဓေ မနေသောကြောင့် ထိုလင်္ကာများမှန်ပါသည်။ ။

## "အရူပဘုံမှ ရူပဘုံသို့ ပဋိသန္ဓေမနေကြောင်း"

မေး☆ အရူပဘုံမှစုတေသော ပုဂ္ဂိုလ်တို့သည် ရူပဘုံ၌ အဘယ်ကြောင့် ပဋိသန္ဓေနေခြင်း မရှိပါသနည်း။ အကျဉ်းချုပ်၍အဖြေထုတ်ပြခဲ့ပါ။

[၁၃၁၀-ခုနှစ်ကမေးခဲ့ဘူးပြီ]

ဖြေ☆ ရူပါဝစရ ပဋိသန္ဓေ၏ အကြောင်း ဖြစ်သော ရူပါဝစရကုသိုလ်စျာန်သည် အရူပဘုံ၌မရှိသောကြောင့် အရူပဘုံမှစုတေသောပုဂ္ဂိုလ်တို့သည်ရူပဘုံ၌ ပဋိသန္ဓေနေခြင်းမရှိပါ။ ။

မေး☆ အရူပဘုံမှစုတေလျှင်ရူပဘုံ၌ဖြစ်သော ပုဂ္ဂိုလ်ရှိနိုင် မရှိနိုင် "ဤဓါတုဝါရ" ပါဠိတော်ထောက်၍ ဖြေဆိုခဲ့ပါ။ ။

ဖြေ☆ "အရူပဓါတုယာ စုတဿ ရူပဓါတုယာ ဥပပတ္တိ နာမနတ္ထိ" ဟူသောပါဠိကို ထောက်၍ မရှိနိုင်ပါ။

မေး★ “အရူပဓါတုယာ စုတဿ”စသော ပါဠိတော်ကို ထောက်ဆ၍ ဘဝဂ်မှ စုတေသောပုဂ္ဂိုလ်တို့သည် မည်သည့်ဘုံ၌ဖြစ်၍ မည်သည့်အနုသယများ ကိန်းမကိန်းကို ဘုံနှင့် ပုဂ္ဂိုလ်အသီးအသီးခွဲဝေခွဲပါ။ ။

(၁၃၂၀-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ★ အရူပဘုံမှစုတေ၍ အရူပဘုံ၌ပဋိသန္ဓေနေသော တိဟိတ်ပုထုဇဉ်ပုဂ္ဂိုလ်အား— အနုသယ(၇)ပါးလုံး ကိန်း၏၊မကိန်းသော အနုသယကားမရှိ။ ။

သောတာပန်, သကဒါဂါမ် ပုဂ္ဂိုလ်တို့အား— ကာမ,ပဋိဃ, မာန,ဘဝ, အဝိဇ္ဇာ (၅)ပါးကိန်း၏ ဒိဋ္ဌိ,ဝိစိကိစ္ဆာ,နှစ်ပါးမကိန်းပါ။ ။

အနာဂါမ်ပုဂ္ဂိုလ်အား — မာန,ဘဝ,အဝိဇ္ဇာ, (၃)ပါးကိန်း၏၊ ကာမ, ပဋိဃ, ဒိဋ္ဌိ, ဝိစိကိစ္ဆာ, လေးပါးမကိန်းပါ။

(အရူပဓာတုယ အရူပဓာတုမှုလီကိုကြည့်လေ)

ဓာတုဝါရပြီးပါပြီ။

အနုသယ ယမိုက် ပြီးပြီ။

# စိတ္တယမိုက်

## ဥဒ္ဒေသဉ္စ ဝါရ(၁၄)ပါးသရုပ်

ဓမေး★ စိတ္တယမိုက်၌— ဥပ္ပါဒနိရောဓ ကာလသမ္ဘေဒ
စသော ဝါရ(၁၄)ပါးသရုပ်ကိုဖော်ထုတ်ပြခဲ့ပါ....
(၁၃၁၄-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ★ ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ,ဥပ္ပါဒုပ္ပန္နဝါရ,
နိရောဓုပ္ပန္နဝါရ, ဥပ္ပါဒဝါရ, နိရောဓဝါရ, ဥပ္ပါဒ
နိရောဓဝါရ, ဥပ္ပဇ္ဇမာန နိရောဓဝါရ, ဥပ္ပဇ္ဇ
မာနုပ္ပန္နဝါရ, နိရုဇ္ဈမာနုပ္ပန္နဝါရ,ဥပ္ပန္နုပ္ပါဒဝါရ,
အတီတာနာဂတဝါရ, ဥပ္ပန္နုပ္ပဇ္ဇမာနဝါရ, နိရုဒ္ဓ
နိရုဇ္ဈမာနဝါရ, အတိက္ကန္တကာလဝါရ အားဖြင့်
(၁၄)ပါးတို့တည်း။

ဓမေး★ စိတ္တယမိုက် မာတိကာနယ၌-ရထိုက်သောပုစ္ဆာ
သင်္ချာများကို ဖော်ပြခဲ့ပါ။

ဖြေ★ ပုစ္ဆာပေါင်း+၇၁၃၁၆၊ဖြစ်ပါသည်။

‘ပုဂ္ဂလဝါရ၌ဝါရစသည်’

ဝါရငယ်...............၁၄—ပါး၊

ယမက............... ၂၄—ပါး၊

ပုစ္ဆာ............ ... ဂ၄—ပါး၊

အတ္ထ .............. ၁၆ဂ—ပါး။

(ဓမ္မဝါရ,ပုဂ္ဂလဓမ္မဝါရတို့၌လည်းပုဂ္ဂလဝါရနှင့်တူ၏)

နေ(35)ဝင်း

## ''သုဒ္ဓစိတ္တသာမညနည်း''

ဝါရကြီးပေါင်း................ ၃-ပါး၊
ဝါရငယ်ပေါင်း................ ၄၂-ပါး၊
ယမကပေါင်း ................ ၁၂၆-ပါး၊
ပုစ္ဆာပေါင်း ................ ၂၅၂-ပါး၊
အတ္ထပေါင်း ................ ၅၀၄-ပါး၊

## 'သုတ္တန္တစိတ္တမိဿကဝိသေသနည်း'

ပဒပေါင်း ................ ၁၆-ပါး၊
ဝါရကြီးပေါင်း ............ ၄၈-ပါး၊
ဝါရငယ်ပေါင်း ............ ၆၇၂-ပါး၊
ယမကပေါင်း ............ ၂၀၁၆-ပါး၊
ပုစ္ဆာပေါင်း ............ ၄၀၃၂-ပါး၊
အတ္ထပေါင်း ............ ၈၀၆၄-ပါး၊

## အဘိဓမ္မစိတ္တ မိဿကဝိသေသ
## 'တိကမာတိကာဥဒ္ဒေသနည်း

ပဒပေါင်း ............... ၆၆-ပါး၊
ဝါရကြီးပေါင်း ........ ၁၉၈-ပါး၊
ဝါရငယ်ပေါင်း ........ ၂၇၇၂-ပါး၊
ယမကပေါင်း............ ၈၃၁၆-ပါး၊
အတ္ထပေါင်း ............ ၃၃၂၆၄-ပါး၊

## ဒုကမာတိကာဥဒ္ဒေသ၌

ပဒပေါင်း.................. ၂၀၀–ပါး၊
ဝါရကြီးပေါင်း........ ၆၀၀–ပါး၊
ဝါရငယ်ပေါင်း........ ၃၄၀၀–ပါး၊
ယမကပေါင်း........ ၁၂၆၅၀-ပါး၊
ပုစ္ဆာပေါင်း........... ၂၅၂၀၀-ပါး၊
အတ္ထပေါင်း ........... ၅၀၄၀၀-ပါး၊

## စိတ္တယမိုက်နယမာတိကာ၌

ယမကပေါင်း............ ၃၅၆၅၈–ပါး၊
ပုစ္ဆာပေါင်း........... ၇၁၃၁၆–ပါး၊
အတ္ထပေါင်း ........... ၁၄၂၆၃၂–ပါး၊

## 'ပုဂ္ဂလဝါရစသည်အဓိပ္ပါယ်'

မေး☆ ပုဂ္ဂလဝါရ, ဓမ္မဝါရ, ပုဂ္ဂလဓမ္မဝါရတို့၏ အဓိပ္ပါယ်ကို ဟောပုံ ဥဒ္ဒေသပါဠိနှင့်တကွ အသွား သိယုံမျှ ဖော်ပြခဲ့ပါ။ (တခုချင်းကိုလည်းမေးနိုင်သည်)

ဖြေ☆ ယဿ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ တဿ စိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ၊ စသည်ဖြင့်ပုဂ္ဂိုလ်၏အစွမ်းဖြင့် စိတ်တို့၏ဖြစ်ခြင်း ချုပ်ခြင်းကို ညွှန်ပြသော ဝါရသည်''ပုဂ္ဂလဝါရ''မည်၏။

ယံ စိတ္တံဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ–စသည်ဖြင့် ဓမ္မ၏ အစွမ်းဖြင့် စိတ်တို့၏ဖြစ်ခြင်း, ချုပ်ခြင်းကိုညွှန်ပြ သောဝါရသည်''ဓမ္မဝါရ''မည်၏။

ယဿယ ိစိတ္တုံ့ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ–စသည်ဖြင့် ပုဂ္ဂလ
မွေနှစ်ပါးစုံတို့၏ ဖြစ်ခြင်း ချုပ်ခြင်းကိုညွှန်ပြသော
ဝါရသည် ''ပုဂ္ဂလမွေဝါရ'' မည်၏။ ။

မေး☆ သုဒ္ဓစိတ္တသာမညဝါရ, သုတ္တန္တစိတ္တမိဿကဝိသေ
သဝါရ, အဘိဓမ္မစိတ္တမိဿကဝိသေသဝါရ ခေါ်ဆို
ကြောင်းများကိုရေးခဲ့ပါ....

ဖြေ☆ သုတ္တန်နည်းလာ, သရာဂစသောပုဒ်, အဘိဓမ္မာ
နည်းလာ, ကုသလစသောပုဒ်တို့နှင့် မရောယှက်ဘဲ
သာမညအားဖြင့် သက်သက်သောစိတ်တို့၏ ဖြစ်
ခြင်း ချုပ်ခြင်း စသည်ကို ဟောကြားသောဝါရ
သည် "သုဒ္ဓစိတ္တသာမညဝါရမည်၏''.

သုတ္တန်နည်းလာ သရာဂ စသောပုဒ်တို့နှင့်ရော
ယှက်၍ စိတ်တို့၏ဖြစ်ခြင်း ချုပ်ခြင်း စသည်ကို
ဟောကြားသောဝါရသည် ''သုတ္တန္တစိတ္တမိဿက
ဝါရ''မည်၏။

အဘိဓမ္မာနည်းလာ ကုသလစသော ပုဒ်တို့နှင့်
ရောနှောခြင်းကိုအထူးပြု၍ စိတ်တို့၏ဖြစ်ခြင်း ချုပ်
ခြင်းကိုဟောကြားသော ဝါရသည် ''အဘိဓမ္မစိတ္တ
မိဿက ဝိသေသဝါရ''မည်၏။

မေး☆ ဥပ္ပါဒနိရောဓကာလ သမ္ဘေဒဝါရ, ဥပ္ပါဒုပ္ပန္နဝါ
ရခေါ်ဆိုကြောင်း များကိုဖြေဆိုခဲ့ပါ....
[၁၃၁၈-ခုနှစ်ကမေးခဲ့ဘူးပြီ]

ဖြေ☆ ဥပါဒ်နှင့် ဘင်ကိုငှင်း, ပစ္စုပ္ပန်ကာလနှင့် -အနာဂတ်ကာလကိုငှင်း, ရောနှော၍ဟောကြားသောဝါရဖြစ်သောကြောင့် ''ဥပ္ပါဒနိရောဓကာလသမ္ဘေဒဝါရ''မည်၏

စိတ်တို့၏ဥပါဒ်ဆဲခဏ, ခဏတ္တယသို့ရောက်ဆဲကို ဟောကြားသောဝါရဖြစ်သောကြောင့် ''ဥပ္ပါဒုပ္ပန္နဝါရ''မည်၏။

အမှာ–နိရောဓုပ္ပန္နဝါရစသည်တို့၏ အဓိပ္ပါယ်ကိုလည်းပါဠိအစဉ်ကိုကြည့်ရှု၍ အနက်သဘောကိုသိကြပါလေ။ ။

မေး☆ အောက်ပါစိတ်များကိုအသီးသီးဖော်ထုတ်ပြခဲ့ပါ

* (က)သရာဂစိတ်, * (စ)ဝီတမောဟစိတ်,
(ခ)ဝီတရာဂစိတ်, (ဆ)သံခိတ္တစိတ်,
(ဂ)သဒေါသစိတ်, (ဇ)ဝိက္ခိတ္တစိတ်,
(ဃ)ဝီတဒေါသစိတ်, (ဈ)မဟဂ္ဂတစိတ်,
(င)သမောဟစိတ်, (ည)အမဟဂ္ဂတစိတ်,

(စာမေးပွဲများ၌ ငါးခုထက်မနည်းမေးတတ်သည်)

ဖြေ☆ * (က)လောဘမူစိတ္တုပ္ပါဒ်....... ၈–ပါး။
(ခ)လောဘမူမှကြွင်းသောစိတ်....၈၁–ပါး။
(ဂ)ဒေါသမူစိတ် ............... ၂–ပါး။
(ဃ)ဒေါသမူမှကြွင်းသောစိတ်....၈၇–ပါး။
(င)မောဟမူစိတ် ........... .... ၂–ပါး။

နေ (36) ဝင်း

* (စ)မောဟမူမှကြွင်းသောစိတ်....၇၇-ပါး။
(ဆ)ဥဒ္ဓစ္စသဟဂုတ်စိတ် .... ... ၁-ပါး။
(ဇ)ငင်းစိတ်မှကြွင်းသောစိတ်.... ၈၈-ပါး။
(ဈ)မဟဂ္ဂုတ်စိတ် ............... ၂၇-ပါး။
(ည)မဟဂ္ဂုတ်စိတ်မှကြွင်းသေါစိတ်၆၂-ပါး။

## 'အလွှးတူမေးနိုင်သောစိတ်များ'

* (က)သဥတ္တရစိတ်, (ဃ)အသမာဟိတစိတ်,
(ခ)အနုတ္တရစိတ်, (င)ဝိမုတ္တစိတ်,
(ဂ)သမာဟိတစိတ်, (စ)အဝိမုတ္တစိတ်,

* (က)လောကီစိတ် ...................... ၈၁-ပါး။
(ခ)လောကုတ္တရာစိတ် ............... ... ၈-ပါး။
(ဂ)မဟဂ္ဂုတ်လောကုတ္တရာစိတ် ........၆၇-ပါး။
(ဃ)ကာမစိတ် .... .................. ၅၄-ပါး။
(င)လောကုတ္တရာစိတ်................... ၈-ပါး။
(စ)လောကီစိတ်......................... ၈၁-ပါး။

မေး☆ သရာဂစိတ်စသော (၁၆)ပါးသောစိတ်တို့၏ အမည်သရုပ်ကိုဖေါ်ထုတ်ပြခဲ့ပါ။

ဖြေ☆ သရာဂစိတ်, ဝီတရာဂစိတ် စသည်ဖြေလေ။ (အထက်တွင်ဖေါ်ပြပြီးကိုကြည့်၍သိလေ)

## ‘နိဒ္ဒေသ ခက်ဆစ်မေးဖြေများ’
## ‘‘ဥပါဒ်-ဘင်ခကာသာ ဟောပုံ’’

မေး ☆ စိတ်၏ ဥပါဒ်္ဌိ ဘင် ဟူသောခဏငယ်သုံးချက်တွင်၊ ဤစိတ္တယမိုက်ကျမ်းမှာ အဘယ်ခဏငယ်များ၏ အပွင်းဖြင့် ဟောပါသနည်း၊ ပါဠိတော်အထောက်(သာဓက)ပြ၍ဖြေဆိုပါ။

(၁၉၂၅-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ ☆ ‘ဥပ္ပန္နံ ဥပ္ပဇ္ဇမာနန္တိ၊ ဘင်္ဂက္ခဏေ ဥပ္ပန္နံ နောစ ဥပ္ပဇ္ဇမာနံ၊ ဥပ္ပါဒက္ခဏေ ဥပ္ပန္နဉ္စေဝ ဥပ္ပဇ္ဇမာနဉ္စ’ ဟူသောပါဠိတော်ကို ထောက်၍ ‘ဥပါဒ်-ဘင်’’ဟူသောခဏငယ်နှစ်ချက်၏အစွမ်းဖြင့် ဟောပါသည်။ ဌီ၏အစွမ်းဖြင့်မဟောပါ။ ။

မေး ☆ ‘‘ဘင်္ဂုပ္ပါဒါဝ အက္ခာတာ နစိတ္တဿ ဌိတိက္ခဏော’’ ဟူသောဝါဒ၏မှီရာ စိတ္တယမိုက်ပါဠိတော်ကို ညွှန်ပြခဲ့ပါ။ [၁၃၁၄-ခုနှစ်က မေးခဲ့ဘူးပြီ]

ဖြေ ☆ ‘‘ဥပ္ပန္နံ ဥပ္ပဇ္ဇမာနန္တိ- ဘင်္ဂက္ခဏေ ဥပ္ပန္နံ နောစ ဥပ္ပဇ္ဇမာနံ၊ ဥပ္ပါဒက္ခဏေ ဥပ္ပန္နဉ္စေဝ ဥပ္ပဇ္ဇမာနဉ္စ၊ ဥပ္ပဇ္ဇမာနံ ဥပ္ပန္နန္တိ-အာမန္တာ။ ။

မေး ☆ အောက်ပါပုစ္ဆာ ဝိဿဇ္ဇနာပါဠိများ၏အဓိပ္ပါယ်ကို ဆိုင်ရာတရားကိုယ်တခုခုထုတ်ပြ၍ရှင်းလင်းခဲ့ပါ။

၁၃၁၅-ခုနှစ်ကမေးခဲ့ဘူးပြီ)

ယဿ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ။
တဿ စိတ္တံ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ။(ပုစ္ဆာ ပါဠိ)

ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ၊ နိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ။
(ဝိဿဇ္ဇနာပါဠိ)

ဖြေ ★ အဓိပ္ပါယ်–ပစ္ဆိမ စိတ်၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဟု ဆိုအပ်သော အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား စိတ်သည် ဖြစ်ဆဲ ချုပ်ဆဲ မဟုတ်သောကြောင့် ''ယဿ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ''ဟူသောသန္နိဋ္ဌာန် ပုဒ်၏အရလည်းဖြစ်၏။ ၎င်းပုဂ္ဂိုလ်တို့အား စိတ် သည်ချုပ်လတ္တံ့ မဖြစ်လတ္တံ့ ဖြစ်သောကြောင့် ''တဿ စိတ္တံနိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတိ'' ဟူသော သံသယပုဒ်၏အရလည်းဖြစ်၏၊ ဤသို့ သန္နိဋ္ဌာန် သံသယလည်းတူသတည်းဟူလို။ ။

မှတ်ချက်-ယံ စိတ္တံဥပ္ပဇ္ဇတိ၊တံစိတ္တံနိရုဇ္ဈိဿတိ နုပ္ပဇ္ဇိဿတီတိ၊အာမန္တာ....ဟူသော ဓမ္မဝါရ၌လည်း (အာမန္တာ– ဝိဘင်းထွက်ရခြင်း အကြောင်းနှင့်) အဓိပ္ပါယ်သဘောသွား အတူတူပင်မှတ်ပါလေ။

မေး ★ ''ယဿ စိတ္တံ ဥပ္ပဇ္ဇမာနံ၊ တဿ စိတ္တံ ဥပ္ပန္နန္တိ'' အာမန္တာ ၌ ဒေသကပုဂ္ဂိုလ်၏ အလိုတော်ကျ ''သန္နာယ ဘာသိတတ္တ''ကိုဆုံးဖြတ်ခဲ့ပါ၊ ။

ဖြေ☆ ဤဒေသနာတော်သည် "ပုဂ္ဂလဝါဒ"၌ ဖေ့ပင်ပြဋ္ဌာန်းသော်လည်းတစုံတခုသော ခဏတ္တယသမင်္ဂီ ဥပ္ပါဒက္ခဏ သမင်္ဂီပုဂ္ဂိုလ်ကို ရည်ရွယ်၍ဟောပါသည်။ (၁၃၁၅-ခုနှစ်ကမေးခဲ့ဘူးပြီ)

**'အတီတံစိတ္တံ' ဟုဝိဘင်းထုတ်ကြောင်း'**

မေး☆ အတိက္ကန္တ ကာလဝါရ ပဋိလောမ၌'အာမန္တာ' ဝိဘင်းထုတ်ဟောပါသင့်လျက်မထုတ်ဘဲ'အတီတံစိတ္တံ' ဟု ဝိဘင်းထုတ် ဟောခြင်း အကြောင်းကို ရှင်းလင်းပြခဲ့ပါ။

ဖြေ☆ ဥပါဒ်ခဏ, ဘင်ခဏနှစ်ပါးကို လွန်ပြီဟူသော အရကား-အတိတ်ဖြစ်သောစိတ်သာတည်း၊ ပစ္စုပ္ပန်စိတ်, အနာဂတ်စိတ်မဟုတ်၊ ဤသို့အထူးကိုပြခြင်းငှါ(ဝါ)အထူးကို ပြလိုသောကြောင့် 'အာမန္တာ' မထုတ်ဘဲ'အတီတံစိတ္တံ'ဟုထုတ်ဟောပါသည်။

**'ဥပ္ပါဒက္ခဏေ အနာဂတံစိတ္တံ' ဟောပုံ'**

**မှတ်ချက်** ၎င်းပစ္စနိက်အနုလောမ၌"ဥပ္ပါဒက္ခဏေ အနာဂတံ စိတ္တံ"ဟုဟောရခြင်းအကြောင်းမှာ—

ခဏနှစ်ပါးကို မလွန်ပြီဟူသောအရကား....

ဥပ္ပါဒက္ခဏစိတ်, အနာဂတ်စိတ်တို့သာတည်း။

ဘင်္ဂက္ခဏစိတ်, အတိတ်စိတ်တို့မဟုတ်၊ဤသို့အထူးကိုပြခြင်းအကျိုးငှါ "အာမန္တာ"ဝိဘင်းမထုတ်မူ၍ "ဥပ္ပါဒက္ခဏေ အနာဂတံစိတ္တံ"ဟုထုတ်ရပါသည်။

နေ့(37)ဝင်း

မေး ✡ အဘယ်စိတ်သည် အဘယ်ခဏကိုလွန်၍ အဘယ်ခဏကိုမလွန်ပါသနည်း ထင်ရှားအောင်ပြဆိုခဲ့ပါ။
(၁၃၁၉-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ ✡ ဘင်္ဂက္ခဏစိတ်သည်ဥပ္ပါဒက္ခဏကိုသာလွန်၏ အတိတ်စိတ်သည် ဥပ္ပါဒက္ခဏ၊ဘင်္ဂက္ခဏနှစ်ပါးကိုလွန်၏။ ဥပ္ပါဒက္ခဏစိတ်, အနာဂတ်စိတ်သည်-ဥပါဒ်ဘင်ဟူသော ခဏနှစ်ပါးကိုမလွန်ပါ။ ။

## ''နောဝိဘင်းထုတ်ဟောကြောင်း''

မေး ✡ ဥပ္ပါဒ ပစ္စုပ္ပန္နာတီတဝါရ-ပစ္စနိက် အနုလောမ၌ ဘင်္ဂက္ခဏသမင်္ဂီ ပုဂ္ဂိုလ်များသည် ဖြစ်ဘူးရသင့်၍ ''အာမန္တာ''ဝိဘင်းထုတ်သင့်ပါလျက် မထုတ်ဘဲ 'နော'ဝိဘင်းထုတ်ရခြင်း အကြောင်းကို ရှင်းလင်းပြခဲ့ပါ။ (ဤ၌ ပုဂ္ဂလဝါရ-မွေ့ဝါရတို့အတူမှတ်လေ)

ဖြေ ✡ ခဏပစ္စုပ္ပန်၌ အတိတ်ဟူသော ခေါ်ဝေါ်ခြင်း မရှိသောကြောင့် ''အာမန္တာ'' ဝိဘင်းမထုတ်ဘဲ ''နော''ဟု ဝိဘင်းထုတ်ဟောရပါသည်။

မေး ✡ စိတ္တဿ ဘင်္ဂက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံစိတ္တံ ဥပ္ပဇ္ဇိတ္ထ၊နောစ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ'' ဤဝိဘင်းအရ နိရောဓသမာပတ် ဝင်စားသောပုဂ္ဂိုလ် အသညသတ် ပုဂ္ဂိုလ်တို့သည် စိတ်ဖြစ်ခြင်းမရှိပါဘဲလျက် အဘယ်ကြောင့် စိတ်ဖြစ်ဘူးပြီးဟု ဆိုနိုင်ပါသနည်း။ ။

ဖြေ☆ ထိုပုဂ္ဂိုလ်များသည် စိတ်ဖြစ်ခြင်းမရှိသော်လည်း မိမိဖြစ်ခိုက်ဘုံ၌ နိရောဓသမာပတ် ဝင်စားသည့် ရှေးကာလ, အသညသတ် ဘုံသို့ မရောက်မီ ရှေးရှေး ဘဝတို့၌ စိတ်ဖြစ်ဘူးရ သောကြောင့် စိတ်ဖြစ်ဘူးဟုဆိုနိုင်ပါသည်။

(ယမကအဋ္ဌကထာအလိုတည်း)

မေး☆ နိရောဓသမာပတ်ဝင်စားသောပုဂ္ဂိုလ် အသညသတ်ပုဂ္ဂိုလ်အား စိတ်သည်ဖြစ်ဆဲလော, ချုပ်ဆဲလော သို့မဟုတ် အလွတ်ဖြစ်သလော စိတ္တယမိုက်သာကေ ပြ၍ ဆုံးဖြတ်ခဲ့ပါ။

ဖြေ☆ ဖြစ်ဆဲလည်းမဟုတ် ချုပ်ဆဲလည်းမဟုတ် အလွတ်ဖြစ်ပါသည်။

**သာဓက**—'ယဿ ဝါပန စိတ္တံ နုပ္ပဇ္ဇတိ၊ တဿ စိတ္တံ ဥပ္ပဇ္ဇတီတိ'၊

"နိရောဓ သမာပန္နာနံ အသညသတ္တာနံ တေသံ စိတ္တံ နုပ္ပဇ္ဇတိ၊ နော စ တေသံ စိတ္တံ ဥပ္ပဇ္ဇတိ"

မေး☆ ယခုဖြစ်ဆဲစိတ်ကို အတိတ်ကဖြစ်ခဲ့ပြီ အနာဂတ်၌ ဖြစ်လတ္တံ့ဟု ဆိုနိုင်မဆိုနိုင် သက်ဆိုင်ရာ ယမက သာဓကထုတ်ပြ၍ ရှင်းလင်းခဲ့ပါ။

(၁၃၁၇-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ အကြောင်းဥပ္ပါဒက္ခဏ၌ဖြစ်သော စိတ်သည် ဖြစ်ဆဲ ချုပ်ဆဲ မဟုတ်၊ ထိုစိတ်သည် စင်စစ်ချုပ်လတ္တံ့ ချုပ်ပြီးသည်နောက် မဖြစ်ပြန်ပြီ ဖြစ်သောကြောင့် အနာဂတ်၌ဖြစ်လတ္တံ့ ဟု မဆိုနိုင်ပါ။

ရင်းအဖြေကို စမ္မဝါရ ဥပ္ပါဒ နိရောဓ ကာလသမ္ဘေဒဝါရအမှာစကားကိုကြည့်လေ။

သာဓက–''ယံ စိတ္တံ ဥပ္ပဇ္ဇတိ နနိရုဇ္ဈတိ၊ တံစိတ္တံ နိရုဇ္ဈိဿတိ နဥပ္ပဇ္ဇိဿတီတိ အာမန္တာ။

မေး☆ အောက်ပါပုဒ်တို့၏ အရ ဖြစ်ထိုက်သော စိတ်များကို ထုတ်ပြပါ။

(က) ဥပ္ပဇ္ဇတိ,
(ခ) ဥပ္ပဇ္ဇိတ္ထ,
(ဂ) ဥပ္ပဇ္ဇိဿတိ,
(ဃ) ဥပ္ပန္နံ၊

ဖြေ☆ (က) ဥပ္ပါဒက္ခဏစိတ်၊
(ခ) အတိတ်စိတ်၊
(ဂ) အနာဂတ်စိတ်၊
(ဃ) ပစ္စုပ္ပန်စိတ်။

မေး☆ အောက်ပါပုဂ္ဂိုလ်လေးမျိုးတို့ကို တိကျသေချာစွာ ဖော်ထုတ်ပြပါ။

(က) စိတ်ဖြစ်ဆဲ,မဖြစ်လတ္တံ့၊
(ခ) စိတ်ဖြစ်ဆဲ,ဖြစ်လတ္တံ့,
(ဂ) စိတ်ချုပ်ဆဲ,မဖြစ်လတ္တံ့၊
(ဃ) စိတ်ချုပ်ဆဲ,ဖြစ်လတ္တံ့၊

[၁၃၁၆-ခုနှစ်ကမေးခဲ့ဘူးပြီ]

ဖြေ★(က) ပဋ္ဌိမစိတ်၏ ဥပ္ပါဒက္ခဏသမင်္ဂီပုဂ္ဂိုလ်၊
(ခ) ပဋ္ဌိမစိတ်၏ ဥပ္ပါဒက္ခဏ သမင်္ဂီ ပုဂ္ဂိုလ်မှ တပါးခပ်သိမ်းသော စိတ်တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီပုဂ္ဂိုလ်၊
(ဂ) ပဋ္ဌိမစိတ်၏ ဘင်္ဂက္ခဏသမင်္ဂီပုဂ္ဂိုလ်၊
(ဃ) ပဋ္ဌိမစိတ်၏ ဘင်္ဂက္ခဏ သမင်္ဂီ ပုဂ္ဂိုလ်မှ တပါးခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏ သမင်္ဂီပုဂ္ဂိုလ်.

(ဥပ္ပါဒ နိရောဓပစ္စုပ္ပန္နာ နာဂတဝါရကိုရှုလေ)

မေး★(က) စိတ်မဖြစ်ဆဲ ဖြစ်လတ္တံ့ (ခ) စိတ်မဖြစ်ဆဲ မဖြစ်လတ္တံ့ ဤပုဂ္ဂိုလ်များကို ပြည့်စုံစွာထုတ်ပြပါ။

[၁၃၁၃-ခုနှစ်ကမေးခဲ့ဘူးပြီ]

ဖြေ★(က) ပဋ္ဌိမစိတ်မှ တပါးခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီပုဂ္ဂိုလ်၊
(ခ)ပဋ္ဌိမစိတ်၏ ဘင်္ဂက္ခဏသမင်္ဂီပုဂ္ဂိုလ်တို့ဖြစ်သည်

မေး★ စိတ်မဖြစ်ဆဲ ပုဂ္ဂိုလ်နှင့် ချုပ်ဆဲ ပုဂ္ဂိုလ်တို့သည် တူသလော.... ထူးသလော.... သရုပ်သကောင် ထုတ်ဆောင်၍ရှင်းလင်းပြခဲ့ပါ။

(၁၃၁၆-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ★ စိတ်မဖြစ်ဆဲ ပုဂ္ဂိုလ်ကား— နိရောဓ သမာပတ် ဝင်စားခိုက်သော အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်၊ အသညသတ်ပုဂ္ဂိုလ်တို့တည်း။

နေ (38) ဝင်း

စိတ်ချုပ်ဆဲပုဂ္ဂိုလ်ကား- ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီပုဂ္ဂိုလ်တို့တည်း။ ဤသို့ထူးပါသည်။

(ဥပ္ပန္နမာန နန္ဒိရောမဝေါရကိုကြည့်ကသိနိုင်၏)

မေး☆ ပုဂ္ဂလဝါရ၌ ''ဥပ္ပဇ္ဇိတ္ထ''အရ ခဏနှစ်ပါးကို ကောက်ယူရခြင်းအကြောင်းကို ထင်ရှားအောင် ဖြေဆိုခဲ့ပါ။

ဖြေ☆ ယခုစိတ်ဖြစ်ဆဲ, ချုပ်ဆဲဖြစ်သော ပုဂ္ဂိုလ်သည် ရှေးစိတ်တို့၏ ဥပါဒ်ဆဲခဏကို လွန်ပြီးဖြစ်သော ကြောင့်''ဥပ္ပဇ္ဇိတ္ထ''အရ ခဏနှစ်ပါးကို ကောက်ယူ ရပါသည်။ (ယမကအဋ္ဌကထာ)

မေး☆ ''တဿ စိတ္တံဥပ္ပန္နံ''ဟူသော ပါဠိအရ'ဥပ္ပန္န'' အပြားကို ဖော်ပြ၍၊ ဤ၌လိုအပ်သော 'ဥပ္ပန္န' ကိုလည်း ညွှန်ပြခဲ့ပါ။

ဖြေ☆ ဥပ္ပန္နအပြားကား—ဝတ္တမာနုပ္ပန္န,ဘူတာပဂတုပ္ပန္န ဩကာသကတုပ္ပန္န,ဘူမိလဒ္ဓုပ္ပန္နအားဖြင့် လေးပါး ရှိပါသည်။

ဤ၌'ဝတ္တမာနုပ္ပန္န''ကိုလိုအပ်ပါသည်။

မေး☆ အောက်ပါစိတ်များသည် မည်သည့် စိတ်များ ဖြစ်ကြောင်းကိုထင်ရှားအောင်ဖော်ပြခဲ့ပါ။

(၁၃၁၀-၁၁-ခုနှစ်ကမေးခဲ့ဘူးပြီ)

(က)သရာဂပဋ္ဌိမစိတ်, (ဂ)ပဋ္ဌိမစိတ်,
(ခ)ပဋ္ဌိမကုသလစိတ်, (ဃ)ပဋ္ဌိမအဗျာကတစိတ်
[ထိုစိတ်တို့၏သူးပုံမေးကလည်း အတူတူပင်မှတ်လေ]

ဖြေ★(က)ပုထုဇဉ်,သောတာပန်,သကဒါဂါမ်,အနာဂါမ်
ပုဂ္ဂိုလ်တို့၏ အဆုံးစွန်သော လောဘမူ စိတ်ကို
နောက်ဆုံးစိတ်ဖြစ်သောကြောင့်'သရာဂပဋ္ဌိမစိတ်'
ဟုခေါ်သည်။

(ခ)အရဟတ္တမဂ်နောင် ကုသိုလ်မဥပါဒ်ပြီဖြစ်သော
ကြောင့် သတ္တဝါတို့၏ နောက်ဆုံး ဖြစ်သော
''အရဟတ္တမဂ်စိတ်'' ကို ''ပဋ္ဌိမကုသိုလ်စိတ်'' ဟု
ခေါ်သည်။

(ဂ)တိဟိတ် စုတိတေရသကို''ပဋ္ဌိမစိတ်''ဟု ခေါ်
သည်။

(ဃ)ရဟန္တာတို့၏ နောင်ဆုံးဖြစ်သော စုတိစိတ်ကို
''ပဋ္ဌိမအဗျာကတစိတ်''ဟုခေါ်သည်။

**'အနက်ပေးထူးခြားပုံများ'**

မေး★ ''ယဿစိတ္တံ ဥပ္ပဇ္ဇတိ၊ တဿစိတ္တံ ဥပ္ပဇ္ဇိဿတိတိ''
ဤပုစ္ဆာပါဠိကို ဝိဘင်းထုတ်၍ အရကောက်မျှော်
ပုဂ္ဂိုလ်ပေါ်အောင် အနက်လည်းယောဇနာခဲ့ပါ။
(၁၃၁၃-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ ဒိဘင်းကား— ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ စိတ္တံ ဥပ္ပဇ္ဇိတ္ထ၊ နော စ တေသံ စိတ္တံ ဥပ္ပဇ္ဇိဿတိ။ ဣတရေသံ တေသံ စိတ္တံ ဥပ္ပဇ္ဇိတ္ထ စေဝ ဥပ္ပဇ္ဇိဿတိ စ။ ။

အနက်ကား—ပစ္ဆိမစိတ္တသမင်္ဂီနံ- ပစ္ဆိမစိတ်၏ ခဏတ္တယ သမင်္ဂီနှင့် ပြည့်စုံကုန်သော၊ တေသံ- ထိုအရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား၊ စိတ္တံ—သည်၊ ဥပ္ပဇ္ဇိတ္ထ-ဖြစ်ဘူးပြီ၊ တေသံ-တို့အား၊စိတ္တံ—သည်၊ နော စ ဥပ္ပဇ္ဇိဿတိ–ဖြစ်လတ္တံ့မဟုတ်။

ဣတရေသံ- ပစ္ဆိမစိတ်၏ ခဏတ္တယသမင်္ဂီနှင့် ပြည့်စုံသော ပုဂ္ဂိုလ်မှ တပါးကုန်သော၊ တေသံ- ထိုပစ္ဆိမစိတ်မှ တပါး ခပ်သိမ်းသော စိတ်တို့၏ ခဏတ္တယသမင်္ဂီဖြစ်သော ပုထုဇဉ် လေးယောက် နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ် ရဟန္တာ ပုဂ္ဂိုလ်, အသညသတ် ပုဂ္ဂိုလ် တို့အား စိတ္တံ-သည်၊ဥပ္ပဇ္ဇိတ္ထစေဝ - ဖြစ်လည်း ဖြစ်ဘူးပြီ၊ ဥပ္ပဇ္ဇိဿတိစ-ဖြစ်လည်းဖြစ်လတ္တံ့၊ ဣတိဝိဿဇ္ဇနာ– သည်၊ဟောတိ–၏။

မေး☆ ''ယဿ ကုသလံ စိတ္တံဥပ္ပဇ္ဇိတ္ထ၊ တဿ ကုသလံစိတ္တံ ဥပ္ပဇ္ဇိဿတီတိ'' ဤပုစ္ဆာပါဠိ၏ဝိဿဇ္ဇနာပါဠိတော်ကို အရကောက်မျှော် ပုဂ္ဂိုလ်ပေါ်အောင် အနက်ဖော်ခဲ့ပါ။

[၁၃၂၀-၂၂-ခုနှစ်ကမေးခဲ့ဘူးပြီ]

ဖြေ★ **အနက်ကား**—အဂ္ဂမဂ္ဂသမင်္ဂီနံ– အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီ-ဖြစ်ကုန်သော၊ တေသံ-ထိုအရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့အားငင်း၊ အရဟန္တာနံ-အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ပစ္ဆိမစိတ်တိုင်အောင် အရဟတ္တဖလဋ္ဌာန်ဟုဆိုအပ်ကုန်သော၊ တေသံ—ထိုပုဂ္ဂိုလ်တို့အားငင်း၊ ကုသလစိတ္တံ-ကုသိုလ်စိတ်သည်၊ ဥပ္ပဇ္ဇတ္ထ—ဖြစ်ဘူးပြီ၊ တေသံ—တို့အား၊ ကုသလစိတ္တံ—သည်၊ နောစဥပ္ပဇ္ဇိဿတိ—ဖြစ်လတ္တံ့မဟုတ်။

ဍတရေသံ—၌မှ တပါးကုန်သော၊ တေသံ—ထိုအစမထင် သံသရာမှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်တိုင်အောင် ကျွတ်ထိုက်သောပုထုဇဉ် အောက်မဂ္ဂဋ္ဌာန် သုံးယောက်, အောက်ဖလဋ္ဌာန် သုံးယောက်,မဂ်ကို မရလတ္တံ့သော မကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့အား၊ ကုသလစိတ္တံ—သည်၊ ဥပ္ပဇ္ဇိတ္ထစေဝ-ဖြစ်လည်းဖြစ်ဘူးပြီ၊ဥပ္ပဇ္ဇိဿတိစ-ဖြစ်လည်းဖြစ်လတ္တံ့၊ဍတဝိဿဇ္ဇနာ-သည်၊ဟောတိ-၏။

မေး★ အတီတာနာဂတဝါရ၌ 'ယဿ စိတ္တံ ဥပ္ပဇ္ဇိတ္ထ (နောစ တဿ စိတ္တံ ဥပ္ပဇ္ဇိဿတိ)တဿစိတ္တံဥပ္ပဇ္ဇိဿတိ' ၌ပုစ္ဆာ၌'နောစ တဿစိတ္တံ ဥပ္ပဇ္ဇိဿတိ''ပါဌ် ပါ,မပါ စိစစ်၍ ဝိဘင်းထုတ်ပြီး အရကောက်ပြခဲ့ပါ...။

ဖြေ★'နောစ တဿ စိတ္တံဥပ္ပဇ္ဇိဿတိ'ပါဌ်ပါလျှင် 'အာမန္တာ' ဝိဘင်းတည်း။

နေ (39) ဝင်း

အနုလောမသန္နိဋ္ဌာန်ပုဒ်၏ အရကား-နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ် ရဟန္တာပုဂ္ဂိုလ် အသညသတ်ပုဂ္ဂိုလ်ရ၏။သံသယလည်း ၎င်းရ၏။

(ဥပ္ပန္နုပ္ပါဒဝါရကိုကြည့်၍သိနိုင်သည်)

၎င်းပါဠိမပါလျှင်–"ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ စိတ္တံ ဥပ္ပဇ္ဇိတ္ထ၊ နော စ တေသံ စိတ္တံ ဥပ္ပဇ္ဇိဿတိ၊ ဣတရေသံ တေသံ စိတ္တံ ဥပ္ပဇ္ဇိတ္ထစေဝ၊ဥပ္ပဇ္ဇိဿတိစ–ဟု ဝိဘင်းထုတ်ရ၏။ ။

အနုလောမသန္နိဋ္ဌာန်ပုဒ်၏အရကား-တိဟိတ်ဗုတ် တေရသ,စေတသိက် ပစ္စုတိ သတ္တို၏ ခဏတ္တယ သမင်္ဂီဟုဆိုအပ်သောအရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏ ပစ္ဆိမစိတ်မှတပါးသောခပ်သိမ်းသော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သောပုထုဇဉ်လေးယောက် အရိယာရှစ်ယောက်, နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ်,ရဟန္တာပုဂ္ဂိုလ်,အသညသတ်ပုဂ္ဂိုလ်လည်းရ၏။ သံသယကား–နောက်သာရ၏။

(ဥပ္ပါဒဝါရကိုကြည့်၍သိနိုင်၏)

သတိပြု– ဝိဘင်းထုတ် အရကောက်မေးရာ၌–၎င်းဝါရနှစ်ဝါရအရဝိဘင်းထုတ်အရကောက်မမှားရန် အထူးသတိချပ်ကြလေ သောတုဆွေ။ ။

## စိတ္တယမိုက် ပြီးပါပြီ။

# ဓမ္မယမိုက်
## ‘ပဏ္ဏတ္တိဝါရဥဒ္ဒေသ’
## ‘ပဒသောဓနဝါရ’

မေး ★ ဓမ္မယမိုက် ပဏ္ဏတ္တိဝါရဥဒ္ဒေသ ပဒသောဓနဝါရ၌ ရထိုက်သော နယ, ယမက, ပုစ္ဆာ, အတ္ထပေါင်း မည်မျှစီရှိပါသနည်း သင်္ချာမျှပြခဲ့ပါ။

ဖြေ ★ နယ ........................ ၂–ပါး။
ယမက ................ ၆–ပါး။
ပုစ္ဆာ .................... ၁၂–ပါး။
အတ္ထ .................... ၂၄–ပါးဖြစ်ပါသည်။

## ‘အလားတူမေးနိုင်သောဝါရများ’
## * ‘ပဒသောဓနမူလစက္ကဝါရ၌’

နယ .................... ၂–ပါး။
မူလ .................... ၆–ပါး။
ယမက ................ ၁၂–ပါး။
ပုစ္ဆာ .................... ၂၄–ပါး။
အတ္ထ .................... ၄၈–ပါးဖြစ်ပါသည်။

မှတ်ချက်–သုဒ္ဓဓမ္မဝါရ, သုဒ္ဓဓမ္မမူလ စက္ကဝါရ တို့၌လည်း ပဒသောဓနဝါရ, ပဒသောဓနမူလ စက္ကဝါရတို့နှင့် နည်းတူမှတ်ယူလေ။

မေး☆ ဓမ္မယမိုက် ပဏ္ဏတ္တိဝါရ၌—ရထိုက်သော ယမက, ပုစ္ဆာ, အတ္ထပေါင်းမည်မျှစီရှိပါသနည်း အသီးအသီး သင်္ချာမျှဖော်ပြခဲ့ပါ....

[လေးဝါရလုံးပေါင်း၍ရေတွက်သော်ဟူလို]

ဖြေ☆ ယမက .............. ၃၆—ပါး။

ပုစ္ဆာ ................ ၇၂—ပါး။

အတ္ထ ............... ၁၄၄—ပါးဖြစ်ပါသည်။

'ဘာဝနာဝါရခေါ်ပုံ'

မေး☆ ပရိညာဝါရကို အဘယ်ကြောင့် ဘာဝနာဝါရဟု ခေါ်ဆိုပါသနည်းရှင်းပြခဲ့ပါ။

(၁၃၀၉-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ ဤဓမ္မယမိုက်၌'ယောကုသလံ ဘာဝေတိ'စသည်ဖြင့် ဘာဝေတိသဒ္ဒါဖြင့် ဟောကြားတော်မူသောကြောင့် ပရိညာဝါရကို "ဘာဝနာဝါရ" ဟု ခေါ်ဆိုရပါသည်။ (ယမကအဋ္ဌကထာ)

မေး☆ ဓမ္မယမိုက်ပဏ္ဏတ္တိဝါရ၌ ဟောအပ်သော တရားပေါင်းချုပ်ကို ဖော်ထုတ်ပြခဲ့ပါ။

ဖြေ☆ဓမ္မယမိုက်ပဏ္ဏတ္တိဝါရ၌-ပရမတ္ထတရားလေးပါးလုံး (စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၈၊နိဗ္ဗာန်)နှင့် တကွ ပညတ်ကိုပါဟောပါသည်။

မေး☆ သုဒ္ဓဓမ္မဝါရ၌ဟောအပ်သော တရားပေါင်းချုပ်ကို ဖော်ထုတ်ပြခဲ့ပါ။

(၁၃၂၁-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ ပရမတ္ထတရား လေးပါး(စိတ်-၈၉၊ စေ-၅၂၊ ရုပ်-၂၈၊နိဗ္ဗာန်)တို့ကိုဟောပါသည်။

သတိပြု— သုဒ္ဓဖြစ်သောကြောင့် ပညတ္တိဓမ္မကို မဟောသည်ကိုသတိပြုပါ။ ။

မေး☆ ဓမ္မာကုသလာတိ၌ "ဓမ္မာ"ဟူသော သန္နိဋ္ဌာန် ပုဒ်အရတွင် မပါဝင်သော ဓမ္မမျိုး ရှိပါက အကြောင်းနှင့်တကွထုတ်ပြခဲ့ပါ။

ဖြေ☆ သုဒ္ဓဖြစ်သောကြောင့်"ဓမ္မာ"ဟူသော သန္နိဋ္ဌာန် ပုဒ်အရတွင် မပါဝင်သော ဓမ္မမျိုးကား "ပညတ္တိ ဓမ္မမျိုး"ဖြစ်ပါသည်။

## 'ပဝတ္တိဝါရဆက်စပ်မေးဖြေများ'

မေး☆ ဓမ္မယမိုက် ပဝတ္တိဝါရ၌ ဟောအပ်သော ပုဂ္ဂိုလ် များကို ကုန်စင်အောင် ထုတ်ပြခဲ့ပါ....

ဖြေ☆ ဓမ္မယမိုက် ပဝတ္တိဝါရ၌ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက် အရိယာပုဂ္ဂိုလ်ရှစ်ယောက်အားဖြင့်တဆဲ့နှစ်ယောက် လုံးကိုဟောပါသည်။

မေး☆ ဓမ္မယမိုက်ပဝတ္တိဝါရ၌ ပစ္စုပ္ပန် စသော ကာလ ဘေဒကို အဘယ်၏အစွမ်းအားဖြင့် ပိုင်းခြားရသည် ကို ညွှန်ပြခဲ့ပါ။

နေ (40) ဝင်း

ဖြေ☆ ဝမ္မယမိုက်ပဝတ္တိဝါရ၌ ပစ္စုပ္ပန်စသော ကာလ ဘေဒကို ပဋိသန္ဓေ၊ ပဝတ္တိ၊ စုတိတို့၏ အစွမ်းဖြင့် ပိုင်းခြားရပါသည်။

**'ဓမ္မတို့ကို ကာလအားဖြင့်ဝေဘန်ပုံ'**

မေး☆ ကုသိုလ်၊ အကုသိုလ်၊ အဗျာကတ တရားတို့ကို ပဋိသန္ဓေ၊ ပဝတ္တိ၊ စုတိကာလအားဖြင့်ခွဲခြားဝေဘန်ပြခဲ့ပါ။

ဖြေ☆ ကုသိုလ်၊ အကုသိုလ်၊ တို့သည်–ပဝတ္တိကာလ၌သာ ဖြစ်ကြသည်။

အဗျာကတတရားတို့ကား–ပဋိသန္ဓေ၊ ပဝတ္တိ၊ စုတိအားဖြင့် ကာလသုံးပါးလုံး၌ဖြစ်ပါသည်။

မေး☆ ဓမ္မယမိုက်၌(က)ကုသိုလ်(ခ)အကုသိုလ်၊(ဂ)အဗျာကတဖြစ်ဆဲသော ရကောင်းသောပုဂ္ဂိုလ်တို့ကိုအသီးအသီးကောက်ပြခဲ့ပါ။

(၁၃၁၈-ခုနှစ်ကမေးခဲ့ဘူးပြီ)

**'ကုသိုလ်သာဖြစ်ဆဲပုဂ္ဂိုလ်များ'**

ဖြေ☆ (က)အရူပဘုံ၌မဟာကုသိုလ်စိတ်၈ခု၊ အရူပကုသိုလ်လေးခု၊ အထက်မဂ်သုံးခုတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော တိဟိတ်ပုထုဇဉ်၊ အထက်မဂ္ဂဋ္ဌာန်သုံးယောက် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်တို့တည်း။

## ‘အကုသိုလ်သာ ဖြစ်ဆဲပုဂ္ဂိုလ်များ’

(ခ) အရူပဘုံ၌ လောဘမူရှစ်ခု မောဟမူနှစ်ခု စေတသိက် တေဝီသတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန် သုံးယောက်တို့တည်း။

## ‘အဗျာကတ သာဖြစ်ဆဲပုဂ္ဂိုလ်များ’

(ဂ) ပဉ္စသဒ္ဒေ စိတ်ကျေနဝီသ, စေတသိက်ပဉ္စတိံသ ကမ္မဇကလာပ်သုံးစည်း, ခုနစ်စည်း, လေးစည်း၊ အစရှိသော ဇီဝိတနဝက ကလာပ် ရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ခင်သိမ်းသော ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ်လေးယောက်' အောက် ဖလဋ္ဌာန်သုံးယောက်, ပဝတ္တိအခါ ဝိပါက်ဆတ္တိံသ, ကြိယါစိတ်ဝီသ, စေတသိက်အဋ္ဌတိံသ, စိတ္တဇရုပ်တို့ ၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ် လေးယောက်, ဖလဋ္ဌာန်လေးယောက်တို့တည်း။

မေး ✩ (က)ကုသလဓမ္မသာဖြစ်ဆဲ (ခ) အဗျာကတဓမ္မ သာဖြစ်ဆဲ(ဂ) ကုသလါဗျာကတဒွယဖြစ်ဆဲရသော ပုဂ္ဂိုလ်များကို ဝိဘင်းပါဠိမှထုတ်ပြခဲ့ပါ....

(၁၃၁၆--ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ (က) ဝိဘင်းကား—" အရူပေ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ"တည်း။

(ခ) "သဗ္ဗေသံ ဥပပဇ္ဇန္တာနံ ပဝတ္တေ ကုသလ ဝိပ္ပယုတ္တ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ"။

(ဂ) "ပဉ္စဝေါကာရေ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ"တည်း။

မေး☆(က) ကုသိုလ်ဖြစ်ဆဲ မဟုတ်သော ပုဂ္ဂိုလ်....

(ခ) အကုသိုလ် ဖြစ်ဆဲမဟုတ်သောပုဂ္ဂိုလ်,

(ဂ) အဗျာကတ ဖြစ်ဆဲမဟုတ်သောပုဂ္ဂိုလ်တို့ကို အသီးအသီးခွဲခြားကောက်ပြခဲ့ပါ။

[၁၂၉၁-ခုနှစ်ကမေးခဲ့ဘူးပြီ]

## ကုသိုလ်ဖြစ်ဆဲမဟုတ်သောပုဂ္ဂိုလ်များ

ဖြေ☆ (က) ခပ်သိမ်းသောစိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ, အကုသိုလ်စိတ်ဒွါဒသ, ဝိပါက်စိတ်ဆတ္တိံသ, ကြိယာစိတ်ဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်၄-ယောက်, အရိယာရှစ်ယောက်, နိရောဓသမာပတ်ဝင်စားခိုက်သော အနာဂါမ်, ရဟန္တာ, အသညသတ်ပုဂ္ဂိုလ်တို့တည်း။

**'အကုသိုလ်ဖြစ်ဆဲမဟုတ်သောပုဂ္ဂိုလ်များ'**

(ခ) ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ ကုသိုလ်စိတ်ကေဝီသ၊ ဝိပါက်စိတ်ဆတ္တိံသ၊ ကြိယာစိတ်ဝီသတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟုဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်၊ နိရောဓသမာပတ်ဝင်စားနိုက်သော အနာဂါမ်၊ ရဟန္တာ၊ အသညသတ်ပုဂ္ဂိုလ်တို့တည်း။

**'အဗျာကတဖြစ်ဆဲမဟုတ်သောပုဂ္ဂိုလ်များ'**

(ဂ) ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ အသညသတ်စဝန္တ၊ အရူပဘုံ၌ကုသိုလ်၊ အကုသိုလ်၊ တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်တို့တည်း။

**'ကု၊ အကု၊ အဗျာကတ သုံးပါးလုံးဖြစ်ဆဲမရ'**

မေး☆ ကုသိုလ် အကုသိုလ်၊ အဗျာကတ သုံးပါးလုံး ဖြစ်ဆဲမရသောပုဂ္ဂိုလ်များကို ပြည့်စုံစွာထုတ်ပြပါ။

(၁၃၁၆-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ ခပ်သိမ်းသော စဝန္တဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ်လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်၊ ပဝတ္တိအခါ၌ပင်သန္ဓေမှစ၍ စုတိ၏ အနန္တရတိုင်အောင် ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီဟုဆိုအပ်သောပုထုဇဉ်လေးယောက်၊ အရိယာရှစ်ယောက်တို့တည်း။

နေ့ (41) ဝင်း

ဒီဃနိကာယ်ဋ္ဌ မေးပါက–"သမ္မောသံ ဝေနယံ ဒိနံ, ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ"ဟုဖြေလေ။

မေး ✫ ကုသလဓမ္မ, အကုသလဓမ္မ, အဗျာကတဓမ္မတို့ကို ဘုံ, ပုဂ္ဂိုလ်အားဖြင့် အသီးအသီး ခွဲခြားပြခဲ့ပါ။

ဖြေ ✫ ကုသလဓမ္မသည်– ဘုံအားဖြင့်– အသညသတ်ကြဉ်သောဘုံ သုံးဆယ်တို့ဥ်ဖြစ်၏။

ပုဂ္ဂိုလ်အားဖြင့်–ပုထုဇဉ်လေးယောက်, မဂ္ဂဋ္ဌာန်လေးယောက်, အောက်ဖလဋ္ဌာန် သုံးယောက်တို့ဥ်ဖြစ်၏။

အကုသလဓမ္မသည်–ဘုံအားဖြင့် အသညသတ်ကြဉ်သောဘုံ သုံးဆယ်တို့ဥ်ဖြစ်၏။

ပုဂ္ဂိုလ်အားဖြင့် ပုထုဇဉ်လေးယောက်, အောက်ဖလဋ္ဌာန်သုံးယောက်တို့ဥ်ဖြစ်၏။

အဗျာကတဓမ္မသည် –ဘုံအားဖြင့်– အလုံးစုံသောဘုံဥ်ဖြစ်၏၊ ပုဂ္ဂိုလ်အားဖြင့်– အလုံးစုံသော ပုဂ္ဂိုလ် နိရောသမာပတ် ဝင်စားခိုက်သောပုဂ္ဂိုလ် အသညသတ်ပုဂ္ဂိုလ်တို့ဥ်ဖြစ်၏။

## ကုသိုလ်ဖြစ်ခိုက် အကုသိုလ်ဖြစ်မဖြစ်

မေး ✫ ကုသိုလ်ဖြစ်နေခိုက်ပုဂ္ဂိုလ်မှာအကုသိုလ်ဖြစ်နေခိုက် ဟုတ်မှုဟုတ်သာဓကနှင့်သဘာဝကိုထုတ်ပြပါ။

ကုသိုလ်ဖြစ်ဆဲ ပုဂ္ဂိုလ်အား အကုသိုလ်ဖြစ်ဆဲ ဟုတ်မဟုတ်ဟူလို၊ (၁၃၂၀-ခုနှစ်ကမေးခဲ့ဘူးပြီ)

၉၉☆ ကုသိုလ်ဖြစ်နေခိုက်ပုဂ္ဂိုလ်မှာ အကုသိုလ်ဖြစ်နေခိုက်မဟုတ်ပါ။

**သာဓက**-'ယဿ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ အကုသလာ ဓမ္မာဥပ္ပဇ္ဇန္တီတိ' နော။

သဘာဝစကား—တခုသောစိတ်၏ ဥပ္ပါဒက္ခဏာ၌ ကုသိုလ် အကုသိုလ်နှစ်ပါးစုံပြိုင်၍ မဖြစ်နိုင်သောကြောင့်တည်း။

၁၀၀☆ အကုသိုလ်မဖြစ်လျှင် ကုသိုလ်ဖြစ်၏ ဟူ၍၎င်း, ကုသိုလ်မဖြစ်လျှင် အကုသိုလ်ဖြစ်၏ဟူ၍၎င်း ပြောဆိုလေ့ရှိသော အဆိုရှင်၏စကားသည် သင့်မသင့် သာဓကပြ၍ ချေပဖြေဆိုခဲ့ပါ။

(၁၉၂၇-ခုနှစ်ကမေးခဲ့ဘူးပြီ)

၁၀၁☆ 'ယဿ ကုသလာဓမ္မာ နုပ္ပဇ္ဇန္တိ၊ တဿ အဗျာကတာ ဓမ္မာ နုပ္ပဇ္ဇန္တီတိ၊ 'သဗ္ဗေသံ ဥပပဇ္ဇန္တာနံ ပဝတ္တေ ကုသလဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ၊ 'ယဿ အကုသလာ ဓမ္မာ နုပ္ပဇ္ဇန္တိ၊ တဿ အဗျာကတာ ဓမ္မာ နုပ္ပဇ္ဇန္တီတိ' 'သဗ္ဗေသံ ဥပပဇ္ဇန္တာနံ ပဝတ္တေ အကုသလ ဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ-ဟုဟောတော်မူသောကြောင့် ထိုအဆိုရှင်၏ စကားသည်မသင့်ပါ၊ အဗျာကတ ဖြစ်သေးသည် ဟူလို၊ အိပ်ပျော်နေစဉ်သာ အခါ စသည်ကိုယူလေ။

## ''နော ဝိဘင်းထွက်ရပုံ''

မေး★ ''ယဿ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ''၌ 'အာမန္တာ' ဝိဘင်းမထွက်မူ၍ နော ဝိဘင်းထွက်ရကြောင်းကို ရှင်းပြပါ။

ဖြေ★ ကုသိုလ်စိတ်ဥပါဒ်ဆဲခဏ၌ အကုသိုလ်စိတ်မဥပါဒ်နိုင်သောကြောင့် 'အာမန္တာ' ဝိဘင်း မထွက်မူ၍ 'နော' ဝိဘင်းထွက်ရပါသည်။

မေး★ ယဿ ဝါပန အဗျာကတာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ 'သဗ္ဗေသံ ဥပပဇ္ဇန္တာနံ' ပဝတ္တေ ကုသလဝိပ္ပယုတ္တ စိတ္တဿ ဥပ္ပါဒက္ခဏေ, (နိရောဓသမာပန္နာနံ, အသညသတ္တာနံ) တေသံ ဟူသော ဝိဘင်းပါဠိ၌ လက်သည်းကွင်းအတွင်း၌ရှိ ပါဠိများပါဝင်လျှင် မှန်မမှန် ဆုံးဖြတ်ခဲ့ပါ။

ဖြေ★ ၎င်းဝိဘင်းကား–အဗျာကတ တရားသည် ဒုက္ခသစ္စာနှင့်အလားတူသောကြောင့် ရှေးသစ္စယမိုက်ကို ထောက်ဆသော်'နိရောဓသမာပန္နာနံ အသညသတ္တာနံ' ဟူသော လက်သည်းကွင်း အတွင်း၌ရှိ ပါဠိများ မပါသော ဝိဘင်းသာမှန်ပါသည်။

(အရကောက်ကျမ်းလက်သည်းကွင်းထဲမှာရှုလေဦး:)

အမှာ–ထင်ရှားစွာသိလိုပါက''ယမကနိဒီကျမ်း ပထမတွဲစာမျက်နှာ(၂၇၀)မှာရှုလေ။

## 'ကုသလဝိပ္ပယုတ္တစိတ္တ-အရ မပါဝင်သည့်စိတ်'

မေး ☆ ပဝတ္တေ ကုသလ ဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ အဗျာကတာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ နော စ တေသံ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ဤ၌ ကုသလဝိပ္ပယုတ္တစိတ္တ အရတွင် မပါဝင်ထိုက်သော ကုသလဝိပ္ပယုတ္တ စိတ်မျိုးရှိသေးပါက အကြောင်းနှင့်တကွ ပြခဲ့ပါ။

ဖြေ ☆ အရူပဘုံ၌ဖြစ်သော အကုသိုလ်စိတ်ရှိပါသေးသည်။

**အကြောင်းကား** အရူပဘုံ၌ဖြစ်သော အကုသိုလ်စိတ်သည် ရုပ်ကိုမဖြစ်စေနိုင်၍ အဗျာကတ မမည်သောကြောင့်တည်း။

**မှတ်ချက်**- ကုသိုလ်နှင့် အဗျာကတ, အကုသိုလ်နှင့် အဗျာကတမူလီတို့၌- "ပဉ္စဝေါကာရဘုံ၌ ဖြစ်သောကုသိုလ်, အကုသိုလ်တို့သည် အဗျာကတ ဖြစ်ဆဲမဟုတ်သော်လည်း၊ ၎င်းတို့ပြုအပ်သော စိတ္တဇ ရုပ်သည် အဗျာကတပင်ဖြစ်သောကြောင့်....

ပဉ္စဝေါကာရဘုံ၌ဖြစ်သော ကုသိုလ်, အကုသိုလ် တို့၏ ဥပ္ပါဒက္ခဏ၌ အဗျာကတဖြစ်ဆဲရ၏၊

"စတုဝေါကာရဘုံ၌ ဖြစ်သော ကုသိုလ် အကုသိုလ်တို့သည် ရုပ်ကိုမဖြစ်စေနိုင်သောကြောင့် ထိုစတုဝေါကာရဘုံ၌ဖြစ်သော ကုသိုလ်, အကုသိုလ် တို့၏ ဥပ္ပါဒက္ခဏ၌ အဗျာကတ ဖြစ်ဆဲမရဟု မှတ်လေ။

**နေ့ (42) ဝင်း**

## 'ကုသလ, အကုသလဝိပ္ပယုတ္တစိတ်'

မေး☆ အဘယ်စိတ်များကို 'ကုသလဝိပ္ပယုတ္တ, အကုသလဝိပ္ပယုတ္တစိတ်' ဟု ခေါ်ပါသနည်း။ ထုတ်ပြခဲ့ပါ။

ဖြေ☆ ဝိပါက်စိတ်, ကြိယာစိတ်၊ (တနည်း) အဗျာကတစိတ်တို့ကို 'ကုသလဝိပ္ပယုတ္တ, အကုသလဝိပ္ပယုတ္တစိတ်' ဟုခေါ်ပါသည်။

**မှတ်ချက်**—ကုသလ ဝိပ္ပယုတ္တစိတ်, ဟု သီးခြားမေးလျှင် 'ကုသလဝိပ္ပယုတ္တစိတ်' ဟူသည် ကုသိုလ်မဟုတ်သော ''အကုသိုလ်, ဝိပါက်, ကြိယာစိတ်'' တို့ကိုဖြေလေ။

မေး☆ အောက်ပါစိတ်တို့ကို အကြောင်းနှင့်တကွ အသီးအသီး ဖော်ထုတ်ပြခဲ့ပါ။

(က) မုချ ဒုတိယ အကုသိုလ်စိတ်,

(ခ) တံသဒိသ ဒုတိယ အကုသိုလ်စိတ်,

(ဂ) မုချ ဒုတိယစိတ်,

(ဃ) တံသဒိသ ဒုတိယစိတ်,

[၁၃၁၀-ခုနှစ်ကမေးခဲ့ဘူးပြီ]

ဖြေ☆ (က) ဘဝနိကန္တိက ဒုတိယဇောစိတ်ကို 'မုချဒုတိယအကုသိုလ်စိတ်' ဟုခေါ်ပါသည်။

အကြောင်းကား— ပထမဇောကို ထောက်၍ ဒုတိယမြောက် အကုသိုလ်စိတ် ဖြစ်သောကြောင့်တည်း။

(ခ) ဘဝနိကန္တိက တတိယဇောမှစ၍ ရှေးဦးစွာ ဖြစ်သောမဟါကုသိုလ်ပထမဇောတိုင်အောင်သော စိတ်တို့ကို''တံသဒိသ ဒုတိယ အကုသိုလ်စိတ်''ဟု ခေါ်ပါသည်။

အကြောင်းကား– ဘဝနိကန္တိက မုချ ဒုတိယ အကုသိုလ်စိတ်နှင့် ကုသိုလ် ဖြစ်ဘူးပြီးသည်ကို အတိတ်၌ မရကောင်းသော အဖြစ်ဖြင့် တူသော ကြောင့်တည်း။

(ဂ) ပဋိသန္ဓေနောင် ပထမ ဘဝင်စိတ်ကို ''မုချဒုတိယစိတ်''ဟုခေါ်ပါသည်။

အကြောင်းကား–ပဋိသန္ဓေစိတ်ကို ထောက်၍ ထိုဘဝင်စိတ်သည် နှစ်ခုမြောက်စိတ် ဖြစ်သော ကြောင့်တည်း။

(ဃ) ပဋိသန္ဓေစိတ်, ကြွင်းသော ဘဝင်ကဆဲ့ ငါးချက်, မနောဒွါရာဝဇ္ဇန်း, ဘဝနိကန္တိက ပထမဇော ဤတဆဲ့ ရှစ်ချက်သော စိတ်တို့ကို ''တံသဒိသ ဒုတိယစိတ်''ဟုခေါ်ပါသည်။

အကြောင်းကား-ထိုစိတ်များသည် မုချဒုတိယ စိတ်နှင့် အကုသိုလ်ဖြစ်ဘူးပြီးသည်ကို အတိတ်၌ မရကောင်းသော အဖြစ်ဖြင့် တူသောကြောင့် တည်း။

**အမှာ**— အကြောင်းပြမပါဘဲ သီးခြားလည်း မေးနိုင်ပါသည်။

သတိပြုကြည့်ရှု၍ ဖြေတော်မူကြပါလေ။

**မေး**☆ ကုသိုလ်, ဝိပါက်, ကြိယာစိတ်တို့ကို သာဝဇ္ဇ ဒုက္ခဝိပါကဟု ဆိုအပ်သော အကုသိုလ် သဘော ရှိကြသောကြောင့်''တံသဒိသ ဒုတိယ အကုသိုလ် စိတ်''ဟု ခေါ်ဆိုရပါသလော.... အကြောင်းပြ ဖြေဆိုခဲ့ပါ။

(၁၃၁၀-ခုနှစ်ကမေးခဲ့ဘူးပြီ)

**ဖြေ**☆ ကုသိုလ်, ဝိပါက်, ကြိယာ စိတ်တို့သည် သာဝဇ္ဇဒုက္ခဝိပါက-ဟု ဆိုအပ်သော အကုသိုလ် သဘောရှိသောကြောင့် 'တံသဒိသအကုသိုလ်စိတ်' ဟုခေါ်ဆိုရသည်မဟုတ်ပါ။ ထိုစိတ်တို့ကိုပင် မှချ ဒုတိယအကုသိုလ်စိတ်နှင့် ကုသိုလ်ဖြစ်ဘူးပြီးသည် ကို အတိတ်၌မရကောင်းသော အဖြစ်ဖြင့် တူသော သဘောကြောင့် သဒိသူပစာအားဖြင့် 'တံသဒိသ ဒုတိယအကုသိုလ်စိတ်''ဟုခေါ်ရပါသည်။ ။

**မေး**☆ သုဒ္ဓါဝါသာနံ ဒုတိယေ အကုသလေ စိတ္တေ ဝတ္တမာနေ တေသံတတ္ထ အကုသလာဗျာကတာ ဥပ္ပဇ္ဇိတ္ထ နောစတေသံတတ္ထ ကုသလာဗျာကတာ ဥပ္ပဇ္ဇိတ္ထ၊ ဤ၌မှချ တံသဒိသဒုတိယစိတ္တဒွယကို ခွဲခြားဖော်ပြခဲ့ပါ။

(၁၃၁၄-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ သုဒ္ဓါဝါသဘုံ၌ ဘဝနိကန္တိက ဒုတိယဇောသည် ''မုချဒုတိယစိတ်''ဖြစ်ပါသည်။
တတိယဇောမှစ၍ ရှေးဦးစွာသောမဟာကုသိုလ် ပထမဇောတိုင်အောင် ''တံသဒိသ ဒုတိယစိတ်'' ဖြစ်ပါသည်။ ॥

**အမှာ**—အထက်ပါ အဖြေများနှင့် မတူသည်ကို သတိပြု၍ ကြွင်းသောအလားတူဝိဘင်းများ၌လည်း တံသဒိသ ဒုတိယစိတ်များကိုဤနည်းနှင်နှင် ဖြေဆိုကြလေ၊

မေး☆အကုသိုလ်မခြားတဲ မဂ်လေးတန်ကို ရလတ္တံ့သော ပုဂ္ဂိုလ်များအား အဘယ်မှစ၍ အဘယ်တိုင်အောင် ကုသိုလ်သာ ဖြစ်လတ္တံ့၊ အကုသိုလ် မဖြစ်လတ္တံ့၊ အဘယ်မှစ၍ အဘယ် တိုင်အောင် နှစ်ပါးစုံ ဖြစ်လတ္တံ့ကိုပိုင်းခြားပြခဲ့ပါ။

(၁၃၁၇-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ အဆုံးစွန်သော အကုသိုလ်မှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရ ဖြစ်သော အနုလုံ တိုင်အောင်ကား(ကုသိုလ်သာဖြစ်လတ္တံ့၊အကုသိုလ် မဖြစ်လတ္တံ့)
အစမထင်သံသရာမှစ၍အဆုံးစွန်သေါအကုသိုလ်၏ အနန္တရတိုင်အောင်ကား(ကုသိုလ်၊အကုသိုလ်၊ နှစ်ပါးစုံဖြစ်လတ္တံ့)

နေ (43) ဝင်း

## 'ထိုအဖြေကိုပင်ထပ်၍အထူးမေးနိုင်ပုံ'

မေး☆ အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့ဖြစ်သည့် အောက်ပါပုဂ္ဂိုလ်များအား ဖြစ်လတ္တံ့မဖြစ်လတ္တံ့ ကုသလာကုသလဓမ္မများကို ဖြေဆို၍ပြခဲ့ပါ။

{က} အဆုံးစွန်သော အကုသိုလ်မှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်တိုင်အောင်၊

{ခ} အစမထင် သံသရာမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရတိုင်အောင်၊

{ဂ} အရဟတ္တမဂ်မှစ၍ ပစ္ဆိမစိတ်တိုင်အောင်။

ဖြေ☆(က) ကုသိုလ်ဓမ္မသာဖြစ်လတ္တံ့၊

(ခ) ကုသိုလ်ဓမ္မ, အကုသိုလ် ဓမ္မ နှစ်ပါးစုံဖြစ်လတ္တံ့၊

(ဂ) ကုသိုလ်ဓမ္မ, အကုသိုလ်ဓမ္မ, နှစ်ပါးစုံမဖြစ်လတ္တံ့၊

အမှာ — အထက်ပါ မေးဖြေမျိုးများကို ဤကျမ်း အနာဂတ ပုဂ္ဂလဝါရ ကုသမူ၊ အကုမူလီခွဲဝေပုံတွင် ကြည့်က အလွန် ထင်ရှားသည်ကို တွေ့ရပေလိမ့်မည်။

အခြားသော မူလ, မူလီများကိုအလားတူမေးနိုင်သည်ကို သတိပြုပါလေ သောတုဆွေ။ ။

မေး ☆ ယဿဝါပနယတ္ထ အဗျာကတာဓမ္မာ ဥပ္ပဇ္ဇိဿန္တိ၊ တဿ တတ္ထ ကုသလာဓမ္မာ ဥပ္ပဇ္ဇိဿန္တီတိ။

ဤ၌ တဘက်ရ ဖြစ်ထိုက်သော အောက်ပါ စတုဝေါကာရ ပဉ္စဝေါကာရ မဖြစ်ပြန်ကောင်း ပုဂ္ဂိုလ်များကို သင့်သလိုပိုင်းခြား၍ အရကောက် ပြခဲ့ပါ။

[၁၃၁၇-ခုနှစ်ကမေးခဲ့ဘူးပြီ]

(က) မရဏာသန္န ကုသိုလ်ဇောစောမည့်သူ၊

(ခ) မရဏာသန္န အကုသိုလ်ဇောစောမည့်သူ၊

ဖြေ ☆ (က) မရဏာသန္နဇောသည် ကုသိုလ်ဇောဖြစ်အံ့- မရဏာသန္န ပဉ္စမဇောမှစ၍ စုတိ၏ အနန္တရ တိုင်အောင်၊

(ခ) အကုသိုလ်ဇောဖြစ်အံ့ — အဆုံး စွန်သော ကုသိုလ်ဇောမှစ၍ စုတိ၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယ သမင်္ဂီဖြစ်သော ကျွတ်ထိုက်သောပုထုဇဉ် လေးယောက်, အောက် မဂ္ဂဋ္ဌာန်သုံးယောက်, အောက်ဖလဋ္ဌာန်သုံးယောက် တို့အား စတုဝေါကာရလေးဘုံ, အကနိဋ္ဌကြဉ်သော ပဉ္စဝေါကာရ နှစ်ဆဲ့ငါးဘုံ ရ၏၊

## 'ဘာဝနာဝါရ ခက်ဆစ်မေးဖြေများ'
## 'အဗျာကတ ဓမ္မ မဟောသင့်ပုံ'

မေး☆ 'ယောကုသလံဓမ္မံ ဘာဝေတိ၊ သောအဗျာကတံ ဓမ္မံ ပဇဟတီတိ''ဟူ၍ ဟောသင့် မဟောသင့် ဆုံးဖြတ်ခဲ့ပါ။

(၁၃၁၈-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ အဗျာကတဓမ္မသည် ဘာဝေတဗ္ဗလည်း မဟုတ် ပဟာတဗ္ဗလည်းမဟုတ်သောကြောင့် မဟောသင့်။

## 'ထပ်၍မေးဦးအံ့'

မေး☆ ဘာဝနာဝါရ၌ 'အဗျာကတဓမ္မ'ကို မဟောရခြင်း အကြောင်းကို အကျဉ်းချုပ်၍အဖြေထုတ်ခဲ့ပါ။

(၁၃၁၉-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ အဗျာကတဓမ္မသည် ကုသိုလ်ဓမ္မကဲ့သို့ ပွါးများအပ်သောတရားလည်းမဟုတ်၊ အကုသိုလ်ဓမ္မကဲ့သို့ ပယ်အပ်သော တရားလည်း မဟုတ်သောကြောင့် ဘာဝနာဝါရ၌''အဗျာကတဓမ္မ''ကို မဟောပါ။

မေး☆ အကုသိုလ်တရားကို ပယ်စွန့်မည့် ပုဂ္ဂိုလ်သည် ကုသိုလ်တရားပွါးများမည့် ပုဂ္ဂိုလ်ဖြစ်ပါသလော– အကြောင်းနှင့်တကွ ပုဂ္ဂိုလ်အမည်ပါ ထင်ရှားအောင်ပြခဲ့ပါ....

(၁၃၂၀-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ အကုသိုလ်တရားကို ပယ်စွန့်မည့်ကျွတ်ထိုက်သော ပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက် တို့သည် ကုသိုလ်တရားကို ပွါးများမည့်ပုဂ္ဂိုလ်များဖြစ်ကြပါသည်။

**အကြောင်းကား** - ကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်သည်၊ မဂ်လေးပါးကို ရအောင်၊ အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန် သုံးယောက်တို့သည်ထိုက်သင့်သည်အားလျော်စွာအထက်မဂ်ကို ရအောင်ပွါးများအားထုတ်ရမည်ဖြစ်သောကြောင့်တည်း။

## "ဘာဝေတဗ္ဗ ဓမ္မ မဟုတ်ပုံ"

မေး☆ အဗျာကတတရားတို့သည် ဘာဝေတဗ္ဗ တရားဖြစ်သင့်ပါလျက် အဘယ်ကြောင့်အဗျာကတတရားတို့ကို ဘာဝေတဗ္ဗတရားမဟုတ်ဟုဆိုနိုင်ပါသနည်း။

ဖြေ☆ အဗျာကတ တရားတို့မှာ - မဖြစ်သေးသော အဗျာကတ တရားကို ဖြစ်စေအောင်၊ ဖြစ်ပြီးသော အဗျာကတတရားတို့ကို တိုးပွါးလေအောင် ပွါးစေအပ်သော ဘာဝေတဗ္ဗ သဘောမရှိသောကြောင့် ငင်း၊ ဝိပဿနာ ဉာဏ်စသည်တို့၏ အာရုံမျှသာ ဖြစ်သောကြောင့် ဘာဝေတဗ္ဗတရား မဟုတ်ဟု ဆိုနိုင်ပါသည်။

**နေ (44) ဝင်း**

မေး☆ မွှယမိုက် ဝါရ (၃)ပါးလုံး၏ မွှသရုပ်ကို ဝါရအားလျော်စွာ ခွဲခြားဖော်ထုတ်ပြခဲ့ပါ။

(၁၉၂၆-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ ပဏ္ဏတ္တိဝါရ—ကုသလ, အကုသလ, အဗျာကတ (၃)ပါး။

ပဝတ္တိဝါရ၌—ရင်းနည်းတူ(၃)ပါးပင်တည်း။

ဘာဝနာဝါရ၌ — ကုသလ, အကုသလမွေ နှစ်ပါးသာတည်း။

## "အနက်ပေးပုံ အထူးများ"

မေး☆ အောက်ပါပုစ္ဆာပါဠိတော်ကို ဝိဿဇ္ဇနာ ဝိဘင်း ယုတ်၍ အနက်ယောဇနာခဲ့ပါ။

(၁၃၁၅-ခုနှစ်ကမေးခဲ့ဘူးပြီ)

ယဿ ဝါပန ယတ္ထ အဗျာကတာဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ တတ္ထ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇိဿန္တီတိ။

(အခြားသော ဝိဿဇ္ဇနာပါဠိတို့ကိုလည်း ဤနည်းနှင်နှင် မေးနိုင်သေးသည်)

ဖြေ☆ ဝိဘင်းကား—"သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ, အသညသတ္တာနံ တေသံ တတ္ထ အဗျာကတာဓမ္မာ ဥပ္ပဇ္ဇန္တိ နော စ တေသံ တတ္ထ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇိဿန္တိ"

'ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ အဗျာကတာစ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ ကုသလာစ ဓမ္မာ ဥပ္ပဇ္ဇန္တိ''

**အနက်ဘာသာ** - ဒုတိယေ- သော၊ စိတ္တေ- ပဋိသန္ဓေနောင်ပထမဘာင်စိတ်သည်၊ ဝတ္တမာနေ- ဖြစ်လတ်သော်၊ သုဒ္ဓါဝါသာနံ- သုဒ္ဓါဝါသဘုံ၌ ဖြစ်ကုန်သော၊ တေသံ - ထိုပုဂ္ဂိုလ် တို့အား လည်းကောင်း၊ အသညသတ္တာနံ-အသညသတ်ဘုံ၌ ဖြစ်ကုန်သော၊ တေတံ - ထိုပုဂ္ဂိုလ် တို့အား လည်းကောင်း၊ တတ္ထ ထိုသုဒ္ဓါဝါသဘုံ အသညသတ် ဘုံ၌၊ [အကြွင်းအနက်ပေးလေသိသာပြီ]

ဣတရေသံ-သုဒ္ဓါဝါသဘုံ၌ ဒုတိယစိတ်နှင့် ပြည့်စုံသော၊ ပုဂ္ဂိုလ်မှ တပါး ကုန်သော၊ စတုဝေါကာရာနံ-စတုဝေါကာရဘုံ၌ ဖြစ်ကုန် သော၊ တေသံ- ထိုပုဂ္ဂိုလ်တို့အား လည်းကောင်း၊ ပဉ္စဝေါကာရာနံ- ကုန်သော၊ တေသံ-တို့အား လည်းကောင်း၊ (အကြွင်းသိသာပြီ)

မေး ✡ ယဿဝါပန အဗျာကတာဓမ္မာ ဥပ္ပဇ္ဇိဿန္တိ၊ တဿအကုသလာဓမ္မာဥပ္ပဇ္ဇိဿန္တီတိ၊ ဤပုစ္ဆာ ပါဠိ၏ ဝိဿဇ္ဇနာပါဠိတော်ကို အရကောက်မျှော် ပုဂ္ဂိုလ်ပေါ်အောင် အနက်ပေါ်ခဲ့ပါ။

[၁၃၁၉-ခုနှစ်ကမေးခဲ့ဘူးပြီ]

ပြဲ★ **အနက်ကား—** အဂ္ဂမဂ္ဂသမင်္ဂီနံ—အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဖြစ်သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်တို့အားလည်းကောင်း၊ အရဟန္တာနံ— အရဟတ္တမဂ္ဂါနန္တရ ဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အားလည်းကောင်း၊ ယဿ စိတ္တဿ-အကြင်ဝေါဒါန်စိတ်၏၊ အနန္တရာ—အခြားမဲ့၌၊ အဂ္ဂမဂ္ဂံ-အရဟတ္တမဂ်ကို၊ ပဋိလဘိဿန္တိ—ရကုန်လတ္တံ့၊ တေသံ=ထိုဝေါဒါန်စိတ်နှင့်၊ သမင်္ဂီနံ — ပြည့်စုံကုန်သော၊ တေသံ—ထိုအနာဂါမိဖလဋ္ဌာန် ပုဂ္ဂိုလ်တို့အားလည်းကောင်း၊ အဗျာကတာ-ကုန်သော၊မေ့ာ-တို့သည်၊ ဥပ္ပဇ္ဇိဿန္တိ-ကုန်လတ္တံ့၊တေသံ-တို့အား၊အကုသလာ-ကုန်သော မေ့ာ-တို့သည်၊နောစ ဥပ္ပဇ္ဇိဿန္တိ-မဖြစ်ကုန်လတ္တံ့၊

ဉာတရေသံ— အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီဖြစ်သော အရဟတ္တ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ်၏၊ အနန္တရ ကိုင်အောင်၊ အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်, အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ခဏတ္တယသမင်္ဂီဖြစ်သောအနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်မှ တပါးကုန်သော တေသံ—ထိုအစမထင် သံသရာမှစ၍ အရဟတ္တ မဂ်၏ ရှေးဝေါဒါန်တိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ကျွတ်ထိုက်သော

ပုထုဇဉ်, အောက်မဂ်ဌာန် သုံးယောက်, အောက်ဖိုလ်ဌာန်သုံးယောက်, မဂ်ကိုမရလတ္တံ့သောမကျွတ်ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့အား၊အဗျာကတာ–ကုန်သော၊ ဓမ္မာစ–တို့သည်လည်း၊ ဥပ္ပဇ္ဇိဿန္တိ၊ ဖြစ်ကုန်လတ္တံ့၊ အကုသလာ–ကုန်သော၊ ဓမ္မာစ–တို့သည်လည်း၊ ဥပ္ပဇ္ဇိဿန္တိ ‑ ဖြစ်ကုန် လတ္တံ့၊ ဣတိဝိဿဇ္ဇနာ–သည်၊ဟောတိ–၏။

## ‘ပဝတ္တိ ဥပ္ပါဒ ပစ္စုပ္ပန္န ပုဂ္ဂလဝွဲ့ဝေပုံ’
## ကုသလမူ ...အကုသလမူလီ
## ‘ဝိဘင်းထုတ်–အရကောက်’

မေး☆ အောက်ပါပုစ္ဆာ ပါဠိတော်ကို ဝိဘင်းထုတ်၍ သန္နိဋ္ဌာန်တဘက်ရမျှ ကောက်ပြခဲ့ပါ။

{အရရရှာ၍သို့နှင်နှင်မေးနိုင်သည်သတိပြု}

ယဿ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊

တဿ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တီတိ။

### သို့မဟုတ်

ခမေး☆အောက်ပါ ပုဂ္ဂိုလ်များကို အသီးအသီးခွဲခဝပြပါ။

(က) ကုသိုလ်သာဖြစ်ဆဲဖြစ်သောပုဂ္ဂိုလ်၊

(ခ) အကုသိုလ်သာဖြစ်ဆဲ ဖြစ်သော ပုဂ္ဂိုလ်၊

(ဂ) ၎င်းတို့နှစ်ပါးစုံ ဖြစ်ဆဲပုဂ္ဂိုလ်၊

(ဃ) ၎င်းတို့နှစ်ပါးစုံဖြစ်ဆဲ မဟုတ်သောပုဂ္ဂိုလ်,

(ရှေ့မူလမူလီများမှာလည်း၍နည်းနှင်နှင်မှတ်)

နေ့ (45) ဝင်း

## ‘ကုသိုလ်သာဖြစ်ဆဲရသောပုဂ္ဂိုလ်’

ဋြေ☆ (က) ကုသိုလ် ကေဝီသ,စေတသိက် အဌတိံသ
တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော ပုထုဇဉ်
လေးယောက်, အရဟတ္တ ဖလဋ္ဌာန် ကြဉ်သော
အရိယာခုနစ်ယောက်ရ၏။

(အနုလု-အနု-သဋ္ဌိဋ္ဌာန်တဘက်ရ)

ဝိဘင်းကား——အနုလုံ–“နော”တည်း။
ပစ္စနိက်-ပဋိ,တဘက်ရ“ကုသလာနံ ဥပ္ပါဒက္ခဏေ
တေသံ”ဟုထုတ်။

## ‘အကုသိုလ်သာဖြစ်ဆဲရသောပုဂ္ဂိုလ်’

(ခ) အကုသိုလ်စိတ် ဒွါဒသ, စေတသိက်
သတ္တဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော
ပုထုဇဉ်လေးယောက်,အောက်ဖလဋ္ဌာန်သုံးယောက်
ရ၏။

(အနုလု-ပဋိလောမ,တဘက်ရ)

ဝိဘင်းကား–အနုလုံ–“နော”တည်း။
ပစ္စနိက်- ပဋိတဘက်ရ “အကုသလာနံ ဥပ္ပါ
ဒက္ခဏေ တေသံ”ဟုထုတ်။

{ဂ} ကုသိုလ်,အကုသိုလ်နှစ်ပါးစုံဖြစ်သောပုဂ္ဂိုလ်၊
မရှိ။

**ကု, အကုန္စ်ပါး စုံဖြစ်ဆဲမဟုတ်သော ပုဂ္ဂိုလ်၊**

{ဿ} ခပ်သိမ်းသော စိတ်တို့၏ ဘင်္ဂက္ခဏသမင်္ဂီ၊ ဝိပါက်ဆတ္တိံသ ကြိယာဝီသတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ပုထုဇဉ်လေးယောက်, နိရောဓသမာပတ် ဝင်စားခိုက်သော အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ်, အသညသတ်ပုဂ္ဂိုလ်ရေ၏။

**(ပစ္စနိက်-အနု,ပဋ္ဌိ နှစ်ဘက်ရကောက်)**

ဝိဘင်းကား—"သဗ္ဗေသံ စိတ္တာဿ ဘင်္ဂက္ခဏေ ကုသလဝိပ္ပယုတ္တ အကုသလ ဝိပ္ပယုတ္တ စိတ္တဿ ဥပ္ပါဒက္ခဏေ နိရောဓသမာပန္နာနံ အသညသတ္တာနံ တေသံ" ဟုထုတ်။

**မှတ်ချက်**—စာမေးပွဲများဖြေဆိုရာ၌ အနုလောမ တဘက်ရ, ပဋိလောမ တဘက်ရ, ပစ္စနိက် အကြွင်းမျှသာ ကောက်ပြခဲ့ပါဟု ... မေးပါက သက်ဆိုင်ရာကို ခွဲခြားဖြေဆိုကြလေ။

ဝိဘင်းကား—ပါဠိတော်ကို ရှေးဦးစွာ ရေးဖြေပါလေ။

**ကုသလမူ....အဗျာကတမူလီ**

ယဿ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊
တဿ အဗျာကတာ ဓမ္မာ ဥပ္ပဇ္ဇန္တိ။

**မေး☆** အောက်ပါပုဂ္ဂိုလ်တို့ကို ဝိဘင်းနှင့်တကွ အသီးအသီးခွဲဝေပြခဲ့ပါ။

## ကုသိုလ်သာဖြစ်ဆဲ
## အဗျာကတဖြစ်ဆဲမဟုတ်သောပုဂ္ဂိုလ်

ခြေ★ (က) အရူပဘုံ၌ မဟာကုသိုလ်ရှစ်ခု၊ အရူပကုသိုလ်လေးခု၊ အထက်မဂ်သုံးခုတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟုဆိုအပ်သော တိဟိတ်ပုထုဇဉ်၊ အထက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်ရ၏။ (အနုလုံ-အနုလောမတဘက်ရ)

ဝိဘင်းကား—''အရူပေ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ''ဟုထုတ်။

## အဗျာကတသာဖြစ်ဆဲ
## ကုသိုလ်ဖြစ်ဆဲမဟုတ်သောပုဂ္ဂိုလ်

(ခ) ပဋိသန္ဓေစိတ်ကျေနဝိသ(ပေ)ခပ်သိမ်းသော ဥပပဇ္ဇန္တဖြစ်သော ပုထု+၄၊အောက်ဖလဋ္ဌာန်+၃ ပဝတ္တိအခါ ပဋိသန္ဓေနောင် ပဉ္စမ ဘဝင်မှစ၍ စုတိတိုင်အောင်, အရူပဘုံ၌ ကုသိုလ်မှတပါး အကုသိုလ်ဒွါဒသ၊ ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ၊ စေ(၅၂)စိတ္တဇ ရုပ်တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟုဆိုအပ်သော ပုထု+၄၊ဖလဋ္ဌာန်ပုဂ္ဂိုလ်+၄၊ရ၏။

[အနုလုံ-ပဋိလောမတဘက်ရကောက်လေ]

ဝိဘင်းကား—အနုလုံ-ပဋိ- တဘက်ရ ''သဗ္ဗေသံ ဥပပဇ္ဇန္တာနံ ပဝတ္တေ ကုသလဝိပ္ပယုတ္တ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ''ဟုထုတ်လေ။

## ကုသိုလ်, အဗျာကတနှစ်ပါးစုံဖြစ်ဆဲ ရကောင်းသောပုဂ္ဂိုလ်

(ဂ) ပဥ္စဝေါကာရဘုံ၌ – ကုသိုလ် ဇောဝီထိ၊ စေတသိက်အင်္ဂါတိ သ၊ စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟုဆိုအပ်သောပုထုဇဉ်-၄၊အရဟတ္တဖလဋ္ဌာန် ကြဉ်သော အရိယာ ခုနစ်ယောက်ရ၏။

(အနုလုံ-အနု·ပဋိနှစ်ဘက်ရ)

ဝိဘင်းကား= “ပဉ္စဝေါကာရေ ကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ”ဟုထုတ်လေ။

## ကုသိုလ်,အဗျာကတနှစ်ပါးစုံ ဖြစ်ဆဲ မဟုတ်သော ပုဂ္ဂိုလ်

(ဃ) စုတိစိတ် ကျေနဝီထိ (ပေ) ခပ်သိမ်းသော စဝနဖြစ်သော ပုထု-၄၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်–၄၊ ပဝတ္တိအခါ ပဋိသန္ဓေမှစ၍ စုတိတို့၏ အနန္တရ တိုင်အောင်ခပ်သိမ်းသောစိတ်တို့၏ဘင်္ဂက္ခဏသမင်္ဂီ ပုထု–၄၊အရိယာ–၈၊အရူပဘုံ၌ လောဘမူစိတ် ရှစ်ခု မောဟမူခွေးတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီ– တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန်သုံးယောက်ရ၏၊

(ပစ္စနိက်-အနု-ပဋိနှစ်ဘက်ရ)

ဝိဘင်းကား– “သဗ္ဗေသံ စဝန္တာနံပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ, အရူပေ အကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ”ဟုထုတ်လေ။ ။

## အကုသလမူ .. အဗျာကတမူလီ

ယဿ အကုသလာ မူလာ ဥပ္ပဇ္ဇန္တိ။
တဿ အဗျာကတာ မူလာ ဥပ္ပဇ္ဇန္တိ၊

မေး☆ အောက်ပါပုဂ္ဂိုလ်တို့ကို ဝိဘင်းနှင့်တကွ အသီး အသီးခွဲဝေကောက်ပြခဲ့ပါ။

## အကု,ဖြစ်ဆဲ-အဗျာ ဖြစ်ဆဲမဟုတ်သောပုဂ္ဂိုလ်

ဖြေ☆ (က) အရူပဘုံ၌ လောဘမူရှစ်ခု၊ မောဟမူနှစ်ခု စေတသိက်တေဝီသတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော တိဟိတ်ပုထုဇဉ်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်ရ၏။ (အနုလုံ-အနုတဘက်ရ)

ဝိဘင်းကား – ''အရူပေ အကုသလာနံ ဥပ္ပါဒက္ခဏေ တေသံ''ဟုထုတ်လေ။

(ခ) ပဋိသန္ဓေစိတ် ကွေနဝီသ၊ စေတသိက် ပဉ္စတိံသ၊ ကမ္မဇကလာပ် (ပေ) ခပ်သိမ်းသော ဥပပဇ္ဇန္တဖြစ်သော ပုထု+၄၊ အောက်ဖလဋ္ဌာန် ၃၊ပဝတ္တိ အခါပဋိသန္ဓေနောင် ပဌမဘဝင်ကစ၍ စုတိတိုင်အောင် ''အရူပဘုံ၌ ကုသိုလ်မှ တပါး'' ကုသိုလ်ကေဝီသ ဝိပါက်ဆတ္တိံသ၊ ကြိယာဝီသ၊စေ-{၃၈} စိတ္တဇရုပ်တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ်သော ပုထု–၄၊အရိယာ–၈၊ယောက်ရ၏။

(အနုလုံ-ပဋိ-တဘက်ရ)

ဝိဘင်းကား– ''သဗ္ဗေသံဥပပတ္တိန္တိ ၁နံ့,ပဝတ္တေ အကုသလဝိပ္ပယုတ္တ စိတ္တဿ ဉပ္ပါဒက္ခဏေ တေသံ'' ဟုထုတ်လေ။ ။

## အကု,အဗျာ့နှစ်ပါးစုံဖြစ်ဆဲသော့ပုဂ္ဂိုလ်

(ဂ) ပဋ္ဋဝေါကာရဘုံ၌- အကုသိုလ်ဒွါဒသ၊ စေတသိက် သတ္တဝီသ စိတ္တဇရုပ်တို့၏ ဉပ္ပါဒက္ခဏ သမင်္ဂီဟုဆိုအပ်သော ပုထုဇဉ်-၄၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်ရ၏။ (အနုလုံ-အနုပဋ္ဌိတဘက်ရ)

ဝိဘင်းကား -''ပဋ္ဋဝေါကာရေ အကုသလာနံ ဉပ္ပါဒက္ခဏေ တေသံ ''ဟုထုတ်လေ။

## အကုသိုလ်အဗျာကတနှစ်ပါးစုံ ဖြစ်ဆဲမဟုတ်သော့ပုဂ္ဂိုလ်

(ဃ) စုတိစိတ် ကျေနဝီသ (ပေ) ခပ်သိမ်းသော စဝန္တဖြစ်သော ပုထု+၄၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်+၄၊ ပဝတ္တိအခါ ပဋ္ဌိသန္ဓေမှစ၍ စုတိ၏ အနန္တရ တိုင်အောင်ခပ်သိမ်းသောစိတ်တို့၏ဘင်္ဂက္ခဏသမင်္ဂီ ပုထု–၄၊ အရိယာ–ဂ၊ ယောက်၊ အရူပဘုံ၌ မဟာကုသိုလ် +ရှစ်ခု, အရူပကုသိုလ် လေးခု၊ အထက်မဂ်သုံးခုတို့၏ ဉပ္ပါဒက္ခဏသမင်္ဂီ....တိဟိတ် ပုထုဇဉ်၊ အထက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက် ဖလဋ္ဌာန်သုံးယောက်ရ၏။

[ပစ္စနိက်-အနု-ပဋ္ဌိနှစ်ဘက်ရ]

ဝိဘင်းကား–''သဗ္ဗေသံ စဝန္တာနံ ပဝတ္တေ စိတ္တဿ ဘင်္ဂက္ခဏေ, အရူပေ ကုသလ ါနံ ဥပ္ပါ ဒက္ခဏေ တေသံ''ဟုထုတ်လေ၊

## 'အတီတပုဂ္ဂလောကာသနွဲ့ဝေပုံ'

## ရှေးဦးစွာပုဂ္ဂိုလ်နှစ်စားကိုခွဲခြားမှတ်သားရန်

(၁) သုဒ္ဓါဝါသမှ ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရဖြစ်အံ့-ပဋိသန္ဓေမှစ၍စုတိတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ခဏတ္တယသမင်္ဂီ ပုထု+၄၊ အရိယာ-၈၊စတုဝေါကာရ-၄ ဘုံ၊ပဉ္စဝေါကာရ-၂၁–ဘုံ....။

(ကု အကု အဗျာကတ သုံးပါးလုံးဖြစ်ဘူးပြီ)

(၂) သုဒ္ဓါဝါသဖြစ်အံ့–

(က) ပဋိသန္ဓေမှစ၍ ဘဝနိကန္တိက ပထမဇော တိုင်အောင်....

(ကု အကု အဗျာကတ သုံးပါးလုံးဖြစ်ဘူးပြီးမရ)

(ခ)ပဋိသန္ဓေနောင်ပထမဘဝင်မှစ၍ဘဝနိကန္တိက ပထမဇောတိုင်အောင်–

(အဗျာကတ တပါးသာဖြစ်ဘူးပြီ)

(ဂ) ဘဝနိကန္တိကဒုတိယဇောမှစ၍မဟာကုသိုလ် ပထမဇောတိုင်အောင်....

[အကု·အဗျာကတ နှစ်ပါးဖြစ်ဘူးပြီ]

(ဆ) ရှေးဦးစွာသောမဟာကုသိုလ် ဒုတိယဇောမှ
စ၍ စုတိတိုင်အောင်....၄
(ကု-အကု အဗျာကတသုံးပါ လုံးဖြစ်ဘူးပြီ)
အသညသတ်ပုဂ္ဂိုလ်ဘုံကား—
(အဗျာကတ တပါးသာဖြစ်ဘူးပြီ)

**"မူလ-မူလီခွဲဝေပုံများ"**

**ကုသလမူ-အကုသလမူလီ**

ယဿ ယတ္ထ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇိတ္ထ၊
တဿ တတ္ထ အကုသလါဓမ္မါဥပ္ပဇ္ဇိတ္ထာတိ၊ အာမန္တာ
(က)ကုသိုလ်သာဖြစ်ဘူးပြီးသောပုဂ္ဂိုလ်. ဘုံ, မရှိ၊

**အကုသိုလ်သာဖြစ်ဘူးပြီးသောပုဂ္ဂိုလ်ဘုံ**

(ခ) သုဒ္ဓါဝါသဘုံ၌ ဘဝနိကန္တိက ဒုတိယဇောဟု ဆိုအပ်သော မုချဒုတိယအကုသိုလ်စိတ်၊ ထိုစိတ်နှင့် ကုသိုလ်ဖြစ်ဘူးပြီးသည်ကို အတိတ်၌ မရကောင်းသော အဖြစ်ဖြင့်တူသောကြောင့် တံသဒိသဒုတိယစိတ်ဟုဆိုအပ်သော တတိယဇောမှစ၍ ရှေးဦးစွာသော မဟာကုသိုလ် ပထမဇော တိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ.... အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံတို့တည်း။

ဒိဘင်းပါဠိ-သုဒ္ဓါဝါသာနံ ဒုတိယေ အကုသလေ စိတ္တေ ဝတ္တမာနေ တေသံတတ္ထ၊

**နေ့(47)ဝင်း**

## ကု, အကုနှစ်ပါးစုံဖြစ်ဘူးပြီးသောပုဂ္ဂိုလ်ဘုံ

(ဂ) သုဒ္ဓါဝါသဖြစ်အံ့-ရှေးဦးစွာသော မဟာကုသိုလ်ဒုတိယဇောမှစ၍စုတိတိုင်အောင်ကြွင်းသော စုတေဝါကာရ, ပဉ္စဝေါကာရဖြစ်အံ့- ပဋိသန္ဓေမှစ၍ စုတိတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ .. ပုထုဇဉ်-၄၊အရိယာ-ဂယောက်တို့အား စတုဝေါကာရ-၄-ဘုံ၊ပဉ္စဝေါကာရ-၂၆၊ ဘုံ၊တို့တည်း။

ဝိဘင်းပါဠိ- ဣတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံတတ္ထ။

## ကုသိုလ်, အကုသိုလ်
## 'နှစ်ပါးစုံမဖြစ်ဘူးသောပုဂ္ဂိုလ်ဘုံ'

(ဃ) သုဒ္ဓါဝါသဘုံ၌-ပဋိသန္ဓေနောင် ပထမ ဘဝင်ဟုဆိုအပ်သော မုချဒုတိယစိတ်၊ ထိုစိတ်နှင့် အကုသိုလ်ဖြစ်ဘူးပြီးသည်ကို အတိတ်၌မရကောင်းသောအဖြစ်ဖြင့် တူသောကြောင့် တံသဒိသဒုတိယ စိတ်ဟုဆိုအပ်သော ပဋိသန္ဓေ၊ဘဝင်တဆဲ့ငါးချက် မနော၃ါရာဝဇ္ဇန်း၊ ဘဝနိကန္တိက ပထမဇော၊ ဤတဆဲ့ကိုးချက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အား သုဒ္ဓါဝါသ ငါးဘုံ၊အသညသတ်ပုဂ္ဂိုလ်တို့အားအသညသတ်ဘုံ တို့တည်း။ [၁၃၂၂-ခုနှစ်ကမေးခဲ့ဘူးပြီ]

ဝိဘင်းပါဠိ—သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ,အသညသတ္တာနံ တေသံ တတ္ထ။

## "ကုသလမူ-အဗျာကတမူလီ"

{က} ကုသိုလ်သာဖြစ်ဘူး အဗျာကတမဖြစ်ဘူး ပုဂ္ဂိုလ်ဘုံ။ မရှိ။

## အဗျာကတသာဖြစ်ဘူး 'ကုသိုလ်မဖြစ်ဘူးသောပုဂ္ဂိုလ်ဘုံ'

{ခ}သုဒ္ဓါဝါသဘုံ၌ ပဋိသန္ဓေနောင် ပထမဘဝင် ဟုဆိုအပ်သော မှချဒုတိယစိတ်၊ ထိုစိတ်နှင့်ကုသိုလ် ဖြစ်ဘူးသည်ကို (ပေ)တံသဒိသဒုတိယစိတ်ဟုဆိုအပ် သော ဒုတိယဘဝင်မှစ၍ ရှေးဦးစွာသော မဟာ ကုသိုလ်ပထမဇောတိုင်အောင် ဖြစ်ထိုက်သောစိတ် တို့၏ခဏတ္တယသမင်္ဂီအနာဂါမိဖလဋ္ဌာန်သုဒ္ဓါဝါသ ငါးဘုံ၊ အသညသတ် ပုဂ္ဂိုလ်ဘုံတို့တည်း။

ဝိဘင်းပါဠိ—သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ အသညသတ္တာနံ တေသံတတ္ထ။

## ကု,အဗျာနှစ်ပါးစုံဖြစ်ဘူးသောပုဂ္ဂိုလ်ဘုံ

{ဂ} သုဒ္ဓါဝါသဖြစ်အံ့— ရှေးဦးစွာသောမဟာ ကုသိုလ် ဒုတိယဇောမှစ၍ စုတိတိုင်အောင်, ကြွင်းသော စတုဝေါကာရ(ပေ)ပဉ္စဝေါကာရ+ ၂၆ဘုံတို့တည်း{ကု,အကုနှစ်ပါးစုံအရနှင့်အတူတူပင်}

ဝိဘင်းပါဠိ— ဍူတရေသံ စတုဝေါကာရာနံ ပဉ္စဝေါကာရာနံ တေသံ တတ္ထ။ ။

## ကုသိုလ်, အဗျာကတ နှစ်ပါးစုံ မဖြစ်ဘူးသောပုဂ္ဂိုလ်ဘုံ

{ဃ} ရူပါဝစရ ပဉ္စမစျာန် ငှိုသန္ဓေစိတ်တခု စေတသိက်တိ သတ္တိ၏ခဏတ္တယသမင်္ဂီ–အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့အားသုဒ္ဓါဝါသငါးဘုံ ၌တည်း၊ ဝိဘင်းပါဠိ-သုဒ္ဓါဝါသံ ဥပပဇ္ဇန္တာနံ တေသံ တတ္ထ။

## အကုသလမူ .. အဗျာကတမူလီ

(က) အကုသလဖြစ်ဘူး -အဗျာကတမဖြစ်ဘူး သော ပုဂ္ဂိုလ် ဘုံ၊ မရှိ။

(ခ) အဗျာကတသာဖြစ်ဘူး အကုသမဖြစ် ဘူးသော ပုဂ္ဂိုလ်ဘုံ၊

အမှာ—ကု မူ အကုမူလီ နှစ်ပါးစုံမဖြစ်ဘူးသော ပုဂ္ဂိုလ်ဘုံတို့ကိုဖြေဆိုလေ၊

ဝိဘင်းပါဠိ–သုဒ္ဓါဝါသာနံ ဒုတိယေ စိတ္တေ ဝတ္တမာနေ, အသညသတ္တာနံ တေသံတတ္ထ ပင်တည်း

## အကု, အဗျာ နှစ်ပါးစုံဖြစ်ဘူးသောပုဂ္ဂိုလ်ဘုံ

(ဂ) သုဒ္ဓါဝါသဖြစ်အံ့-ဘင်နိကန္တိက ဒုတိယဇော မှစ၍ စုတိတိုင်အောင်,ကြွင်းသော စတုဝေါကာရ ပဉ္စဝေါကာရဖြစ်အံ့–

ပဋိသန္ဓေမှစ၍ စုတိတိုင်အောင်ဖြစ်ထိုက်သော စိတ်တို့၏ခဏတ္တယသမင်္ဂီ--ပုထု+၄၊အရိယာ+၈--ယောက်၊စတု+၄-ဘုံ၊ပဥ္စဝေါ+၂၆-ဘုံတို့တည်း။

ဝိဘင်းပါဠိ--ဉာတရေသံ စတုဝေါကာရာနံ ပဥ္စဝေါကာရာနံ တေသံ တတ္ထ။

(ဃ) အကု, အဗျာကတ နှစ်ပါးငုံမဖြစ်ဘူးသော ပုဂ္ဂိုလ်ဘုံ။

အမေး--ယခင်ပြဆိုခဲ့သောကုသိုလ်,အဗျာကတ နှစ်ပါးစုံမဖြစ်ဘူးသော ပုဂ္ဂိုလ်,ဘုံတို့နှင့် ဝိဘင်းပါဠိတို့ကိုဖြေဆိုလေ။

## ''အတီတဝါရပြီးပါပြီ''

→◇※◇←

## ''အနာဂတ ပုဂ္ဂလဝါရခွဲဝေပုံ''

{က} မဂ်ကိုရလတ္တံ့(ကျွတ်ထိုက်)သောပုဂ္ဂိုလ်တမျိုး
{ခ} မဂ်ကို မရလတ္တံ့(မကျွတ်ထိုက်)သောပုဂ္ဂိုလ်တမျိုး အားဖြင့် အရေးအကြီးဆုံး ပုဂ္ဂိုလ်နှစ်မျိုးကို ရှေးဦးစွာမှတ်သားထားပါလေ။

## 'ထိုနှစ်မျိုးတို့တွင်'

{က} မဂ်ကိုရလတ္တံ့သောသူဖြစ်အံ့--

(၁) အစမထင်သံသရာမှစ၍ အဆုံးစွန်သော အကုသိုလ်၏ အနန္တရဖြစ်သော ဆဋ္ဌဇောတိုင်အောင်
(ကု,အကု,အဗျာကတ သုံးပါးလုံးဖြစ်လတ္တံ့)

နေ(48)ဝင်း

(၂) အဆုံးစွန်သော အကုသိုလ် သတ္တမဇောမှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်တိုင်အောင်....
(ကု, အဗျာကတ, နှစ်ပါးစုံဖြစ်လတ္တံ့)
(၃) အရဟတ္တမဂ်မှစ၍ ပစ္ဆိမစိတ်၏အနန္တရတိုင်အောင်....,
(အဗျာကတတပါးသာဖြစ်လတ္တံ့)
(၄) ပစ္ဆိမစိတ်အပိုင်းသည်....
{ကု အကု အဗျာသုံးပါးလုံးမဖြစ်လတ္တံ့}
{ခ} မဂ်ကိုမရလတ္တံ့သောပုဂ္ဂိုလ်ဖြစ်အံ့—
(၁) အစမထင်သံသရာမှစ၍ စုတိတိုင်အောင်...., တပိုင်းသာပိုင်းရ၏။
(ကု-အကု, အဗျာကတသုံးပါးလုံးဖြစ်လတ္တံ့)

ကုသလမူ-အကုသလမူလ

**ကုသာဖြစ်လတ္တံ့ အကုမဖြစ်လတ္တံ့သောပုဂ္ဂိုလ်**

{က} အဆုံးစွန်သော အကုသိုလ်သတ္တမဇောမှစ၍ အရဟတ္တမဂ်၏ရှေးဝေါဒါန်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်။
(ဤကား မှချအရကောက်)

အကုသိုလ်မခြားဘဲမဂ်လေးတန်ကိုရလတ္တံ့သောသူ ဖြစ်အံ့-
အဆုံးစွန်သော အကုသိုလ်မှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏အနန္တရဖြစ်သောါအနုလုံတိုင်အောင်

ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ် အောက်မဂ္ဂဋ္ဌာန်သုံးယောက်, အောက်ဖလဋ္ဌာန်သုံးယောက်

သောတာပန်(ပေ) သကဒါဂါမ်(ပေ)အနာဂါမ်ဖြစ်ပြီးမှ အကုသိုလ်ခြားမှုကား အဆုံးစွန်သော အကုသိုလ်မှစ၍ အရဟတ္တမဂ်၏ ရှေးဝေါဒါန်၏ အနန္တရဖြစ်သော အနုလုံတိုင်အောင် ဖြစ်ထိုက်သော စိတ်တို့၏ ခဏတ္တယသမင်္ဂီ...အနာဂါမိဖလဋ္ဌာန်ပုဂ္ဂိုလ်တို့တည်း။

(ဤကား ဥပစာ အရကောက်တည်း)

{အနုလုံ-အနုလောမတဘက်ရ}

ဝိဘင်းပါဠိ–''ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံ ပဋိလဘိဿန္တိ တေသံ'' ဟုထုတ်လေ။

{ခ} အကုသိုလ်သာဖြစ်လတ္တံ့ ကုသိုလ်မဖြစ်လတ္တံ့သောပုဂ္ဂိုလ်၊ မရှိ။

အနုလုံပဋိလောမ–ပစ္စနိက်–အနုလောမ တို့၌ ''အာမန္တာ''ချည်းထုတ်လေ။

## ကု,အကုနှစ်ပါးစုံဖြစ်လတ္တံ့သောပုဂ္ဂိုလ်

{ဂ} အကုသိုလ်မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့–အစမထင်သံသရာမှ စ၍ အဆုံးစွန်သောအကုသိုလ်၏ အနန္တရတိုင်အောင် ဖြစ်ထိုက်သောစိတ်တို့၏ ခဏတ္တယသမင်္ဂီ ဟုဆိုအပ်သော

ကျွတ်ထိုက်သောပုထုဇဉ်၊ သောတာပန်(ပေ) သက ဒါဂါမိ(ပေ) အနာဂါမိဖြစ်ပြီးမှ အကုသိုလ်ခြား မှုကား အစမထင် (ပေ)ကျွတ်ထိုက်သောပုထုဇဉ် အောက်မဂ္ဂဋ္ဌာန်သုံးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက် မဂ်ကိုမရလတ္တံ့သော မကျွတ် ထိုက်သော ပုထုဇဉ်ပုဂ္ဂိုလ်တို့တည်း။

ဝိဘင်းပါဠိ–အနုလုံ–နှစ်ဘက်ရ "ဋ္ဌတရေသံ တေသံ"ဟုထုတ်လေ။

## က, အကု' နှစ်ပါးစုံမဖြစ်လတ္တံ့သောပုဂ္ဂိုလ်

{ဃ} အရဟတ္တမဂ်၏ ခဏတ္တယံသမင်္ဂီ ဟုဆိုအပ် သော အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

အရဟတ္တမဂ္ဂါ နန္တရဖိုလ်မှစ၍ ပစ္ဆိမစိတ် ကိုင်အောင် အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့တည်း။

(ပစ္စနိက်နှစ်ဘက်ရ)

ဝိဘင်းပါဠိ–"အဂ္ဂမဂ္ဂသမင်္ဂီနံ အရဟန္တာနံ တေသံ"ဟုထုတ်လေ။

**မှတ်ချက်** — ကုသိုလ်၊ အကုသိုလ် နှစ်ပါးစုံ ဖြစ်လတ္တံ့-မဖြစ်လတ္တံ့ ပုဂ္ဂိုလ်များကို ပါဠိ မြန်မာ ပြည့်စုံစွာဖော်ပြပါဟုရင်းဝိဘင်းပါဠိမျှထုတ်ပြခဲ့ပါ ဟုရင်းမေးနိုင်သေးသည် ပြဆိုခဲ့ပြီးအတိုင်းဖြေကြ လေ။ အရာရာမှာဤနည်းနှင့်နှင့်မှတ်ပါ။

## ‘ကုသလမူ အဗျာကတမူလီ’

(က) ကုသိုလ်သာ ဖြစ်လတ္တံ့၊ အဗျာကတ မဖြစ်လတ္တံ့ပုဂ္ဂိုလ်။ မရှိ။

## အဗျာကတသာဖြစ်လတ္တံ့ ကုသိုလ် မဖြစ်လတ္တံ့ ပုဂ္ဂိုလ်

{ခ} အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီ ဖြစ်သော အရဟတ္တမဂ္ဂဋ္ဌာန်၊

အရဟတ္တမဂ္ဂါနန္တရ ဖိုလ်မှစ၍ ပစ္ဆိမစိတ်၏ အနန္တရတိုင်အောင် အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့တည်း။

ဝိဘင်းပါဠိ-အနုလုံ-ပဋိလောမတဘက်ရ‘အဂ္ဂမဂ္ဂသမင်္ဂီနံ အရဟန္တာနံတေသံ’ဟုထုတ်လေ၊

## ကု,အဗျာ,နှစ်ပါးစုံဖြစ်လတ္တံ့ပုဂ္ဂိုလ်

{ဂ} အစမထင် သံသရာမှစ၍ အရဟတ္တ မဂ်၏ ရှေးဝေါဒါန်တိုင်အောင်ဖြစ်ထိုက်(ပေ) ကျွတ်ထိုက်သောပုထုဇဉ်၊ အောက်မဂ္ဂဋ္ဌာန် သုံးယောက်၊ အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်၊ မဂ်ကို မရလတ္တံ့သောမကျွတ်ထိုက်သောပုထုဇဉ်ပုဂ္ဂိုလ်တို့တည်း၊

ဝိဘင်းပါဠိ-အနုလုံ-အနုလောမ၌‘‘အါမန္တာ’’ ပစ္စနိက်ပဋိလောမ၌‘‘အာမန္တာ’’ပင်ထုတ်လေ။

**နေ (49) ဝင်း**

## ကု,အဗျာ,နှစ်ပါးစုံမဖြစ်လတ္တံ့ပုဂ္ဂိုလ်

(ဃ) တိဟိတ် စုတိစေတသ (ပေ) ပစ္ဆိမစိတ်၏ ခဏတ္တယသမင်္ဂီဟုဆိုအပ်သော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်တို့တည်း၊

ဝိဘင်းပါဠိ– ပစ္စနိက် အနုလောမ သံသယ ''ပစ္ဆိမစိတ္တသမင်္ဂီနံတေသံ''ဟုထုတ်လေ။

## အကုသလမူ-အဗျာကတမူလီ

(က) အကုသိုလ်သာဖြစ်လတ္တံ့- အဗျာကတ မဖြစ် လတ္တံ့ပုဂ္ဂိုလ်၊ မရှိ၊

## အဗျာကတသာဖြစ်လတ္တံ့ အကုသိုလ်,-မဖြစ်လတ္တံ့ပုဂ္ဂိုလ်

(ခ) အရဟတ္တမဂ်၏ ခဏတ္တယသမင်္ဂီ အရဟတ္တ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်၊

အရဟတ္တမဂ္ဂါနန္တရဖိုလ်မှစ၍ပစ္ဆိမစိတ်၏အနန္တရ တိုင်အောင် အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်၊ အကုသိုလ် မခြားဘဲ မဂ်လေးတန်ကို ရလတ္တံ့သောသူဖြစ်အံ့– အဆုံးစွန်သော အကုသိုလ်မှစ၍ (ပေ)အနာဂါမိ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့တည်း။

ဝိဘင်းပါဠိ-အနုလုံ-ပဋိလောမတာဘက်ရ'အဂ္ဂမဂ္ဂ သမင်္ဂီနံ အရဟန္တာနံ, ယဿ စိတ္တဿ အနန္တရာ အဂ္ဂမဂ္ဂံပဋိလဘိဿန္တိ တေသံ'ဟုထုတ်လေ၊

### အကု, အဗျာ, နှစ်ပါးစုံဖြစ်လတ္တံ့ ပုဂ္ဂိုလ်

(ဂ) မဂ်လေးတန်ကို ရလတ္တံ့သော သူဖြစ်အံ့ - အစမထင်သံသရာမှစ၍ အဆုံးစွန်သောအကုသိုလ်၏ အနန္တရတိုင်အောင်ဖြစ်ထိုက်(ပေ) ကျွတ်ထိုက်သောပုထု+၄၊ အောက်မဂ္ဂဋ္ဌာန်+၃၊ အောက်ဖလဋ္ဌာန်+၃ မကျွတ်ထိုက်သောပုထုဇဉ်တို့တည်း။

(ဒုကျယ်ဆို၍ဖြေလေ)

ဝိဘင်းပါဠိ- အနုလုံ ပဋိလောမ နှစ်ဘက်ရ ''ဉာတရေသံတေသံ''ဟုထုတ်လေ။

### အကု, အဗျာ, နှစ်ပါးစုံမဖြစ်လတ္တံ့ ပုဂ္ဂိုလ်

(ဃ) တိဟိတ်စုတိ-တရသ (ပေ)ပစ္ဆိမစိတ်၏ ခဏတ္တယသမင်္ဂီအရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့တည်း။

ဝိဘင်းပါဠိ- ပစ္စနိက်-အနုလောမသံသယ- ''ပစ္ဆိမစိတ္တသမင်္ဂီနံ တေသံ''ဟုထုတ်လေ။

**'အနာဂတပုဂ္ဂလဝါရပြီးပါပြီ'**

## ခန္ဓယမိုက်ပြီးပါပြီ။

—◆※◆—

# ဣန္ဒြိယ ယမိုက်

## ''ပဏ္ဏတ္တိဝါရဥဒ္ဒေသ သရုပ် အဓိပ္ပါယ်''

### ပဒသောဓနဝါရ

| | |
|---|---|
| နယ | ၂—ပါး။ |
| ယမက | ၄၄—ပါး။ |
| ပုစ္ဆာ | ၈၈—ပါး။ |
| အတ္ထ | ၁၇၆—ပါး။ |

### ပဒသောဓနမူလစက္ကဝါရ

| | |
|---|---|
| နယ | ၂—ပါး။ |
| မူလ | ၄၄—ပါး။ |
| ယမက | ၉၂၄—ပါး။ |
| ပုစ္ဆာ | ၁၈၄၈—ပါး။ |
| အတ္ထ | ၃၆၉၆—ပါး။ |

**မှတ်ချက်**— သုဒ္ဓိန္ဒြိယဝါရ– ၎င်းမူလစက္ကဝါရတို့၌လည်း အထက်ပါအတိုင်း နည်းတူမှတ်ယူလေ။

### 'ပဏ္ဏတ္တိဝါရလေးဝါရလုံး၌'

| | |
|---|---|
| မူလ | ၈၈—ပါး။ |
| ယမက | ၁၉၃၆—ပါး။ |
| ပုစ္ဆာ | ၃၈၇၂—ပါး။ |
| အတ္ထ | ၇၇၄၄—ပါး။ |

## ပဏ္ဏတ္တိဝါရနိဒ္ဒေသ

မေး ☆ ဣန္ဒြိယ ယမက ပဏ္ဏတ္တိဝါရ၌ ဟောအပ်သော တရားတို့ကို အကျဉ်းချုပ်ခါထုတ်ပြခဲ့ပါ။
{၁၃၂၀-ခုနှစ်ကမေးခဲ့ဘူးပြီ}

ဖြေ ☆ ပဏ္ဏတ္တိဝါရ၌ဟောအပ်သော တရား အကျဉ်းချုပ်ကား-ပရမတ္ထတရား လေးပါးနှင့် ပညတ် တို့ကို ဟောပါသည်။

စိတ်-၈၉-ပါး၊စေတသိက်-၅၂-ပါး၊ရုပ်၂၈-ပါး နိဗ္ဗာန်ပညတ်တို့ကို ဟောပါသည်ဟူလို။

### “ဣတ္ထိ-ပုရိသစသည်တို့၏တရားကိုယ်”

မေး ☆ ဣတ္ထိ့ပုရိသ့နဉပေက္ခာနှင့်သမာဓိတို့၏တရားကိုယ် အရကိုဖေါ်ထုတ်ပြခဲ့ပါ{၁၃၂၀-ခုနှစ်ကမေးခဲ့ဘူးပြီ}

ဖြေ ☆ ဣတ္ထိအရ-ဣတ္ထိဘောကိုမှီ၍ ဣတ္ထိဟုခေါ်ဝေါ် အပ်သော အဝိဇ္ဇမာနပညတ်တည်း။

ပုရိသအရ-ပုရိသဘောကိုမှီ၍ ပုရိသဟုခေါ်ဝေါ် အပ်သော အဝိဇ္ဇမာနပညတ်တည်း။

နဉပေက္ခာ—အရ-ဉပေက္ခာ, ဉပေက္ခိန္ဒြိယမှတပါး စိတ်တခုယုတ်ကိုးဆယ်, စေတသိက် ဒွေးပညာသ, ရုပ်အဋ္ဌဝီသ၊နိဗ္ဗာန်ပညတ်တို့တည်း။
သမာဓိ—အရ-ဝီရိယ မဖြစ်သော (အဝီရိယ)စိတ် တဆဲ့ခြောက်ခု ဝိစိကိစ္ဆာ သဟဂုတ်ကြဉ်သော စိတ် ခုနစ်ဆဲ့နှစ်ခု၌ရှိသော ကေဂ္ဂတာတည်း။

နေ (50) ဝင်း

## “အလားတူမေးနိုင်သည့်ပုဒ်ထူးများ”

ဥပေက္ခာအရ– ဆဋင်္ဂုပေက္ခာ စသော ဥပေက္ခာ ဆယ်ပါးတည်း။

(ဆယ်ပါးသရုပ်ကို ရှေ့၌ဖော်ပြလတ္တံ့)

ဥပေက္ခိန္ဒြိယအရ ဝေဒနုပေက္ခာတည်း။

ဣန္ဒြိယဝိမုတ်–စိတ်, ဇီဝိတ, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာစေတသိက် တို့မှတပါး စေတသိက် ဆစ္ဆဉ္စာလီသ, အနိန္ဒြိယဗဒ္ဓရုပ်-၂၀၊ နိဗ္ဗာန်, ပညတ်တို့တည်း။

စက္ခု-စက္ခုန္ဒြိယစသောပုဒ်တို့၏ တရားကိုယ်ကား သိသာပြီ။

နဋ္ဌတ္ထိအရ – ဣတ္ထိ, ဣတ္ထိန္ဒြေမှတပါး စိတ်-၈၉၊ စေ-၅၂၊ရုပ်-၂၇၊နိဗ္ဗာန်ပညတ်တို့တည်း။

## “လေးချက်ခွဲနည်းမျိုး”

(က) ဣတ္ထိသာမည်၍ ဣတ္ထိန္ဒြေမမည်သောတရား၊ ဣတ္ထိဘာကို မှီ၍ ဣတ္ထိဟု ခေါ်ဝေါ်အပ်သော အဝိဇ္ဇမာနပညတ်တည်း။

(ခ) ဣတ္ထိန္ဒြေသာ မည်၍ ဣတ္ထိမမည်သောတရား ဣတ္ထိန္ဒြေတည်း၊

(ဂ) နှစ်ပါးစုံမည်။ {မရှိ}

(ဃ) နှစ်ပါးစုံမမည်သောတရား, ရုတ္တိ,ရုတ္တိခြွေ မှတပါး စိတ် ၈၉၊ စေ=၅၂၊ ရုပ်-၂၇၊ နိဗ္ဗာန်၊ ပညတ်တို့တည်း။

## ‘ဥပေက္ခာသာ မည်သောတရား’

(က) ဆင္ငဂ္ဂံ ပေက္ခာ, ဗြဟ္မဝိဟာ ရုပေက္ခာ, ဗောဇ္ဈင်္ဂုပေက္ခာ၊ ဝီရိယုပေက္ခာ၊ သင်္ခါရုပေက္ခာ, ဝိပဿနုပေက္ခာ,တတြမဇ္ဈတ္တုပေက္ခာ,ဈာနုပေက္ခာ ပါရိသုဒ္ဓုပေက္ခာတို့တည်း။

(ခ) ဥပေက္ခိခြွေသာမည်၍ဥပေက္ခာမမည် (မရှိ)
(ဂ) နှစ်ပါးစုံမည်ကား-ဝေဒနုပေက္ခာတည်း၊
(ဃ)နှစ်ပါးစုံမမည်—ဥပေက္ခာ ဥပေက္ခိခြွေမှတပါး စိတ်-၈၉၊စေ-၅၂၊ရုပ်-၂၈၊နိဗ္ဗာန်ပညတ်တို့တည်း

## ‘အထူးအားဖြင့် ခွဲဝေပုံ’

မေး★(က) ဥပေက္ခာသာမည်၍ ရုခြွေမမည်သောတရား
(ခ) ဥပေက္ခာ ရုခြွေနှစ်ပါးစုံမည်သောတရား။
(ဂ) ဥပေက္ခာရုခြွေနှစ်ပါးစုံ မမည်သော တရား တို့ကို ထုတ်ပြခဲ့ပါ။

(၁၃၁၉-၁၃၂၂-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ★(က) ဆင္ငဂ္ဂံ ပေက္ခာ, ဗြဟ္မ ဝိဟာ ရုပေက္ခာ, ဗောဇ္ဈင်္ဂုပေက္ခာ,တတြမဇ္ဈတ္တုပေက္ခာ,ဈာနုပေက္ခာ ပါရိသုဒ္ဓုပေက္ခာတို့တည်း။

(ခ) ဝီရိယပစ္စယ၊ သမ္မာဒိဋ္ဌိ ပစ္စယ၊ ဝေဒနာပစ္စယ ဝိပါကပစ္စယတို့တည်း။

(ဂ) ဥပစ္စယဆယ်ပါး၊ ရုပ်မြေ့မှတပါးစေတသိက် ဆယ်တွာလီသ၊ အနိန္ဒြိယရုပ်နှစ်ဆယ်၊ နိဗ္ဗာန်၊ ပညတ် တို့တည်း။

မှတ်ချက်-ဤဦ(ခ)အရတရားများကား-ဥပစ္စယ ဣန္ဒြိယနိ၊ ဤပုစ္ဆာပါဠိအရ-နှစ်ဘက်ရ ဖြစ်ထိုက် သော ဥပစ္စယများကိုသာထုတ်ပြပါဟု...၊ (၁၃၁၇-ခုနှစ်က မေးခဲ့ဘူးပြီ)

မေး☆ သမာဓိန္ဒြိယယမက၌ ကေဂ္ဂတာ စေတသိက်သည် သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ဖြစ်ပါလျက် အဘယ်ကြောင့် အဝီရိယစိတ်(၁၆)ခုတို့ကို ကြဉ်ရ ပါသနည်း။

ဖြေ☆ ထိုအဝီရိယစိတ် တဆဲ့ခြောက်ခု တို့သည် အားနည်းသည်(ဒုဗ္ဗလ)ဖြစ်သောကြောင့် ၎င်းစိတ် တို့၌ရှိသော ကေဂ္ဂတာစေတသိက်သည် ဣန္ဒြေကိစ္စ မတတ်၍ကြဉ်ရပါသည်။

မှတ်ချက်– ''နစက္ခုနစက္ခုန္ဒြိယံ'' ဟူသော အနုလောမအရကောက်၌-ဒိဗ္ဗစက္ခု၊ ပညာစက္ခုတို့၏ တရားကိုယ်ပညာစေတသိက်ကို ပယ်နှုတ်ထားသော်

ပညာတရားကိုယ် မကုန်သောကြောင့် စေတသိက် အရေအတွက် မလျော့ဘဲ "စက္ခုသုံးပါးမှတပါး စိတ်-၇၉၊ စေတသိက် ဒွေးပညာသ,ရုပ်-၂၇၊ နိဗ္ဗာန် ပညတ်ရ၏"ဟု ဆိုထားသည်သတိပြုပါ။

(အရာရာမှာ ဤနည်းနှင်နှင်မှတ်သားပါလေ)

## နဣန္ဒြိယာ နသောတိန္ဒြိယံ၌ ရှင်းလင်းချက်

ဤပဋိလောမ အရကောက်၌-"ဇီဝိတ,ဝေဒနာ သဒ္ဓါ,ဝိရိယ, သတိ, ကေဂ္ဂတာ, ပညာမှတပါး စေတသိက် ဆစတ္တာလီသ, ဣန္ဒြိယရုပ်ရှစ်ခုမှတပါး အနိန္ဒြိယရုပ် နှစ်ဆယ်, နိဗ္ဗာန်, ပညတ်ရ၏ဟု.... ဆိုရိုးကောက်ထားရာဝယ်....

ဣန္ဒြေထိုက်သော ကေဂ္ဂတာ စေတသိက်ကို ကြဉ်ပါသော်လည်း ဣန္ဒြေမထိုက်သော ကေဂ္ဂတာ စေတသိက် ကြွင်းသေးသောကြောင့် "စေတသိက် ဆစတ္တာလီသ"ဟု အရကောက်ထားရပါသည်။

မေး ✩ အောက်ပါလေးချက်တို့ကိုအသီးအသီး အရကောက် ပြခဲ့ပါ။

(က) သောတသာမည်၍ ဣန္ဒြေမမည်၊

(ခ) ဣန္ဒြေသာမည်၍ သောတမမည်၊

နေ (51) ဝင်း

(ဂ) နှစ်ပါးစုံမည်၊
(ဃ) နှစ်ပါးစုံမမည်၊

၁၇ ☆ (က) တကျော့သောတတည်း၊
(ခ) သောတသုံးပါးမှတပါးဇရနွေ-၂၁-ပါးတည်း၊
(ဂ) ဒိဗ္ဗသောတနှင့် သောတိန္ဒြေတည်း၊
(ဃ) သောတသုံးပါး,ဇရနွေမှတပါး စေတသိက် ပဋ္ဌစတ္တာလီသ အနိန္ဒြိယရုပ် ၂၈ နိဗ္ဗာန် ပညတ်တို့တည်း။

၁၈ ☆ ဒိဗ္ဗသောတသည် မည်သည့် ဇရနွေတွင်ပါဝင် နိုင်ပါသနည်း ထင်ရှားအောင်ပြဆိုခဲ့ပါ။
(ဒိဗ္ဗသောတ၏ ဇရနွေမည်ပုံဟူလို)

၁၉ ☆ ဒိဗ္ဗသောတအဘိညာဉ် ကိစ္စတတ်ခိုက် ရူပါဝစရ ကုသိုလ်,ပဉ္စမဈာန်စိတ်ကို ဒိဗ္ဗသောတအဘိညာဉ် ဟုခေါ်ဆိုလေသောကြောင့် ထိုဒိဗ္ဗသောတမျိုးသည် မနိန္ဒြေတွင်ပါဝင်သည်။
(တနည်း) ရူပါဝစရကုသိုလ်, ပဉ္စမဈာန်၌ရှိသော ပညာစေတသိက်ကို ဒိဗ္ဗသောတအဘိညာဉ်ခေါ်ဆို ရလေသောကြောင့်ထိုဒိဗ္ဗသောတမျိုးသည်'ပညိန္ဒြေ' တွင်ပါဝင်ပါသည်။

## ‘ကာယော အရချင်းမတူပုံ’

မေး☆ ‘‘ကာယော ကာယိန္ဒြိယန္တိ’’ ဟူသောပုစ္ဆာ၌ ‘‘ကာယ’’မည်သောတရား‘‘ကာယော ဣန္ဒြိယန္တိ’’ ဟူသောပုစ္ဆာ၌ ‘ကာယ’သာမည်သောတရားတို့ကို ကောက်နုတ်ဖေါ်ပြခဲ့ပါ။

{၁၃၁၈-ခုနှစ်ကမေးခဲ့ဘူးပြီ}

ဖြေ☆ ‘‘ကာယော ကာယိန္ဒြိယန္တိ’’ဟူသော ပုစ္ဆာ၌ ‘‘ကာယ’’မည်သောတရား, ကား... စိတ်တခုယုတ် ကိုးဆယ်, စေတသိက်ဒွေးပညာသ, နိဗ္ဗာန်ဟုဆိုအပ်သော နာမကာယ, ကာယိန္ဒြေမှတပါးရုပ်သတ္တဝီသ ဟုဆိုအပ်သော ရူပကာယ၊ ဆင်အပေါင်း, မြင်း အပေါင်းအစရှိကုန်သော ပညတ္တိကာယတို့တည်း။

‘‘ကာယော ဣန္ဒြိယန္တိ’ ဟူသောပုစ္ဆာ၌ ကာယ’ သာမည်သောတရားကား:— ဇီဝိတ, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ၊ ပညာမှတပါး စေတသိက် ဆစတ္တာလီသ, နိဗ္ဗာန်ဟုဆိုအပ်သော နာမကာယ ဣန္ဒြိယရုပ် ရှစ်ခုမှတပါး အနိန္ဒြိယရုပ်နှစ်ဆယ်ဟု ဆိုအပ်သေါရူပကါယ၊ဆင်အပေါင်း မြင်းအပေါင်း အစရှိသော ပညတ္တိကာယတို့တည်း။

## 'ကာယနှစ်မျိုးခြားနားပုံ'

မေး☆ ပဏ္ဏတ္တိ "သဒ္ဒါရ နှင့် ဋီကာကြီး" ကျမ်းလာ (ကာယ)နှစ်မျိုးတို့၏ ခြားနားပုံကိုပြဆိုခဲ့ပါ။

{၁၃၂၁-ခု နှစ်ကမေးခဲ့ဘူးပြီ}

ဖြေ☆ သဒ္ဒါရ၊ ကာယအရကား– စတုသမုဋ္ဌာနိကရုပ် ဟုဆိုအပ်သော အကြောင်းပြစ်သော ကရဇကာယ တည်း။

ဋီကာကြီး၊ ကာယအရကား– စိတ်တခုယုတ်ကိုးဆယ် စေတသိက် ဒွေးပညာသ, နိဗ္ဗာန် ဟုဆိုအပ်သော နာမကာယ, ကာယိန္ဒြေမှတပါး ရုပ်သတ္တဝီသ ဟုဆိုအပ်သောရူပကာယ၊ဆင်အပေါင်းမြင်းအပေါင်း အစရှိသော ပဏ္ဏတ္တိကာယတို့တည်း။

(ဤသို့ခြားနားပါသည်။)

မှတ်ချက်-ကာယော ကာယသဒ္ဒါရော, ကာယော ကာယိန္ဒြိယန္တိ, ကာယော ဋီကာကြီးယန္တိ၊ ဤပုစ္ဆာပါဠိ များ၌ ကာယအရ တဘက်ရဖြစ်ထိုက်သော တရားတို့ကို ကောက်ပြခဲ့ပါဟု မေးက အထက်ပါအတိုင်း ဖြေလေ။

မေး☆ ဥပေက္ခာဥပေက္ခိန္ဒြိယန္တိ.... ဤ၌ တဘက်ရသာ ဖြစ်ထိုက်သော ဥပေက္ခာမျိုးတို့ကို ကုန်စင်အောင် ထုတ်ပြခဲ့ပါ။

(၁၃၁၄ ခု-နှစ်ကမေးခဲ့ဘူးပြီ)

☆ တဘက်ရ ဖြစ်ထိုက်သော ဥပေက္ခာတို့ကား— ဆင္ဃုံပေက္ခာ, ဗြဟ္မဝိဟာရပေက္ခာ, ဗောဇ္ဈင်္ဂုပေက္ခာ ဝီရိယုပေက္ခာ, သင်္ခါရုပေက္ခာ, ဝိပဿနုပေက္ခာ တတြမဇ္ဈတ္တုပေက္ခာ, ဈာနုပေက္ခာ, ပါရိသုဒ္ဓုပေက္ခာတို့တည်း။

မှတ်ချက်-နှစ်ဘက်ရဖြစ်ထိုက်သော ဥပေက္ခာကား-ဝေဒနုပေက္ခာ တည်းဟုမှတ်လေ၊

## 'ဥပေက္ခာဆယ်မျိုးသရုပ်တရားကိုယ်'

☆ ဣန္ဒြိယယမိုက်၌ ဥပေက္ခာဆယ်မျိုးတို့၏ သရုပ်ကို ဖေါ်ပြပြီးလျှင် ၎င်းတို့၏ တရားကိုယ်များကိုလည်း ကောက်ပြပါ။ (၁၃၁၂-၁၃-၁၉-ခုနှစ်ကမေးခဲ့ဘူးပြီ)

| ဥပေက္ခာသရုပ် | | တရားကိုယ်များ | |
|---|---|---|---|
| ☆ ၁။ ဆဠင်္ဂုံ ... | ပေက္ခာ | တတြမဇ္ဈတ္တတာ | စေတသိက် |
| ၂။ ဗြဟ္မဝိဟာရ | ။ | ။ | ။ |
| ၃။ ဗောဇ္ဈင်္ဂ .. | ။ | ။ | ။ |
| ၄။ တတြမဇ္ဈတ္တ | ။ | ။ | ။ |
| ၅။ ဈာန ....... | ။ | ။ | ။ |
| ၆။ ပါရိသုဒ္ဓ ... | ။ | ။ | ။ |
| ၇။ ဝီရိယ........ | ။ | ဝီရိယ | စေတသိက် |
| ၈။ သင်္ခါရ ....... | ။ | ပညာ | ။ |
| ၉။ ဝိပဿန.... | ။ | ။ | ။ |
| ၁၀။ ဝေဒန ........ | ။ | ဝေဒနာ | ။ |

နေ (52) ဝင်း

မှတ်ချက်-ဝေဒနုပေက္ခာ မသည့်ဘဲဥပေက္ခာ [၄] မျိုးရှိ၏ဟုလည်း ခေါ်ဆိုကြသေး၏။

ဆောင်ရန် ☆ ဆဋ္ဌင် ဖြဟ္မ၊ဗောဇ္ဈင်၊ဝီရိယ သင်္ခါရာ။
☆ ဝိပဿနာ၊တတြ၊ ဈာန ပါရိသာ၊
★ဝေဒနုပေက္ခါ၊ ပေါင်းဆယ်ဝ၊မှတ်ကြဥပေက္ခာ။

## ဥပေက္ခာဆယ်မျိုးကို ခန္ဓာစသည်ဖြင့်ဝေဘန်ပုံ

မေး ★ဥပေက္ခာဆယ်မျိုးတို့၏သရုပ်ကို ခန္ဓာအားဖြင့်၎င်း ကုသိုလ်, အကုသိုလ်, အဗျာကတ အားဖြင့်၎င်း၊ ဘုံ,ပုဂ္ဂိုလ်အားဖြင့်၎င်း အသီးအသီးဝေဘန်ပြခဲ့ပါ၊
(၁၃၁၂-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ ★ ခန္ဓာအားဖြင့်-ဝေဒနုပေက္ခာကား ဝေဒနက္ခန္ဓာတည်း၊ ကြွင်းသော ဥပေက္ခာကိုးပါး တို့ကား-သင်္ခါရက္ခန္ဓာတည်း။

ကု,အကု, အဗျာအားဖြင့် ဆဠင်္ဂုပေက္ခာကား-အဗျာကတတည်း။

ဗြဟ္မဝိဟာရုပေက္ခာစသော(၈)ပါးကား- အကုသိုလ်,အဗျာကတနှစ်ပါးတည်း။

ဝေဒနုပေက္ခာကား- ကုသိုလ်, အကုသိုလ်,အဗျာကတသုံးပါးတို့တည်း။

ဘုံအားဖြင့်-ဆဠင်္ဂုပေက္ခာ,ဝိပဿနုပေက္ခာ သင်္ခါရုပေက္ခာ,ဤသုံးပါးကား- ကာမာဝစရဘုံတည်း။

ဖြုဟ္မဝိဟာရပေက္ခာ, ဈာနပေက္ခာ, ပါရိသုဒ္ဓုပေက္ခာ ဤသုံးပါးကား–ရူပါဝစရဘုံတည်း။

ဝေဒနုပေက္ခာ,ဝိရိယုပေက္ခာ,တတြမဇ္ဈတ္တုပေက္ခာ ဤသုံးပါးကား–စတုဘူမိကတည်း။

ဗောဇ္ဈင်္ဂုပေက္ခာကား — ကာမာ ဝစရဘုံ, လောကုတ္တရာဘုံတည်း။

ပုဂ္ဂိုလ်အားဖြင့်–ဆဠင်္ဂုပေက္ခာကား ရဟန္တာပုဂ္ဂိုလ်၌သာဖြစ်၍ ကြွင်းသော ဥပေက္ခာကိုးပါးတို့ကား - ပုထုဇဉ်,သေက္ခ,အသေက္ခ(ရဟန္တာ)ပုဂ္ဂိုလ်တို့၌ဖြစ်၏။

## 'ရှုမြဲထိုက်မထိုက်ခွဲဝေပုံ'

မေး✡ ဥပေက္ခာ ဆယ်မျိုးတို့ကို ရှုမြဲထိုက် မထိုက်အားဖြင့်ဖော်ထုတ်ပြခဲ့ပါ။

ဖြေ✡ ရှုမြဲထိုက်သောဥပေက္ခာတို့ကား-ဝိရိယုပေက္ခာ သင်္ခါရုပေက္ခာ, ဝေဒနုပေက္ခာ, ဝိပဿနုပေက္ခာ တို့တည်း။

ရှုမြဲမထိုက်သောဥပေက္ခာတို့ကား -ဆဠင်္ဂုပေက္ခာ ဖြုဟ္မာဝိဟာရုပေက္ခာ, ဗောဇ္ဈင်္ဂုပေက္ခာ, တတြမဇ္ဈတ္တုပေက္ခာ, ဈာနုပေက္ခာ, ပါရိသုဒ္ဓုပေက္ခာ တို့တည်း။

## ''ပဝတ္တိဝါရ ခက်ဆစ် မေး-ဖြေများ''
## 'မဟောသော ဈာန်ငြေများအကြောင်း'

မေး☆ ဈာန်ယမက''ပဝတ္တိဝါရ''၌ ဟောသင့်သော ဈာန်ငြေ,မဟောသင့်သောဈာန်ငြေတို့ကို အကြောင်းနှင့် တကွခွဲခြားဖြေဆိုခဲ့ပါ။

(၁၃၀၉-၁၈-၂၁-ခုနှစ်များကမေးခဲ့ဘူးပြီ)

ဖြေ☆ သုက္ခငြေ, ဒုက္ခငြေ, ဒေါမနဿငြေ, အနညာ တညဿာမိတိငြေ,အညိငြေ အညာတာဝိငြေ၍ဈာငြေ (၆)ပါးတို့ကိုမဟောသင့်ပါ။

အကြောင်းကား-၍(၆)ပါးသောဈာနငြေတို့သည် ပဋိသန္ဓေ,စုတိတို့၌ မဖြစ်၊ ပဝတ္တိ၌သာ ဖြစ်သော ကြောင့်တည်း။

ကြွင်းသော(၁၆)ပါးသော ဈာငြေတို့ကိုကား– ဟောသင့်ပါသည်။

အကြောင်းကား- ပဋိသန္ဓေအခါ၌ ဖြစ်နိုင်သော ကြောင့်တည်း။

မှတ်ချက်–သုက္ခငြေစသော ဈာငြေ(၆)ပါးတို့ကို ပဋိသန္ဓေအခါ မရကောင်းသော ဈာငြေတို့ဟူ၍ လည်းမှတ်လေ။

ဆောင်ရန်☆ သုခ,ဒုက္ခ၊ဒေါမနနှင့်၊အနည အညာ၊
အညတာ၊ခြောက်ဖြာရှင်မဟော။
သန္ဓေအခါ၊ မရပါ၊ခြောက်ဖြာရှင်မဟော၊

မေး။ ☆ ရူပဗြဟ္မာတို့၌ ဃာန်ဒွေ, ပုရိသိန္ဒြေ, နှစ်ပါးမဖြစ်ရ ခြင်းအကြောင်းကို ပြဆိုခဲ့ပါ။

{၁၃၁၀-ခုနှစ်က မေး ခဲ့ဘူးပြီ}

ဖြေ။ ☆ ဃာန်ဒွေ, ပုရိသိန္ဒြေ, ခေါ် ဘာဝရုပ်နှစ်ခုသည် အားကောင်းသော ကာမရာဂလျှင် အားကြီးသော အကြောင်းရှိ၍ ရူပဗြဟ္မာတို့အား ထိုအားကောင်း သော အားကြီးသည့် ကာမရာဂ မရှိသောကြောင့် မဖြစ်ပါ။

## 'အာမန္တာ မထွက်ဘဲ-နော ဝိဘင်းထွက်ကြောင်း'

မေး။ ☆ ယဿ ဃာန်ိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတီတိ ဤပုစ္ဆာပါဠိတော်၌ 'ဥဘတောဗျည်း' ကိုထောက်၍ "အာမန္တာ" ဝိဘင်းမထွက်ဘဲ "နော" ဝိဘင်း ထွက်ရခြင်းအကြောင်းကို ရှင်းပြခဲ့ပါ။

ဖြေ။ ☆ ဥဘတောဗျည်းသည်—ယောကျ်ားဥဘတောဗျည်း, မိန်းမဥဘတောဗျည်းဟု..... နှစ်မျိုး ရှိသည်တွင် ယောကျ်ားဥဘတောဗျည်း၌ ပုရိသိန္ဒြေသာဖြစ်၍ ဃာန်ဒွေမဖြစ်၊ မိန်းမဥဘတောဗျည်း၌ ဃာန်ဒွေသာ ဖြစ်၍ ပုရိသိန္ဒြေမဖြစ်နိုင်သောကြောင့် "အာမန္တာ" ဝိဘင်းမထွက်ဘဲ "နော" ဝိဘင်းထွက်ပါသည်။

နေ (၅၁) ဝင်း

## 'နောဝိဘင်းထုတ်ဟောသင့်ပုံ'

မေး ✫ ယဿဉတ္ထိန္ဒြိယ' ဥပ္ပဇ္ဇတိ၊ တဿပုရိသိန္ဒြိယ' ဥပ္ပဇ္ဇတိ ၌ လိင်ပြန်သော ပုဂ္ဂိုလ်ကိုရည်ရွယ်၍ ဟောသောကြောင့် ''အာမန္တာ'' ထုတ်သင့်လျက် မထုတ်ဘဲ ''နော''ဝိဘင်း ထုတ်ဟောရကြောင်းကို ရှင်းပြခဲ့ပါ။

ဖြေ ✫ လိင်ပြန်သောပုဂ္ဂိုလ်သည်ပဋိသန္ဓေအခါ၌မပြန်ဘဲ ပဝတ္တိအခါ၌သာ လိင်ပြန်သည်ဖြစ်၍ ဤ၌ဥပ္ပဇ္ဇတိ အရ ဖြစ်ဆဲဆိုသည်မှာ ပဋိသန္ဓေခဏကို ရည်ရွယ်၍ ဆိုသောကြောင့် အာမန္တာ'မထုတ်ဘဲ'နော'ဝိဘင်း ထုတ်ရပါသည်။

## 'ဇီဝိတိန္ဒြေမူ၌ စုတိ,ပဋိ,ပဝတ္တိဟောကြောင်း'

မေး ✫ ရှေးစက္ခုမူအစရှိသည်တို့ကို စုတိ ပဋိသန္ဓေ၏ အစွမ်းဖြင့်ဟောတော်မူခဲ့ပါလျက် ဇီဝိတိန္ဒြေကျမှ အဘယ့်ကြောင့် စုတိ ပဋိသန္ဓေ ပဝတ္တိတို့၏ အစွမ်းဖြင့် ဟောတော်မူပါသနည်း ဖြေဆိုခဲ့ပါ။

ဖြေ ✫ ဇီဝိတိန္ဒြေသည် စုတိ, ပဋိသန္ဓေအခါ၌သာ သဟဇာတ်ဖြစ်သော ရုပ်နာမ် တရား တို့ကို အစဉ် စောင့်ရှောက်သည် မဟုတ်သေး၊ ပဝတ္တိအခါ၌ ကမ္မဇ,အကမ္မဇရုပ်နာမ် တရားတို့ကိုလည်း အစဉ် စောင့်ရှောက်သေးသောကြောင့် စုတိ ပဋိသန္ဓေ, ပဝတ္တိတို့၏ အစွမ်းဖြင့် ဟောတော်မူပါသည်။

နိဘင်္ချက် ထို့ကြောင့် ဇိဝိ ဘိခြင်းမူ ဝိဘင်းပါဠိ၌ ''ဝိနာ သောမနဿေန ဥပပဇ္ဇန္တာနံ'' ဟူသော ဝိဘင်းပါဠိဖြင့် ဇီဝိတိန္ဒြေသည်ပဋိသန္ဓေအခါ၌ ရုပ်နာမ် ဇီဝိတိန္ဒြေ့ဘို့ဥပါဒ်ပုံကို ရည်ရွယ်၍ဆိုသည်။ 'ပဝတ္တေ သောမနဿဝိပ္ပယုတ္တစိတ္တဿဥပ္ပါဒက္ခဏေ' ဟူသော ဝိဘင်းပါဠိဖြင့် ပဝတ္တိအခါ၌ နာမ်ဇီဝိတိန္ဒြေ၏ ဥပါဒ်ပုံကို ရည်ရွယ်၍ ဆိုသည်ဟုမှတ်လေ။

## ‘ဝိဘင်းပါဠိ အမှားအမှန်ဆုံးဖြတ်ပုံ’

၁၁။ ✡ ပဝတ္တိ....ဥပ္ပါဒဝါရ .. ပစ္စုပ္ပန္နပုဂ္ဂလ ဩသာ မနဿိခြင်းမူသဒ္ဒိန္ဒြေမူလိဦ-ယဿသောမနဿိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿသဒ္ဒိန္ဒြိယံ ဥပ္ပဇ္ဇတီတိ၊ 'သောမနဿေန ဝိနာ သဒ္ဓါယ ဥပပဇ္ဇန္တာနံ၊ ပဝတ္တေ သောမနဿ သမ္ပယုတ္တ သဒ္ဓါဝိပ္ပယုတ္တစိတ္တဿ ဥပ္ပါဒက္ခဏေ' ဟု ထုတ်သော ... ယမကပုစ္ဆာ၏ ဝိဘင်းသည် မှန်ကန်ပါ၏လော .. သဘာဝကို စဉ်းစား၍ အနုလောမ, ပဋိလောမ, တဘက်ရ, နှစ်ဘက်ရမှန်ကန်သောဝိဘင်းများထုတ်ပြခဲ့ပါ။

(၁၃၁၁-ခုနှစ်ကမေးခဲ့ဘူးပြီ)

၁၂။ ✡ ''သောမနဿေန ဝိနာ သဒ္ဓါယ ဥပပဇ္ဇန္တာနံ (ပေ)ဥပ္ပါဒက္ခဏေ'' ဟူသော ဝိဘင်းသည်မမှန်ကန်ပါ-ပဋိသန္ဓေစိတ်တခုယုတ်နှစ်ဆယ်တို့တွင် သဒ္ဓါနှင့်

မယှဉ်သော သောမနဿ ပဋိသန္ဓေ မည်သည် မရှိ၊ သောမနဿ ပဋိသန္ဓေဟူက သောဘဏသာ တည်း၊ ထို့ကြောင့် မမှန်ကန်၍ ဤသို့မထုတ်သင့်ပါ။

အနုလောမ တဘက်ရ ဝိဘင်းကား–''ပဝတ္တေ သောမနဿ သမ္ပယုတ္တ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ''တည်း။

နှစ်ဘက်ရ ဝိဘင်းကား– ''သောမနဿေန ဥပပဇ္ဇန္တာနံ ပဝတ္တေ သောမနဿ သမ္ပယုတ္တ စိတ္တဿ ဥပ္ပါဒက္ခဏေ တေသံ' တည်း။

ပဋိလောမ တဘက်ရဝိဘင်းကား'သဟေတုကာနံ ဝိနာ သောမနဿေန ဥပပဇ္ဇန္တာနံ, ပဝတ္တေသဒ္ဓါ သမ္ပယုတ္တသောမနဿဝိပ္ပယုတ္တ စိတ္တဿဥပ္ပါဒက္ခဏေ တေသံ''တည်း။

''လေးချက်စက်လှည့်ပုံ''

၁၁။ ✡ (က) သောမနဿသာယှဉ်၍သဒ္ဓါမယှဉ်သောစိတ်

(ခ) သဒ္ဓါသာယှဉ်၍သောမနဿ မယှဉ်သောစိတ်

(ဂ) ၎င်းတို့နှစ်ပါးစုံယှဉ်သောစိတ်,

(ဃ) ၎င်းတို့ နှစ်ပါးစုံ မယှဉ်သော စိတ်တို့ကို အသီးအသီးရေတွက်ပြခဲ့ပါ။

၁၂။ ✡ (က)လောဘမူ သောမနဿသဟဂုတ်စိတ်.... ၄

သောမနဿ သန္တီရဏစိတ်.................. ၁

ဟသိတုပ္ပါဒ်စိတ်.............................. ၁

(ခ) ကာမာဝစရ သောဘဏဥပေက္ခာ........၁၂
မဟဂ္ဂုတ်,လောကုတ္တရာဥပေက္ခာ.........    ၂၃
(ဂ) ကာမာဝစရ သောဘဏ သောမနဿ   ၁၂
မဟဂ္ဂုတ်.လောကုတ္တရာသောမနဿ............၄၄
(ဃ) အကုသိုလ်ဥပေက္ခာ... ................   ၆
ဒေါသမူ ... .... .... .... .... .... ၂
အဟိတ်ဥပေက္ခာ.... .... .... .... ...   ၁၄
ကာယဝိဉာဉ်စိတ် ... .... .... .... .... ၂

## တနည်းထပ်မေးပုံ

မေး☆ ဥဘတောဗျည်းအား –ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ နှစ်ပါးလုံးရသင့်မရသင့် ယမိုက်ကျမ်းလာ သာဓကပြ၍ ဖြေဆိုခဲ့ပါ။ (၁၃၁၀-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ☆ ဥဘတောဗျည်းအား- ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေ,နှစ်ပါး လုံးမရသင့်ပါ။

**သာဓကအား**- ''ယဿ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတီတိ'' နောတည်း။

**မှတ်ချက်**-ဥဘတောဗျည်းဆိုသည်မှာ-ဣတ္ထိဘောဝ ပုမ္ဘောဝနှစ်ခုရှိသူမဟုတ် ယောကျ်ားဗျည်း နိမိတ် (၁)ခု,မိန်းမဗျည်းနိမိတ်(၁)ခုအားဖြင့် ဗျည်းနိမိတ် နှစ်ခုရှိသောသူကို''ဥဘတောဗျည်း'' ဟုခေါ်သည်။ ထို့ကြောင့် ဣတ္ထိန္ဒြေ,ပုရိသိန္ဒြေ နှစ်ပါး ရောယှက်ခြင်း မရှိပေ။

**နေ (54) ဝင်း**

မေး☆ အနာဂတ ပုဂ္ဂလဝါရ ဇီဝိတမူ– ဥပေက္ခာမူလိဋ္ဌ အနုလုံအနုလောမတဘက်ရဝယ်ရဟန္တာ(အရဟတ္တဖလဌာန်) ပုဂ္ဂိုလ် ကိုသာ ကောက်ယူ ရခြင်း အကြောင်းကို ပြဆိုခဲ့ပါ....

ဖြေ☆ တဝီထိအတွင်း– ရဟန္တာမှတပါး, ပုထုဇဉ်နှင့် အခြားသောအရိယာများ မဖြစ်နိုင်သောကြောင့် {ဝါ}ဝီထိဟူသမျှတို့သည်အာဝဇ္ဇန်းနှင့်ကင်း၍မဖြစ်သောကြောင့် ရဟန္တာကိုသာ ကောက်ရပါသည်။

## "ဒဿေတွာ-ဒယေတွာ ပါဌ်နှစ်ထွေ"

မေး☆ "ယေရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ ယေစပုရိသာ ဓေတနေဝ ဘာဝေနေ ကတိစိ ဘဝေ 'ဒဿေတွာ'ဟု(ဒယေတွာဟုရင်း)ပရိနိဗ္ဗာယိဿန္တိ တေသံ"ဟု ပါဌ်နှစ်ထွေ ရှိရာ သင့်ရာ ပါဌ်ကို ယုတ္တိပြ၍ဆုံးဖြတ်ခဲ့ပါ။

ဖြေ☆ "ဒဿေတွာ" ဟူသောပါဌ်သာမှန်ပါသည်။

ယုတ္တိကား-ဒဿေတွာ၌ ဒိဿဓါတ်ကို 'ပဝတ္တနတ္ထ' ယူ၍ ဘုရားဟောစာကိုယ် ပါဌ်တော်ကို ဖျက်၍ မယူသင့်ပေ။

ဘုရားဟော စာကိုယ် မူရင်းပါဌ်တော်အတိုင်း 'ဒဿေတွာ'သာဟောရိုးချရိုးသင့်ပါသည်။

## 'ယောကျ်ားဘဝနှင့်ပရိနိဗ္ဗာန်စံမစံ'

မေး☆ ပြဟ္မာဘုံမှ ကာမဘုံ၌ ယောကျ်ားအဖြစ်ဖြင့် ပရိနိဗ္ဗာန် စံနိုင်, မစံနိုင်ကို သဘာဝ ယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ။

ဖြေ☆ ရူပ, အရူပ, ဘုံတို့၌ပုရိသဘာဝရုပ်မရှိ၍ ယောကျ်ားဟုမဖြစ်သင့်သော်လည်း 'ယေစပုရိသာ ဧတေနေဝ ဘာဝေန ကတိစိ ဘဝေဒေယေတွာ ပရိနိဗ္ဗာယိဿန္တိ' ဟူသောပါဠိတော်ကို ဘုရားရှင်သည် ဥပလက္ခဏာ နည်းအားဖြင့် ဟောတော်မူခဲ့ခြင်းဖြစ်ပါသည်၊

စင်စစ်ကား-ရူပ, အရူပဘုံမှကာမဘုံ၌မိန်းမအဖြစ် ဘဝ မခြားတော့ဘဲ ယောကျ်ား အဖြစ်ဖြင့်သာ ပရိနိဗ္ဗာန်ဝင်စံနိုင်ပါသည်။

## 'ရဟန္တာမ,များ ပရိနိဗ္ဗာန်ဝင်စံပုံ'

မေး☆ ရဟန္တာမများသည်ပရိနိဗ္ဗာန်ဝင်စံခါနီး၌ ဓမ္မတာ အားဖြင့်ပုရိသလိင်ပြန်ပြီးမှပရိနိဗ္ဗာန် ဝင်စံကြသည် ဟူသော အဆိုကို ဇာနည်ယ ယမက အထောက် အထားပြ၍ချေပဖြေဆိုခဲ့ပါ။

(၁၂၉၁-၁၃၁၈ ခု နှစ်များကမေးခဲ့ဘူးပြီ)

ဖြေ☆ ရဟန္တာမများသည် ပရိနိဗ္ဗာန်ဝင်ခါနီး၌ မိမိတို့ ဣတ္ထိလိင်ဖြင့်သာ ပရိနိဗ္ဗာန်ဝင်စံကြပါသည်၊

အဆက်ကား–ယဿ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ၊ ပစ္ဆိမဘဝိကာနံ ဃာနီနံ ဥပပဇ္ဇန္တာနံ ယာစ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ ယာစဃာနိယော ဧတေနေဝ ဘာဝေန ကတိစိ ဘဝေ ဒဿေတွာ ပရိနိဗ္ဗာယိဿန္တိ၊ တာသံ ဥပပဇ္ဇန္တီနံ တာသံ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ နောစ တာသံ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ။ ဤပါဠိတော်ကိုရင်း၊

ဃာနိန္ဒြိယယမိုက်ပါဠိတော်နိဒ္ဒေသ ပစ္စုပ္ပန္နာနာဂတ ပုဂ္ဂလဝါရ ဃာနိန္ဒြိယမူ၊ ပုရိသိန္ဒြိယမူလီ၌ ဟော သောပါဠိတော်တို့ကို ထောက်၍သိအပ်၏။

( ထိုပါဠိတော်နှစ်မျိုးတွင်ကြိုက်ရာတခုခုကိုအထောက် ပြလေ။ )

မေး ★ သောမနဿိန္ဒြိယမူလီ၌အဆုံးစွန်သော သောမနဿ သဟဂုတ်မှစ၍ ဟုကောက်ရာ၌ ''ကျွတ်ထိုက်သော တိဟိတ်ပုထုဇဉ်, အရိယာ ရှစ်ယောက် တို့ကို ကောက်ရခြင်းအကြောင်းကိုရှင်းပြခဲ့ပါ။

ဖြေ ★ ဥပေက္ခာသဟဂုတ်ဖြင့် ပဋိသန္ဓေနေသောပုဂ္ဂိုလ် အား=ပရိနိဗ္ဗာန်ပြုခါနီးကာလ၌ သောမနဿ သဟ ဂုတ်ဇော, တဒါရုံတို့သည် ဥပေက္ခာသဟဂုတ်များ ဖြစ်ကြသောကြောင့်တည်း။

မေး★ "ယာဝ ရူပါဝစရံ အရူပါဝစရံ" စသော ဝိဘင်းပါဠိ၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ဖော်ပြခဲ့ပါ။

ဖြေ★ မိန်းမများသည် အရိယာဘဲဖြစ်စေ, အရိယာ မဟုတ်သူဘဲဖြစ်စေ သမာပတ် ရှစ်ပါးနှင့် ပြည့်စုံ သော်လည်း ဗြဟ္မပါရိသဇ္ဇာဘုံမှတဆင့် တက်သော သူတို့တည်းဟု သိစေပါသည်။

မေး★ အောက်ပါ ဣန္ဒြေတို့ကို အသီးအသီး ဖော်ထုတ် ပြခဲ့ပါ။

[က] ပဝတ္တိ၌သာ ဖြစ်သောဣန္ဒြေ
[ခ] ပဋိသန္ဓေ စုတိနှစ်ပါးတို့၌ ဖြစ်သောဣန္ဒြေ
[ဂ] ပဋိသန္ဓေ ပဝတ္တိ စုတိသုံးပါးလုံး၌ ဖြစ်သောဣန္ဒြေ

ဖြေ★(က) အရ အဖြေကား – သုခိန္ဒြေစသော ဣန္ဒြေ (၆)ပါးတို့တည်း။
[ဤ၌(၆)ပါးသရုပ်ကို စာမျက်နှာ(၂၀၈)တွင်ပြခဲ့ပြီ]

(ခ) အရ– စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဤ(၈)ပါးတို့တည်း။

(ဂ) အရ-ဇီဝိတိန္ဒြေ, သောမနဿိန္ဒြေ ဥပေက္ခိန္ဒြေ သဒ္ဓိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ, ဤ(၈)ပါးတို့တည်း။

မှတ်ချက်— စုတိပဋိသန္ဓေ၏ အစွမ်းအားဖြင့် ဟောကြားအပ်သောရုန္ဒြေ,စုတိ, ပဋိသန္ဓေ,ပဝတ္တိ တို့၏အစွမ်းအားဖြင့်ဟောကြားအပ်သော ရုန္ဒြေ, တို့ကို ခွဲခြားပြခဲ့ပါဟု မေးလျှင် အထက်ပါ(ခ) (ဂ)အရတို့ကိုပင် ဖြေလေ။

ဆောင်ရန် ✩စက္ခု,သောတ,ဃာန,ဇိဝှါ၊
ကာယ,မနို၊ရုတ္တိပုရိသာ၊
စုတိ သန္ဓိ၊ဟောဘိနှစ်ဖြာ၊
ကြွင်းရှစ်ပါး၊ဟောငြားသုံးပါးပါ။

‘ပဝတ္တိဝါရ-ပဉ္စုပ္ပန္န-ပုဂ္ဂလောကာသခွဲဝေပုံ’
‘စက္ခုန္ဒြေ ဖြစ်ဆဲ-ဖြစ်သော ပုဂ္ဂိုလ်အုံ’

(က) ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ,စေတသိက် ပဉ္စတိသ၊ ကမ္မဇ ကလာပ်သုံးစည်း, ခုနှစ်စည်း, လေးစည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆိုအပ်သော သစက္ခုက ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ်ပုဂ္ဂိုလ် လေးယောက်, အောက် ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက် (ပဉ္စဝေါကာရ— ၂၆— ဘုံ) တို့တည်း။

စက္ခုန္ဒြေဖြစ်ဆဲမဟုတ်သော ပုဂ္ဂိုလ်အုံ

(ခ) ခပ်သိမ်းသော စဝန္တ ဖြစ်သော ပုထုဇဉ် လေးယောက်,ဖလဋ္ဌာန်လေးယောက်{စတုဝေါကာရ ၄=ဘုံ၊ပဉ္စဝေါကာရ—၂၆-ဘုံ၊အသညသတ်ဘုံ}

နပုံပုရိသ,ဣတ္ထိကာမာဝစရ ဥပပဇ္ဇန္တ ဖြစ်သော ဒုဟိတ်,သုံး အဟိတ်ပုထုဇဉ်{ကာမာဝစရ—၆-ဘုံ}

အသညသတ်,အရူပဥပပဇ္ဇန္တ ဖြစ်သော သုဂတိ အဟိတ်,တိဟိတ်ပုထုဇဉ်,အောက် ဖလဋ္ဌာန် သုံးယောက်{အသညသတ်ဘုံ,အရူပလေးဘုံ}တို့တည်း။

မှတ်ချက်—အထက်ပါ က-ခ၊ အဖြေလွှာ၌ စာမေးပွဲများတွင် စဉ်မြဲဖြစ်ဆဲ ဖြစ်သော ပုဂ္ဂိုလ်, ဖြစ်ဆဲမဟုတ်သောပုဂ္ဂိုလ်ဟု ဘုံမပါဘဲ— သီးခြားမေးပါက လက်သည်းကွင်း အတွင်းရှိ ဘုံများကို ချန်လှပ်၍ ဖြေဆိုကြလေ သောတုဆွေ။

## ဣတ္ထိန္ဒြေ ဖြစ်ဆဲသောပုဂ္ဂိုလ်ဘုံ

(က) ကာမပဋိသန္ဓေတည်ဆဲ၊စေတသိက်တွေ့သ ကမ္မဇကလာပ်သုံးစည်း ခုနစ်စည်းတို့၏ ဥပ္ပါဒက္ခဏာ သမင်္ဂီဟုဆိုအပ်သော ဣတ္ထိကာမာဝစရ ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ်လေးယောက်,အောက်ဖလဋ္ဌာန် နှစ်ယောက်(ကာမတဆဲ့တစ်ဘုံ)တို့တည်း။

## ၎င်းဖြစ်ဆဲမဟုတ်သော ပုဂ္ဂိုလ်ဘုံ

(ခ) ခပ်သိမ်းသောစဝန္တ ပုထု-၄၊ ဖလဋ္ဌာန်-၄၊ တို့အား{စတု-၄-ဘုံ၊ပဉ္စဝေါ-၂၆-ဘုံ၊အသညသတ်ဘုံ}နပုံပုရိသ ကာမာဝစရ ဥပပဇ္ဇန္တ ဖြစ်သော ဒုဟိတ်, သုံးအဟိတ် ပုထု—တို့အား (ရူပ—၁၆—ဘုံ အရူပ ၄-ဘုံ)တို့တည်း။

မှတ်ချက် - ပုရိသိန္ဒြေဖြစ်ဆဲ ပုဂ္ဂိုလ် ဘုံနှင့် မဖြစ်ဆဲ ပုဂ္ဂိုလ်ဘုံတို့ကို မေးပါက ''ဣတ္ထိကာမာဝစရ''ဟု ဆိုရာ၌ ''ပုရိသကာမာဝစရ''ဟု ၎င်း, ''နပုံပုရိသ''ဟုဆိုရာ၌''နပုံဣတ္ထိ''ဟု၎င်း ပြောင်း၍ ဖြေဆိုသည်သာထူးသည်။

(၎င်းကို ၈၃၁၉-ခု-နှစ်က မေးခဲ့ဘူးပြီ)

## ဇီဝိတိန္ဒြေဖြစ်ဆဲနှင့် မဖြစ်ဆဲပုဂ္ဂိုလ်ဘုံ

(က) ၎င်းဖြစ်ဆဲကား- ခပ်သိမ်းသော ဥပပဇ္ဇန္တ ဥပ္ပါဒက္ခဏ သမင်္ဂီ ပုထု-၄၊ အောက်ဖလဋ္ဌာန်-၃၊ {သုံးဆယ့်တစ်ဘုံ}တို့တည်း။

(ခ) ၎င်းမဖြစ် ဆဲကား- ခပ်သိမ်းသော စဝန္တ ပုဂ္ဂိုလ်,ဘုံတို့တည်း။

## သောမနဿိန္ဒြေဖြစ်ဆဲ,မဖြစ်ဆဲပုဂ္ဂိုလ်ဘုံ

(က) ဖြစ်ဆဲကား-သောမနဿ ပဋိသန္ဓေ [၈]ခု၊ ဝေ-၃၅၊တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီ ဒွိဟိတ်, တိဟိတ် ပုထုဇဉ်၊အောက်ဖလဋ္ဌာန်-၃၊ {ကာမသုဂတိ-၇-ဘုံ သုဘကိဏှာတိုင်အောင် ရူပ-၉-ဘုံ}

ပဋိသန္ဓိအခါသောမနဿ{၆၂}ခုတို့၏ဥပ္ပါဒက္ခဏ သမင်္ဂီပုဂ္ဂိုလ်(၁၂)ယောက်[စတု-၄-ဘုံ,ပဉ္စဝေါ ၂၆-ဘုံ]တို့တည်း။

(ခ) မဖြစ်ဆဲကား — ပဉ္စဝေါကာရ ဥပေက္ခာပဋိသန္ဓေ–၇–ခု ပုထုဇဉ်–၄၊ အောက်ဖလဌာန်–၃-{ကာမ-၁၁-ဘုံ၊ဝေဟပ္ဖိုလ်ဘုံ. သုဒ္ဓါဝါသ–၅-ဘုံ}တို့တည်း။

**'ဥပေက္ခိန္ဒြေဖြစ်ဆဲ မဖြစ်ဆဲသော ပုဂ္ဂိုလ်ဘုံ'**

(က) ၎င်းဖြစ်ဆဲကား–ဥပေက္ခာ ပဋိသန္ဓေ(၁၁)ခု ပုထု=၄– အောက်ဖလ-၃၊ {ကာမသု–၁၁–ဘုံ ဝေဟပ္ဖိုလ်ဘုံ, သုဒ္ဓါဝါသ–၅–ဘုံ}

အရူပ ဥပပဇ္ဇန္တ ဥပ္ပါဒက္ခဏသမင်္ဂီ တိဟိတ် ပုထု-၄၊အောက်ဖလ-၃၊(စတုဝေါ)-၄-ဘုံတို့တည်း

(ခ) ၎င်းဖြစ်ဆဲကား-သောမနဿပဋိသန္ဓေ(၈)ခု၊(ပေ)ရူပ-၉ ဘုံ,ခပ်သိမ်းသောစဝန္တ,အသညသတ်ဥပပဇ္ဇန္တ(၃၁–ဘုံ)တို့တည်း။

**'သဒ္ဓိန္ဒြေဖြစ်ဆဲ-မဖြစ်ဆဲပုဂ္ဂိုလ်ဘုံ'**

(က) ၎င်းဖြစ်ဆဲကား- သဟိတ်ပဋိသန္ဓေ(၁၇)ခု ဒွိဟိတ်, တိဟိတ် ပုထုဇဉ်, အောက်ဖလ –၃ – {ကာမသုဂတိ-၇-ဘုံ ရူပ-အရူပဘုံ}တို့တည်း။

(ခ) ၎င်းမဖြစ်ဆဲကား- အဟိတ် ပဋိသန္ဓေ(၂)ခု၊ ဒုဂ္ဂတိ, သုဂတိ, အဟိတ်ပုထုဇဉ်{ကာမ-၆-ဘုံ}

ခပ်သိမ်းသောစဝန္တ, အသညသတ် ဥပပဇ္ဇန္တ {၃၁-ဘုံ}တို့တည်း။

နေ (56) ဝင်၊

## 'ပစ္စုပ္ပန်ဖြစ်ဆဲ-မဖြစ်ဆဲပုဂ္ဂိုလ်ဘုံ'

(က) ဖြစ်ဆဲကား- ပဉ္စဝေါကာရ တိဟိတ်ပဋိသန္ဓေ(၉)ခု၊တိဟိတ်ပုထုဇဉ်,အောက်ဖလဋ္ဌာန်-၃-တို့အား (အပါယ်ကြဉ်ပဉ္စဝေါ၂၂-ဘုံ) အရူပဥပပတ္တိက္ခဏ်ဖြစ်သော တိဟိတ်ပုထုဇဉ် အောက်ဖလ-၃-ယောက်(စတုဝေါ-၄ဘုံ)တို့တည်း။

(ခ) မဖြစ်ဆဲကား-အဟိတ်,ဒွိဟိတ်ပဋိသန္ဓေ{၆}ခု၊ဒု,သု,ဒွိဟိတ်ပုထုဇဉ်[ကာမ-၁၁-ဘုံ]

ခပ်သိမ်းသောစုတိက္ခဏ်, အသညသတ် ဥပပတ္တိက္ခဏ် (၃၁ဘုံ)တို့တည်း။

ပစ္စုပ္ပန်ဝါရ-ပစ္စုပ္ပန္န-ပြီးပါပြီ။

## ပရိညာဝါရ ခက်ဆစ်မေးဖြေများ

မေး☆ ဣန္ဒြေနှစ်ဆဲ့နှစ်ပါးတို့တွင်
(က) ပရိဇာနာတိ ကြိယာနှင့်ဟောသောဣန္ဒြေ၊
(ခ) ပဇဟတိ ကြိယာနှင့်ဟောသောဣန္ဒြေ၊
(ဂ) ဘာဝေတိ ကြိယာနှင့်ဟောသောဣန္ဒြေ၊
(ဃ) သစ္ဆိကရောတိ ကြိယာနှင့် ဟောသောဣန္ဒြေတို့သည် မည်မျှစီရှိပါသနည်း။ အသီး အသီး ဖော်ထုတ်ပြခဲ့ပါ။

ဖြေ☆(က) အရ-စက္ခု၊ သောတ၊ ဃာန၊ဇိဝှါ၊ ကာယ၊ ဣတ္ထိ၊ပုရိသ၊ဇီဝိတ၊သုခ၊ဒုက္ခ၊ သောမနဿ၊ ဥပေက္ခာ၊သဒ္ဓါ၊ဝိရိယ၊သတိ၊သမာဓိ၊ပညာ၊ မန၊ဤ(၁၈)ပါးသောဣန္ဒြေတို့တည်း။

(ခ) အရ-ဒေါမနဿိန္ဒြေ(၁)ပါးသာတည်း။

(ဂ) အရ-အနညာ တညဿာမီတိန္ဒြေ, အညိန္ဒြေ ဤ(၂)ပါးတည်း။

(ဃ)အရ-အညာတာဝိန္ဒြေ(၁)ပါးသာတည်း။

မေး☆ဣန္ဒြိယယမိုက် ပရိညာဝါရ၌ဟောအပ်သောဣန္ဒြေ ဟောအပ်သောပုဂ္ဂိုလ်တို့ကိုဖော်ထုတ်ပြခဲ့ပါ။

ဖြေ☆ ဣန္ဒြိယယမိုက် ပရိညာဝါရ၌ ဣန္ဒြေ(၂၂)ပါးလုံး ဟောပါသည်။

ဟောအပ်သော ပုဂ္ဂိုလ်များ — ဘဗ္ဗပုထုဇဉ် အဘဗ္ဗပုထုဇဉ် နှစ်ယောက်၊ အရဟတ္တဖလဋ္ဌာန် ကြဉ်သောအရိယာ ခုနစ်ယောက်,

(၁) အရဟတ္တ မဂ္ဂါနန္တရ ဖိုလ်နှင့် ပြည့်စုံသော အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်,

(၂) ထိုအရဟတ္တဖလဋ္ဌာန်မှတပါးသောအရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ်ပေါင်း{၁၁}ယောက်ဟောါသည်

## 'သစ္စိကရောတိ-သစ္ဆာကာသိအရ ထူးပုံ'

မေး★''အဂ္ဂဖလံ သစ္စိကရောတိ, အဂ္ဂဖလံသစ္ဆာကာသိ နှစ်ပုဒ်တို့၏ ထူးခြားပုံကိုအရကောက်နှင့်တကွပြပါ။

{၁၃၁၁-ခုနှစ်က မေးခဲ့ဘူးပြီ}

ဖြေ★''အဂ္ဂဖလံ သစ္စိကရောတိ''ပုဒ်အရကား-အရဟတ္တ ဖိုလ်ကို မျက်မှောက်ပြုဆဲ ဖြစ်သော အရဟတ္တ မဂ္ဂါနန္တရ ဖိုလ်နှင့်ပြည့်စုံသော အရဟတ္တဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏။

''အဂ္ဂဖလံသစ္ဆာကာသိ''ပုဒ်အရကား-အရဟတ္တ မဂ္ဂါနန္တရဖိုလ်နှင့် ပြည့်စုံသော အရဟတ္တဖလဋ္ဌာန်မှ တပါး အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီးသော အရဟတ္တ ဖလဋ္ဌာန် ပုဂ္ဂိုလ်ရ၏။

မေး★ အဘယ်ပုဂ္ဂိုလ်တို့သည် အဘယ်တရားခြေတို့ကို သိဆဲ. သိပြီး,သိလတ္တံ့၊ပယ်ဆဲ,ပယ်ပြီး,ပယ်လတ္တံ့၊ပွါးဆဲ, ပွါးပြီး. ပွါးလတ္တံ့၊ မျက်မှောက် ပြုဆဲ, ပြုပြီး. ပြုလတ္တံ့နည်း။

(၁၂၉၁-ခုနှစ်ကမေးခဲ့ဘူးပြီ)

ဖြေ★ စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယ,ဣတ္ထိ,ပုရိသ, ဇီဝိတ,သုခ,ဒုက္ခ, သောမနဿ, ဥပေက္ခာ, သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ. ပညာ, ဤတရားခြေတို့ကို ... အရဟတ္တ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကား သိဆဲ၊ အရဟတ္တ ဖလဋ္ဌာန်ပုဂ္ဂိုလ်ကား– သိပြီး၊ ကျွတ်ထိုက်သော ပုထုဇဉ်, အောက်မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်, အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်တို့ကား.... သိလတ္တံ့၊

ဒေါမနဿိန္ဒြေကို – အနာဂါမိ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်ကား–ပယ်ဆဲ,အနာဂါမိဖလဋ္ဌာန်,အရဟတ္တ မဂ္ဂဋ္ဌာန်,အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်တို့ကား=ပယ်ပြီး ကျွတ်ထိုက်သော ပုထုဇဉ်, အောက် မဂ္ဂဋ္ဌာန် နှစ်ယောက်,အောက်ဖလဋ္ဌာန် နှစ်ယောက်တို့ကား ပယ်လတ္တံ့....

**နေ (57) ဝင်း**

အနညာ တညဿာမိတိန္ဒြေကို- သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်ကား — ပွါးဆဲ, အထက်မဂ္ဂဋ္ဌာန် သုံးယောက် ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့ကား ပွါးပြီး. ကျွတ်ထိုက်သော ပုထုဇဉ် ပုဂ္ဂိုလ်ကား ... ပွါးလတ္တံ့။ ။

အညိန္ဒြေကို အထက်မဂ္ဂဋ္ဌာန်သုံးယောက်ကား ပွါးဆဲ. အရဟတ္တဖလဋ္ဌာန်ကား ပွါးပြီး. ကျွတ်ထိုက်သော ပုထုဇဉ်, သောတာပတ္တိမဂ္ဂဋ္ဌာန်, အောက်ဖလဋ္ဌာန် သုံးယောက်တို့ကား ပွါးလတ္တံ့။

အညာတာဝိန္ဒြေကို အရဟတ္တ မဂ္ဂါနန္တရဖိုလ်နှင့်ပြည့်စုံသော အရဟတ္တ ဖလဋ္ဌာန် ပုဂ္ဂိုလ်ကား မျက်မှောက်ပြုဆဲ, အရဟတ္တမဂ်နောင် ဒုတိယဖိုလ်မှ စ၍အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ကားမျက်မှောက်ပြုပြီး ကျွတ်ထိုက်သော ပုထုဇဉ်,မဂ္ဂဋ္ဌာန် လေးယောက် အောက်ဖလဋ္ဌာန်သုံးယောက်တို့ကား မျက်မှောက်ပြုလတ္တံ့။

{တခုစီကိုလည်းခွဲခြားမေးနိုင်သည်}

ပရိညာဝါရ ပြီးပါပြီ

ဣန္ဒြိယ ယမိုက် ပြီးပါပြီ၊

# ဝိဘင်းထုတ် အရကောက်

## စံပြမေးခွန်းများ

## 'သင်္ခါရယမိုက်'

မေး ✡ စိတ္တံ စိတ္တသင်္ခါရောတိ၊ စိတ္တသင်္ခါရော စိတ္တန္တိ....
ဟူသော အနုလောမ ပဋိလောမ ပုစ္ဆာများကို
ဝိသဇ္ဇနာ ပြု၍ အရကောက်ပြခဲ့ပါ။ လွယ်ပြီ။

မေး ✡ သုဒ္ဓသင်္ခါရပစ္စနိက ကာယမူ ဝစီမူလီ အနုလောမကို
ပုစ္ဆာဝိသဇ္ဇနာစုံလင်စွာထုတ်၍အရကောက်ခဲ့ပါ။

မေး ✡ ယဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊
တဿ ဝစီသင်္ခါရော ဥပ္ပဇ္ဇတီတိ .. ဟူသော
ပုစ္ဆာပါဠိကို ဝိဘင်း ထုတ်ပြီးလျှင် အနုလောမ
သန္နိဋ္ဌာန် သံသယ စုံလင်အောင်ကောက်ပြခဲ့ပါ။
ဆင့်မူ—၃၁၂၊၃၁၃၊ အရကောက်အကိုင်းဖြေလေ။
မှတ်ချက် — ကြွင်းသောမူလ မူလီတို့ကိုလည်း
ဤနည်းနှင့်နှင့်မေးနိုင်သေးသည်ဟုမှတ်လေ။

မေး ✡ အောက်ပါပုစ္ဆာပါဠိတော်တို့ကို ဝိဘင်းထုတ်၍
အရကောက်ခဲ့ပါ။

(က) ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊
တဿ တတ္ထ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ-။

(ခ) ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊
တဿ တတ္ထ စိတ္တ သင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ-။

ဖြေ☆ က—စာမျက်နှာ-၃၂၀၊ကြောင်းရေ-၂၂၊အတိုင်း ဖြေလေ၊

ခ—ဝိဘင်း-အာမန္တာ၊ အရကောက် —၃၂၀၊ ကြောင်းရေ—၂၁—အတိုင်းကောက်လေ။

မေး☆ ယဿ ယတ္ထ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊
တဿ တတ္ထ စိတ္တသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ ...

ဤပုစ္ဆာပါဠိကို ဝိဿဇ္ဇနာမျှသာထုတ်ပြပြီးလျှင် ၎င်း၏ ပစ္စနိက သံသယကိုသာကောက်ပြခဲ့ပါ။

ဝိဘင်း— အာမန္တာ၊ အရကောက် — ၃၂၃၊ ကြောင်းရေ—၂။

မေး☆ အောက်ပါ ပုစ္ဆာပါဠိ၏ ဝိဿဇ္ဇနာ ပါဠိကို ထုတ်ပြပြီးလျှင် အရကောက်ပြခဲ့ပါ။
ယဿ ကာယသင်္ခါရော ဥပ္ပဇ္ဇိဿတိ၊
တဿ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ။

ဝိဘင်း— အာမန္တာ၊ အရကောက် — ၃၂၃၊ ကြောင်းရေ—၁၅။

မေး☆ ယဿ ဝါပန စိတ္တသင်္ခါရော ဥပ္ပဇ္ဇိဿတိ၊
တဿ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊

ဤပုစ္ဆာကို ဝိဘင်းမျှသာထုတ်၍ ၎င်း၏ပစ္စနိက သံသယကိုသာ ကောက်ပြခဲ့ပါ။

ဝိဘင်း-၃၂၄-ကြောင်းရေ=၁၉၊

ပစ္စနိက်သံသယကား - တိဟိတ် စုတိဓေတရသ· (ပေ)ပစ္ဆိမစိတ်၏ ခဏတ္တယသမင်္ဂီဟု ဆိုအပ်သော ကာမာဝစရ,ရူပါဝစရ, အရူပါဝစရ, အရဟတ္တဖလဋ္ဌာန်ပုဂ္ဂိုလ်ရ၏။

ဒး★ အောက်ပါ တို့ကို ဝိဘင်း ထုတ်ပြခဲ့ပါ....
(အရကောက်ရန်မလို)

(က) ယဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊
တဿ ဝစီသင်္ခါရော ဥပ္ပဇ္ဇိတ္ထာတိ၊
(အာမန္တာ)

(ခ) ယဿ ကာယသင်္ခါရော ဥပ္ပဇ္ဇတိ၊
တဿ ဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊
(အာမန္တာ)

(ဂ) ယဿ ကာယသင်္ခါရော ဥပ္ပဇ္ဇိတ္ထ၊
တဿဝစီသင်္ခါရော ဥပ္ပဇ္ဇိဿတီတိ၊
ဂ-ဝိဘင်းကား=၃၄၇၊ ၂၃-အကိုင်းဖြေလေ။

အမှာ- က-ခ တို့ကို အရကောက် ခိုင်းပါက က-အရ ၃၃၃၊ ၂၁၊ အတိုင်း ကောက်လေ၊
ခ- အရကောက်ကို - ၃၃၇၊ ၂၈၊ အတိုင်း ကောက်လေ၊

နေ (58) ဝင်း

## 'အနုသယ ယမိုက်'

မေး☆ ယဿဝါပန မာနာနုသယော အနုသေတိ၊
တဿ ကာမရာဂါနုသယော အနုသေတီတိ၊
ဟူသောပုစ္ဆာကိုဝိဘင်းထုတ်၍အရကောက်ပြခဲ့ပါ။
(၃၉၄–၁ဂ၊)

မေး☆ အောက်ပါတို့ကို ဝိဘင်းထုတ်၍ အရကောက်ပြခဲ့ပါ။

(က) ယဿ ယတ္ထ ကာမရာဂါနုသယောအနုသေတိ

တဿ တတ္ထ ပဋိဃာနုသယောအနုသေတီတိ
(နော) ကာမနှင့်,မာနအတွက်–အာမန္တာ
(သတိပြု)

(ခ) ယဿဝါပန,ယတ္ထမာနာနုသယောအနုသေတိ၊
တဿ တတ္ထ ကာမရာဂါနုသယော အနုသေတီတိ။

{၄၀၁၊၂၁၊}

(ဂ) ယဿကာမရာဂါနုသယော နာနုသေတိ၊
တဿ ပဋိဃာနုသယော နာနုသေတိ၊

(အာမန္တာ)

အရကား–အနာဂါမ်,ရဟန္တာရ၏။

## 'အလွန်းတူမေးနိုင်သော ပုစ္ဆာပါဠိများ'

(က) ယော ကာမရာဂါနုသယံ ပဇဟတိ၊
သော မာနာနုသယံ ပဇဟတီတိ၊

ဝိဘင်း-တဒေကဌ ပဇဟတိ။
အရကား-အနာဂါမိမဂ္ဂဋ္ဌာန်ရ၏၊ သံသယဌင်းရ၏။

(ခ) ယော ကာမရာဂါနုသယံ နပဇဟတိ၊
သော မာနာနုသယံ နပဇဟတီတိ၊
(အာမန္တာ)

အနုလောမသန္နိဋ္ဌာန်အရကား-ပုထုဇဉ်, အနာဂါမိမဂ္ဂဋ္ဌာန်ကြဉ်သော အရိယာ ခုနစ်ယောက်ရ၏ သံသယဌင်းရ၏၊

(ဂ) ယော ယတော ကာမရာဂါနုသယံ ပဇဟတိ
သော တတော ပဋိဃာနုသယံ ပဇဟတီတိ၊
(နော)၊ သန္နိဋ္ဌာန်အရကား- အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်အား ကာမဓါတ် ဝေဒနာ နှစ်ပါးရ၏။

(ဃ) ယော ယတော ကာမရာဂါနုသယံ နပဇဟတိ၊
သော တတော ပဋိဃာနုသယံ နပဇဟတီတိ၊
ယော ဝါ ပန (ပေ) တီတိ။

{၄၂၇၊ ၆၊ }

ခန်း ☆ အောက်ပါတို့ကို ဝိဘင်းထုတ် အရကောက်ပြခဲ့ပါ။

(က) ယဿ ယတ္ထ ကာမရာဂါနုသယော ပဟီနော
တဿ တတ္ထ ပဋိဃာနုသယော ပဟီနောတိ

ခြ ☆ ဝိဘင်း-နဝတ္တဗ္ဗော ပဟီနောတိပါ၊ အပ္ပဟီနောတိဝါ
သန္နိဋ္ဌာန်အရကား – အနာဂါမ် ရဟန္တာပုဂ္ဂိုလ်တို့အား

ကာမဓါတ်၊ ဝေဒနာနှစ်ပါးရ၏ သံသယကား-အရမရှိ။

(ခ) ယဿ ယတ္ထ ကာမရာဂါနုသယော ပဟီနော
တဿ တတ္ထ မာနာနုသယော ပဟီနောတိ။

ဝိဘင်း ၄၃၁၊ ၁၄၊

အရကား–၄၃၁၊ ၁၉။

(ဃ) ယဿ ယတ္ထ ကာမရာဂါ နုသယော အပ္ပဟီနော၊
တဿ တတ္ထ ပဋိဃာနုသယော အပ္ပဟီနောတိ၊

ဝိဘင်း-နဝတ္တဗ္ဗော၊ သန္နိဋ္ဌာန်အရကား-ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ် ပုဂ္ဂိုလ်တို့အား ကာမဓါတ်၊ ဝေဒနာနှစ်ပါးရ၏။

အမှာ–ဓါတုဝါရ ဝိဘင်းထုတ် အရကောက်ပုံတို့ကို ဤကျမ်း အဓိပ္ပါယ်ကဏ္ဍ၌ အနည်းငယ်ပြဆိုခဲ့ပြီ ရှိလေ။

## 'စိတ္တယမိုက်'

မေး✡ အောက်ပါတို့ကို ဝိဘင်းထုတ်၍ အရကောက် ပြခဲ့ပါ၊

(က) ယဿ စိတ္တံ ဥပ္ပဇ္ဇတိ၊ တဿစိတ္တံဥပ္ပန္နန္တိ၊

(ခ) ယဿဝါပန စိတ္တံ ဥပ္ပန္နံ၊ တဿ စိတ္တံ ဥပ္ပဇ္ဇတီတိ။

(ဂ) ယဿစိတ္တံဥပ္ပဇ္ဇတိ၊ တဿစိတ္တံဥပ္ပဇ္ဇိဿတီတိ၊ ယဿဝါပန(ပေ)တီတိ။

(ဃ) ယဿစိတ္တံ ဥပ္ပန္နံ၊ တဿစိတ္တံဥပ္ပဇ္ဇိဿတီတိ။

မေး✡ ယဿစိတ္တံ နုပ္ပဇ္ဇတိ၊ တဿစိတ္တံ နုပ္ပဇ္ဇိဿတီတိ.... ဟူသောပုစ္ဆာကို ဝိဘင်းထုတ်၍အရကောက်ပြပါ၊

ယဿ ကုသလံ စိတ္တံ ဥပ္ပန္နံ၊ တဿ ကုသလံ စိတ္တံ ဥပ္ပဇ္ဇိဿတီတိ၊ ဤပုစ္ဆာကို ဝိဘင်းထုတ် ပြပြီးလျှင် ၎င်း၏ပစ္စနိက သံသယအရကိုသာ ကောက်ပြခဲ့ပါ။

မေး✡ သုဒ္ဓစိတ္တဿမည၊ ပုဂ္ဂလ-အတိက္ကန္တဝါရ အနုလုံ၌ 'အနုလောမပင္စလောမ' ပုစ္ဆာ, ဝိသဇ္ဇနာအပြည့်အစုံ ထုတ်ပြခဲ့ပါ။ (ဓမ္မဝါရလည်း ထို့အတူ မေးနိုင်သည်)

ဖြေ✡ အနုလောမပုစ္ဆာ— ယဿ စိတ္တံ ဥပ္ပဇ္ဇမာနံ ခဏံ ခဏံ ဝီတိက္ကန္တံ အတိက္ကန္တကာလံ နိရုဇ္ဈမာနံ ခဏံ ခဏံ ဝီတိက္ကန္တံ အတိက္ကန္တကာလံ တဿ စိတ္တန္တိ၊

နေ (59) ဝင်း

ၚင်ႏဝိယဿန္တနာ–''ဘင်္ဂဏောစိတ္တံ ဥပ္ပါဒက္ခဏေ ငီတိက္ကန္တံ ဘင်္ဂက္ခဏေ အဝိတိက္ကန္တံ'' (တဘက်ရ) အတီတံစိတ္တံ ဥပ္ပါဒက္ခဏဉ္စ ဝီတိက္ကန္တံ ဘင်္ဂက္ခဏဉ္စ ဝီတိက္ကန္တံ'' (နှစ်ဘက်ရ)

ပဋ္ဌာနလောမပုစ္ဆာ– ''ယဿ ဝါပန စိတ္တံ နိရုဇ္ဈမာနံခဏံ ခဏံ ဝီတိက္ကန္တံ အတိက္ကန္တကာလံ၊ ဥပ္ပဇ္ဇမာနံ ခဏံခဏံ ဝီတိက္ကန္တံ အတိက္ကန္တကာလံ တဿ စိတ္တန္တိ''၊

ၚင်ႏဝိယဇ္ဇနာ–''အတီတံစိတ္တံ''

အမှာ-ခမ္မယမိုက်ဩသုဒ္ဓဝါရအတွက် ဝိဘင်းထုတ် အရကောက်တို့ကိုအထူးဖော်မပြတော့ပေ၊ ဤကျမ်းစာမျက်နှာ{၁၇၇}မှ(၁၉၅)ထိ ဖော်ပြထားသော မူလ.မူလီ ခွဲဝေပုံတို့ကိုကြည့်က သိနိုင်လောက်ပြီ။

**'မိဿကဝါရမေးခွန်းများ'**

မေး☆ အောက်ပါတို့ကို ဝိဘင်းထုတ်ပြပါ။

(အရကောက်ရန်မလို)

(က) ယဿ ဝါပန အကုသလာ ဓမ္မာ ဥပ္ပဇ္ဇိတ္ထ၊ တဿ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တီတိ၊

[၄၀၄–၁၆]

(ခ) ယဿ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊ တဿ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇိဿန္တီတိ၊

[၄၀၆၊ ၂၊]

(ဂ) ယဿ ကုသလာ ဓမ္မာ ဥပ္ပဇ္ဇန္တိ၊
တဿ အကုသလာ ဓမ္မာ ဥပ္ပဇ္ဇိဿန္တီတိ၊
ယဿ ဝါ ပန{ပေ}ဥပ္ပဇ္ဇန္တီတိ။
[၄၉၄၊ ၁၃၊]

မေး ★ ဃာနိန္ဒြိယယမကပဝတ္တိဥပ္ပါဒ ပစ္စုပ္ပန္နပုဂ္ဂလောကာသ
စက္ခုမူ ဃာတ္တိန္ဒြိယမူလီ အနုလောမကို ဝိဘင်းထုတ်
အရကောက်ပါ။

(၅၁၆၊ ၁၂)

မေး ★ အောက်ပါတို့ကို ဝိဘင်းထုတ်အရကောက်ခဲ့ပါ၊
(က)ယဿ ယတ္ထ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇတိ၊
တဿ တတ္ထ ဃာတ္တိန္ဒြိယံ ဥပ္ပဇ္ဇတီတိ။
ယဿ ဝါ ပန{ပေ}တီတိ။

(၅၁၉၊ ၂၀၊)

(ခ)ယဿ ယတ္ထ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇတိ၊
တဿ တတ္ထ သောမနဿိန္ဒြိယံ ဥပ္ပဇ္ဇတီတိ။
{၅၂၀၊ ၁၇၊}

မေး ★ ယဿ ဝါ ပန ယတ္ထ ဃာတ္တိန္ဒြိယံ ဥပ္ပဇ္ဇိတ္ထ၊တဿ တတ္ထ
စက္ခုန္ဒြိယံ ဥပ္ပဇ္ဇိတ္ထာတိ ဝင်းကို ဝိဘင်းမျှထုတ်ပြီး
လျှင် ဝင်း၏ပစ္စနိကသံသယအရကိုသာကောက်ပြပါ
{၅၄၀၊ ၁၉၊}

မေး★(က)ယဿ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇတိ၊တဿ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ၊

(ခ)ယဿ ယတ္ထ စက္ခုန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ တတ္ထ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ၊ဎင်းတို့ကို ဝိဘင်းမျှ ထုတ်ပြပြီးလျှင် ဎင်း၏ ပစ္စနိက အရကိုသာ ကောက်ပြခဲ့ပါ။

(က)-၅၄၄၊၆၊ (ခ)-၅၅၂၊၁၂။

## ‘ပရိညာဝါရ’

မေး★ ယော စက္ခုန္ဒြိယံ နပရိဇာနာတိ၊ သော ဒေါမနဿိန္ဒြိယံ နပဇဟတီတိ။ ဤပုစ္ဆာ ပါဠိ၏ ဝိဘင်းကိုလိုရင်းမျှထုတ်ပြ၍ အရကောက် ပြခဲ့ပါ။

(၆၇၀။၂၂။)

မေး★ယော စက္ခုန္ဒြိယံ ပရိဇာနိတ္ထ၊သော အညာတာဝိန္ဒြိယံ သစ္ဆိကရိတ္ထာတိ၊ ဎင်းကို ဝိဘင်းထုတ် အရကောက် ပြခဲ့ပါ။ (၆၁၀၊၂၀၊)

## ‘ဝိဘင်းယုတ်အရကောက်စံပြပြီးပါပြီ’

# မေး၊ ဖြေ ဝွယ်စုံများ ပြီးပါပြီ၊

# ကျမ်းပြီးအဆုံးနိဂုံး

(က) ရမည်းသင်းတိ ပုရေထိန်ကန်၊
ဂါမေ ဦးဆိတ် ဒေါမြဟိစ။
ဝိဇာမေတန   ဝိစာရေန၊
ဇယတ္ထာယ   ကတုဿဝေ။ ။
(ဒုတိယ ဘ,ကာရ)

(ခ) သာဝကာမှိ   ဂရုဗ္ဗကေ၊
ပုဏ္ဏမိယန္တိ ဒုလ္လဘေ၊
ဝိဇယေ   ရဋ္ဌာဘာသာယ၊
အယံ နိတိ သုနိဋ္ဌိတာ။ ။
(ပထ၊၁၀၈)

(က) စ — ကျမ်းပြီး အောင်မြင် နိဂုံးကို တင်ပြပါဦးအံ့။

ရမည်းသင်းတိပုရေ – မြန်ပြည်လယ်ပိုင်း၊ တင့်ဆိုင်းဝေဆာ ဂုဏ်ဝါလင်းစို့ ရမည်းသင်းမြို့၌

ထိန်ကန်ဂါမေ – အမြတ်သူတော်၊ ထွန်းလင်းကျော်၍ ရှင်ပျော်ဘွယ်ရာ၊ ထိန်ကန်ရွာ၌။

ဝသန္တေဟိ – ဘိုးဘေးက, စ၊ ယနေ့ ကျအောင်၊ အစဉ်ထာဝရ၊ နေထိုင်ကြကုန်သော။

နေ (၂၀) ဝင်၊

ဦးဆိတ် ဒေါ်မြပြဟိ – တောင်မြင်းမိုရ်ထက်၊ ဆဆတက်၍ ကျော်လျက် လွန်ကြူး၊ ကျေးဇူး ထွတ်ထိပ်၊ ဘဦးဆိတ်နှင့်လျှံဖိတ်နာမ၊ မိခင် ဒေါ်ဒေါ်မြတို့မှ ..၊

ဝိဇာတေန – ပင်ကိုသန့်စင် ဖွားမြင်၍လာသော....၊

ဝိစာရေန – သာသနာအမွေ ခံယူပေသော ရဟန်း- ဒါယကာ–ဦးချစ်ထွေး = ဒေါ်ခင်မြင့် တို့က ရဟန်း အဖြစ် ချီးမြှောက်- ပင့်၍ သာသနာတွင်း၊ ထွန်းလင်း - ပြောင်လက်၊ ဂုဏ်ရောင် ယှက်၍၊ ဆက်ဆက် ပြန့်ကျော်၊ ရဟန်းတော် ''အရှင်ဝိစာရာဘိဝံသ''သည် ...။

ဥဿဝေ – အောင်သင့်၊ အောင်ရန် အောင်လံ- စိုက်ထူ စာပွဲဟူသမျှ၌။

ဇယတ္တာယ – လွယ်ကူစွာ၊ အထက်တန်းမှ မခက်ခေန်း တင့်ဆန်းဝေပြောင်ယမကနီတိစန်းလ ရောင်ဖြင့် မိုက်မှောင်ပုဏ္ဏာ အဖြာဖြာကို သေချာဖြေရှင်း အောင်မြင်ကြစေခြင်း အကျိုးငှါ။

ကတာ – ယမကဆီနှစ် အကုန်ညှစ်၍ အသစ်- တီထွင်၊ ပြုစီစင်အပ်သော....၊

အယံနိတိ – သညီတင့်ဆန်း၊ ယမကနီတိ မည်သော ဤကျမ်းသည်၊
အတိဒုလ္လဘော= သခ်ေ၊ သခ်ျာ၊ လွန်လေ ပါလည်း၊ များစွာကြုံခဲ၊ တွေ့ရခဲလှစွာသော၊
ဗုဒ္ဓသာသနေ– ရှင်တော် ဘုရား၊ ဟောကြား ဆုံးမ၊ ဗုဒ္ဓသာသနာတော်မြတ်၌၊
ရဋ္ဌဘာသာယ-ပြည်သူ့ဥက္ကာ၌၊ထွတ်အမြတ်ဟု၊သိမှတ်ပြုရာ၊ ''နိုင်ငံတော်ဘာသာ''အဖြစ်ဖြင့်၊
ဝိဇယေ – အောင်အောင်ရာ .. အောင်ကာဖြိုးဝေလို့ နောင်နောင်ခါ ... ရောင်ဝါ တိုးဝေဘို၊ အောင်မှုမျိုးတို့မယှဉ်သာ၊ အောင်ဖြာဖြာ အောင်ရာဖြစ်ပေသော၊
ဂရဇ္ဇက္ကေ – ထောင့်သုံးရာနှင့်၊ စွန်းလာ နှစ်သုံး၊ ရောက်တိုးသကရာဇ်၊ ဤသည့်နှစ်၌၊
သာဝဏမှဲ – ကောင်းကင်အလယ်၊ သရဝဏ်ကြယ်၏၊ ရောင်သွယ် ကွန့်မြူး မည်ယူး နာမ ဝါခေါင်လဝယ်၊
ပုဏ္ဏမိယံ – လူတို့အာရုံ စွဲမြဲကုန်သည့် ငွေယုံ''လ''မင်း ရောင်ကုန် ချင်း၍ ပဝင်း ရောင်ဝေ့၊ လပြည့်နေ့၌။
သုနိဋ္ဌိတာ – ဘယာမသန်း စိတ်ရွှင်လန်းလျက် ဆုံးခန်း တိုင်မြောက် အပြီးသို့ရောက်သတည်း။

‘အောင်ဆုဝေဖြာပတ္တနာ’

(၈) အန္တရာယံ ဝိနာသေတွာ၊
ဇိတာ ယမက နိတိ-ယံ။
ဧဝံ ကလျာဏာ သက်ပွါ၊
သဒါ ဇယန္တု သဇ္ဇနာ။ ။
(ပထ၊၁၀၉)

အယံယမကနီတိ- ယမက ဘာသာ ပုစ္ဆာမှောင် အရပ်ရပ်ကို တွန်းသတ် ပယ်လှန်၊ နယ်ကန် ခုတ်ထွင်း ဝိသဇ္ဇနာ၊ ရောင်ဒီးလင်းကိုဆောင်သွင်းတတ်သည့် ဤ‘‘ယမကနီတိ’’မြတ်ကျမ်းစာသည်၊

အန္တရာယံ - ဂန္ထန္တရာယ အနိဋ္ဌဒုက္ခ ဘေးရန်ဟူသမျှ အဝဝကို။

ဝိနာသေတွာ - မြူဆံခြည်မျှမကပ်ရအောင်အမြစ်ကနှုတ် သုတ်သင်ဖြောက်ဖျက်၍။

ဇိတာ - ရေးဆုံးပြီးမြောက် အောင်မြင်ခြင်းသို့ ရောက်သည်၊

ယထာတိယထာ- ဖြစ်သကဲ့သို့

ဧဝံတထာ - ထို့အတူ။

ကလျာဏာသက်ပွါ-ဖြူစင်ဖြောင့်မတ် စိတ်ထားမြတ်နှင့် မပြတ်ကောင်းစွာ ကြံစီခြင်း ရှိကြပါ ကုန်သော....။

သဇ္ဈနာ — အောင်ညွန့် အောင်ဖူး ဆွတ်ခူး ဖန်ဆင်း ဆုထူးရှင် သောင်းသောင်း စာပွဲဝင် သူတော်စင်အပေါင်းတို့သည် ..။
သဒါ — ဘယ်ခါမတိမ်း အခါခပ်သိမ်း ...၊

ဇယန္တု — ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းစွာနှင့် အရာရာမှာ မကြာသွက်သွက် ရန်မယှက်ဘဲ မပျက်ကောင်းစွာ အောင်မြင် နိုင်ကြပါစေကုန်သတည်း။

{ဝါ}ဇယန္တု—ငက်ခဲနက်နဲသည့် ပြဿနာပေါင်း အရပ်ရပ် အပြိုင်အဆိုင်တွေကို အသိဉာဏ် ခိုင်ခိုင် လုံ့လမျိုးပိုင်ပိုင်နှင့် ရင်ဆိုင်စရာ မှန်သမျှ ရှင်းကြလျက် အောင်ခြင်းကြီး အောင်မြင်ကြပါစေကုန်သတည်း။ ။

‘ကျမ်းပြုဆရာတော်၏’
ဆုမွန်ကောင်း

ကာလပုဗ္ဗော မိဒံပုညံ၊
နာနာပဉ္စာယ နိစ္စယော၊
ဝိဇ္ဇာဒိ ဂုဏာ သမ္ပန္နော၊
နိဗ္ဗာနံ ဘဝတံ ဝဟံ။ ။

နေ (61) ဝင်း

မေ — စူးစမ်းဆင်ခြင် ဉာဏ်အမြင်နှင့် အစဉ်-
ပြည့်လတ် ယင်းသကတ်ကြောင့် ပညက်—
ခေါ်ကြ' ဝိစာရာဘိဝံသ''မည်သောငါ၏။

ဣဒံ ပုညံ — ယမကနိတိ အမည်ရှိသည့် ဂုဏ်အိတောက်-
လွှမ်း ဤသည့် ကျမ်းကို ကြိုးပမ်းပြုစု
ဤကောင်းမှုသည်၊

ဝိဇ္ဇာဒိဂုဏ သမ္ပန္နော-ဝိဇ္ဇာသုံးပါး စသည်အားဖြင့်ထင်ရှား
ကုံလုံ များစွာသော ဂုဏ်နှင့် ပြည့်စုံပေ
ထသော၊

နာနာပဉှာယ -ထူးထူးဖြာဖြာ မေးလာသမျှ ခက်ခဲလှသည့်
ပြဿနာဟူသမျှ၌၊

နိစ္ဆယော — အမိပ္ပါယ်မှန် အသိဉာဏ်နှင့် ကေန်ပိုင်ပိုင်
လွယ်ကူစွာဆုံးဖြတ်နိုင်ခြင်းရှိသော။

ကုလပုတ္တော —ဘုရား, တရား, သံဃာအားဖြင့် သုံးပါး—
ရတနာ စစ်မှန်စွာကို သဒ္ဓါစိတ်ဓါတ်
လွှမ်းရစ်ပတ်၍ ဆည်းကပ်မြဲငြား အမျိုး—
ကောင်းသားသည်၊ (ဟုတ္ဆာ-ဖြစ်ရ၍)

နိဗ္ဗာနံ — ဒုက္ခခပ်သိမ်း ကင်းပြတ်ငြိမ်း၍အေးကိန်း—
ရပ်ဌာန် မြတ်နိဗ္ဗာန်သို့

ငဟံ ဝဟန္တော-ကုသိုလ် ပင့်မြှောက် စွမ်းကုန် ဖေါက်၍
တောက်လျှောက် မြှိုင်မြိုင် လျှင်မြန်စွာ-
ဆောင်ရွက်နိုင်သည်။

ဘဝတံ-ဘဝတု-စိတ်အားကိုင်းရှိုင်း တောင့်တ တိုင်းပင်
မဆိုင်းမုချ ဖြစ်ရပါစေသတည်း။ ။

**တောင်းပန်လွှာ**

ကျွန်ုပ်တွေးဆ၊ ရေးပြရာတွင်။
အရှင့်စိတ်ထဲ၊ ဝေခွဲမမြင်။
မသက်ဝင်ဘဲ၊ ရှောင်လွှဲပါလျှင်၊
ပြစ်တင်မှု ခွင့်ပြုပါစေချင်။

''ယခုကာနီတော်ကျင်း''
{ဒုတိယတွဲ}

**အလုံးစုံပြီးပြီ။**

# ဘိတ်ခေါ်အပ်ပါသည်

ကျွန်တော်များ"နေဝင်းရောင်စုံပုံနှိပ်တိုက်" တွင်– ကျမ်းစာအုပ်ဝတ္ထုမဂ္ဂဇင်း စာဆောင်အမျိုးမျိုးနှင့် ရိုးရိုးဘိတ်စာ ပေါင်းကြွသော ထိမ်းမြားမင်္ဂလာ အလှူမင်္ဂလာ ဘိတ်ကြားစာ အုပ်ဘောက်ချာစသော ပုံနှိပ်ဆိုင်ရာတို့ကို ခေတ်မီစာလုံးကောင်းများနှင့် သေသပ်ကောင်းမွန်ပြီး အဘိုးနှုန်းမှန်ကန်စွာဖြင့် ပုံနှိပ်ပေးနိုင်ပါသည်။ မိတ်သင်္ဂဟအပေါင်းတို့ ကြွရောက်ဆက်သွယ် အားပေးတော်မူကြပါ။

"သုခိတာ–ဟောထ၊ ဒုက္ခာ- မုစ္စထ"

နေဝင်းရောင်စုံပုံနှိပ်တိုက်-
ဗိုလ်ဗထူးလမ်း – ဘုရားကြီး-
မန္တလေးမြို့။

....☆....

## ☆ အရှင်ဝိစာရာဘိဝံသ ☆

### ရေးသားပြီးသော ကျမ်းစာအုပ်များ

....☆....

ပထမ...... ယမကနီတိကျမ်း ...................ပထမတွဲ
ဒုတိယ...... မဟာဝဂ္ဂါဒိနီတိကျမ်း
တတိယ........ယမကနီတိကျမ်း................ ဒုတိယတွဲ
စတုတ္ထ...... ရွှေမြင်တင်သမိုင်းသစ်


### ☆ ရနိုင်သောဌာနများ ☆

မောင်ဘသိန်း-မညွန့်ရီ
သင်္ကန်း, ပရိက္ခရာနှင့်စာအုပ်ဆိုင်
ဗိုလ်ဗထူးလမ်း ဘုရားကြီး
မန္တလေးမြို့

ဒေါ်နုယဉ် [ဗျူမါ] မြဲကြည်
ရွှေတိဂုံဘုရားကြီးဈေး
အမှတ် {၂၅-၂၆}
ရန်ကုန်မြို့

.... ☆ ...

အမြို့မြို့စာအုပ်ဆိုင်တိုင်းမှာ ရနိုင်ပါသေးသည်။